# အလင်းသီတံ အမှန်ပန်းကုံး

(ဘာသာ လူငယ် ဓမ္မရသ စုစည်းမှု)

စိန်တိုင်ထွန်း

hPMK Design

# အလင်းသီတံ အမှန်ပန်းကုံး

(ဘာသာ လူငယ် ဓမ္မရသ စုစည်းမှု)

စိန်တိုင်ထွန်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၃၂၀၂၅၂၀၅၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၃၂၀၃၄၄၀၇၀၈ |
| စောင်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| မျက်နှာဖုံးနှင့်<br>အတွင်းသားပုံနှိပ်သူ | - | ဦးစိုးဝင်းသိန်း (မြ-၀၇၀၉၄)<br>အဓိပတိပုံနှိပ်တိုက် |
| ထုတ်ဝေသူ | - | ဦးသစ်လွင် (မြ-၀၉၄၈)<br>(ဂန့်ဂေါမြိုင်စာပေ)<br>၁၁၃၊ ရွှေပြည်သာလမ်း၊<br>၆ ရပ်ကွက်၊ သာကေတ |

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန် ဖြစ်သည်။**

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

## အလင်းသီတာ အမှန်ပန်းကုံး

(ဘာသာ လူငယ် ဓမ္မရသ စုစည်းမှု)

မျက်နှာဖုံးဒီဇိုင်း အဓိပ္ပါယ်

- အဆုံးအစမရှိ အနန္တစကြာဝဠာအတွင်း ပျံ့နှံ့စွာ ထွန်းလင်းနိုင်သည့် တစ်ခုတည်းသောစွမ်းအင်မှာ "ဓမ္မ" တည်းဟူသော အလင်းဖြစ်ပါသည်။
- "ဓမ္မ - အလင်း" သည် လျှပ်စစ်မီးကဲ့သို့ အမှောင်ကိုခွင်းအလင်းကိုဖြစ်စေနိုင်သည်သာမက၊ သတ္တဝါတို့၏ စိတ်သန္တာန်ရှိအဝိဇ္ဇာကို ရှင်းထုတ်လျက် ဝိဇ္ဇာဉာဏ်ကို ဖြစ်ထွန်းစေနိုင်ပါသည်။
- လူငယ်တို့သည် အနာဂတ်၏ မျိုးဆက်သစ်ဖြစ်သည်၊ ဘာသာအရေးသည် လူငယ်တို့နှင့် မဝေးသင့်၊ အတွေးအကျင့်မှန်သမျှ အရွယ်ကာလ သတ်မှတ်ချက်မရှိ၊ ပြုဆောင်အပ်သည်ချည့်ဖြစ်သည်၊
- ယခုဆောင်းပါး/ဝတ္ထုအစုသည် အမှန်တရား၊ အကျိုးတရားတို့ကို ပန်းပွင့်၊ ပန်းကုံးလေးများ သဖွယ်အလင်းတည်းဟူသောသီတာဖြင့် သီကုံးထားသကဲ့သို့ ဖြစ်သည်၊
- အောင်သပြေအောင်ပန်းနှင့်အတူ လက်လှမ်းဆင်မြန်းလျှင် လောကီအောင်မြင်တိုးတက်မှုသာမက၊ ဘဝ၏လွတ်မြောက်ရာ နိဗ္ဗာန်ချမ်းသာကို ရောက်ရှိရမည်မှာ မလွဲတည့်၊

# တို့တာဝန်

ရှင်ချစ်ဗုဒ္ဓ၊ ဟောဖော်ပြသည့်
ဓမ္မဒေသနာ၊ အဖြာဖြာကို
သူငါအများ၊ လိုက်နာပွားက
ရငြားမသွေ၊ ကျိုးထွေထွေတည်း။
ထိုသို့ရရန်၊ စိတ်ရည်သန်ကာ
ကျမ်းဂန်ဓမ္မ၊ အဝဝကို
ဗုဒ္ဓဘုရား၊ ဟောထားအချက်
မပျက်စေရန်၊ အတန်တန်လျှင်
သင်္ဂါယနာ၊ တင်ကာဆောင်ကြဉ်း
ပြုခဲ့ခြင်း၏ အရင်းမူလ ပဓာနပါ။
ယခုအခါ၊ တို့သူငါလည်း
နောင်လာနောင်သား၊ အကျိုးများဖို့
ဘုရားသာသနာ၊ ပြန့်ပွားလာအောင်
ကြံဆောင်ကြိုးကုတ်၊ လွန်အားထုတ်မှ
တို့ကတာဝန်၊ ကျေလိမ့်မည်။
တို့ရဲ့တာဝန်၊ တို့ကျေပွန်မှ
မြတ်မွန်သာသနာ၊ ပြန့်ပွားသာစည်
ကြာရှည်တည်တံ့၊ ကမ္ဘာပြန့်လိမ့်။

စိန်တိုင်ထွန်း

# မာတိကာ


- မိတ်ဆက်လွှာ ၆
- စာရေးသူ၏အမှာစာ ၁၀

**ဘာသာရေးကဏ္ဍ**

- ရတနာသုံးပါးဂုဏ်ကျေးဇူး ၁၃
- မိဘဂုဏ်ကျေးဇူး ၂၁
- ဆရာ့ဂုဏ်ကျေးဇူး ၂၈
- ယုံကြည်ကိုးကွယ်တတ်ဖို့လိုသည် ၃၆
- သီလဟူသည် ၄၂
- ဥပုသ်စောင့်သည်ဆိုရာဝယ် ၄၉
- အကျိုးနှစ်မျိုးလုံးကိုရယူတတ်သောတရား ၅၆
- ကံအကျိုးပေး ၆၂
- ကောင်းဆိုးနှစ်တန်ကျိုးပေးဟန် ၆၈
- ကံ၏စွမ်းအား ၇၃
- ကုသိုလ်ကောင်းမှုလျင်စွာပြု ၇၉
- ကွယ်လွန်ခါနီးအချိန် သတိပြုဖွယ် ၈၄
- ရှေ့ဆက်ရမည့်ခရီး ၉၀
- ချမ်းသာသုခ ၉၆

## လူငယ်ကဏ္ဍ


- စိတ်ကောင်းနှလုံးကောင်းထားပါ ၁၀၃
- လူစစ်စစ်ဖြစ်ကြရဲ့လား ၁၀၉
- မိတ်ကောင်းဆွေကောင်း ၁၁၄
- ဆုံးမနာယူတတ်ပါစေ ၁၂၀
- မာနတံခွန် ၁၂၇
- ကဲ့ရဲ့ခြင်းနှင့်ချီးမွမ်းခြင်း ၁၃၄
- အသိဉာဏ်ကင်းမဲ့ခြင်း၏အန္တရာယ် ၁၃၉
- ဝစီသစ္စာ ၁၄၅
- ဝီရိယစွမ်းအင် ၁၅၂
- အရက်သောက်ခြင်းသည် ဒုစရိုက်ဖြစ်မဖြစ် ၁၅၉
- အမြတ်ဆုံးဥစ္စာ ၁၆၅
- ကြီးပွားချမ်းသာကြောင်းတရား(၇)ပါး ၁၇၁


## ဓမ္မရသဝတ္ထုကဏ္ဍ


- မေတ္တာရောင်ပြန် ၁၈၁
- အောင်မြင်ခြင်းဟူသည် ၁၈၉
- အလျှော်ကောင်း၍အထောင်းသက်သာသူ ၁၉၄
- လောကပါလ ၁၉၉

## မဟာသဒ္ဓမ္မဇောတိကဓဇ
## တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ-ဘီအေ)တွဲဖက်ပါမောက္ခ၊
## နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)
## အယ်ဒီတာချုပ် (ဓမ္မဝီရဂျာနယ်)၏
## မိတ်ဆက်လွှာ

စာရေးဆရာ စိန်တိုင်ထွန်းက သူ၏ **"အလင်း သီတံ အမှန်ပန်းကုံး"**ဟူသော ဘာသာလူငယ် ဓမ္မရသ စုစည်းတင်ပြထားသော စာမူအားပေးဖတ်ပြီး ဝေဖန်ပါ၊ သုံးသပ်ပါ။ ပြီးလျှင် အမှာစာ မိတ်ဆက်လွှာ ရေးပေးပါ ဟုဆိုကာ စာမူကို ပေးပို့လာပါသည်။

ဤစိန်တိုင်ထွန်း ဟူသော စာရေးဆရာသည် စာရေးသူနှင့် အနေဝေးကွာသူ အနေစိမ်းသူ မဟုတ်ပါ။ ပြည်တွင်းပြည်ပ သာသနာပြု သံဃတက္ကသိုလ်တွင် ပညာအတူတူသင်ယူခဲ့ကြပြီး ၁၉၆၃ခု စံပြ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ကလေးသူငယ်များကို ပညာသင်ပေးခဲ့ကြသော သာသနာပြုဘက်ဖြစ်ခဲ့ကြသလို သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနပေါ်လာသောအခါတွင်လည်း လက်တွဲ သာသနာပြုဘက်ဖြစ်ခဲ့ကြပြီး ဌာနမှထုတ်ဝေသော သာထွန်းပြန့်ဓမ္မစာစောင်၌လည်း စာရေးသူနှင့်အတူ အယ်ဒီတာအဖြစ် တာဝန်ခံဆောင်ရွက်သာသနာပြုခဲ့သူတစ်ဦးဖြစ်ပါသည်။

စာရေးဆရာစိန်တိုင်ထွန်းသည် အမျိုးဘာသာ သာသနာကို ချစ်မြတ်နိုးသူတစ်ဦး ဖြစ်သလို ယနေ့လူငယ် နောင်ဝယ်လူကြီးဖြစ်ကြမည့် လူငယ်လူရွယ်များကို နိုင်ငံသားကောင်း သမီးကောင်းဖြစ်စေလိုသော ဆန္ဒပြင်းပြသူဖြစ်ပါသည်။ သူသည် ထိုသို့ပြင်းပြသော ဆန္ဒစေတနာကို စိတ်သဘောထား နူးညံ့အေးဆေးစွာ တည်ငြိမ်စွာဖြင့် စဉ်းစားဝေဖန်ပြီး ဆောင်ရွက်တတ်သူ တစ်ဦးလည်းဖြစ်၍ သူ၏လုပ်သက်တစ်လျှောက်

ဝယ် ဤစာရေးသူအပါအဝင် ဌာနဆိုင်ရာ အကြီးအကဲများ သည်-သူ့ကို အလေးထားကြသည်။ အားကိုးကြသည်။ သူ၏ လက်အောက်များက လည်း သူ့ကိုချစ်ခင်မြတ်နိုးကြသည်။ ဆရာစိန်တိုင်ထွန်းသည် ဤကဲ့သို့ လူမျိုး ဖြစ်သည့် အားလျော်စွာ သူ၏နှလုံးသားမှ ထွက်ပေါ်လာသော စေတနာများကို ခမ္မစာစောင်အသီးသီးတွင် ထုတ်ဖော်ရေးသား တင်ပြ ခဲ့ပါသည်။ (ဤသို့နှလုံးသားစေတနာ များကို စုစည်း၍ဤ **အလင်းသိတံ အမှန် ပန်းကုံး** ဟူ၍ တစ်စုတည်းဖတ်နိုင်ရန် ထုတ်ဝေ ခဲ့ပါသည်။

ဤစာစုသည် ဗုဒ္ဓဟောကြားလမ်းညွှန်ထားခဲ့သော အရွယ်သုံးပါး ဘဝနေနည်း (သို့မဟုတ်) အရွယ်သုံးပါး ဘဝချစ်နည်းကို လမ်းညွှန် ဖော်ဆောင် ပြသပေးနေသော စာစုများပင် ဖြစ်နေပါသည်။

ဗုဒ္ဓကလူသားတစ်ယောက်သည် မွေးဖွားလာ၍ လူ့ဘဝ လောကထဲသို့ ဝင်လာတော့မည်ဆိုလျှင် ပထမ အရွယ် ပညာသည်ဘဝ ထိုဘဝထိုအရွယ်တွင် မိဘ ဆရာသမားကို ချစ်တတ်ရမည်။ မိမိကိုယ်ကို လည်း ချစ်တတ်ရမည်။ ဒုတိယအရွယ် အိမ်ထောင်သည်ဘဝ ထိုအရွယ် ထိုဘဝတွင် မိသားစုကိုချစ်တတ်ရမည်။မိမိကိုယ်ကိုလည်း ချစ်တတ် ရမည်။ တတိယအရွယ် ဘာဝနာသည်ဘဝ ထိုအရွယ်ထိုဘဝတွင် မိမိ ကိုယ်ကိုသာလျှင် အချစ်ဆုံး ဖြစ်ရမည် ဟုဟောထားပါသည်။

ပထမအရွယ်သည် ပညာသင်ရမည့် အရွယ် ဖြစ်၍ မိမိဘဝ ပညာတတ် လူလိမ္မာဖြစ်ဖို့ ကျောင်းထားပေးသော မိဘ ပညာသင်ကြား ပေးသော ဆရာ၊ ဆရာမ များကို အထူးချစ်ခင်လေးစား မြတ်နိုးရပါမည်။ သို့သော် သေခြင်းတရားဟူသည် အရွယ်မရွေး သေတတ်၍ မိမိ ဘဝကို ကျန်းမာရေးကအစ စောင့်ရှောက် နေထိုင် တတ်အောင် မိမိကိုယ်ကို ချစ်မြတ်နိုးရပါမည်။

ဒုတိယအရွယ် အိမ်ထောင်သည်ဘဝ မိသားစုကို ချစ်မြတ်နိုးပါမှ မိသားစုဘဝ တစ်ဦးအပေါ်တစ်ဦး မေတ္တာခါတ်လွှမ်းမိုးပြီး မိသားစု

သာယာချမ်းမြေ့ပါမည်။ မိသားစုသာယာချမ်းမြေ့ပါမှ စီးပွားဥစ္စာဖွံ့ဖြိုး တိုးတက် ပါမည်။ စီးပွားဥစ္စာဖွံ့ဖြိုးမှ မိမိတို့ဘဝ ပစ္စုပ္ပန်ဘဝ ဒါနသီလ ဘာဝနာ အလှူရေစက် လက်နှင့်မကွာ ပြုစုနိုင်ပြီး အနာဂါတ်ဘဝ သာယာ ချမ်းမြေ့ဘို့အတွက် အုတ်မြစ်ချနိုင်ကြပေမည်။ တစ်ဖန် သေခြင်းတရား သည် အချိန်မရွေး အရွယ်မရွေး ဖြစ်တတ်၍ မိမိဘဝကို ချစ်မြတ်နိုး တတ်ဖို့လိုပါသည်။

တတိယအရွယ်ဘာဝနာသည် မိမိ၏ဘဝသည် မုချပရမတ် ဆက်ဆက်သေခြင်းလေးမျိုးဖြင့်သေရမည်ဖြစ်၍ ထိုအချိန်တွင် သား သမီးသံယောဇဉ်၊ ဥစ္စာသံယောဇဉ် စသည်မချစ်မမြတ်နိုးကြ**တော့ဘဲ** မိမိ ဘဝကို မြင့်မြတ်သောဘဝသို့ ရောက်အောင် မိမိကိုယ်ကို မိမိ ချစ်မြတ် နိုးပြီး ဘာဝနာတရားကို ချစ်မြတ်နိုးပြီး ကြိုးစားအားထုတ်ကြရပါမည်။

ယခုစာရေးသူစိန်တိုင်ထွန်းက **အလင်းသီတံ အမှန်ပန်းကုံး** ဟူသောစာစုဖြင့် လူသားတစ်ယောက်အတွက် အရွယ်သုံးပါး ဘဝ **နေနည်း**၊ အရွယ်သုံးပါးဘဝချစ်နည်းများကို လမ်းညွှန်ပေးထားပါသည်။

အသင်စာရှုသူသည် ဤဘာသာ လူငယ် ဓမ္မရသ စုစည်းမှု **အလင်းသီတံ အမှန်ပန်းကုံး** ကို ဖတ်မိပါက မိမိဘဝ၊ ဘဝအသိ အလိမ္မာ ဉာဏ်ပညာအလင်းတစ်ခု ရသလို မိမိ၏မိသားစု မိမိ၏မိတ်ဆွေ အပေါင်းအသင်းကိုလည်း အလင်းအသိပေးလိုသောစိတ် တဖွားဖွား ပေါ်လာလိမ့်မည်ဟု ဤစာရေးသူ ယုံကြည်မိပါသည်။ ထိုပုဂ္ဂိုလ်များကို ဤစာအုပ်ကိုဖတ်စေရန် စေတနာမှန် သဒ္ဓါမှန်ဖြင့် လမ်းညွှန်လက်ကမ်း ပေးကြလိမ့်မည်ဟုယုံကြည်မိပါသည်။

ထို့ကြောင့် အဆွေစာရှုသူအသင်သည် ဤ **အလင်းသီတံ အမှန်ပန်းကုံး** စာစုကို အစအဆုံး ဖတ်မိလိုက်ပြီးဆိုလျှင် သင့်ဘဝ အရွယ်သုံးပါးဘဝနေနည်း ချစ်နည်းကို သိသွားပြီးရခဲလှသောလူ့ဘဝကို ရလာသော သင့်ဘဝသည် အဖိုးတန်လူသား တစ်ယောက် ဖြစ်လာ သလို

သင်၏မိသားစုသားသမီး မိတ်ဆွေများကိုလည်း အဖိုးတန် လူသား တစ်ယောက်ဖြစ်အောင် လမ်းညွှန်လိုသောစိတ် တဖွားဖွား ပေါ်လာ လိမ့်မည့်အပြင် အသင်ကိုယ်တိုင် အမျိုးဘာသာ သာသနာချစ်မြတ်နိုးသူ၊ စာပေလူငယ်များကို လူတော်လူကောင်းဖြစ်စေလိုသော ဆန္ဒစေတနာ သဒ္ဓါတရားများ ဖြစ်ပေါ်လာလိမ့်မည်ဟု ယုံကြည်လျက် အသင် ယနေ့ ဤဓမ္မစာစုကို ဝယ်ဖတ်ကြည့်လိုက်ပါ။ ဖတ်ပြီးသည်နှင့် တစ်ပြိုင်နက် အသင်သည် မိမိဘဝ၏အနဂ္ဃတန်ဘိုးကို သိပါလိမ့်မည်ဟု တိုက်တွန်း အသိပေးလမ်းညွှန်လိုက်ပါရစေ။

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ
(ဓမ္မာစရိယ၊ ဘီအေ)

## စာရေးသူ၏အမှာစာ

စာရေးသူသည် သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ စာကြည့်တိုက်တွင် ဦးစီးမှူးတာဝန်ထမ်းဆောင်စဉ် (၁၉၉၅) ခုနှစ်တွင် သာထွန်းပြန့်ဓမ္မစာစောင်ကို လစဉ်ထုတ်ဝေသွားရန် လူကြီးများစီစဉ်ခဲ့ရာတွင် စာရေးသူအား စာစောင်အယ်ဒီတာအဖွဲ့ဝင် တာဝန်ပေးခဲ့ရာ စာစောင်သို့ ပြင်ပမှပေးပို့လာသော ဆောင်းပါးများကို စိစစ်ပေးခြင်း၊ မိမိကိုယ်တိုင်လည်း စာစောင်တွင် လစဉ်သင့်လျော်ရာ ဆောင်းပါးများ ရေးသားခြင်းပြုခဲ့ပါသည်။

ထိုအခါမှစ၍ အဆင်ပြေပါက စာအုပ်ထုတ်ဝေရန် ရည်ရွယ်ချက်ဖြင့် ဆောင်းပါးလစဉ်ရေးသားခဲ့ရာ အခါအားလျော်စွာ လူငယ်များကြီးပွားတိုးတက်စေလိုသော ရည်ရွယ်ချက်ဖြင့် လူငယ်များနှင့်ဆိုင်သော ဆောင်းပါးများကိုလည်း ရေးသားခဲ့ပါသည်။

၁၉၉၈ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဖွင့်လှစ်ခဲ့သဖြင့် တာဝန်အရပြောင်းရွှေ့၍ စာကြည့်တိုက်မှူးတာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထိုတက္ကသိုလ်တွင်လည်း သာသနာရေးဝန်ကြီးက တက္ကသိုလ်တွင် ပြင်ပနိုင်ငံများနှင့် ပြည်တွင်းနိုင်ငံများမှ သင်တန်းသားများ ထေရဝါဒပိဋကတ်တော်များကို အင်္ဂလိပ်ဘာသာဖြင့် လေ့လာသင်ယူနေကြသလို ပြည်တွင်းမှ ဗုဒ္ဓဘာသာဝင်ပြည်သူများ ထေရဝါဒအသိအမြင် များ လေ့လာဖတ်ရှုပြီး ထေရဝါဒဓမ္မများကို သိရှိပြီး လေ့လာနိုင်ကြစေရေးအတွက် လစဉ်စာစောင်တစ်ခုထုတ်ဝေသွားရန် လမ်းညွှန်ခဲ့ပါသည်။

ထိုလမ်းညွှန်ချက်ဖြင့် ထေရဝါဒဓမ္မစာစောင်ကို ၂၀၀၄ ခုနှစ်

အောက်တိုဘာလမှစတင်၍ လစဉ်ထုတ်ဝေခဲ့ပါသည်။ ထိုစာစောင်တွင် စာရေးသူအား တာဝန်ခံအယ်ဒီတာအဖြစ် တာဝန်ပေးအပ်သဖြင့် တာဝန်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်လျက် ဘာသာရေးစာပေများကို ဆက်လက်ရေးသားနေဆဲဖြစ်ပါသည်။ ထိုသို့တာဝန်ထမ်းဆောင်နေလျက်ယခင် သာထွန်းပြန့်ဓမ္မစာစောင်တွင် အယ်ဒီတာလုပ်ခဲ့စဉ်က ရေးသားထားသော ဆောင်းပါးများကိုစုစည်း၍ ယခုကဲ့သို့ စာအုပ်ထုတ်ဝေခြင်းဖြစ်ပါသည်။

ဤစာအုပ်ထုတ်ဝေရာတွင် စာအုပ်အမည်ရွေးချယ်အကူအညီပေးခဲ့သော စာရေးဆရာဦးဘုန်းမြင့်၊ ဆောင်းပါးများကို စိစစ်တည်းဖြတ်ပေးခဲ့သော ထေရဝါဒဓမ္မစာစောင်အယ်ဒီတာဦးတင်ဝင်းနှင့် ဒေါ်သန်းသန်းနွယ်၊ ဝန်ထမ်းဒေါ်စန်းမွန်မွန်တို့အား အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

# “ဘာသာရေးကဏ္ဍ”

## ရတနာသုံးပါးဂုဏ်ကျေးဇူး



# ရတနာသုံးပါး ဂုဏ်ကျေးဇူး

"ကျေးဇူးတော်ရှင်ဘုရားရှင်နှင့်များအင် ဓမ္မာထေရ် သံဃာ၏ ဝေဖြာကျေးဇူး၊ ဂုဏ်အထူးကို၊ ကြည်နူးစိတ်တွင်၊ သဒ္ဓါဆင်၍ ဦးတင်မာန်ချိုး၊ ကျွန်ရှိခိုးသည်၊ ဘေးမျိုး ရန်ပေါင်း ကင်းစေသော်"။

အရှင်ဇနကာဘိဝံသ

အထက်တွင် ဖော်ပြထားသည့်အတိုင်း ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာတည်းဟူသော ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကား အထူးပင်များပြားလှသည်။ လောကတွင် လူတို့ စိတ်နှလုံး ရွှင်ပြုံးနှစ်သက်ခြင်းကို ဖြစ်စေတတ်သော သက်ရှိသက်မဲ့ အရာဝတ္ထုဟူသမျှကို ရတနာဟု သတ်မှတ်ထားသည်။ ထိုသတ်မှတ်ချက်နှင့်အညီ လောကရှိ စိန်ရွှေငွေ ကျောက်သံ ပတ္တမြား စသည်တို့သည် လူအပေါင်း၏ စိတ်နှလုံးကို ရွှင်ပြုံးစေတတ် နှစ်သက်စေတတ်သောကြောင့် ရတနာများဟု ဆိုရပေသည်။ ထိုရတနာများမှာ လောကီရတနာများသာ ဖြစ်သည်။

အလားတူပင် ဘုရား တရား သံဃာတို့သည်လည်း လူ နတ်ဗြဟ္မာ သတ္တဝါအားလုံးတို့၏ စိတ်နှလုံးကို ရွှင်ပြုံးစေတတ်၊ နှစ်သက်စေတတ်သောကြောင့် ရတနာများဟုပင်ဆိုရပေသည်။ ထိုရတနာများကား လောကုတ္တရာ ရတနာများ ဖြစ်ပေသည်။ လောကီရတနာများမှာ လူသားတို့အတွက် ကာမဂုဏ်အာရုံတို့ကို တိုးပွားစေသဖြင့် ရတနာစစ် ရတနာမှန်ဟူ၍ ခေါ်ဆိုရန် ခဲယဉ်းလှပေသည်။ လောကုတ္တရာရတနာကို ပန်ဆင်ရသူများမှသာ ပစ္စုပ္ပန်ရော တမလွန်လောကတွင်ပါ ကောင်းကျိုးအဖြာဖြာကိုရနိုင်မည် ဖြစ်ပါသဖြင့် တကယ့်ရတနာစစ် ရတနာမှန်များ ဖြစ်ပေသည်။

မှန်ပေသည်။ လောကတွင် လူသားတို့အား ကျေးဇူး အများဆုံးပြုသောပုဂ္ဂိုလ်မှာ ဘုရားရှင်ပင် ဖြစ်သည်။ သို့ဖြစ်၍ ဘုရားရှင်၏

ဂုဏ်ကျေးဇူးမှာ အဆုံးအပိုင်းခြားမရှိ များပြားလှသဖြင့် အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ကြီးအဖြစ် ထိပ်ဆုံးက ပါဝင်လျက် ရှိသည်ကို သတိပြုရမည် ဖြစ်သည်။

သတ္တဝါဝေနေယျတို့အကျိုးအတွက် ပွင့်ထွန်းပေါ်ပေါက်တော် မူလာသော ဘုရားရှင်သည် သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်တော်မူ ပြီးပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦးဟောသည်မှ အစပြု၍ ပရိနိဗ္ဗာန်စံဝင် ခါနီးအချိန်အထိ (၄၅)ဝါပတ်လုံး နားနေတော်မူခြင်းမရှိဘဲ ကျွတ်ထိုက် သူများ ဗိုလ်လူတို့ကို ချေချွတ်တော်မူခဲ့သည်မှာ ဂဏန်းချ၍ ရေတွက် မရအောင်ပင် များပြားလှပေသည်။ သောတတ္ထကီကျမ်းအဆိုအရ ဘုရား ရှင်ကိုယ်တော်တိုင် နှစ်ဆယ့်လေးသင်္ချေ ချေချွတ်တော်မူခဲ့ပြီး ကျန်ရှိနေ သေးသော ဝေနေယျ သတ္တဝါအပေါင်း ကုဋေခြောက်ဆယ်နှင့် ဗိုလ်ချေ တစ်သိန်းတို့ ကျွတ်တမ်းဝင်နိုင်ရန် သာသနာတော် ငါးထောင်နှင့်တကွ ဓာတ်တော်များကို ထားခဲ့ခြင်း ဖြစ်သည်ဟု ပြဆိုထားပေသည်။

ဘုရားရှင်သည် သတ္တဝါဝေနေယျတို့ကို ချေချွတ်နိုင်ရန် အချိန် ပိုင်းခွဲ၍ သူ့အချိန်နှင့်သူ မလစ်လပ်စေရအောင် နေ့စဉ်နှင့်အမျှ ဆောင် ရွက်တော်မူသည်။ ထိုသို့ ဆောင်ရွက်တော်မူရာ၌ နောက်ဆုံးပိုင်းဖြတ် သည့် မိုးသောက်ယံလုပ်ငန်းကို လေ့လာကြည့်ခြင်းဖြင့် ဘုရားရှင်၏ သတ္တဝါဝေနေယျတို့အပေါ် ထားရှိတော်မူသော မဟာကရုဏာတော် ကြီးမားတော်မူပုံကို လွယ်ကူစွာ သိမြင်နိုင်သည်။ ဘုရားရှင်သည် မိုး သောက်ယံလုပ်ငန်းကို သုံးပိုင်းထပ်မံခွဲခြား၍ ဒုတိယပိုင်း အချိန်အားဖြင့် ၁နာရီ မိနစ် ၂၀ခန့်သာကြာသည့် မဆိုစလောက်သော အချိန်လေး တွင်သာ ကျိန်းစက်တော်မူသည်။ ကျန်အချိန်အားလုံးတွင် သတ္တဝါ ဝေနေ ယျတို့ အကျိုးကို ဆောင်ရွက်ပေးလျက်ရှိပေသည်။ ဤမျှပင် သတ္တဝါ ဝေနေယျတို့အကျိုး သယ်ပိုးတော်မူခဲ့ခြင်း ဖြစ်သည်။

ဘုရားရှင်၏ ဂုဏ်ကျေးဇူးကိုဖော်ကျူး ရေးသားရလျှင် ကုန်နိုင် ဖွယ်မရှိပါ။ ဘုရားရှင်သည် ကျွန်ုပ်တို့အတွက် မည်မျှ ကျေးဇူးများကြောင်း

အချုပ်တင်ပြလိုပါသည်။ ဘုရားရှင်၏ ဟောပြောပြသမှုကြောင့် ကျွန်ုပ်တို့သည် ဤတရားသည် အကုသိုလ်တရား၊ အပြစ်ရှိ၍ မကောင်းကျိုးပေးသောတရား) ဤတရားသည် ကုသိုလ်တရား၊ အပြစ်မရှိ ကောင်းသောအကျိုးကိုပေးသောတရား) ဟူ၍ နားလည်လာကြပြီး မကောင်းမှုအကုသိုလ်ကို ရှောင်ကြဉ်၍ ကောင်းမှုကုသိုလ်ကို တိုးပွားအောင် ဆောင်ရွက်နိုင်ကြသဖြင့် အကျိုးကျေးဇူးများစွာရကြရသည်။ ထိုသို့မဟုတ်ပါက ကုသိုလ် အကုသိုလ် ခွဲခြားနားမလည်သဖြင့် အပြစ်များ ပြုမိကြမည်ဖြစ်ပေသည်။

ထို့ကြောင့်ကျေးဇူးတော်ရှင်တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသက ဘုရားရှင်တော် မပွင့်ပေါ်လျှင်လူတော်အများ စိတ်ကောင်းထားလည်း ဤကား ကုသိုလ်၊ အကုသိုလ်နှင့်ထိုထိုဘုံဘဝ မသိရများလှ အပြစ်တွေ၊ ဘုရားရှင်တော်၊ ပွင့်ထွန်းပေါ်၍၊ ဟောဖော်ညွှန်ကြား၊ မြတ်တရားကြောင့်၊ ဤကားကုသိုလ်၊ အကုသိုလ်နှင့်ထိုထိုဘဝ သိကြရ၊ များလှ ကျေးဇူးတွေ" ဟူ၍ စပ်ဆိုထားခြင်း ဖြစ်သည်။ ဤကားဘုရားရတနာ၏ကျေးဇူး တစ်စိတ်တဒေသပင် ဖြစ်သည်။

တရားဂုဏ်ကျေးဇူးသည်လည်း အနန္တပင်တည်း။ ထိုတရားတော်သည် မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်နှင့် ပရိယတ္တိ' ဟူ၍ (၁၀)မျိုးရှိသည်။ ထို(၁၀)မျိုးတွင် ပရိယတ္တိမှာ ဘုရားရှင် (၄၅)ဝါပတ်လုံး ဟောကြားတော်မူခဲ့သော တရားတော်များ ဖြစ်သည်။ ယင်းတရားတော်များသည် ရသအားဖြင့် (၁)မျိုး၊ ဓမ္မဝိနယအားဖြင့် (၂)မျိုး၊ဝစနအားဖြင့်(၃)မျိုး၊ ပိဋကအားဖြင့် (၃)မျိုး၊ နိကာယ်အားဖြင့် (၅)မျိုး၊ အင်္ဂါအားဖြင့် (၉)မျိုး ဓမ္မက္ခန္ဓာအားဖြင့် (၈၄၀၀၀) မြားမြောင်ကျယ်ဝန်း လှပေသည်။

ထိုတရားတော်များသည် ကြည့်ရှုနာယူရခြင်း၊ ကျင့်ကြံခြင်းနှင့်အကျိုးရခြင်းဟု သုံးပိုင်းရှိရာ ထိုသုံးပိုင်းစလုံးတွင် ကောင်းခြင်းဂုဏ်များနှင့်ပြည့်စုံလျက်ရှိပေသည်။ တရားတော်များကို ပထမဆုံး နာရ သင်ယူကြည့်ရှုရလျှင်ပင် တရား၏အနက်အဓိပ္ပါယ်ကို သိရသဖြင့် နှစ်သက်

ရွှင်လန်း ဝမ်းမြောက်ကြည်နူးမှုများ ခံစားရ၏။ လက်တွေ့ လိုက်နာကျင့်သုံးသောအခါ ကောင်းခြင်းဂုဏ်ကို လက်တွေ့ခံစားရ၏။ အကျင့်သီလတစ်ခုခု လုံခြုံရုံမျှဖြင့်ပင် မိမိ၊သူတစ်ပါး နှစ်ဦးသားလုံး ဘေးရန်ကင်းရှင်း၍ ကိုယ်စိတ်နှစ်ဖြာချမ်းသာရ၏။ သမထ၊ ဝိပဿနာတရားများကို လက်တွေ့ အားထုတ်ကြည့်သောအခါတွင်လည်း နှစ်သက် ရွှင်လန်းမှု ငြိမ်းအေးမှုများ ရရှိခံစားရ၏။ ထို့ထက်ပို၍ ကျင့်ကြံအားထုတ်မည့် ဆိုပါလျှင် တရားအသိ အမြင်ရှင်း၍ မဂ်ဖိုလ်ဉာဏ်အလင်းကို ရရှိကာ နိဗ္ဗာန်ချမ်းသာကို ရရှိခံစားနိုင်မည် ဖြစ်ပေသည်။ ဤသို့လျှင် ကောင်းခြင်းဂုဏ်များနှင့် ပြည့်စုံလျက် ရှိပေသည်။

ထိုတရားတော်များထဲတွင် လောကမှ ထွက်မြောက်ကြောင်း တရားတော်များသာမက လောကီ လူနေမှုဘဝတွင် ကျင့်ကြံနေထိုင်နိုင်အောင် ဟောကြားထားသော တရားတော် များလည်း ပါရှိလေသည်။ ထိုတရားတော်များကို ရိုသေစွာ နာကြားလိုက်နာ ကျင့်ကြံ ပွားများ သူတို့အတွက် တန်ဖိုးမဖြတ်နိုင်သော လောကီအကျိုးစီးပွား၊ လောကုတ္တရာ အကျိုးစီးပွားတို့ကို ရရှိခံစားနိုင်ကြမည်မှာ မလွဲဧကန်ပင်ဖြစ်သည်။ အဆိုပါ တရားတော်များမှာ ဘုရားပွင့်တော်မူ မှသာကြားနာရသော တရားတော်များဖြစ်သဖြင့် ဘုရားရှင်ကို ဖူးမြော်ခွင့်ကြုံရရန်မလွယ်သကဲ့သို့ တရားတော်ကို ကြားနာရဖို့လည်း မလွယ်လှပေ။ ထို့ကြောင့် "သဒ္ဓမ္မဿဝနံ ဒုလ္လဘံ" ဟုဆိုထားခြင်း မဟုတ်ပါလား။

ထို့အပြင်ဘုရားရှင်၏တရားတော်သည် လက်တွေ့လိုက်နာ ကျင့်ကြံသူတို့အတွက် လက်တွေ့အကျိုးပေးသော တရားတော်များ ဖြစ်ပေသည်။ မယုံကြည်လျှင် ကိုယ်တိုင် စမ်းသပ်ကြည့်ရန် ဖိတ်ခေါ်ထားသည်။ အခါမလင့် အချိန်မဖင့်စေဘဲ ကျင့်ကြံသူတို့အတွက် ချက်ခြင်းလက်ငင်း အကျိုးပေးသော တရားတော်များဖြစ်သဖြင့် သိပ္ပံနည်းကျ စမ်းသပ်ခံနိုင်သော ဂုဏ်အရည်အသွေးရှိပေသည်။

အချုပ်အားဖြင့်တင်ပြရလျှင် ဘုရားရှင် ဟောကြားထားတော်မူ

သော တရားတော်များထဲတွင် ငါးပါးသီလမှစ၍ ဟောကြားထားသည့် အတိုင်း လိုက်နာကျင့်ကြံလျှင် ယုတ်စွအဆုံး သံသရာတွင် ကျင်လည် နေရစေကာမူ ဘေးအန္တရာယ် ကင်းဝေးခြင်း ချမ်းချမ်းသာသာရှိအောင် တရားတော်က ဆောင်ရွက်ပေးတတ်၏။ သံသရာဝဋ်ဒုက္ခမှ လွတ်မြောက် လိုလျှင်လည်း အဆုံးစွန်လွတ်မြောက်သည်အထိ တရားတော်က ပို့ ဆောင်ပေးနိုင်ပေသည်။ ဤကား တရားတော်၏ ဂုဏ်ကျေးဇူး တစိတ် တဒေသပင်ဖြစ်သည်။

သံဃာရတနာသည်လည်း ကျွန်ုပ်တို့အတွက် ကျေးဇူး အနန္တ များပြားလှပေသည်။ သံဃာသည် အရိယာသံဃာတော်နှင့် သမုတိ သံဃာတော်ဟူ၍နှစ်မျိုးရှိရာ သုပ္ပဋိပန္နတာ စသော သံဃာဂုဏ်တော် ကိုးပါးသည် အရိယာသံဃာတော်များ၌ရှိသော ဂုဏ်တော်များဖြစ်ပေ သည်။ သို့ရာတွင် ပုထုဇဉ် သမုတိသံဃာတော်များသည်လည်း အရိယာ မဖြစ်သေးစေကာမူ အရိယာဖြစ်ကြောင်း စတုပါရိသုဒ္ဓိစသော သီလ၊ သမာဓိ၊ ပညာအကျင့်များကိုပင် ကျင့်ကြံတော်မူနေကြသည် ဖြစ်၍ သံဃာဟုပင် ဆိုရမည်ဖြစ်သည်။ အမူအကျင့် သီလအားဖြင့် လည်း ကောင်း အယူဝါဒ အမြင် စင်ကြယ်မှုဒိဋ္ဌိအားဖြင့် လည်းကောင်း၊ အရိယာ သံဃာနှင့် သမုတိသံဃာသည် အတူတူပင်ဖြစ်သည်။ အနု အရင့်မျှသာ ကွာခြားပေသည်။

သံဃာတော်များ၏ ဂုဏ်ကျေးဇူးမှာလည်း ကျွန်ုပ်တို့အတွက် များစွာကျေးဇူးကြီးမားလှသည်။ ကျွန်ုပ်တို့ တရား ရတနာကို ယနေ့တိုင် ကိုးကွယ်ဆည်းကပ်ပူဇော်ခွင့် ရရှိနေခြင်း မှာ ရဟန်းသံဃာတော် များ၏ ကျေးဇူးကြောင့်ပင်ဖြစ်သည်။ ဘုရားရှင်၏ တရားတော်များကို အရှင် မဟာကဿပ စသော ပထမသင်္ဂါယနာတင် မထေရ်ကြီးများမှစ၍ ယနေ့ တိုင် မထေရ်စဉ်ဆက်တို့ဆက်လက်သယ်ဆောင် ထိန်းသိမ်းလာခဲ့ခြင်း ကြောင့်ပင်ဖြစ်သည်။

အကယ်၍သာ ရှေးကရဟန်းသံဃာတော်များသည် ဘုရားရှင်၏

တရားတော်များကို အစဉ်အဆက်ပို့ချသင်ကြားခြင်းမရှိဘဲ ကြောင့်ကြမဲ့နေထိုင်ကြ၍ ကိုယ်ကျိုးအတွက် တရား အားထုတ်နေကြမည်၊ ဒါယကာ၊ ဒါယိကာမတို့အား ဟောရေး၊ ပြောရေးတို့လောက်သာ အရေးထား နေကြမည်ဆိုလျှင် သာသနာတော်သည် ယနေ့တိုင် တည်တံ့နေထိုင်လိမ့်မည် ဟူ၍ ပြောရန်ခက်ခဲလိမ့်မည်။

ထို့အပြင် သံဃာတော်များသည် ဒါန၊ မျိုးစေ့၊ သီလမျိုးစေ့ ကြဲချစိုက်ပျိုးရာလယ်ယာ မြေကောင်းသဖွယ်ဖြစ်၍ ကျွန်ုပ်တို့ အတွက် အလွန်ကျေးဇူးများလှပေသည်။ ထိုသို့ကျေးဇူးများလှသဖြင့် မင်္ဂလာတရားတော်တွင်"သမဏာနဉ္စ ဒဿနံ" ရသေ့ ရဟန်းတို့အား ဖူးမြော်ရခြင်း၊ ပူဇော်ရခြင်း ၊ လှူဒါန်းရခြင်းသည် မင်္ဂလာတစ်ပါး ပင်ဖြစ်သည် ဟူ၍ ပြဆိုထားခြင်းဖြစ်သည်။

အချုပ်အားဖြင့်တင်ပြရလျှင် သံဃာတော်များသည် ဘုရားရှင် ဟောကြားတော်မူခဲ့သော တရားတော်များကို လက်ဆင့်ကမ်း သယ်ဆောင်၍ သတ္တဝါတို့အား ဘုရားရှင်ကိုယ်စား ဟောပြောပြတော်မူသည်။ မိမိတို့ကိုယ်တိုင်လည်း မြတ်သော အလှူခံပုဂ္ဂိုလ်ဖြစ်သည်အထိ ကျင့်ကြံ၍ လှူဒါန်းပူဇော်သူများ အကျိုးစီးပွားများအောင် ဘေးရန်ကင်းအောင် ဆောင်ရွက်ပေးတော် မူတတ်သော ဂုဏ်ကျေးဇူး အထူးရှိတော်မူကြသော ပုဂ္ဂိုလ်များ ဖြစ်ကြပေသည်။ ဤသည်တို့မှာ သံဃာတော်များ၏ ဂုဏ်ကျေးဇူးတစိတ် တဒေသပင် ဖြစ်သည်။

ဖော်ပြခဲ့သော ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ တို့၏ဂုဏ်ကျေးဇူးကား ကျွန်ုပ်တို့အတွက် အဆုံးအပိုင်းအခြားမရှိ များပြားလှပေ သည်။ထိုရတနာသုံးပါး၏ ဂုဏ်ကျေးဇူး အထူးကို သိမြင်ပြီး ဆည်းကပ်ကိုးကွယ်မှုကို ပြုသင့်ပေသည်။ ထိုသို့ ကိုးကွယ်ဆည်းကပ်၍ တရားတော်နှင့်အညီ ကျင့်ကြံ နေထိုင်၍ ပစ္စုပ္ပန်ရော ဘဝသံသရာပါ ကောင်းစားရေး နောက်ဆုံး သံသရာမှ လွတ်မြောက်ရေးအထိ ဆောင်ရွက်သွား ကြရမည် ဖြစ်ပေသည်။ ထိုသို့ဆည်းကပ် ကိုးကွယ်ခြင်း

သည်သာ စစ်မှန်သော ကိုးကွယ်ခြင်းဖြစ်ကြောင်းကို ဘုရားရှင် က "ဤ ရတနာသုံးပါးကို ကိုးကွယ်ခြင်းကြောင့် ဒုက္ခခပ်သိမ်းမှ လွတ်မြောက်၏" ဟူ၍ ဓမ္မပဒပါဠိတော် အဂ္ဂိဒတ္တပြဟ္မဏ ဝတ္ထုတွင် ဟောကြားထားပေသည်။

ထို့အပြင် ရတနာသုံးပါးသည်သာ သုခစစ်၊ သုခမှန်ကိုပေးပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုစေနိုင်ခြင်းနှင့်ပတ်သက်၍ ဤဘဝ၌ လည်းကောင်း၊ နောင်တမလွန်ဘဝ၌လည်းကောင်း သတ္တဝါ အပေါင်းတို့အား သုခစစ်၊ သုခမှန်ကိုပေးလျက် နိဗ္ဗာန်ကို မျက်မှောက်ပြုစေနိုင်သည်မှာ ဘုရား၊ တရား၊ သံဃာ ရတနာ သုံးပါးမှတပါး အခြားမရှိ ဟုဆိုသည့်အတိုင်း ရတနာသုံးပါး ဂုဏ်ကျေးဇူး ကြီးမားပုံကို သိမြင်ပြီး ဆည်းကပ် ကိုးကွယ်ကြပါဟူ၍ တိုက်တွန်းနိုးဆော်လိုက်ရပေသည်။

စိန်တိုင်ထွန်း

# မိဘဂုဏ်ကျေးဇူး



# မိဘဂုဏ်ကျေးဇူး

လောကတွင် မိခင်နှင့်ဖခင်တို့သည် သားသမီးတို့အပေါ် လွန်စွာ ကျေးဇူးများကြသူများဖြစ်သည်။ မိဘတို့သည် သားသမီးတို့ကို အနန္တ မေတ္တာကရုဏာဖြင့် အစဦးစွာ ပြုစုစောင့်ရှောက်ကျွေးမွေးသုတ်သင် ခဲ့ကြသူများဖြစ်၍ ၎င်းတို့ကို ပြဟ္မာဟူ၍လည်းကောင်း အိမ်ဦးနတ်ဟူ၍ လည်းကောင်း လက်ဦးဆရာဟူ၍လည်းကောင်း အမျိုးမျိုးခေါ်ဆို ဂုဏ်ပြု ထားခြင်း ဖြစ်သည်။ လောက၌ ပညာရေး၊ စီးပွားရေး စသည်တို့တွင် ထင်ပေါ်ကျော်ကြားနေသူ အများစုမှာ မိဘတို့၏ အမျိုးမျိုး အဖုံဖုံ ထောက်ပံ့ကူညီမှုကြောင့်ပင်ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

ထို့ကြောင့်ပင် မိဘတို့ကို အနန္တဂိုဏ်းဝင် ကျေးဇူးရှင်များ ဟူ၍ အသိအမှတ် ပြုထားခြင်း ဖြစ်သည်။

မိဘနှစ်ဦးအနက် မိခင်ဆိုသည်မှာ အချိန် ကာလရှိသမျှ သားသမီး တို့အပေါ် လွန်ကဲသော မေတ္တာထားကာ ထာဝရ သနား ကရုဏာတရား ဖြင့် စောင့်ရှောက်တတ် မြတ်နိုးတတ်သောကြောင့် "မိခင်" မည်၏ဟု ဖွင့်ဆိုထားပေသည်။ ထိုဖွင့်ဆိုချက်နှင့်အညီ မိခင်ဖြစ်သူသည် သားသမီး ဖြစ်သူ ကလလ ရေကြည်တည်ဦးစမှစ၍ ကိုယ်ဝန်နှင့် မတည့်သော ပူစပ်ခါး အရသာရှိသော အစား အစာများကို ရှောင်ကြဉ်ခဲ့ရသည့်အပြင် အထိုင်အထ အကုန်းအကွမှစ၍ သန္ဓေသားကို မထိခိုက်အောင် ဆင်ခြင် နေထိုင်ခဲ့ရသည်။ မွေးဖွားလာပြီး နောက်တွင်လည်း ဖဝါးလက်နှစ်လုံး ပုခုံးလက်နှစ်သစ်အရွယ်မှစ၍ နို့ရည်တိုက်ကျွေးပြီး ဝါးဖတ်တော် ကစီနှစ်နှင့် လူဖြစ်အောင် မွေးမြူလာခဲ့ရသည်မှာ မည်မျှဆင်းရဲပင်ပန်း ဖြစ်မည်ကို စဉ်းစားကြည့်က သိနိုင်ပေသည်။

ဤနေရာတွင် မိခင်မေတ္တာကြီးမားပုံကို လေ့လာကြည့်လျှင် ထင် ထင်ရှားရှား တွေ့မြင်ရမည်ဖြစ်သည်။ မိခင် ဖြစ်သူသည် မိမိကြိုက်နှစ် သက်ရာ အစားအစာများကို မစားဘဲ သားငယ် သမီးငယ်တို့နှင့် သင့်တင့်

လျော်ကန်မည့် အစားအစာများကို ရှာကြံစားသောက်လျက် ဖြစ်ပေါ်လာသော မိမိ၏ ချိုဆိမ့်အေးကြည်သည့်နို့ရည်ကို တိုက်ကျွေး၍ မွေးမြူခဲ့ရသည်။အမှန်မှာ မိခင်နို့မှကျဆင်းလာသော နို့ရည်မှာ ခန္ဓာကိုယ်သုံးဆယ် နှစ်ကောဋ္ဌာသ အစုအဝေးတွင် နို့ရည်ဟူ၍ အသီး အခြားမပါရှိချေ။ မိခင်ဖြစ်သူ၏ သားသမီးအပေါ်တွင် ချစ်ခင် လေးမြတ်သည့် မေတ္တာအရှိန် ကပ်သဖြင့် အနီရောင်သွေးဓာတ်မှ ယိုထွက်လျက် ဖြူဖွေးသော နို့ရည်ဖြစ်လာခြင်း ဖြစ်သည်။ ယင်းနို့ရည်မှာ မိခင်ဖြစ်သူ၏ သားမြတ်နှစ်ခု၏ အလယ်တွင်ရှိသော ရင်ချိုင့်အတွင်း၌တည်သော နှလုံးသွေးပန်းဖြစ်ရာ မိခင်၏ မေတ္တာဓာတ်ကြောင့် ဖြူလာခြင်း ဖြစ်သည်။ မိခင်ဖြစ်သူ သည် မိမိရင်သွေး ကဖြစ်လာသော နို့ရည်ကို တိုက်ကျွေးမွေးမြူခဲ့ရသည့်အတွက် သားသမီး များကို "ရင်သွေး" ဟုခေါ်ဆိုခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် ရင်သွေးဟူက ချစ်မဝသည့် လောကအားလုံး သားသမီးကို မုန်းတယ်လို့ ထုံးလဲမရှိပါ" ဟူ၍ စပ်ဆိုထားခြင်းဖြစ်သည်။

အလားတူပင် ဖခင်သည်လည်း သားသမီးအပေါ်ထက်သန်လှစွာသော မေတ္တာစေတနာအဟုန်ဖြင့် စောင့်ရှောက် ကျွေးမွေးတတ်သောကြောင့် "ဖခင်" ဟူ၍ အမည်ရခြင်း ဖြစ်သည်။ ထိုဖွင့်ဆိုချက်နှင့်အညီ ဖခင်ဖြစ်သူသည် မိမိကို စွဲ၍ဖြစ်သော ကိုယ်ဝန်ကို ဘေးမသီရန်မခဘဲ ချမ်းသာစွာ ဖွားမြင်နိုင်ရန် အပြင်မှနေ၍ လိုအပ်သမျှဓာတ်စာ ဆေးဝါးရှာပေးခြင်း၊ ကိုယ်ဝန် အရင့်အမာကြောင့် ဇနီးသည် မလုပ်နိုင်သည့် အလုပ်များကို လုပ်ကိုင်ပေးခြင်း စသည်ဖြင့် စောင့်ရှောက်မှု ပြုခဲ့သည်။ ထို့အပြင်မီးဖွားသန့်စင် ဖွားမြင်လာသော သားသမီးများ၏ နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး၊ ဝတ်ရေး စသည်တို့မှစ၍ အစစအဆင်ပြေအောင် ဆောင်ရွက်ပေးခဲ့ရသဖြင့် ဖခင်၏ကျေးဇူးမှာလည်း အနန္တပင်ဖြစ်ပေသည်။

ဤသို့လျှင် မိခင်နှင့်ဖခင်တို့သည် သားသမီးများ လူဖြစ်သည့်

အချိန်မှစ၍ လူလားမြောက်ချိန်အထိ သားသမီးများ၏ ကျန်းမာရေး၊ ပညာရေး၊ လိမ်မာရေးခြားရှိရေး စသည့် လောကအလယ်တွင် တင့်တယ်စွာ နေနိုင်ရေးအတွက် အနစ်နာခံ အပင်ပန်းခံ ဆောင်ရွက်ခဲ့ကြသည်များမှာ ရှင်းပြစရာမလိုပါ။ အရွယ်ရောက်သူတိုင်း သိမြင်ကြပြီးဖြစ်သည်။ သားသမီးများ လိမ်မာရေးခြားရှိပြီး လူတစ်လုံး သူတစ်လုံး ဖြစ်လာလျှင်လည်း သူတို့အတွက် ဝမ်းမြောက်ဂုဏ်ယူကြသည်။ သူတို့ထံမှ အကျိုးတစ်စုံတရာကို မျှော်ကိုးတတ်ခြင်းမျိုး မရှိကြပေ။ လောကတွင် ပြောဆိုနေကြသော "စုန်ရေသာ ရှိသည် ဆန်ရေဟူ၍မရှိ" ဟုဆိုသော စကားသည် ဤသဘော ကို ဖော်ညွှန်းလျက် ရှိပေသည်။

ဆိုးသွမ်းသော သားသမီးများကြပြန်တော့လည်း မေတ္တာ မပျက်ကြ။ သူတို့ကို သနားကရုဏာကဲ၍ ပို၍ပင် ချစ်တတ်ကြသေးသည်။ တောင်းစုတ်ပလုံးစုတ်သာ စွန့်ပစ်ရိုးထုံးစံရှိသည်။ သားဆိုး သမီးဆိုးတို့ကို စွန့်ပစ်ရိုးထုံးစံမရှိဟူသော စကားသည် ဖော်ပြပါ အချက်ကို ညွှန်ပြလျက်ရှိသည်။ ထို့အပြင် "သားတို့ ရုပ်ရည်၊ သီတာ မည်သား၊ ရေကြည်ချမ်းမြ တစ်ပေါက်ကျက၊ မိဘတို့ဝမ်းငြိမ်းစတမ်း" ဟုစပ်ဆိုထားခြင်းကလည်း သားသမီး တို့အပေါ် မိဘတို့ထားရှိသော မေတ္တာကို ဖော်ညွှန်းလျက်ရှိသည်။

မွေးသည်မှ သေသည်အထိ သားသမီး တို့အပေါ် မိဘတို့ ပြုခဲ့သော ကျေးဇူးမှာဖော်ပြ၍ မလောက် အောင်ပင် များပြားလှပေသည်။ ဤမျှ များပြားသော မိဘတို့၏ ဂုဏ်ကျေးဇူးကို ကျေပွန်အောင် ပြန်လည်ဆပ်နိုင်ဖို့ဆိုသည်မှာ မလွယ်ကူလှပေ။ ထိုသို့ မလွယ်ကူကြောင်းကို ဘုရားရှင်က အင်္ဂုတ္တိုရ်ဒုကနိပါတ် မာတာပိတုဂုဏသုတ်တွင် အောက်ပါအတိုင်း ဟောကြားထားသည်-

"ချစ်သားတို့ လောကတွင် ကျေးဇူးဆပ်၍ မလွယ်သူနှစ်ဦးရှိသည်။ ၎င်းတို့မှာ အမိနှင့်အဘ ဖြစ်သည်။ အသက်တစ်ရာတမ်း၌ အနှစ် တစ်ရာ

နေရသောသူသည် အမိဖြစ်သူကို တစ်ဘက်သော လက်ယာ ပခုံးတွင် တင်၍ လည်းကောင်း အဘဖြစ်သူကို တစ်ဘက်သော လက်ဝဲ ပခုံးတွင် တင်၍လည်းကောင်း ထိုမိဘတို့အား အမွှေးအကြိုင် လိမ်းကျံ ပေးခြင်း၊ ဆုပ်နယ် ပေးခြင်း၊ ရေပူရေချမ်းတို့ဖြင့် ချိုးပေးခြင်း စသည်တို့ကို ပြုလုပ်၍ လုပ်ကျွေးခြင်း၊ ထိုမိဘတို့သည် မိမိပခုံးစွန်းပေါ်၌ပင် နေလျက် ကျင်ကြီး ကျင်ငယ်တို့ကို စွန့်စေခြင်းကို ပြုသော်လည်း မိဘ တို့အား ကျေးဇူးပြုသည်၊ ကျေးဇူးဆပ်သည် မမည်သေး။ ဤမျှသာမက အဘကို စကြဝတေးမင်းအဖြစ်၌လည်းကောင်း၊ အမိကို စကြဝတေးမင်း၏ မိဖုရား အရာ၌လည်းကောင်း တည်စေ၍ ကျေးဇူးဆပ်သော်လည်း ဆပ်သည် မမည်သေးပေ" ဟူ၍ ဟောကြားတော်မူခဲ့သည်။

ထို့အပြင် မိဘကျေးဇူးကြီးမားပုံကို ယူဇနာ နှစ်သိန်း လေးသောင်း အထုရှိသော မဟာပထဝီ မြေကြီးနှင့် နှိုင်းကြည့်လျှင် မဟာပထဝီ မြေကြီး သည် ဝါးရွက်ကလေးပမာ သေးငယ်သွားကြောင်း အလွန်တရာ ကျယ်ပြန့်လှသော စကြဝဠာကြီးနှင့် နှိုင်းကြည့်လျှင် စကြဝဠာသည် အပ် နဖားပမာ ရှိတော့ကြောင်း ယူဇနာရှစ်သောင်းလေးထောင် အမြင့်ဆောင် သော မြင့်မိုရ်တောင်နှင့် နှိုင်းစာလျှင်လည်း မြင့်မိုရ်တောင်ကြီးသည် ပေါက်ခါစ နွားဦးချိုမျှသာ ရှိတော့ကြောင်း၊ ကမ်းမမြင် အလွန်တရာ ကျယ်ပြောလှသည့် သမုဒ္ဒရာကြီးနှင့် နှိုင်းယှဉ်ကြည့်ပြန်လျှင်လည်း သမုဒ္ဒရာကြီးမှာ မိုးရေပေါက်ကလေးသဖွယ် သေးငယ် သွားရကြောင်းကို "မိနှင့်ဘ၏ ကြီးလှကျေးဇူး၊ တင်ပေဖူးကို၊ အထူးပြစိမ့်၊ နားနာစိမ့်လော့၊ နှစ်သိန်းလေးသောင်း၊ ပေါင်းသည့်ဤမြေ ထုထွေထွေလည်း စိမ်းရွှေထွား ထွား၊ ဝါးရွက်လားသို့၊ ကျယ်များ စကြဝဠာ၊ ကြီးဧရာလည်း၊ အပ်မှာ နဖား၊ ထွင်းသည့်လားနှင့် မပြားပုံဆို၊ တောင်မြင့်မိုရ်လည်း၊ နွားချိုပေါက်စ၊ ပမာကျ၏ နက်လှစွာရှောင်း၊ ရှစ်သောင်း လေးထောင်၊ ရေဖောင်ဖောင် နှင့်၊ သဲချောင်းသမုဒ္ဒရာ၊ ရေများစွာလည်း၊ ပမာမလောက်၊ မိုးရေပေါက်

သို့ စသည်ဖြင့် ပုတ္တောဝါဒ ဆုံးမစာတွင် ဖော်ပြထားပေသည်။

ဖော်ပြခဲ့သည်များကို လေ့လာကြည့်ခြင်းအားဖြင့် မိဘတို့ ဂုဏ်ကျေးဇူးကို ကျေအောင်ဆပ်နိုင်ရန်မှာ မည်မျှ ခက်ခဲကြောင်း သိသာမြင်သာလှပေသည်။ "ခက်ခဲသည့်အတွက် ကျေးဇူးပြန်မဆပ်တော့ဘူး" ဆိုသည့် တလွဲတချော် စဉ်းစားတွေးခေါ်မှုမျိုး မပြုသင့်ပေ။ မိမိတို့လိုက်နာကျင့်သုံးရမည့် သားသမီးတို့ ဝတ္တရားငါးပါးနှင့်အညီ ဆောင်ရွက်ခြင်းဖြင့် ကျေးဇူးတုန့်ပြန် ရမည်ဖြစ်သည်။ ဘုရားရှင်ကိုယ်တိုင်ပင်လျှင် တာဝတိံသာနတ်ပြည် ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်၌ စံပယ်တော်မူ၍ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတ နတ်သားကို အမှူးထားပြီး အဘိဓမ္မာတရားတော်ကို ဟောကြားခြင်းဖြင့် ကျေးဇူးဆပ်တော်မူခဲ့သည်။ ဤသည်ကို အကြောင်းပြု၍ အဘိဓမ္မာတရားတော်ကို "မယ်တော်မိမြတ် နို့ဖိုးဆပ်" တရားတော်ဟူ၍ ခေါ်ဆိုခဲ့ခြင်း ဖြစ်သည်။

မိဘကျေးဇူး ကျေအောင်ဆပ်ဖို့ မလွယ်ကူဟုဆိုသော်လည်း သဒ္ဓါတရားမရှိသော မိဘတို့ကို သဒ္ဓါတရားနှင့် ပြည့်စုံလာအောင် သီလမရှိသော မိဘတို့ကို သီလရှိအောင် စွန့်ကြဲ ပေးကမ်းလိုစိတ်ရှိအောင် အသိပညာမရှိသော မိဘတို့ကို အသိပညာရှိလာအောင် ပြုလုပ်ပေးခြင်းစသည်တို့ဖြင့် ကျေးဇူးဆပ်လျှင်မူ ကျေပွန်အောင်ဆပ်သည်မည်၏ ဟူ၍ အထက်ပါ မာတာပိတု ဂုဏသုတ်၌ပင် ဖော်ပြထားပေသည်။ ဤနေရာတွင် လက်ယာရံအရှင်သာရိပုတ္တရာ မထေရ်ကြီး ပရိနိဗ္ဗာန်ပြုခါနီးတွင် မိခင်ကြီးအား အယူမှန်ကိုပြသ၍ ကျေးဇူးဆပ်သွားပုံ၊ မြန်မာ့သမိုင်းတွင် ကျန်စစ်သားမင်းကြီး၏ သားတော် ရာဇကုမာရ်မင်းသား ဖခင်အပေါ် ကျေးဇူးဆပ်ပုံတို့မှာ နမူနာ ယူစရာကောင်းလှသည်။

မိဘကို လုပ်ကျွေး၍ အကျိုးကျေးဇူး ခံစားရခြင်း၊ မိဘကို မလုပ်ကျွေးသည့်အပြင် ပုန်ကန်တော်လှန်သဖြင့် ဒုက္ခရောက်ရခြင်းတို့ကို ဖော်ပြသော သာဓကများမှာ များစွာရှိပါသည်။ မျက်မှောက်ခေတ်တွင်

လည်း ကြုံတွေ့ရနေဆဲပင်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် မိဘကျေးဇူး အထူးသိကြရမည် ဖြစ်သည်။ ထိုသို့ ကျေးဇူးသိက မိဘတို့ကို ရိုသေစွာ လုပ်ကျွေးခြင်းဖြင့် ဖြစ်လေရာဘဝတိုင်းတွင် အစားအစာ ပေါ်များခြင်း၊ သွားလာရာတိုင်း၌ ချီးမြှောက်ပူဇော်ခံရခြင်း မိမိဂုဏ်သတင်း ထင်ရှားကျော်ကြားခြင်း၊ စည်းစိမ်အခြံအရံ မပြိုမကွဲ အမြဲ တောက်ပရခြင်း၊ ကျက်သရေအဖြာဖြာ တင့်တယ်ခြင်း၊ ကွယ်လွန်သည့်အခါ သုဂတိဘုံဘဝသို့လားရောက်ရခြင်းစသော အကျိုးတရား ရရှိကြမည် ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် မိဘဂုဏ်ကျေးဇူးကို အထူး သိတတ်၍ကျေးဇူးဆပ်နိုင်ကြသော အမျိုးသားကောင်း အမျိုးသမီးကောင်းများ ဖြစ်အောင် ကြိုးစားသွားကြပါဟူ၍ တိုက်တွန်းရေးသားလိုက်ရပေသည်။

စိန်တိုင်ထွန်း

# သုဂုဏ်ကျေးဦး



# ဆရာ့ဂုဏ်ကျေးဇူး

အာစရိယဂုဏော အနန္တောဟု မိန့်ဟောအရ ကောက်ယူပြသော် နယနည်းနာ အဖြာဖြာကို လိမ္မာစေကြောင်း မေတ္တာလောင်း၍ မကောင်းကိုကြဉ် ကောင်းရာ ယှဉ်လျက် နှုတ်မြွက် သံချို ဆုံးမဆိုသား အဟိုများစွာ သံသရာဝယ် သုံးသွယ်သောကပ် လေးရပ်အပါယ် ရှစ်သွယ်ရပ်ပြစ် ဆိုးညစ်ယုတ်မာ အဖြာဖြာကို ခေမာဘုမ္မိ ဘေးမရှိအောင် နိဗ္ဗာသောင်သို့ ရောက်အောင်ပြည့်နှ် သွန်သင်ပေတတ် ဆရာမြတ်ကို။ အဟံ အကျွန်ုပ်သည်။ ဝန္ဒေဝန္ဒာမိ ရှိခိုးပါ၏။

အထက်ဖော်ပြပါစာပိုဒ်မှာ စာရေးသူငယ်စဉ် ဘုန်းတော်ကြီးကျောင်းသားဘဝတုန်းက နေ့စဉ်ကျောင်းသို့ရောက်ပြီး စာမသင်မီ နံနက်ပိုင်းတစ်ကြိမ်နှင့် ညနေစာသင်ပြီး အိမ်သို့မပြန်မီတစ်ကြိမ် နေ့စဉ်ကျောင်းသား ကျောင်းသူများ ဘုရားဝတ်ပြုသည့်အခါ ဆရာနှင့်ပတ်သက်၍ ရှိခိုးရာ၌ ရွတ်ဆိုရသောစာပိုဒ်ဖြစ်ပါသည်။ ထိုစဉ်က စာကိုသာ နေ့စဉ် ရွတ်ဆိုခဲ့ရသော်လည်း ဆရာ့ဂုဏ်ကျေးဇူးကြီးမားပုံကို အလေးအနက် မထားမိခဲ့ပါ။

အသက်အရွယ်ကြီးရင့်လာသည့် ယခုလိုအခါမျိုးတွင်မှ ဆရာ့ဂုဏ်ကျေးဇူးကြီးမားပုံကို လေးလေးနက်နက် သိလာရသည်။ ဆရာဖြစ်သူများ၏ မြေတောင်မြှောက်ပေးမှုကြောင့်သာ စာရေးသူအနေဖြင့် ခေတ်ပညာတတ်ပုဂ္ဂိုလ် တစ်ယောက်ဖြစ်လာပြီး ရာထူးရာခံ ရရှိလာခြင်း ဖြစ်သည်ဟု ခံယူမိသည်။

ငယ်စဉ်ဘဝ ပြန်စဉ်းစားကြည့်က ယခုလို အခြေအနေမျိုးသို့ ရောက်လာရန်မှာ စဉ်းစား၍ပင်မရပါ၊ စာရေးသူတို့ဒေသမှာ မြို့ကြီးပြကြီးနှင့် ဝေးလံခေါင်းပါးသော ကျေးလက်ဒေသဖြစ်သည်။ မိဘများမှာလည်း လက်လုပ်လက်စားဘဝမျိုး၊ ဖတဆိုးဘဝဖြင့် မိခင်ကြီး၏ အုပ်ထိန်းမှုဖြင့်

သာ နေထိုင်ခဲ့ရရာ ဘဝမှာ ပြည့်ဝကုံလုံမှုမရှိခဲ့ပေ။

ဆရာဘုန်းကြီးက ဘာသာရေးအခြေခံစာများ၊ အတွက်အချက် ပညာများ၊ အထိုက်အလျောက် သင်ပေးပြီးနောက် မြို့ကို သွားရောက် ပညာသင်ကြားကြသော ရဟန်းတော်များနှင့် အပ်နှံပေးပြီး မြို့တွင်းရှိ အတန်းကျောင်းမှ ဆရာ ဆရာမများ၏ သင်ကြားပြသမှုကြောင့် အဆင့် ဆင့်တက်ကာ လောကအခေါ် ခေတ်ပညာတတ် ဘဝသို့ ရောက်ခဲ့ပြီး ရုံးဝန်ထမ်းဘဝသို့ ရောက်ခဲ့ခြင်း ဖြစ်သည်။ စာရေးသူလက်ရှိဘဝနှင့် စာရေးသူ၏ ငယ်သူငယ်ချင်းများ၊ ဆွေမျိုးညာတိများ၏ ဘဝသည် အလွန် ကွာခြားသွားခဲ့သည်။ ဤသည်မှာ ဆရာ၊ ဆရာမများ၏ ကျေးဇူးကြောင့် ပင်ဖြစ်သည်။

မှန်ပေသည်။ လောကတွင် ဘုရားသခင်ကိုကြဉ်၍ မည်သူမျှ ဆရာ နှင့်ကင်းသူဟူ၍ မရှိခဲ့ပါ။ ဘုရားရှင်ကိုယ်တော်တိုင်ကပင် ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် သစ္စာ(၄)ပါးကို ကိုယ်တိုင်သိတော်မူသည်မှာ မှန်သော် လည်း ဒုက္ကရစရိယာ ကျင့်စဉ်အခါကမူ အာဠာရနှင့် ဥဒက ရသေ့တို့ထံ နည်းခံခဲ့ရသေးသည် မဟုတ်ပါလား။

မည်သည့်ခေတ် မည်သည့်အခါမဆို၊ မည်သည့် လူမျိုး၊ မည်သည့် ဘာသာဝင်မဆို ခေါင်းဆောင်နေရာ ရယူထားကြသော သာသနာ ရေးခေါင်းဆောင်များ၊ နိုင်ငံရေးခေါင်းဆောင်များ၊ စက်မှုလက်မှု ပညာရှင်များ၊ တွေးခေါ်ပညာရှင်များ စသည်တို့မှာ ယင်းတို့၏ ဆရာ သမားများ၏ သွန်သင်ပြသမှုကြောင့်ဟုဆိုလျှင် မည်သူကမျှ အငြင်းပွား လိမ့်မည်မဟုတ်ပေ။

ဆရာဟူသော ဂုဏ်ပုဒ်ကို ခံယူဖို့မှာ လွယ်ကူသော အလုပ် မဟုတ် ပေ။ သာမည ဇွဲ လုံ့လ ဝီရိယမျိုးဖြင့် ဆရာလုပ်၍မရပေ။ လက်ရှိ ပညာ ရေး ဝန်ထမ်းများကို မေးမြန်းကြည့်ပါ။ "ဆရာလုပ်ရတာ ပျော်ရဲ့လား"ဟု ဆိုလျှင် ဆရာဘဝပျော်ပိုက်သူ၊ ကျေနပ်သူကနည်းပြီး အခြေအနေအရ

လုပ်နေရသူက အများစု ဖြစ်လိမ့်မည်ဟု ယူဆမိသည်။ အဘယ့်ကြောင့်နည်း-

ဆရာပီသအောင် လုပ်ဖို့ဆိုလျှင် မလွယ်ပါ၊ ဆရာ ပီသသူ များမှာ နာ(၃)နာကို ပိုင်ဆိုင်ထားကြသူသာဖြစ်သည်။ နာ(၃)နာ ဆိုသည်မှာ တပည့်အပေါ် စေတနာထားရခြင်း၊ စာသင်ပြမှု လုပ်ငန်းတွင် ဝါသနာပါရခြင်း၊ စာသင်ခြင်းလုပ်ငန်း ဆောင်ရွက်သည့်အခါ ဝတ်ကျေတန်းကျေသဘောမထားဘဲ အနစ်နာခံသင်ပြရခြင်းတို့ဖြစ်သည်။ အချို့က ဖော်ပြပါ နာ(၃)နာပိုင်ရှင် ဖြစ်ဖို့ဆိုသည်မှာ လွယ်ကူသော အရာမဟုတ်ပေ။ သို့ရာတွင် ဆရာပီသူများသည် အဆိုပါ နာ(၃)နာကို အစစ်အမှန် ပိုင်ဆိုင် ထားကြသူများပင်ဖြစ်သည်။

ဆရာဆိုသော ဝေါဟာရကို လေ့လာကြည့်ပါ၊ ဆရာ ဆိုသည်မှာ တပည့်ဖြစ်သူ၏ ကောင်းကျိုးကို လိုလားပြီး တပည့် တိုးတတ်ကြီးပွားစေလိုသော မေတ္တာတရား၊ သနားကြင်နာမှု ကရုဏာတရားဖြင့် တပည့်၏ လွဲမှားသောအသိကို မြင်သိက ဝမ်းတွင်သိုသိပ်မထားဘဲ ဟုတ်မှန်သည့်အတိုင်း ပြောဆို ဆုံးမတတ်သူကို ပါဠိလို အာစရိယ၊ မြန်မာလိုဆရာဟု ခေါ်ဆိုခြင်း ဖြစ်သည်။ တပည့်၏အပြစ်ကို မြင်သော်လည်း မဆို မဆုံးမ မသွန်သင်ဘဲ လျစ်လျူရှုနေသော ပုဂ္ဂိုလ်မျိုးကို ဆရာဟု မခေါ် ထိုက်ပေ။

ထို့ကြောင့် မဃဒေဝလင်္ကာ(အပုဒ် ၂၃၆)တွင် "ရှေးရှု မေတ္တာ၊ ကရုဏာနှင့် နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာ ဟူလေ့"ဟူ၍ မန်လည်ဆရာတော်ဘုရားကြီးက ရေးဖွဲ့ထား ခြင်းဖြစ်သည်။

သာသနာတော်တွင် ဆရာကို အောက်ပါအတိုင်း (၅)မျိုး ခွဲခြားထားသည်-

(က) ပဗ္ဗဇ္ဇာစရိယ = ရှင်သာမဏေဝတ်ပေးသောဆရာ

(ခ) ဥပသမ္ပဒါစရိယ = ရဟန်းခံပေးသော ဥပဇ္ဈာယ်ဆရာ၊ ကမ္မ

ဝါစာဆရာ

(ဂ) နိဿယာစရိယ = နိဿယည်းဆရာ၊ အားကိုးပြု အမှီပြု၍ နေသောဆရာ

(ဃ) ဥဒ္ဒေသာစရိယ = ပါဠိအဋ္ဌကထာစသည့် ကျမ်းဂန်အရပ် ရပ်ကို သင်ပေးသောဆရာ

(င) ဩဝါဒါစရိယ = အဆုံးအမ ဩဝါဒပေးသော ဆရာတို့ ဖြစ်သည်။

လောကအနေဖြင့်မူ ဆရာကို ယေဘုယျအားဖြင့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဟူ၍ သုံးမျိုးခွဲခြားထားသည်။ ယင်းသုံးမျိုးတွင် တပည့်အား ကျကျနန ကိုယ်ထိ လက်ရောက် သွန်သင်ပေးသောဆရာကို သင်ဆရာဟု ခေါ်ခြင်းဖြစ်သည်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကောလိပ်နှင့် တက္ကသိုလ် အသီးသီးရှိဆရာ ဆရာမများသည် တပည့်များ နားမလည်လည်အောင် ပုံစံအမျိုးမျိုးဖြင့် အတတ်ပညာများ သင်ကြားပေးကြ သည်။ ကျောက်သင်ပုန်းကြီးမှာ မြေပုံဆွဲပြမှ နားလည်မည်ထင်လျှင် မြေပုံဆွဲပြရသည်။ ကတန်လျှင် ကပြရသည်။ တပည့်တို့ နားလည်နိုင်မည့် ပုံစံမျိုးကိုရွေး၍ လုပ်ပြရသည်။ စိတ်ရှည် ဇွဲသန်ရသည်။ ဤကဲ့သို့သော ဆရာမျိုးကို သင်ဆရာဟု ခေါ်ဆို သည်။ သူတစ်ပါးလုပ်ကိုင် ဆောင်ရွက်နေသည်ကို မြင်ရုံမျှဖြင့် တတ်မြောက်သူ၏ ဆရာသည် မြင်ဆရာဖြစ်သည်။ သူတစ်ပါး ပြောဆိုရွတ်ဖတ်သံကို ကြားရသဖြင့် တတ်မြောက်သူ၏ ဆရာသည် ကြားဆရာ ဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ မိမိသည် အဆိုပါဆရာများထံမှ အသက်မွေးဝမ်းကျောင်း အတတ်ပညာတစ်ခု ရရှိသည့်အပြင် လိမ္မာရေးခြားရှိလာရသည်ဖြစ်၍ ဆရာအားလုံးကို လေးစားကြရမည်သာဖြစ်သည်။ ဘုရားရှင်က ဆရာဟူသည် ထာဝစဉ် မပြတ် အလေးအမြတ်ထားကာ ပူဇော်အပ်သူဖြစ်၍ တောင်အရပ် (ဒက္ခိဏ ဒိသာ)မည်ကြောင်း သိင်္ဂါလသတို့သားအား ဟောကြားထားသည်ကို

ထောက်ရှု၍ ဆရာဟူသမျှကို လေးစား ကြည်ညို ကြရမည် ဖြစ်သည်။

ဤနေရာတွင် အချို့ပုဂ္ဂိုလ်တို့က ရဟန်းသံဃာ ဆရာများသာ တပည့်တို့အပေါ် အဖိုးအခမယူဘဲ စစ်မှန်သော စေတနာဖြင့် ပညာသင်ကြားပေးကြသူများဖြစ်၍ အနန္တဂိုဏ်းဝင် ဆရာများ ဖြစ်ကြသည်။ လူဆရာများကား အခကြေးငွေယူ၍ သင်ကြား ပေးခြင်းဖြစ်၍ အနန္တဂိုဏ်းဝင်ဆရာများမဟုတ်ဟူ၍ ဆိုတတ် ကြသည်။ အမှန်မှာ လူဆရာများသည် အခကြေးငွေယူ၍ သင်ကြားပြသသည်မှာ မှန်သော်လည်း အထက်တွင်ဖော်ပြသည့်အတိုင်း နာ(၃)နာကို လက်ကိုင်ထားကာ သင်ကြားကြသူများဖြစ်၍ အနန္တဂိုဏ်းဝင်ဆရာများ မဖြစ်ဟူ၍ မဆိုထိုက်ပေ။ ထိုဆရာများသည်လည်း မိမိတို့တပည့်များအား နှုတ်မှုပညာတွင်ဖြစ်စေ၊ လက်မှုပညာတွင်ဖြစ်စေ၊ စက်မှုပညာ တွင်ဖြစ်စေ၊ အသက်မွေးဝမ်းကျောင်းမှု ပြုနိုင်လောက်အောင် အတတ်ပညာများကို ကိုယ်၊ နှုတ်၊ စိတ် သုံးပါးတွင် တစ်ပါးပါးဖြင့် ပြစ်မှားခြင်း မပြုအပ်ပေ။

လောက၌ သတ္တဝါတိုင်း လူသားတိုင်းအတွက် အရေးကြီးဆုံးမှာ အသိဉာဏ်ပညာဖြစ်၏။ ပညာသည် နားမျက်စိဖြစ်၏။ နားနှင့် မျက်စိ မရှိသူသည် အရာမဝင်သကဲ့သို့ ပညာမတတ်သူသည် အရာမဝင်ပေ၊ ထိုအသိဉာဏ်ပညာကို ပထမဦးဆုံး ရှေ့ဦးဆရာခေါ်သော မိဘတို့ထံမှ ဆည်းပူးရ၏။ ထို့မျှနှင့် မပြည့်စုံ၍ ဆရာများထံမှာ သီးခြား သီးခြား သင်ကြရသည်။ လူသည် မိမွေးတိုင်း ဘမွေးတိုင်း အခြေအနေ၌ အားလုံး အတူတူပင်ဖြစ်သည်။ မိဘနှင့် ဆရာတို့၏ သင်ပြပေးမှုကြောင့်သာ လူချွန်လူမွန်များ ဖြစ်လာကြရခြင်းဖြစ်သည်။ ဖယောင်းကို လိုရာပုံသွင်း၍ ရသကဲ့သို့ လူငယ်လူရွယ်တို့၏ဘဝကို အလှပဆုံး တန်ဖိုးအရှိဆုံး ဖြစ်အောင် သွန်းထု ပြုလုပ်ပေးနိုင် သူများမှာ ဆရာများပင်ဖြစ်သည်။

လူ့လောကတွင် တပည့်သည် ဆရာနှင့် ကင်းကွာ၍ မရအောင် ဆက်သွယ်မှုရှိနေသည်။ လူတို့သည် ဆရာသမားများ ရှိနေကြခြင်း

ကြောင့်သာ သိစရာမျိုးစုံ တတ်စရာမျိုးစုံ၊ မှတ်စရာမျိုးစုံ၊ ကျင့်စရာမျိုးစုံ တို့ကို ရရှိနေခြင်းဖြစ်၏။ အကယ်၍ ဆရာသမားများသာမရှိက လူ့လောကကြီးသည် ရိုင်းစိုင်းသော ဘဝသို့ရောက်သွားနိုင်၏။ လောကရေးရာ၊ ဓမ္မရေးရာတို့၌ တတ်အောင် နားလည်အောင် ဆောင်ရွက်ပေးသူတို့မှာ အများအားဖြင့် ဆရာများပင်ဖြစ်သည်။ လောကကြီး ကောင်းမွန်နေခြင်း၊ လူသားများလိမ္မာယဉ်ကျေးနေခြင်းတို့မှာ လောကီဆရာ လောကုတ္တရာဆရာများ၏ တည့်မတ်ထိန်းသိမ်းစောင့်ရှောက် ပေးမှုကြောင့်ဖြစ်သည်။ ကျမ်းဂန်အရဖော်ပြရလျှင် တပည့်တစ်ဦး၏ သင်ကြားရေး ကိစ္စပြီးဆုံးမှုသည် ရဟန္တာဖြစ်မှ ပြီးဆုံးမည်ဖြစ်သည်။ ရဟန္တာမဖြစ်မရောက်သေးပါက မည်သူမဆို တပည့်အရာတွင် တည်နေပြီး သင်ယူမှုကိစ္စ ဆောင်ရွက်နေကြဦးမည်သာ ဖြစ်သည်။

ဆရာ့ဂုဏ်ကျေးဇူးကို ဖွင့်ဆိုရလျှင် အလွန်တရာ ကျယ်ဝန်းမည်ဖြစ်သည်။ ဤမျှဆိုလျှင် ဆရာ့ဂုဏ်ကျေးဇူး သိသာပေါ်လွင်နေပြီဟု ဆိုရမည်။ သို့ဖြစ်၍ တပည့်ဖြစ်သူသည် ဆရာ့ဂုဏ်ကျေးဇူးကို အလေးအမြတ်ပြုရမည်၊ အထူးသိတတ်ရမည်။ ဆရာ့ကျေးဇူးသိတတ်ပုံကို သာဓကတစ်ခုပြရလျှင် သာသနာတော်တွင် ထိပ်တန်းအကျဆုံးဖြစ်သော အရှင်သာရိပုတ္တာမထေရ်မြတ်ကြီးကို နမူနာယူသင့်သည်။ မထေရ်မြတ်ကြီးသည် အရိယာပုဂ္ဂိုလ်အဖြစ်သို့ ပို့ဆောင်ပေးသော အရှင်အဿဇိမထေရ်ရှိရာ အရပ်သို့ အမြဲတမ်းဦးခေါင်းပြု၍ ကိန်းစက်တော်မူသည်။ ဤနမူနာကို ယူ၍တပည့်ဖြစ်သူသည် မိမိဆရာရှိရာအရပ်သို့လှည့်၍ ရှိခိုးဦးခိုက်ပြီး အိပ်သင့်သည်။ ဆရာ့ကျေးဇူးသိ၍ ဒုက္ခရောက်သူ မရှိ၊ ကျေးဇူးမသိ၍ ဒုက္ခအမျိုးစုံ ကြုံရမှုမျိုးသာရှိသည်ကို သတိပြုသင့်သည်။

အချုပ်အားဖြင့် တင်ပြရလျှင် ဆောင်းပါးအစတွင် ဖော်ပြ ထားသည့်အတိုင်း ဆရာဖြစ်သူသည် မိမိတို့အား မတတ်တတ်အောင် နည်းအဖြာဖြာဖြင့် သင်ကြားပေးခြင်း အပြစ်ကင်းရာကို လမ်းညွှန်ပြခြင်း၊ မကောင်းမှု

မပြုအောင် တားမြစ်ခြင်း စသည်တို့ကို ဆောင်ရွက်ပေးခြင်းတို့ကြောင့် တပည့်တို့အတွက် လွန်စွာကျေးဇူးများလှ၍ တပည့်တို့၏ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဖြစ်သည်။ ထို့အပြင် ဆရာ့ ကျင့်ဝတ်ငါးပါး၊ ဆရာ့ဂုဏ်အင်္ဂါ (၂၅)ပါးတို့နှင့် ပြည့်စုံအောင် ကျင့်သုံး၍ တပည့်တို့အကျိုး သယ်ပိုးကြသူများဖြစ်၍ တပည့်တို့အတွက် လွန်စွာ ကျေးဇူးများ လှသည်။ မည်မျှ ကျေးဇူးများသနည်းဟု ဆိုလျှင် "ကောင်းကင် ပမာ၊ မနိုင်းသာ၊ ဆရာ့ ကျေးဇူး" ဟူ၍ ဆိုထားသည်အတိုင်း မိုးကောင်းကင် အကျယ်အဝန်းကို တိုင်းထွာ၍ မပြနိုင်သကဲ့သို့ ဆရာ့ဂုဏ်ကျေးဇူးကို တိုင်းတာ၍ မပြနိုင်အောင် များပြားလှပေသည်။

ထို့ကြောင့် တပည့်များသည် မင်္ဂလာတရားတော်နှင့်အညီ ရှေးဦးစွာ ဆရာ့ကျေးဇူးကြီးမားပုံကို သိရမည်။ ထို့နောက် ကျေးဇူးတုံ့ပြန်နိုင်အောင် ကြိုးစားရမည်။ ကျေးဇူးဆပ်ရာ၌ ဝတ္ထုပစ္စည်းတို့ဖြင့် လှူဒါန်းပူဇော်၍ ကျေးဇူးဆပ်နိုင်က ဆပ်ပါ။ ထိုသို့ မတတ်နိုင်ပါလျှင် ရှိခိုးကန်တော့ကာ ကျေးဇူးဆပ်၍ ရပါသည်။ ကျေးဇူးရှိသူကို ကျေးဇူးရှင်အဖြစ် သိနေမှုက ပမာနဖြစ်သည်။ ဆရာ့ဂုဏ်ကျေးဇူးကို သိတတ်သည့် တပည့်များ ဖြစ်ကြပါစေဟု ဆန္ဒပြုလျက်-

စိန်တိုင်ထွန်း

# ယုံကြည်ကိုးကွယ်တတ်ဖို့လိုသည်

၄



# ဖုံကြည်ကိုးကွယ်တတ်ဖို့လိုသည်

ယခုအခါ သာသနာတော်သည် နေရောင်လရောင်ပမာ ထွန်းလင်းဖြာလျက်ရှိပေသည်။ ရဟန်းတော်များနှင့် လူ ဒါယကာ၊ ဒါယိကာမများသည် တစ်ဦးကိုတစ်ဦး မှီခိုနေကြပြီး တစ်ဦးကိုတစ်ဦး အကျိုးပြုလျက်ရှိကြသည်။ ရဟန်းတော်များသည် ဒါယက၊ ဒါယိကာမများကို တရားဓမ္မများ ဟောကြားပြသကာ ကျေးဇူးပြုနေကြသကဲ့သို့ ဒါယကာ၊ ဒါယိကာမများကလည်း ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်းလေးပါးတို့ကို ရဟန်းတော်များအား လှူဒါန်းခြင်းဖြင့် ကျေးဇူးပြုလျက် ရှိကြပါသည်။

ဤကဲ့သို့ ဒါယကာ၊ ဒါယိကာမများက ရဟန်းတော်များကို ကူညီ၊ ရဟန်းတော်များကလည်း ဒါယကာ၊ ဒါယိကာမများကို ကူညီမှု ပြုနေကြသဖြင့် သာသနာတော်ကြီး တိုးတက်ထွန်းကားနေသည်မှာလည်း အထင်အရှားပင် ဖြစ်ပါသည်။ ဤနေရာတွင် ဒါယကာ၊ ဒါယိကာမများအနေဖြင့် ရဟန်းတော်များကို ဆည်းကပ်ကိုးကွယ်ရာတွင် ဝိနည်းတော်နှင့်အညီ ဆည်းကပ်ကိုးကွယ်နိုင်စေရန် ဝိနည်းပညတ်ချက်တစ်ခုကို ထုတ်ပြလိုပါသည်။

ဗုဒ္ဓဘာသာ ရဟန်းတော်များသည် အခြားအခြားသော ဘာသာရေးဝန်ထမ်းများကဲ့သို့မဟုတ်ဘဲ ကျင့်စရာ လိုက်နာစရာ ဝိနည်း ပညတ်ချက်များမှာ အလွန့်အလွန် များပြားပါသည်။ ဒါယကာ၊ ဒါယိကာမများ၏ လှူဒါန်းထောက်ပံ့မှုအပေါ် ရပ်တည်ကာ သာသနာ့တာဝန်ကို ထမ်းဆောင်နေရသော်လည်း ယင်းတို့အား ပြန်လည်ကျေးဇူးပြုရာတွင်မူ တရားဓမ္မ ဟောပြောပြသ၍သာ ကျေးဇူးပြုနိုင်ပါသည်။ ယင်းတို့၏ လူမှုရေးကိစ္စများကို ဆောင်ရွက်ပေးခြင်းမျိုးဖြင့် ကျေးဇူးတုန့်ပြန်မှုကိုမူ ဘုရားရှင်က ခွင့်ပြုတော် မမူပေ။ လူများ၏ကြည်ညို လေးစားမှုရရှိအောင် ဝိနည်းတော်နှင့်မလျော်ညီသောကူညီပံ့ပိုးမှုကိုလည်း ဘုရားရှင် ချီးမွမ်းတော်မမူပေ။

ဒါယကာ၊ ဒါယိကာမများ၏ သဒ္ဓါတရားကို ဝိနည်းတော်နှင့်မညီဘဲ ရယူသောရဟန်းကို "ကုလဒူသက (အမျိုးကိုဖျက်ဆီးတတ်သော) ရဟန်း"ဟုခေါ်သည်။ (၂၂၇)သွယ်သော သိက္ခာပုဒ်များအနက် သံဃာဒိသေသ် သိက္ခာပုဒ်များတွင် ပါဝင်သော (၁၃)ခုမြောက်ဖြစ်သော နောက်ဆုံးသိက္ခာပုဒ်အဖြစ် ယင်းကုလဒူသက သိက္ခာပုဒ်ကို ပညတ်ထားတော်မူခဲ့ခြင်း ဖြစ်ပါသည်။

ကုလဒူသန (အမျိုးကိုဖျက်ဆီးခြင်း) ဆိုသည်မှာ ဒါယကာ၊ ဒါယိကာမများ၏ သဒ္ဓါတရားအား ဖျက်ဆီးခြင်းကို တင်စား၍ ဆိုထားခြင်းဖြစ်သည်။ ဖျက်ဆီးသည်ဆိုရာတွင်လည်း မစင်၊ ရွှံ့သဲဖြင့် သွန်းလောင်း၍ ဖျက်ဆီးခြင်းမျိုးကို ဆိုလိုခြင်း မဟုတ် ပေ။ ဒါယကာ၊ ဒါယိကာမများအား လာဘ်ကိုငဲ့၍ ပန်းပေးခြင်း၊ သစ်သီး ပေးခြင်း၊ ရေချိုးကသယ်မှုန့်၊ မျက်နှာချေမှုန့်၊ ပေါင်ဒါ မှုန့်ပေးခြင်း ဆပ်ပြာခဲစသော မြေညက်ပေးခြင်း၊ တံပူ (သွားပွတ်တံ) ပေးခြင်း၊ အိမ်၌သုံးရန် သစ်၊ ဝါးပေးခြင်း၊ ဆေးဝါး ဓါတ်စာ ပေးခြင်းနှင့် လူအစေအပါးခံ၍ တမန်ကိစ္စနှင့် သွားလာပေးခြင်း ဟူသော ပေးခြင်းရှစ်မျိုးတို့တွင် တစ်ခုခုဖြစ်စေ၊ နှစ်ခု သုံးခုစသည်ကို ဖြစ်စေ၊ အားလုံးကိုဖြစ်စေ ပေး၍ဖျက်ဆီးခြင်းမျိုးကို ဆိုခြင်းဖြစ်သည်။

ဥပမာ - ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်းရှိသော ရွာတစ်ရွာသို့ မိသားစုတစ်စု ပြောင်းလာသည်ဆိုကြပါစို့။ ယင်း မိသားစု အကြီးအကဲသည် ဗုဒ္ဓဘာသာဝင်တို့ ထုံးစံအတိုင်း လှူဖွယ်ပစ္စည်းများကို ကျောင်းနှစ်ကျောင်းလုံးသို့ သွားရောက်လှူဒါန်းသည် ဆိုပါစို့။ ထိုအခါ တစ်ကျောင်းက ဘုန်းကြီးသည် အဆိုပါဒါယကာအား နေရာပေးခြင်း၊ လက်ဖက်ရည်မုန့်တို့ ဖြင့် ဧည့်ခံခြင်း ကျောင်းခြံအတွင်းရှိ သီးပင်များ၊ ပန်းပင်များကို ခူး၍ပေးခြင်း စသည်တို့ကို ပြုလုပ်၏။ အခြားကျောင်းက ဘုန်းကြီးကမူ ထိုကဲ့သို့ လုံးဝမပြုလုပ်ဘဲ တရားဓမ္မသာ ဟောပြောပြသသည်။ ထိုအခါ ဒါယကာ၏စိတ်သည် မည်သည့် ဘုန်းကြီးကို ပိုမိုကြည်ညိုမည်နည်း။ သဒ္ဓါပွားမည်ဆိုသည်ကို စဉ်းစားကြည့်ပါ။ အဖြေမှာ ရှင်းနေပါ

သည်။ မိမိကို ဂရုတစိုက် ဧည့်ဝတ်ပြုသော ဘုန်းကြီးကိုသာ ပိုမို သဘောကျပြီး ထိုဘုန်းကြီးကိုပင် အမြဲတမ်း ဆည်းကပ် ကိုးကွယ်မည့် ပုဂ္ဂိုလ်အဖြစ် ရွေးချယ် ကြလိမ့်မည်။

ထိုသို့ရွေးချယ်၍ ဆည်းကပ်ကိုးကွယ်ခြင်းမှာ ထိုရဟန်း၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ယုံကြည်ပြီး ကိုးကွယ်ခြင်း မဟုတ်သဖြင့် ထိုဒါယကာ၏သဒ္ဓါတရားသည် အစစ်အမှန် မဟုတ်တော့ဘဲ ပုဂ္ဂိုလ်ကို သံယောဇဉ် ဖြစ်ပြီး ကိုးကွယ်ခြင်း မျိုးသာဖြစ်ပေသည်။ အခြားသောပေးကမ်းမှုမပြုသော ရဟန်းသံဃာများအပေါ် သဒ္ဓါတရား ထားရှိမှုသည်လည်း လျော့ပါး သွားမည်ဖြစ်သည်။ ဂရုတစိုက်ဧည့်ဝတ် ပြုသော ဘုန်းကြီးက ဒါယကာက သူ့ကို ကြည်ညိုလာအောင် ဝိနည်း တော်နှင့် မညီသောနည်းဖြင့် စည်းရုံးလိုက်သဖြင့် ဒါယကာ၏ အစစ် အမှန်သဒ္ဓါတရားကို ဖျက်ဆီးလိုက်ခြင်းပင်ဖြစ်သည်။ ဒါယကာသည် သဒ္ဓါ တရား အစစ်အမှန်မထားနိုင်သဖြင့် ထိုဒါယကာ၏ သဒ္ဓါတရားလည်း ပျက်စီးရတော့သည်။ ထိုသို့ ပျက်စီးအောင် ဖျက်ဆီးလိုက်သည့် ရဟန်း သည်လည်း ကုလဒူသကသိက္ခာပုဒ်အရ အာပတ်သင့်တော့သည်။

ဤနေရာတွင် ဝိနည်းသိက္ခာပုဒ်တော်ကို နားလည်တတ်ကျွမ်းထား သူ ဒါယကာဖြစ်ပါက အထက်တွင်ဖော်ပြသကဲ့သို့ မဟုတ်ဘဲ သတိနှင့် ဆင်ဆင်ခြင်ခြင်ပြုလုပ်နိုင်မည်ဖြစ်သည်။ ဧည့်ဝတ် မပြုဘဲ တရားဓမ္မသာ ဟောပြောသည့် ရဟန်းအပေါ်တွင်လည်း သဒ္ဓါတရားမှန်မှန်ကန်ကန် ထားတတ်မည်ဖြစ်သည်။ ဝိနည်းနားလည်မထားလျှင်မူ ပေးဖော် ကမ်းဖော်မရသည့် ဘုန်းကြီးကိုမူ "ဒါယကာ၊ ဒါယိကာမတွေ ပစ္စည်း ကျတော့ အလကား၊ ဘုန်းကြီးပစ္စည်းတွေကျတော့ မူးတင်း ပဲတင်းတဲ့ တော်" ဟု ပြောတတ်ကြသည်။

ရဟန်းဆိုသည်မှာ ဆွေမျိုးမတော်စပ်သည့် ဒါယကာ၊ ဒါယိကာမ များကို ချီးမြှောက်သိမ်းသွင်းလို၍ ပန်း၊ သစ်သီးစသည်တို့ကို မပေး ကောင်းပေ။ အယုတ်ဆုံးအားဖြင့် တင်ပြရလျှင် လူများသုံးဆောင်

စားသောက်ရန် မည်သည့်ပစ္စည်း ကိုမျှ မပေးကောင်းပါ။ အကယ်၍ ပေးခဲ့လျှင် ဒါယကာ၊ ဒါယိကာမများ၏ သဒ္ဓါတရားကို ဖျက်ဆီးရာ ရောက်ပါသည်။ ပန်ဆင်စေရန်၊ နတ်စသည် ပူဇော်ရန်ဆိုသည် ရည်ရွယ်ချက်မျိုးဆိုလျှင် ဆွေမျိုးတော်သူရော မတော်သူပါ မည်သူကိုမျှ မပေးကောင်းပါ။

မပေးကောင်းဟုဆိုသော်လည်း ဘုရားကို ပူဇော်ရန် ပန်း၊ သစ်သီး ပေးခြင်းမျိုး၊ မကျန်းမမာသူများအတွက် တောင်းလာသည့်အခါမျိုး ရိက္ခာပြတ်လာသည့် ဧည့်သည်များ တောင်းလာသည့် အခါမျိုးတွင် လာဘ်လာဘကို မျှော်လင့်တောင့်တမှု မထားဘဲ မိမိပိုင်သစ်သီး စသည်ကို ပေးခြင်းမျိုး၊ သံဃာ့ ဝေယျာဝစ္စပြုလုပ်ပေးသူများအား ကျွေးမွေးခြင်းမျိုး စသည်တို့ကို ပြုလုပ်ကောင်းပါသည်။

ဆေးပေးဆေးကုပြုရာတွင် ကိုယ်မှာ အဆင်သင့်ရှိနေသည့် ဆေးကိုပေးခြင်းမျိုးသည် "ဆေးပေးခြင်း" ဟုခေါ်ပြီး ၎ရောဂါအတွက် အနာရောဂါနှင့် သင့်လျော်လျောက်ပတ်သည့် ဆေးကို ပြောကြားခြင်းမျိုးသည် "ဆေးကုခြင်း" ဟု ခေါ်သည်။ ရဟန်းတော်များသည် လာလာသမျှ သူစိမ်းပြင်ပလူများအား ဆေးပေးမှု ဆေးကုမှု များကို မပြုကောင်းပါ။ ရဟန်း၊ သာမဏေ၊ အမိ၊ အဖ၊ အမိအဖကို ပြုစုလုပ်ကျွေးနေသူ၊ ရှင်လောင်း၊ ဝေယျာဝစ္စပြုသူ၊ ကျောင်းသားသူငယ်၊ ဆွေမျိုးသားချင်း တို့ကို ဆေးဝါးကုသ ကောင်းပါသည်။

ဤကုလဒူသက သိက္ခာပုဒ်သည် ဆဗ္ဗဂ္ဂီ (ခြောက်ပါးအစု) ရဟန်းတို့အနက် အရှင်အဿဇိ အရှင်ပုနဗ္ဗသုကနှင့် ယင်းတို့၏ တပည့်များကို အကြောင်းပြု၍ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ယင်း ရဟန်းများသည် ဒါယကာ၊ ဒါယိကာမတို့အား သစ်သီးပေးခြင်း၊ ပန်းပေးခြင်း စသည်တို့ဖြင့် စည်းရုံးသိမ်းသွင်း၍ လာဘ်လာဘပေါများအောင် လုပ်ဆောင်နေကြသည်ကို ဘုရားရှင်သိတော်မူသဖြင့် ယင်းတို့အားကဲ့ရဲ့တော်မူသည်။ အရှင် သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလန် တို့ ခေါင်းဆောင်သော

ရဟန်းတော်များ စေလွှတ်၍ အဆိုပါဆဗ္ဗဂ္ဂီရဟန်းများနှင့် နောက်လိုက်နောက်ပါတို့အားနှင်ထုတ်စေခဲ့သည်။ ကုလဒူသက သိက္ခာပုဒ်ကိုလည်း ပညတ်တော်မူခဲ့သည်။

ဤနေရာတွင် အလျဉ်းသင့်၍ ဒါယကာ၊ ဒါယိကာမများသည် ဘုန်းကြီးရဟန်းများထံမှ စားသုံးမှုနှင့်ပတ်သက်၍ အပြစ်မရှိအောင် စားသုံးနည်းကိုညွှန်ပြလိုပါသည်။ ဘုန်းကြီးကျောင်းများသို့သွား၍ ဘုန်းကြီးက ကျွေးမွေးသည်ကို စားသောက်တော့မည်ဆိုလျှင် ရှေးဦးစွာ ကျောင်းဝေယျာဝစ္စကို ဆောင်ရွက်ပေးပါ။ ပြီးမှ စားသောက်ပါ။ ဤသို့ပြုမူပါက ကျွေးမွေးသော ဘုန်းတော်ကြီးတွင်လည်း အပြစ်မရှိ၊ မိမိတွင်လည်း အပြစ်မရှိတော့ပေ။ စာရေးသူ၏ဆရာ ဘုန်းကြီးသည် ဝိနည်းကို အလွန်လေးစားသည်။ ဒါယကာ၊ ဒါယိကာမများကို တစ်ခုခုကျွေးမွေးတော့မည်ဆိုလျှင် ဝေယျာဝစ္စ တစ်ခုခုလုပ်ခိုင်းသည်။ ပြီးမှ ကျွေးမွေးသည်။ ဤအချက်ကို သတိပြုပါ။-

အချုပ်အားဖြင့်တင်ပြရလျှင် ဒါယကာ၊ ဒါယိကာမများသည် ရဟန်းတော်များကို ဆည်းကပ်တတ်ရန် အထူးလိုအပ်လှသည်။ ဘုရားသခင်က ခွင့်မပြုသည့်ဝတ္ထုပစ္စည်းများကို မိမိတို့ကိုယ်တိုင်ကလည်း ရဟန်းတော်များထံမတောင်းသင့်ပါ။ ရဟန်းတော် ကလောကဝတ်ပြုပြီး ပေးသည်ဆိုလျှင်လည်း ပေးတိုင်းမယူသင့်ပါ။ ကျွေးတိုင်းလည်းမစားသင့်ပါ။ ပေးဖော်မရ၊ ကျွေးဖော်မရသည့် ရဟန်းသံဃာတော်များကိုလည်း အကြည်ညို မပျက်သင့်ပါ။ တို့ကိုပေးချင်သော်လည်း ဘုရားရှင်က တားမြစ်ထားခြင်းဖြစ်၍ မပေးခြင်းသာဖြစ်သည်။ အမှန်မှာ ဝိနည်း သိက္ခာပုဒ်ကိုရိုသေ၍ မပေးခြင်းဖြစ်သဖြင့် ပိုမို၍လေးစားသင့်သော ရဟန်းတော်ဖြစ်သည်ဟူ၍ နှလုံးပိုက်ကာ အသိဉာဏ်ဖြင့် ဆည်းကပ်ကိုးကွယ်ထိုက်လှပါကြောင်း တင်ပြလိုက်ရပေသည်။

စိန်တိုင်ထွန်း

# သီလတူသည်



# သီလဟူသည်

သီလကျင့်ဝတ်၊ တစ်ပါးချွတ်က၊ လူနတ် မကြိုက်၊ ကဲ့ရဲ့ ထိုက်၏။
သီလကျင့်ဝတ်၊ ပြည့်စုံလတ်က၊ လူနတ် ရှိသေ၊ ပူဇော် ပေ၏။
- အရိယကန္တ ငါးသီလ၊ လုံးဝပြည့်စုံရာ။

အထက်ဖော်ပြပါလင်္ကာတွင် သီလ၏ အရေးကြီးပုံကို ဖော်ညွှန်းထားကြောင်း တွေ့ရမည်ဖြစ်သည်။ မှန်ပေသည်။ နတ်လူတို့သည် သီလအကျင့်နှင့် ပြည့်စုံသူကိုရှိသေကြ၏။ ရှိခိုးကြ၏။ မြတ်နိုးကြ၏။ သီလအကျင့်မရှိသူကိုမူ ကဲ့ရဲ့ကြရှုတ်ချကြသည်။

သီလဟူသည် ပါဠိဝေါဟာရတစ်ခုဖြစ်သည်။ ယင်းသီလ ဟူသော ပါဠိက ဟောနိုင်သော အနက်(၉)မျိုးရှိရာတွင် သီလကို သီသဟု ဖွင့်ဆိုထားချက် တစ်ခုပါဝင်သည်။ ထိုဖွင့်ဆိုချက်အရ ကြည့်လျှင် သီလသည် မည်မျှအရေးပါကြောင်း သိသာထင်ရှားသည်။ သီသဟူသည် ဦးခေါင်း ဟူသော အနက်အဓိပ္ပါယ် ရရှိ သည်။ လူတို့တွင် ဦးခေါင်းပြတ်သွားလျှင် (ဝါ) ဦးခေါင်းမရှိတော့ဘူးဆိုလျှင် မည်ကဲ့သို့မျှ အသုံးချ၍ မရတော့ဘဲ ခန္ဓာကိုယ် တစ်ခုလုံး ပျက်စီးသွားတော့မည်ဖြစ်သည်။ အလားတူပင် ကုသိုလ်တရားတို့တွင်လည်း သီလအကျင့်ပျက်စီးသွားပြီဆိုလျှင် အလုံးစုံပင် ပျက်စီးသွားပြီဖြစ်သည်။ သီလအကျင့် ကုသိုလ်ဟူသမျှတို့၏ ဦးခေါင်းသဖွယ် ဖြစ်သောကြောင့် "သီသ" ဟူ၍ ဖွင့်ဆိုထားခြင်း ဖြစ်သည်။

**သီလဆိုသည်မှာ ကာယကံနှင့် ဝစီကံတို့ကို မကျူးလွန်အောင် လုံခြုံစွာ စောင့်ထိန်းထားခြင်းဖြစ်သည်။** သီလအကျင့် လုံခြုံပြီဆိုလျှင် ဘဝသံသရာကျင်လည်ရာ၌ သုဂတိ ဘုံဘဝများ သို့သာ လားရောက်ရသဖြင့် ဘဝသမ္ပတ္တိနှင့် ပြည့်စုံမှု အကျိုးကို ရရှိနိုင်သည်။ ထို့အပြင် အသက်ရှည်ခြင်း၊ အဆင်း လှခြင်း၊ ခွန်အားကြီးခြင်၊ အနာရောဂါကင်း၍ ချမ်းသာခြင်း စသော အကျိုး များလည်း ရရှိနိုင်ပေသည်။

ရဟန်းတော်များ စောင့်ထိန်းရသော အကျင့်သီလမှာ အကျဉ်းအားဖြင့် ၂၂၇ပါး အကျယ်အားဖြင့် ကုဋေကိုးထောင် ကျော်ရှိပြီး လူတို့အနေဖြင့်မူ အမြဲတမ်း စောင့်ထိန်းအပ်သော ငါးပါးသီလ၊ ဥပုသ်သီတင်းနေ့များတွင် စောင့်ထိန်းရသော ဥပုသ်သီလများနှင့် အခြား လူမှုရေးကျင့်ဝတ်များ စသည်တို့သည်လည်း စာရိတ္တသီလဖြစ်၍ သီလတွင် အကျုံးဝင်ပေသည်။

မြန်မာမှုနယ်ပယ်တွင် လူတော် လူကောင်းဟူသော ဝေါဟာရ တစ်ခုရှိသည်။ ထိုဝေါဟာရတွင် လူတော်ဆိုသည်မှာ အသိဉာဏ် ပညာရှိသူကို ခေါ်ဆိုပြီး လူကောင်းဆိုသည်မှာ ကိုယ်ကျင့်သီလနှင့် ပြည့်စုံ သူကို ခေါ်ဆိုခြင်းဖြစ်သည်။လူ့အဖွဲ့ အစည်းကြီးတွင် ကိုယ်ကျင့်သီလနှင့် ပြည့်စုံသော လူကောင်း တစ်ယောက်ဖြစ်လာရေးမှာ လွန်စွာ အရေးကြီး လှသည်။ လောကတွင် အသိဉာဏ်ပညာ မည်မျှပင် ပြည့်စုံသူဖြစ်စေကာမူ ထိုသူတွင် ကိုယ်ကျင့်သီလမရှိပါက နတ်သုဒ္ဓါ ထမင်းပွဲတွင် တစ်ပဲလောက် သော မစင်ရောဝင်နေလျှင် ထမင်းပွဲ စွန့်ပစ်ရသကဲ့သို့ ကိုယ်ကျင့်သီလ မရှိသူကို လူ့အဖွဲ့အစည်းက စွန့်ပစ်ရသည်မှာ ဓမ္မတာပင် ဖြစ်သည်။

အဖွဲ့အစည်းအသီးသီးတွင် ဘဏ္ဍာရေးမှူး တာဝန်ပေးရာတွင် စီးပွားဥစ္စာ၊ ကုံလုံကြွယ်ဝသူ ဖြစ်ပြီး ကိုယ်ကျင့်သီလ ကောင်းမွန်သူများ ကိုသာ ရွေးချယ်တာဝန်ပေးလေ့ရှိကြသည်။ စီးပွားဥစ္စာ မပြည့်စုံသော် လည်း ကိုယ်ကျင့်သီလပြည့်စုံလျှင်လည်း ဘဏ္ဍာရေးမှူးတာဝန် ပေးလျက် ရှိကြပါသည်။ အလုပ် အကိုင် ရာထူးနေရာ ခေါ်သည့်အခါတွင်လည်း သက်ဆိုင်ရာ လုပ်ငန်းကျွမ်းကျင်သော လူတော်ဖြစ်ရုံနှင့် မလုံလောက်ဘဲ အကျင့်စာရိတ္တကောင်းသူဖြစ်ပါမှ စိတ်ချလက်ချ တာဝန်ပေးတတ်ကြ သည်။ ဤသည်တို့မှာ ကိုယ်ကျင့်သီလ အရေးပါမှုပင်ဖြစ်သည်။

ကျွန်ုပ်တို့သည်အောက်ပါအတိုင်း လူ(၄)မျိုး ခွဲခြား ကြည့်နိုင်သည်

၁။ အသိဉာဏ်ပညာမရှိသူ**နှင့်** ကိုယ်ကျင့်သီလမရှိသူ၊

၂။ အသိဉာဏ်ပညာရှိသူနှင့် ကိုယ်ကျင့်သီလမရှိသူ၊
၃။ အသိဉာဏ်ပညာမရှိသူနှင့် ကိုယ်ကျင့်သီလရှိသူ၊
၄။ အသိဉာဏ်ပညာရှိသူနှင့် ကိုယ်ကျင့်သီလရှိသူ၊

အထက်ဖော်ပြပါ လူပုဂ္ဂိုလ် (၄)မျိုးသည် အစဉ်အတိုင်း မြင့်မြတ်ကြသူများဖြစ်ကြသည်။

လူ့အဖွဲ့အစည်းတွင် ဝင်ဆံ့အောင် နေနိုင်ရေးမှာ အနည်းဆုံး အမှတ်စဉ်(၃)ဖြစ်သည်။ အသိဉာဏ် ပညာမရှိသူနှင့် ကိုယ်ကျင့်သီလရှိသူ ပုဂ္ဂိုလ်မျိုး ဖြစ်ရန်လိုပေသည်။ အမှတ်စဉ် (၄)ဖြစ်သည် အသိဉာဏ်ပညာရှိသူနှင့် ကိုယ်ကျင့်သီလရှိသူ ပုဂ္ဂိုလ်မျိုးဖြစ်လျှင်မူ ဆိုဖွယ်ရာမရှိတော့ပေ။ အတိုင်းထက်အလွန် တံခွန်နှင့်ကုက္ကားကဲ့သို့ ပနာတင့်လျက် ရှိမည်ဖြစ်သည်။ ထိုကဲ့သို့ ပုဂ္ဂိုလ်မျိုးကို ဆောင်းပါးအစတွင် ဖော်ပြထားသည့်အတိုင်း နတ်၊ လူတို့က ရှိခိုးကြ၊ မြတ်နိုးကြ၊ ရိုသေကြလိမ့်မည်ဖြစ်သည်။

ထို့ကြောင့် မန်လည်ဆရာတော်ဘုရားကြီးက "နုံသည့် ဉာဏ၊ သုတမရှိ၊ သီလရှိသော် သီလအတွက်၊ နှစ်သက် ကုန်ကြ၊ ချီးမွမ်းရ၏။ သီလမရှိ ၊ သုတရှိသော်၊ တတ်သည့် ချည်းနှီး၊ ကျိုးမပြီးဟု၊ မချီးမွမ်းကြ၊ ကဲ့ရဲ့ရ၏။ သုတ သီလ၊ စွယ်စုံလှမူ၊ ထိုသသူကို၊ နတ်လူကောင်းချီး အံ့မပြီးဟု၊ အံ့ချီးကော်ရော်၊ ရှိခိုးပူဇော်၍ ကော်ရော် ဦးခိုက်၊ ရှိခိုးထိုက်ရှင့် " ဟူ၍ မဃဒေဝ လင်္ကာသစ်တွင် ကျမ်းဂန်နှင့်အညီ ညွှန်ပြထားခြင်း ဖြစ်ပေသည်။ ဤလင်္ကာပါ သုတဆိုသည်မှာ အသိဉာဏ် ဗဟုသုတရှိသူကို ဆိုခြင်း ဖြစ်သည်။

ကိုယ်ကျင့်သီလကောင်းမွန်ရေးမှာ လောကီရေးသာမက လောကုတ္တရာရေးဖြစ်သည့် နိဗ္ဗာန် မဂ်ဖိုလ်ရရေးတွင်လည်း အရေးပါလှပေသည်။ မဂ်ဖိုလ်နိဗ္ဗာန်သို့ သွားရာလမ်းအမျိုးမျိုးရှိသည့်အနက် မည်သည့်လမ်းကပင်သွားသွား သီလသည် အခြေခံလမ်းစဉ်ဖြစ်သည်။ သီလ အခြေခံ

မပါဘဲ နိဗ္ဗာန်သို့ မရောက်နိုင်ကြ။

မဂ်ဖိုလ် နိဗ္ဗာန်ရရေးအတွက် ဘုရားရှင်က ဒုက္ခသစ္စာ-ဆင်းရဲခြင်း အမှန်တရား၊ သမုဒယသစ္စာ=ဒုက္ခဖြစ်ကြောင်း အမှန် တရား၊ နိရောဓ သစ္စာ=တဏှာနှင့် ဒုက္ခတို့၏ ချုပ်ဆုံးရာအမှန်တရားနှင့် မဂ္ဂသစ္စာ= နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း အမှန်တရားဟူ၍ သစ္စာတရား (၄)ပါးကို ဟောကြားတော်မူခဲ့ရာ မဂ္ဂသစ္စာဟူသော နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း အမှန်တရားတွင် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဟူသော သီလကျင့်စဉ် သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဟူသော သမာထိကျင့်စဉ်နှင့် သမ္မာ ဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ဟူသော ပညာကျင့်စဉ်ဟူ၍ ကျင့်စဉ်သုံးရပ်ပါရှိသည်။

ဖော်ပြပါ ကျင့်စဉ်သုံးရပ်တွင် အရိယာဖြစ်ရန် တရားထူးရရန် သီလကျင့်စဉ်ကို ရှေးဦးစွာ ဖြည့်ကျင့်ရသည်။ သီလကျင့်စဉ် မပါဘဲ သီလမလုံခြုံဘဲ သမထဝိပဿနာအလုပ်ကို မည်မျှပင် အားထုတ်စေကာမူ တရားထူးရနိုင်မည် မဟုတ်ပေ။ တရားအားထုတ်ရာတွင် ဝိသုဒ္ဓိ စင်ကြယ်ခြင်း (၇)ပါးရှိသည့် အနက် သီလဝိသုဒ္ဓိ သီလစင်ကြယ်ခြင်းက ပထမဦးဆုံး အရေးကြီး၏။ သီလစင်ကြယ်ပါမှ စိတ္တဝိသုဒ္ဓိ (သမာဓိ စိတ် စင်ကြယ်ခြင်း)ဖြစ်၏။ ထိုသို့ စိတ္တဝိသုဒ္ဓိဖြစ်ပါမှ ကျန်သော ပညာနှင့် ဆိုင်သော ဝိသုဒ္ဓိ(၅)ပါးဖြစ်နိုင်မည်။ ဤသည်ကို ကြည့်ခြင်းဖြင့် သီလသည် မဂ်၊ ဖိုလ် နိဗ္ဗာန်ရရေး တွင် အခြေခံအကျဆုံးဖြစ်သည်မှာ ထင်ရှားလှ သည်။

သီလစင်ကြယ်လုံခြုံရေးသည် မဂ်၊ ဖိုလ်ရ ရေးထက် ပို၍ခက်၏။ သီလစင်ကြယ် လုံခြုံနေပြီဆိုလျှင် မဂ်ဖိုလ်ကို အလွယ်တကူရရှိနိုင်သည်။ သာကေပြုရလျှင် ရှေးအခါကသီဟိုဠ် ကျွန်းတွင် သံဃရက္ခိတ အမည်ရ သော သက်တော်(၆၀) ကျော် မထေရ်ကြီးတစ်ပါးရှိသည်။ ၎င်းသည် ပါတိမောက္ခသံဝရ သီလနှင့်အလွန်ပြည့်စုံ၏။ ၎င်းမထေရ်ကြီး နာမကျန်း

ဖြစ်၍ သေလုမျောပါးဖြစ်နေရာ ၎င်း၏တပည့်ဒါယကာ၊ ဒါယိကာမများက မထေရ်ကြီး ရဟန္တာမဖြစ်သေးကြောင်း စုံစမ်း သိရှိကြသဖြင့် မထေရ်ကြီး ရဟန္တာအဖြစ်နှင့် ပရိနိဗ္ဗာန်ဝင်စံသည်ကို ဖူးမြင်လိုကြကြောင်း အလုပ်အကျွေးဖြစ်သူ ရဟန်းမှတစ်ဆင့် လျှောက်ထားရာ မထေရ်ကြီးက မိမိ၌ရှိသောသီလ စင်ကြယ်မှုကို ဆင်ခြင်၍ တရားကို ရှုမြင်သုံးသပ် တော်မူရာ ခဏချင်းပင် ရဟန္တာဖြစ်သွားလေသည်။ ဤအချက်ဖြင့်လည်း သီလ၏ အရေးပါပုံ ထင်ရှားလေသည်။

ထပ်မံ၍ ဆိုရလျှင်သီလကိုကောင်းစွာ အခိုင်အခံ့ တည် ဆောက်ထားသော လှေသင်္ဘောကြီး ပမာထားပြီး ဒါန၊ ဘာဝနာ တို့ကို စက်၊ ရွက်၊ ပဲ့၊ တက်တို့ သဘောထားကာ နှိုင်းယှဉ် ကြည့်ကြပါစို့။

လှေသင်္ဘောကြီးသည်စက်၊ ရွက်၊ ပဲ့၊ တက်တို့ မပါသော်လည်း အခိုင်အခန့် တည်ဆောက်ထားသဖြင့် ပင်လယ်သမုဒ္ဒရာ အတွင်းမှာ နစ်မြုပ်သွားခြင်းမရှိနိုင်ပေ။ ထို့အတူ ဖြူစင်သန့်ရှင်း အပြစ်ကင်းသော ကိုယ်ကျင့်သီလရှိသူသည် ဒါန၊ ဘာဝနာ ဟူသောစက်၊ ရွက်၊ ပဲ့၊ တက်တို့ မပါသော်လည်း အပါယ်လေးဖြာတည်းဟူသော ပယ်လယ်သမုဒ္ဒရာထဲတွင် နစ်မြုပ်သွားခြင်းမရှိဘဲ လူချမ်းသာ၊ နတ်ချမ်းသာတည်းဟူသော သုခချမ်းသာမျိုးကို ရရှိနိုင်မည်ပင်ဖြစ်သည်။ ထို့ကြောင့် အမာခံ အုတ်မြစ်ဖြစ်သော ကိုယ်ကျင့်သီလအပေါ်မှာသာလျှင် ဒါန အဆောက်အဦး ဘာဝနာ အဆောက်အဦကြီးများ ကောင်းစွာ တည် ဆောက်နိုင်မည်ဖြစ်သည်။ ကိုယ်ကျင့်သီလမရှိပါမူ မိမိတို့ ဆောက်တည်ထားသော ဒါနမှု ဘာဝနာမှုတို့မှာ ခိုင်မာစွာ ရပ်တည်နိုင်ကြမည် မဟုတ်ပေ။

ကိုယ်ကျင့်သီလသည် လူသားတို့အတွက် အရေးကြီးလှသော တရားဖြစ်ပေသည်။ အကျင့်သီလမရှိသူသည် လောက ကောင်းကျိုး လည်းပျက်၍ လောကုတ္တရာကောင်းကျိုးလည်း အချည်းနှီးသာ ဖြစ်တတ်

သည်။ လောက၌ မြင့်မြတ်သော ကောင်းကျိုးချမ်းသာတို့သည် အကျင့်သီလကို မှီ၍ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ အကျင့်သီလသည် ကုသိုလ်တရားတို့၏ အစ၊ ကုသိုလ်တရားတို့၏တည်ရာ ကုသိုလ်တရားတို့၏ ပေါက်ဖွားရာ ဖြစ်ကြောင်း သီလဝထေရဂါထာတွင် ဖော်ပြထားသည်ကို သတိပြုရမည်ဖြစ်သည်။

အချုပ်အားဖြင့် တင်ပြရလျှင် "ဣဓ္ဓတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ " သီလရှိသူမှာ စိတ်ဖြင့် တောင့်တမှု စင်ကြယ်သည်၏အဖြစ်ကြောင့် အလုံးစုံသော လောကီ လောကုတ္တရာ ချမ်းသာတို့ကို တောင့်တတိုင်း ပြည့်စုံနိုင်၏" ဟူ၍ ကျမ်းဂန်များတွင် ဖွင့်ဆိုထားခြင်းဖြစ်သည်။ ထိုဖွင့်ဆိုချက်အရကြည့်လျှင် သီလရှိသူသည် လိုတရနိုင်သူဟု ဆိုရမည်ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် သီလ၏ လောကီရေးရာ၊ လောကုတ္တရာရေးတွင်ပါ အရေးပါလှပုံကို နားလည်သဘောပေါက်ကာ မိမိတို့နှင့် ဆိုင်ရာ ကိုယ်ကျင့်သီလများကို လုံခြုံစွာ စောင့်ထိန်းနိုင်ရန် အစွမ်းရှိသမျှ ကြိုးပမ်းအားထုတ်ကြပါဟူ၍ တိုက်တွန်းရေးသားလိုက်ရပေသတည်း။

စိန်တိုင်ထွန်း

# ဥပုသ်စောင့်သည်ဆိုရာဝယ်



# ဥပုသ်စောင့်သည်ဆိုရာဝယ်

ယခုအခါ ဝါတွင်းကာလ ရောက်လာပြန်ပြီဖြစ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဗုဒ္ဓဘာသာဝင်ပြည်သူအများစုကြီးသည် ဝါတွင်းသုံးလအတွင်း လဆန်း(၈)ရက် လဆုတ်(၈)ရက်၊ လပြည့်၊ လကွယ်ဟူ၍ တစ်လ (၄) သီတင်း ဥပုသ်စောင့်သုံးကာ ကုသိုလ်ပွားလျက် ရှိနေကြပြီဖြစ်သည်။ ယရာဝါသော ဗဟုကိစ္စောဆိုသည်နှင့်အညီ ကိစ္စမြားမြောင် လူတို့ဘောင်၌ နေကြသူများပီပီ စားဝတ်နေရေး၊ သားရေးသမီးရေး စသည်တို့အတွက်နေ့ရှိသရွေ့ လုံးပန်းနေကြရသည်။ အချိန်ပြည့် ဥပုသ်မစောင့်သုံးနိုင်ခဲ့ကြပေ။ မည်သို့ပင်ဖြစ်စေကာမူ ဗုဒ္ဓဘာသာဝင်များပီပီ ဝါတွင်းကာလကလေးမှာတော့ များသောအားဖြင့် ကြိုးစားပမ်းစား ဥပုသ်စောင်သုံးလေ့ရှိကြသည်။ တစ်လ(၄)သီတင်း အပြည့်မဟုတ်သော်မှ လပြည့်လကွယ်နှစ်ရက်ကိုတော့ စောင့်ဖြစ်အောင် စောင့်တတ်ကြသည်။ ဤသည်မှာချစ်စဖွယ် မြန်မာ့ရိုးရာ အစဉ်အလာ ဓလေ့တစ်ခုဖြစ်သည်။

ဘာသာတရား အလွန်ကိုင်းရှိုင်းသူများ စီးပွားဉစ္စာ ပြည့်စုံသူ ဗုဒ္ဓဘာသာဝင်များကမူ တစ်နှစ်ပတ်လုံး စောင့်သုံးကောင်း စောင့်သုံးကြမည်ဖြစ်သော်လည်း အများစုမှာ ဝါတွင်းကာလများတွင် စောင့်သုံးလေ့ ရှိကြသည်။ စာရေးသူတို့ ဇာတိဒေသသည် ကိုင်းကျွန်းလုပ်ငန်းလုပ်ကြဖြင့် ဝါတွင်းကာလတွင်သာ ဥပုသ်စောင့်သုံးသည့်ဓလေ့ရှိသည်။ အထူးသဖြင့် လပြည့် လကွယ်နေ့များတွင် ဥပုသ်အစောင့်များကြသည်။ သီတင်းကျွတ်လပြည့်လိုနေ့မျိုးဆိုလျှင် တစ်ရွာလုံးဆိုသလို ဥပုပ်စောင့်ကြသဖြင့် ကျောင်းတွင် အလွန် စည်ကားလှသည်။ ထိုနေ့စ၍ နောက်ပိုင်းတွင် ဥပုသ်သည်ကို မြင်ရဖို့ ခဲယဉ်းလှသည်။ ပဲ၊ ပြောင်း၊ ဆေးရွက်ကြီးများ စိုက်ပျိုးချိန်ဖြစ်၍ ဝမ်းရေးအတွက် အလုပ်ရှုပ်လျက် ရှိနေကြပြီဖြစ်သည်။ မြို့ကြီး ပြကြီးများတွင်မူ အတော်အတန် တွေ့မြင်ရသော်လည်း ဝါတွင်းကာလများလောက်တော့ များပြားမှုမရှိပေ။

မည်သို့ပင်ဖြစ်စေ မိမိတို့သည် ဗုဒ္ဓဘာသာဝင်များ ပီပီ ဒါန၊ သီလ စသည်ကို ပြုကြသည့်အခါ အကျိုးတရား တိုးပွားရအောင်ပြုရန် လိုအပ်သည်။ မိရိုးဖလာ သဘောမျိုးလောက်သာ ဝတ်ကျေတန်းကျေ မပြုလုပ်သင့်ပေ။ အချိန်ကုန် ငွေကုန်ခံကာ ဥပုသ်စောင့်သုံးရခြင်းဖြစ်၍ အကျိုးရှိအောင် စောင့်ထိန်းရန် လိုအပ်ပေသည်။

ဥပုသ်ဟူသော စကားသည် ဥပေါသထဟူသော ပါဠိ စကားမှ ဆင်းသက်လာသောစကားဖြစ်သည်။ "ဥပ+ဝသထ"ဟု ပုဒ်ခွဲပြီး ဥပ = သူ့အသက်မသတ်ခြင်း စသော အကျင့်ကောင်းနှင့် ပြည့်စုံ၍ ဝသထ= နေခြင်းဟူ၍ အဓိပ္ပာယ်ရသည်။ ရှစ်ပါးသီလသည် သူ့အသက် မသတ်ခြင်းစသော အကျင့်ကောင်းများနှင့် ပြည့်စုံစေရန် စောင့်ထိန်းနေထိုင်ရခြင်းကြောင့် "ဥပုသ်သီလ"ဟု ခေါ်ဆိုခြင်းဖြစ်သည်။ အချို့ဒေသများတွင် ကိုးပါးသီလ ဆောက်တည်၍ ဥပုသ်စောင့်သုံးမှုမျိုးလည်း ရှိပါသည်။

ဥပုသ်စောင့်သုံးပုံ သုံးမျိုးရှိပုံကို ကျမ်းဂန်များတွင် အောက်ပါအတိုင်း ဖော်ပြထားသည်-

(၁) ယနေ့နွားများကို ဤတောထဲတွင်ကျောင်း၍ ဤချောင်းတွင် ရေတိုက်သည်။ နက်ဖြန် ဘယ်တောကျောင်း၍ ဘယ်ချောင်းမှာ ရေတိုက်မည် စသည်ဖြင့် နွားကျောင်းသားများ စီစဉ်သကဲ့သို့ ဤဥပုသ်နေ့တွင် ဤသို့ ဤသို့သော စားဖွယ် သောက်ဖွယ်များကို စားသောက်ပြီးပြီ၊ နောက်လာမည့် ဥပုသ်မှာ တော့ ဘာတွေစားရရင် ကောင်းမလဲ စသည်ဖြင့် မိမိစားသောက်ဖို့ကိုသာ စဉ်းစားသောဥပုသ်မျိုးကို နွားကျောင်းသား (ဂေါပါလ) ဥပုသ်ဟုခေါ်သည်။

(၂) ဤအရပ်အတွင်းရှိသမျှ သတ္တဝါများအား မသတ်ကောင်း၊ ဤအရပ်မှ တစ်ပါးသော နေရာများတွင်ရှိသော သတ္တဝါများကိုမူ သတ်ကောင်းသည် စသည်ဖြင့် မိမိမကောင်းမှု ပြုခွင့်ရအောင် ကြံဆောင်၍စောင့်သော ဥပုသ်မျိုးကို တက္ကတွန်း (နိဂဏ္ဌ) ဥပုသ်ဟုခေါ်သည်။

(၃) ဘုရားဂုဏ်တော် စသည်တို့ကို ဆင်ခြင်၍ ကိလေသာ စင်

အောင် စောင့်သုံးသောဥပုသ်မျိုးကို ဖြူစင်သော (အရိယ) ဥပုသ်ဟုခေါ်သည်။

အထက်ဖော်ပြပါ ဥပုသ်သုံးမျိုးတွင် နောက်ဆုံးဖြစ်သော အရိယဥပုသ်မျိုးဖြစ်အောင် စောင့်သုံးမှ အကျိုးရှိသော ဥပုသ်စောင့်နည်း ဖြစ်သည်။ အရိယဥပုသ်စောင့် သုံးပုံမှာ-"သူတစ်ပါး အသက်သတ်ခြင်းမှ ရှောင်ကြဉ်ပါ ၏" စသော ရှစ်ပါးသီလကို ခံယူဆောက်တည်ပြီး ဘုရားဂုဏ်တော်ကိုဖြစ်စေ၊ တရားဂုဏ်တော်ကိုဖြစ်စေ၊ သံဃာဂုဏ်တော်ကိုဖြစ်စေ၊ မိမိ၏ဥပုသ်သီလ စင်ကြယ်ပုံကိုဖြစ်စေ၊ နတ်ပြဟ္မာတို့ ရှေးရှေးကဥပုသ်သီလ စောင့်သုံးခဲ့ကြကိုဖြစ် တစ်ခုခုကို အာရုံပြု ပွားများ၍ စိတ်စင်ကြယ်အောင် စောင့်ထိန်းနေထိုင်ခြင်းမျိုးကို အရိယ ဥပုသ်စောင့်သည်ဟုခေါ်သည်။

ဥပုသ်စောင့်သည်ဆိုရာတွင် ရှစ်ပါးသီလ စောင့်ရုံမျှဖြင့် အကျိုးများသင့်သလောက် မများသေး၊ သီလကို စောင့်ထိန်းပြီးနောက် မိမိစိတ်ကိုစင်ကြယ်သန့်ရှင်းအောင် အားထုတ်နိုင်မှသာ အကျိုးများသည်ကို သတိပြုရမည်ဖြစ်သည်။ ဦးခေါင်းကို တန်ဆာဆင်လိုသော အမျိုးသမီးသည် ဆံပင်ကို စင်ကြယ်အောင် ခေါင်းလျှော်ရသကဲ့သို့ သီလဖြင့် တန်ဆာဆင်ထားသူသည်လည်း မိမိ၏စိတ်ကို လောဘ၊ ဒေါသ၊ မာန်မာန၊ ဣဿာ၊ မစ္ဆရိယစသော ကိလေသာအညစ်အကြေးတို့မှ စင်ကြယ်အောင် စောင့်သုံးနိုင်မှသာ ရသင့်သမျှသော အကျိုးကို ပြည့်ပြည့်စုံစုံရမည် ဖြစ်သည်။ ဤသို့ ကျနစွာ စောင့်သုံးအပ်သော ဥပုသ်၏အကျိုးမှာ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို အုပ်စိုးရသော မင်းမိဖုရားအဖြစ်မျိုးထက်ပင် ကြီးကျယ်ခမ်းနားသော အကျိုးကို ရသည်ဟု ဘုရားရှင် ဟောကြားထားချက်ရှိပေသည်။

ဤနေရာတွင် ဗုဒ္ဓဘာသာဝင် လူကြီးအတော် များများ နာကြားဖူးပြီးဖြစ်မည်ထင်ရသော ယမမင်း စစ်တမ်းပါ ဥပုသ်စောင့်သုံးခန်းကို ထုတ်နုတ်ဖော်ပြလိုပါသည်။ ထိုစစ်တမ်းရေးသူ မည်သူမည်ဝါဆိုသည်ကို

မသိသော်လည်း ထိုစစ်တမ်းပေါ်ပေါက်ခဲ့သည်မှာ ရှေးယခင် နှစ်များစွာကတည်းကဖြစ်ပေသည်။ စာရေးသူတို့ ငယ်စဉ်လွန်ခဲ့သော နှစ်(၄၀)ဝန်းကျင်လောက်က ခေတ်စားခဲ့သော်လည်း ယခုအခါ ပြောဆိုရေးသားဟောပြောသူနည်းပါးလျက်ရှိသည်။

လွန်ခဲ့သောနှစ် အချိန်အတော်ကြာက ဥပုသ်စောင့် သုံးပုံ ခေတ်အခြေအနေကို ဖော်ပြထားခြင်းဖြစ်သော်လည်း ယနေ့တိုင် ခေတ်ကိုရောင်ပြန်ဟပ်နေကြောင်း စာရှုသူများ လေ့လာကြည့်က သိရှိနိုင်မည်ဖြစ်သည်။

စစ်တမ်းတွင် ငရဲပြည်သို့ ရောက်လာသူအား ယမမင်းက လူ့ပြည်၌နေစဉ် ကုသိုလ်ကောင်းမှု ပြုခဲ့ဖူးခြင်းရှိ၊ မရှိ စစ်မေးသည့်အနေဖြင့် "အို-ကွဲ့ယောကျ်ား၊ လူ့ပြည်ဘွား၊ ဘယ်တရားများ ကျင့်ခဲ့တယ်" နှင့်စတင်ဖွင့်လှစ်ထားပြီး ဒါနပြုခန်း၊ ငါးပါးသီလ ဆောက်တည်ခန်း၊ မိဘလုပ်ကျွေးခန်း စသည်ဖြင့် အစဉ်အတိုင်း မေးမြန်းပြီးနောက် ဥပုသ်စောင့်သုံးခန်းတွင် အောက်ပါအတိုင်း မေးမြန်းထားသည်-

**ယမမင်း**။ အမောင်ယောကျာ်း၊ သင်တို့လူ့ရွာ၌ဥပုသ်နေ့ ရောက်သော် သီတင်းသီလများ စောင့်ထိန်းကြ၏။ သင်ကော ဥပုသ်သီလများစောင့်ထိန်းခဲ့ပါသလား။

**ငရဲသား**။ ဟုတ်ကဲ့ခင်ဗျား၊ ဥပုသ်တော့ စောင့်ဖူးပါတယ်။

ယမမင်း။ အေး-အေး စောင့်ဖူးတယ်ဆိုရင် ကောင်းတာ ပေါ့၊ မကျိုးမပေါက်မပြောက်အောင် စောင့်ခဲ့သလား။

**ငရဲသား**။ ဟုတ်ကဲ့၊ ကျိုးတယ်၊ ပေါက်တယ်၊ ပြောက်တယ်၊ ကြားတယ်ဆိုတာတော့ သတိမထားမိပါဘူး၊ ဘုန်းကြီးများထံ သီလခံယူပြီးကျွက်ကျွက်ညံအောင်စကားပြောခဲ့တာပါပဲ။

**ယမမင်း**။ အေးလကွာ၊ စကားဆိုတာ လူစုံတဲ့အခါ ပြောကြတာပေါ့၊ ဒါပေမယ့် ကိုယ်ကသီလဆောက်တည်ထားတာ၊ နေရာကလည်း ကျောင်းကန်ဘုရားဆိုတော့ ဓမ္မသဝန၊ ဓမ္မဒေသနာ ဆိုသလို တရားနဲ့စပ်တဲ့

စကားတွေပြောခဲ့ကြတာလား။

ငရဲသား။ စကားတွေကတော့ စုံလို့ပါပဲဗျာ၊ တရားနဲ့စပ်တဲ့ စကားတွေတော့ တစ်ခုမှ မပါပါဘူး၊ လယ်ယာကျွဲနွားအကြောင်း၊ သားမယားအကြောင်း၊ သားရေးသမီးရေးအကြောင်းစတဲ့ ရောက်တတ်ရာရာ ပြောကြတာပါပဲ၊ တစ်ခါတစ်ရံ မိန်းကလေး တွေနေပုံ ထိုင်ပုံ ဝတ်ပုံစတဲ့ မဆီမဆိုင်တဲ့ အကြောင်းတွေပင်ပါပါရဲ့၊ နေဝင်လို့ ဘုန်းကြီးကျောင်းက အိမ်ကိုသာ ပြန်ရတယ် စကားက မဆုံးသေးပါဘူး၊ နောက်ဥပုသ်ကျမှ ဆက်ပြောကြတာပေါ့ဟုဆိုကာ စကား ဖြတ်ပြီး ပြန်ခဲ့ရပါတယ်။

ယမမင်း။ အင်း၊ မင်းတို့ စောင့်တဲ့ဥပုသ်ဟာ အကျိုးမရတဲ့ အပြင်ထမင်းဆာတာ နှမြောလိုက်ပါဘိတော့တယ်။

စာရှုသူများ ဗဟုသုတပွားများရန် ယမမင်း စစ်တမ်း မှူရင်းစာသားများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါ သည်-

- ဥပုသ်စောင့်ခန်း၊ ရှေ့သို့လှမ်း၊ မေးစမ်းပါအုံးမယ်။
- ဥပုသ်အင်္ဂါ၊ အရိယာ၊ ဖြူစွာသီလစောင့်လားကွယ်။
- ဘုန်းကြီးများထံ၊ သီလခံ၊ ကျွက်ကျွက်ဆူညံအောင် ပြောခဲ့တယ်။
- ပြောသောစကား၊ မင်းဖြစ်ငြား၊ တရားကြောင်းလားကွယ်။
- လယ်ယာကျွဲနွား၊ ပြောင်းစပါး၊ သားမယားကြောင်း ပြောခဲ့တယ်။
- စပ်မိစပ်ရာ၊ ပြောကြတာ၊ နွားချင်းလဲရာရောက်သေးတယ်။
- စကားမဆုံး၊ တစ်နေ့လုံး၊ အုန်းအုန်းညံအောင် ပြောခဲ့တယ်။
- သည်လိုနှင့်ပင်၊ နေသာဝင်၊ အိမ်လျှင်ပြန်ခဲ့တယ်။
- ဥပုသ်စောင့်ရာ၊ ပြောကြတာ၊ မိုးမရွာကြောင်းသာ များကြတယ်။
- သီလပြောက်ကျား၊ စောင့်လေငြား၊ မိုးကား ပြောက်ကျားရွာတတ်တယ်။
- စားသည့်ထမင်း၊ ဝမ်းတောင့်တင်း၊ ကျောင်းက အနိုင် ဆင်းရတယ်။
- မင်းတို့စောင့်တာ၊ ဥပုသ်မှာ၊ ထမင်းဆာတာနှမြောတယ်။

ယခုအခါ ဥပုသ်စောင့်သုံးသူအချို့သည် အထက်ပါ ငရဲသား စောင့်ခဲ့သော ဥပုသ်မျိုးနှင့် ကွာခြားမှုမရှိကြောင်း တွေ့ရပေသည်။ မိရိုးဖလာ အစဉ်အလာစောင့်သော ဥပုသ်စောင့်ခြင်းမျိုးလောက်သာ ရှိသည်ကများကြသည်။ သီလယူပြီးသောအခါ နံနက်ပိုင်းတွင် စားမှုသောက်မှုနှင့် အချိန်ကုန်ကြပြီး၊ နေ့လယ်ပိုင်းတွင် အိပ်မှုနှင့်အချိန်ကုန်ကြ၏။ မအိပ်ကြသူများကမူ ပုတီးစိပ်၊ တရားဘာဝနာပွားများသူကနည်းပြီး စီးပွားရေးကိစ္စ၊ သားရေး သမီးရေးကိစ္စစသည့် ဥပုသ်စောင့်သုံးခြင်းနှင့် မဆိုင်သောကိစ္စများ ပြောဆိုကြလျက်သာ အချိန်ကုန်ကြ၏။ ညနေစောင်း၍ အိမ်ပြန် ရောက်ကြသည့်အခါတွင်လည်း ထမင်းဆာသဖြင့် စောစော အိပ်ရာဝင်ကြကုန်၏။ မြို့အရပ်မှ အချို့ဥပုသ်သည်များသည် စားသောက်ပြီးနောက် အဖော် အပေါင်းများနှင့် ဘုရားတကာလည်၍ ဖူးကြကုန်၏။ အချို့လည်း ဓမ္မာရုံသို့သွား၍ တရားနာကြကုန်၏။ အိမ်ပြန်သည့်အခါတွင်လည်း ရေခဲ၊ ဘိလပ်ရည် ဖျော်ရည် အထွေထွေတို့ကို ဗိုက်ကားအောင် စားသောက်ပြီး ပြန်ခဲ့ကြ၏။ ဤသို့ဖြင့် တစ်နေကုန်ခဲ့ကြသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် ဥပုသ်စောင့်သုံးရာတွင် အကျိုး များသည်ထက်များအောင် ရှေ့တွင်ဖော်ပြခဲ့သော ဥပုသ်စောင့်နည်း သုံးနည်းအနက် နောက်ဆုံးဖြစ်သည့် အရိယဥပုသ်မျိုး စောင့်သုံးနိုင်အောင် ကြိုးပမ်းကြရန် လိုအပ်ပေသည်။ သို့မှသာ ဥပုသ်စောင့်သုံးခြင်း၏ အကျိုးကို ပြည့်ပြည့်ဝဝရကာအချိန်ကုန် ငွေကုန်ရကျိုး နပ်မည်ဖြစ်၍ သတိရှိကြစေလိုကြောင်း တင်ပြလိုက်ရပေသည်။

စိန်တိုင်ထွန်း

# အကျိုးနှစ်မျိုးလုံးကိုရယူတတ်သောတရား



# အကျိုးနှစ်မျိုးလုံးကို ရယူတတ်သောတရား

အကျိုးနှစ်မျိုးဆိုသည်မှာ ယခုမျက်မှောက်ပစ္စုပ္ပန်ဘဝအကျိုးနှင့် နောင်တမလွန်ဘဝအကျိုးကို ဆိုခြင်းဖြစ်သည်။ ထိုအကျိုးနှစ်ပါးလုံးကို ရယူတတ်သော တရားမှာ သတိဟူသော အပ္ပမာဒတရားပင်ဖြစ်သည်ဟု ဘုရားရှင်က သဂါထာဝဂ္ဂ၊ ကောသလသံယုတ်တွင် ဟောကြားထားသည်။ သတိဟူသည် ပါဠိဝေါဟာရ ဖြစ်သော်လည်း မြန်မာမှုနယ်ပယ်တွင် လူတိုင်းလိုလို သိနေသော စကားလုံးပင်ဖြစ်သည်။ မမေ့လျော့ခြင်း၊ အောက်မေ့ခြင်း၊ အမှတ်ရခြင်းဟု အဓိပ္ပာယ်ရသည်။ ယင်းသတိ တရားကိုပင် (၃၈)ဖြာ မင်္ဂလာတရားတော်တွင် အပ္ပမာဒမင်္ဂလာ အဖြစ် ဟောကြားထားသည်။ အပ္ပမာဒမင်္ဂလာဆိုသည်မှာ ကုသိုလ်ကောင်းမှုတရားတို့၌ မမေ့လျော့ခြင်း၊ အမြဲအမှတ်ရနေခြင်း (သတိရှိနေခြင်း) ဖြစ်သည်။ သတိတရားသည် လွန်စွာ အရေးကြီးလှသည်။ ထို့ကြောင့် သံဃာတော်များ သီလပေးပြီး အဆုံးတွင် အပ္ပမာဒေန သမ္ပာဒေထ- မမေ့မလျော့သော သတိတရားနှင့် ပြည့်စုံကြကုန်လော့”ဟူ၍ သတိပေးနေခြင်း ဖြစ်သည်။ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ် နေ့စဉ် ဒုလ္လဘတရားငါးပါးကို မမေ့မလျော့ရန် သတိပေးတော်မူခဲ့သည်။ ဘုရားရှင် ပရိနိဗ္ဗာန် ပြုခါနီးနောက်ဆုံး မှာကြားတော်မူခဲ့သည်မှာလည်း သင်္ခါရတရားတို့၏ ပျက်စီးခြင်းသဘောကို မမေ့မလျော့ သတိရှိကြစေရန် မှာကြားတော်မူခဲ့သည်။ ထို့အပြင် သတိကပ် ရှုမှတ်ရသော သတိပဋ္ဌာန်တရားတော်သည် နိဗ္ဗာန်သို့ သွားရောက်သည့် တစ်ကြောင်းတည်းသော ခရီးဖြစ်ကြောင်း ညွှန်ပြတော်မူခဲ့ခြင်း ဖြစ်သည်။

မဂ်ဖိုလ်၏ အသင်းအပင်းဖြစ်သော ဗောဓိပက္ခိယ တရား (၃၇)ပါးစုတွင် ပါဝင်သော သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတည်းဟူသော ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါးတို့ကို လေ့လာကြည့်လျှင် သတိမှတစ်ပါးသော

တရားတို့သည် လွန်ကြသည်နှင့်အမျှ လိုအပ်သော အကျိုးမရနိုင်သော်လည်း သတိမှာမူ သတိတရားထားနိုင်လေ ကောင်းလေဖြစ်သည်။ လွန်သည်ဟူ၍ မရှိသည်ကို တွေ့ရသည်။ ထပ်မံ၍ ရှင်းပြရလျှင် သဒ္ဓါ (ယုံကြည်မှု) တရားလွန်ကဲပါက တဏှာကျွံတတ်သဖြင့် သဒ္ဓါလွန်တော့ တဏှာဟု ဆိုစကားရှိခဲ့သည်။ ပညာလွန်ကဲပါကလည်း သဒ္ဓါတွန့်ဆုတ်တတ်သည်။ ဝီရိယလွန်ကဲပြန်လျှင် ဥဒ္ဓစ္စ (ပျံ့လွင့်ခြင်း) ဖြစ်တတ်သည်။ သမာဓိ လွန်ကဲလျှင် ထိုင်းမှိုင်းတတ်သည်ဟူ၍ အဆိုရှိ သည်။ ထို့ကြောင့် တစ်ဖက်စွန်းမရောက်စေရန် "သဒ္ဓါ, ပညာ၊ သမာ, ဝီရိ၊ စောင်းနှယ်ညှိလော့၊ ညီဘိသော်သာ၊ ကျိုးထင်ရာ၏"ဟု ဆိုသည့်အတိုင်း သဒ္ဓါနှင့် ပညာ ညီမျှစေရမည်။ သမာဓိနှင့် ဝီရိယ ညီမျှစေရမည်။ သို့မှသာ အကျိုးတရား ထင်ရှားဖြစ်ပေါ်လာမည်ဟု ညွှန်ပြထားခြင်းဖြစ်သည်။ သတိတရားမှာမူ ပိုလွန်သည်ဟူ၍မရှိ အမြဲတမ်းပင် လိုအပ်နေသဖြင့် သတိတရား၏ လွန်ကဲသောသဘောကို ဖော်ပြထားခြင်း မရှိခဲ့ပေ။

လောကီရေးတွင်ဖြစ်စေ၊ လောကုတ္တရာရေးတွင် ဖြစ်စေ၊ ပစ္စုပ္ပန်ရေးတွင်ဖြစ်စေ၊ တမလွန်လောကရေးတွင် ဖြစ်စေ၊ သတိတရားမှာမူ အရာရာ၌ပင် လိုအပ်လျက်ရှိသည်။ သတိမေ့လျော့သဖြင့် အကျိုးဆုတ်ယုတ်ခဲ့ရပုံများကို အကျယ်ပြောရန် မလိုပေ။ မိမိတို့ကိုယ်မိမိ ပြန်လည် စဉ်းစားကြည့်လျှင် ပေါ်လာနိုင်မည်ဖြစ်သည်။ သတိမထားမိသောကြောင့် ဒုက္ခရောက်ခဲ့ရပုံများကို လူအတော်များများ ကြုံဖူးကြမည်ဟု စာရေးသူ ယူဆမိသည်။ လောကတွင် သာဓကတွေများစွာရှိပါသည်။

ဘုရားအလောင်း ဥဒေါင်းမင်းသည် ဥဒေါင်းမ၏ ဖြားယောင်းခံရမှုကြောင့် မိမိနေ့စဉ်ရွတ်ဆိုနေကျ "ဥဒေတယံ၊ အပေတယံ၊" ဂါထာတော်ကို ရင့်ကျူးရန် သတိတစ်ချက် လွတ်သွားရုံနှင့် မုဆိုး၏ညွှတ်ကွင်းသို့ သက်ဆင်းရသည်။ ဘုရားလောင်း သုဝဏ္ဏသာမ သတို့သားသည် မေတ္တာ

ဘာဝနာပွားများရန် သတိတစ်ချက် လွတ်သွားရုံနှင့် အဆိပ်လူးမြား အမှန်ခံခဲ့ရသည်ကို သတိပြုရမည်ဖြစ်သည်။

ယနေ့ကျွန်ုပ်တို့နိုင်ငံတွင် ကမ္ဘာက လေးစားရလောက်အောင် ထေရဝါဒဗုဒ္ဓသာသနာ ထွန်းပြောင်နေခြင်းမှာ သတိတရားရခဲ့ သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်ခဲ့သော မင်းကောင်းမင်းမြတ်နှစ်ပါး၏ ကျေးဇူးတရားများစွာရှိကြောင်း အထင်အရှား တွေ့ရမည်ဖြစ်သည်။ သီရိဓမ္မာသောကမင်းကြီးဆိုလျှင် ဗုဒ္ဓဘာသာဝင်အားလုံးနီးနီး သိပြီးကြပြီး ဖြစ်သည်။ ၎င်းမင်းကြီးသည် မူလက ဗုဒ္ဓဘာသာဝင် မဟုတ်ပေ၊ အဘတူညီအစ်ကိုတစ်ရာအနက် ညီတော်တိဿမင်းသားမှ တစ်ပါး ကျန်ညီအစ်ကိုတော်အားလုံးကို သုတ်သင်ပစ်ခဲ့သည်။ ကလိင်္ဂတိုင်းကို တိုက်ခိုက်သိမ်းပိုက်ရာတွင်လည်း လူများ သိန်းချီ သတ်ဖြတ်ခဲ့သည်။ ဤမျှရက်စက်ကြမ်းကြုတ်ခဲ့သဖြင့် စဏ္ဍာ သောကမင်းဟုတွင်ခဲ့သည်။ အဓိပ္ပာယ်မှာ ကြမ်းကြုတ်ရက်စက်သော အသောကမင်းဟု ဆိုလိုခြင်းဖြစ်သည်။

ထိုမင်းကြီးသည် တစ်နေ့တွင် နောင်တော် သုမနမင်းသား၏ သားတော် နိဂြောဓသာမဏေငယ်၏ တည်ကြည်ရင့်ကျက်သော ဣန္ဒြေကို ဖူးမြင်ရ၍ ကြည်ညိုပြီး နန်းတော်သို့ပင့်၍ ဆွမ်းဝတ်ပြုပြီး တရားနာရာ နိဂြောဓသာမဏေက အောက်ပါဂါထာကို ဟောကြားခဲ့သည်။

အပ္ပမာဒေါ အမတံပဒံ၊
ပမာဒေါ မစ္စုနောပဒံ။
အပ္ပမတ္တာ န မီယန္တိ၊
ယေ ပမတ္တာ ယထာ မတာ။
မမေ့မလျော့ (သတိရှိ)ခြင်းသည် နိဗ္ဗာန်၏
အကြောင်းတည်း။
မေ့လျော့ (သတိမရှိ)ခြင်းသည် သေခြင်း၏

အကြောင်းတည်း။

မမေ့မလျော့ (သတိရှိ)သော သူတို့သည် သေသည် မမည်ကုန်။

မေ့လျော့ (သတိမရှိ)သော သူတို့သည် သေသည် မည်ကုန်၏။

နိဂြောဓသာမဏေမှ အထက်ပါ တရားစကားကို ကြားနာရသဖြင့် အသောကမင်းကြီးသည် ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်လာပြီး ဗုဒ္ဓသာသနာတော်ကို သူမတူအောင် ချီးမြှောက်တော်မူခဲ့သည်။ ထိုအခါမှစ၍ အကျွတ်တရားရ ကာ ရက်စက်ကြမ်းကြုတ်မှု မပြုတော့ဘဲ တရားနှင့်အညီ မင်းပြုခဲ့သည့်အတွက် စဏ္ဍာသောကအမည်ပျောက်ကာ တရားနှင့်အညီ အုပ်ချုပ်သော ဓမ္မာသောကမင်းဟူ၍ အမည်တွင်ခဲ့သည်။ ၎င်းမင်း လက်ထက်တွင် တတိယသင်္ဂါယနာတင်ခြင်း၊ ကိုးတိုင်းကိုးဌာနသို့ သာသနာပြု စေလွှတ်ခြင်းစသော သာသနာတော်နှင့်စပ်လျဉ်းသည့် ထူးခြားချက်များ စွာ ပေါ်ထွက်ခဲ့သည်။ ဤသည်ကို သတိတရား၏ လှုံ့ဆော်မှုကြောင့်ပင် ဟု ဆိုရမည်ဖြစ်သည်။

အဆိုပါ ဓမ္မာသောကမင်းလက်ထက် ကိုးတိုင်းကိုးဌာနသို့ သာသနာ ပြုပုဂ္ဂိုလ်များ စေလွှတ်ရာတွင် မြန်မာနိုင်ငံ သုဝဏ္ဏဘူမိခေါ် သထုံပြည် (ယခုသထုံမြို့တည်နေရာ)သို့ ရှင်သောဏထေရ်နှင့် ရှင်ဥတ္တရမထေရ်တို့ ခေါင်းဆောင်ကာကြွရောက်ပြီး သာသနာပြုခဲ့သဖြင့် ထိုဒေသတွင် ထေရ ဝါဒဗုဒ္ဓသာသနာ ပြန့်ပွားလာခဲ့သည်။

ထိုစဉ်က ပုဂံပြည်တွင် ထေရဝါဒဗုဒ္ဓသာသနာ မထွန်းကားသေး ချေ။ ပုဂံပြည်ရှင် အနော်ရထာမင်းကြီးသည် အရည်းကြီးရဟန်းများကို ကိုးကွယ်ဆည်းကပ်၍ အရည်းကြီးတို့ ပန်းဦးလွှတ်ကျင့်စဉ် မလိုက်နာသူ များကို မင်းပြစ်မင်းဒဏ်ခတ်ခဲ့သည်။ အနော်ရထာမင်းကြီးအနေဖြင့် အရည်းကြီးအယူဝါဒကို မနှစ်သက်သော်လည်း အစဉ်အလာအရ လက်ခံ ကျင့်သုံးနေရသည်။ မင်းကြီးနန်းစံ(၉)နှစ်ရှိသောအခါတွင်မူ သုဝဏ္ဏဘူမိ ခေါ် သထုံပြည်မှ အရှင်ဓမ္မဒဿီအမည်ရှိသော ရှင်အရဟံမထေရ်ကို

ဖူးမြင်ရပြီး မထေရ်ထံမှ အထက်ဖော်ပြပါအတိုင်း "အပ္ပမာဒေါ အမတံပဒံ" စသော တရားကို နာကြားရသဖြင့် သတိတရားရ၍ အရည်းကြီးတို့၏ အယူဝါဒကို စွန့်ပယ်ကာ ထေရဝါဒဗုဒ္ဓသာသနာတော်သို့ ကူးပြောင်းခဲ့သည်။ ဗုဒ္ဓသာသနာတော်ကို သူမတူအောင်ချီးမြှောက်ခဲ့သည်မှာ ယနေ့တိုင် ပုဂံမြေမှာ အထင်အရှားပင် တွေ့မြင်နိုင်ပါသေးသည်။ အဆိုပါသာသနာပြု မင်းအနော်ရထာ၏ သာသနာပြုလုပ်ငန်းကို အခြေခံ၍ အစဉ် အဆက် ထွန်းကားပြန့်ပွားလာခဲ့သည်မှာ ယနေ့တိုင်ပင် ဖြစ် သည်။

ယနေ့ မျက်မှောက်ကာလတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရနှင့် ပြည်သူလူထု၏ အမျိုးဘာသာ သာသနာအတွက် သတိရှေ့ရှု ဆောင်ရွက်မှု၊ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ကြီး ဦးဆောင်သော သံဃာတော် အရှင်သူမြတ်များ၏ သာသနာတော်အတွက် သတိရှိရှိ အလေးအနက်ထား ဆောင်ရွက်နေမှုတို့ကြောင့် ထေရဝါဒဗုဒ္ဓသာသနာသည် ယခင်ခေတ်များနှင့်မတူ တစ်မူ ထူးခြား၍ ထွန်းကားပြန့် ပွားလျက်ရှိပေသည်။

ဤသည်တို့မှာ သတိတရား လက်ကိုင်ထားကာ ဆောင်ရွက်မှုပြုသည့်အတွက် နောင်တမလွန်တွင်လည်း ကောင်းကျိုးအထွေထွေနှင့် ကြုံတွေ့ကြရမည်မှာ ဧကန်မလွဲပင်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပေသည်။

စိန်တိုင်ထွန်း

# ကံ့အကျိုးပေး



# ကံအကျိုးပေး

"လူမတန်ကံချဆိုပေမယ့် ကံဟာလိုရင်းပဲ၊ ဝီရိယတို့ - ဉာဏ်တို့ လည်းပါပါရဲ့။ ဒါပေမယ့် ကံမကောင်းဘူးဆိုရင် ဉာဏ်ဝီရိယဟာ လွဲတတ်တယ်။ အဲဒီကံဆိုတာဟာလဲ အလိုလိုရလာတာ ရောက်လာတာ မဟုတ်ဘူး။ ဉာဏ်ဝီရိယတို့နဲ့ လုပ်ယူမှ ရတယ်။ ဒါကိုသိဖို့လိုတယ်။ ယခုဘဝ၌ အသက်ရှည်မှု အသက်တိုမှု ဆင်းရဲမှု ချမ်းသာမှုတို့သည် အတိတ်ကံ လိုရင်းဖြစ်၏။ အတိတ်ကံကောင်းခဲ့လျှင် ဉာဏ်ကောင်းပြီး ဉာဏ်ကောင်းလျှင် အားထုတ်သမျှမှန်ကန်၍ အကျိုးဖြစ်ထွန်းနိုင်သည်။ ထို့အတူ ယခုဘဝကံသစ်ထူထောင်ရာ၌ ဉာဏ်နှင့်ဝီရိယတို့မပါလျှင် ယခုဘဝအတွက်လည်းကောင်း အနာဂတ် ဘဝအတွက်လည်းကောင်း ကံမကောင်းနိုင်ပေ။ ဤသဘာဝကို နားလည်ရန် လိုပေသည်။

အဘိဓဇမဟာရဋ္ဌဂုရု
သက်တော်ရှည်စံကင်းဆရာတော်

အထက်ဖော်ပြပါ ဆရာတော်ဘုရားကြီး၏ ကံအကြောင်း ဖွင့်ဆိုရှင်းပြချက် လိုရင်းအတိုချုပ်မှာ သိလွယ်၊ မှတ်ရလွယ်လှသည်။ အားလုံးသိပြီးဖြစ်သည့်အတိုင်း "ကံ" ဆိုသည်မှာ ပါဠိဘာသာ "ကမ္မ" ဟူသော ပုဒ်မှ ဆင်းသက်လာသော မြန်မာဝေါဟာရဖြစ်သည်။ ပြုလုပ်မှုဟု အဓိပ္ပါယ်ရသည်။ ထိုပြုလုပ်မှုသည် ကိုယ်ဖြင့်ပြုလုပ်မှု ကာယကံ၊ နှုတ်ဖြင့်ပြုလုပ်မှု ဝစီကံနှင့် စိတ်ဖြင့်ပြုလုပ်မှု မနောကံဟူ၍ သုံးမျိုးရှိသည်။ ထိုပြုလုပ်မှုသုံးခုဖြစ်ပေါ်အောင် စေတနာကလှုံ့ဆော် တိုက်တွန်းပေးသည်။ စေတနာသည် ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုလိုရင်း အချက်အချာကျသော အကြောင်းတရား ဖြစ်သည်။ ထိုအကြောင်းတရားဖြစ်သော စေတနာကို အကျိုးတရားဖြစ်သော "ကံ"၌ တင်စား၍ စေတနာကိုလည်း ကံဟုခေါ်ဆိုသည်။ ထို့ကြောင့် ဘုရားရှင်က "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ "ဟူ၍ မိန့်ဆိုခဲ့ခြင်းဖြစ်သည်။

ကံတရားတို့၏အားကောင်းမှု မကောင်းမှုမှာ လှုံ့ဆော် ပေးတတ်သော စေတနာအပေါ် မူတည်သည်။ ထိုစေတနာသည် ကံတစ်ခုမဖြစ်မီကြိုတင်၍ တွန်းအားပေးသည့် ပုဗ္ဗစေတနာကံကို ပြုဆဲခဏ၌ တွန်းအားပေးသည့် မုဉ္စစေတနာကံ ပြုပြီးချိန်၌လည်း အဆက်မပြတ် တွန်းအားပေးသည့် အပရစေတနာဟူ၍ သုံးမျိုးရှိသည်။ အဆိုပါ စေတနာသုံးချက်ပြည့်စုံညီညွတ်လျှင် ကံတစ်ခု၏ အကျိုးပေးအားကောင်းသည်။ စေတနာတစ်ချက်ချက် ယုတ်လျော့သည်နှင့် တစ်ပြိုင်နက် ကံတရား၏ အကျိုးပေးမှု ချွတ်ယွင်းတတ်သည်။

ပါဏာတိပါတကံကို ကျူးလွန်ရန် ကြံစည်သည့်အခါမျိုးတွင် ဒေါသဇောစိတ် စေတနာတို့သည် လွန်စွာထင်ရှားသည်။ ခုတ်ဖို့ သတ်ဖို့ရန်လွန်စွာကြောင့်ကြဗျာပါရများလျက် ရှိသည်။ အလားတူ ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်ရန် ကြံစည်သည့်အခါမျိုးတွင်လည်း လောဘဇောစေတနာသည် လွန်စွာ ဗျာပါရများလျက်ရှိသည်။ ထို့ကြောင့် ပြင်ပခန္ဓာကိုယ်ကြီးမှာလည်း ထကြွလှုပ်ရှား၍ ဗျာပါရများရသည်။ ဤအခါမျိုးတွင် အကုသိုလ်ဇောစေတနာများသည် လွန်စွာထင်ရှားပေသည်။

ကုသိုလ်ဇော စေတနာများနှင့်ပတ်သက်၍လည်း ဥပုသ်သီလဆောက်တည်နေရသည့်အခါမျိုး လူကြီးသူမကို ပြုစုလုပ်ကျွေးသည့်အခါတရားနာကြားရသည့်အခါစသော ကောင်းမှု ကုသိုလ်ပြုနေရသည့်အခါမျိုးတွင်လည်း ကုသိုလ်ဇော စေတနာများလွန်စွာ တက်ကြွလျက်ရှိသည်။ ထိုကုသိုလ်များ အထမြောက်ရန် လွန်စွာဗျာပါရများလျက်ရှိသည်ကိုသိမြင်နိုင်သည်။

ဖော်ပြခဲ့သည့်အတိုင်း အထင်အရှား ဖြစ်ပေါ်လာကြသော ကုသိုလ်ဇောစေတနာ၊ အကုသိုလ်ဇောစေတနာများကို ကံဟု ခေါ်ဆိုသည်။ ထိုကံတရားတို့သည် ပြုလုပ်ပြီး ချုပ်ပျောက်သွားကြသော်လည်း မိမိတို့၏ကံအစွမ်းသတ္တိ (ကမ္မသတ္တိ) ခန္ဓာအစဉ်မှာ မြှုပ်ထားလျက်ချုပ်သွားခြင်းဖြစ်သည်။ ခန္ဓာအစဉ်မှာ ကျန်ရှိခဲ့သော ကမ္မသတ္တိသည် ကမ္မာပေါင်း

ရာပေါင်းများစွာ ကွာခြားသော်လည်း အကြောင်းတိုက်ဆိုင်လာသော အခါ ဖော်ပြခဲ့သော ကမ္မသတ္တိတို့မှ အကျိုးတရား ဖြစ်ပေါ်လာပေသည်။

ကျွန်ုပ်တို့သည် ယခုလည်း ပြုလုပ်နေဆဲ ဖြစ်သည်။ နောင်တွင် လည်းပြုလုပ်ဦးမည် ဖြစ်သည်။ ထိုထိုဘဝဘဝက ပြုလုပ်ခဲ့ကြသောကံ များသည် ကံအမျိုးအစားလိုက် တစ်ဘဝတည်း၌ အကျိုးအကုန် ပေးနိုင် သော ကံကနည်း၍ သံသရာတစ်လျှောက် ရေရှည်တုန့်ပြန်၍ပေးရသော ကံတို့က များလေသည်။

အတိတ်ဘဝကပြုလုပ်ခဲ့သော ကံများသည် ယခုပစ္စုပ္ပန်တွင် အတိတ်ကံအကျိုးတရားများအဖြစ် လာရောက် အကျိုးပေးကြသည်။ အတိတ်ကံကြောင့်လည်း သတ္တဝါတို့သည် ယခုဘဝတွင် ကောင်းကျိုး ဆိုးပြစ်များကို ခံစားကြရသည်။ ထိုသို့ အကျိုးပေးသည်ဆိုသော်လည်း ကျွန်ုပ်တို့သည် ရှေးကံကိုချည်း အားကိုးနေ၍ မရသေး။ ယခုဘဝတွင် လည်း ဉာဏ်ဝီရိယကို ထုတ်၍ကြိုးပမ်း ကြရမည်။ သို့မှသာ အကျိုးပေးခွင့် သာသော ကုသိုလ်ကံများ အကျိုးပေးလာကြမည် ဖြစ်ပေသည်။

အတိတ်ကံကြောင့် ရခဲသောလူ့ဘဝကို ရခဲ့ကြပြီး ရုပ်အဆင်းအင်္ဂါ နှင့်ပြည့်စုံသူများ ဖြစ်လာကြခြင်းဖြစ်သည်။ အကယ်၍ အတိတ်ကံ မကောင်းခဲ့ပါမူ ယခုကဲ့သို့ လူ့ဘဝကောင်းကို ရရှိလာကြရမည် မဟုတ် ပေ။ ငရဲဘဝ, တိရစ္ဆာန်ဘဝစသော ဒုဂ္ဂတိဘဝသို့လားရောက် ကြရမည် ဖြစ်သည်။ ယခုလူ့ဘဝတစ်လျှောက် ကြီးပွားတိုးတက်သူဖြစ်လာရန်မှာ ပစ္စုပ္ပန်ကံ၊ ဉာဏ်၊ဝီရိယတို့ကိုလည်း ပြုကြရမည်ဖြစ်သည်။ ယခုဘဝကံ၊ ဉာဏ်၊ ဝီရိယမပါဘဲ တိုးတက်မှု ရရှိမည်မဟုတ်ပေ။

ကံအကျိုးပေးမှုကို လေ့လာကြည့်ရာတွင် သတ္တဝါတို့၏ သန္တာန်ရှိ ရှေးဘဝများစွာက ပြုလုပ်ခဲ့သော ကောင်းကံ, ဆိုးကံတို့သည် အလွန် များပြားသည်။ ၎င်းကံတို့သည် အကျိုးပေးချိန် အခါအခွင့် မသင့်၍ အကျိုးမပေးရသမျှ ကာလပတ်လုံး ဘဝအဆက်ဆက် ခန္ဓာအစဉ်မှာ အရိပ်ပမာ အမြဲလိုက်ပါလျက် ရှိပေသည်။ မိမိတို့ သက်ဆိုင်ရာ

အကြောင်းနှင့် ပြည့်စုံမှ သမ္ပတ္တိ ဆိုက်နေသည့်ကာလမျိုးတွင် ကုသိုလ်ကံများ အကျိုးပေးခွင့်သာသကဲ့သို့ဆိုင်ရာ အကြောင်းချို့တဲ့မှု ဝိပ္ပတ္တိဆိုက်သည့်အခါမျိုးတွင် အကုသိုလ်ကံများ အကျိုးပေးခွင့် သာကြပေသည်။ ထို့ကြောင့် ကံအကျိုးပေးမှုနှင့်စပ်၍ သမ္ပတ္တိနှင့် ဝိပ္ပတ္တိတို့ကို လေ့လာမှတ်သားရမည်ဖြစ်သည်။

**သမ္ပတ္တိ(၄)ပါး**

(၁) ဂတိသမ္ပတ္တိ = ဘဝနှင့်ပြည့်စုံခြင်း။

(၂) ဥပဓိသမ္ပတ္တိ = ရုပ်အဆင်းအင်္ဂါနှင့် ပြည့်စုံခြင်း။

(၃) ကာလသမ္ပတ္တိ = အခါကောင်းနှင့် ပြည်စုံခြင်း။

(၄) ပယောဂသမ္ပတ္တိ = ဉာဏ်ဝီရိယနှင့် ပြည့်စုံခြင်း။

**ဝိပ္ပတ္တိ (၄)ပါး**

(၁) ဂတိဝိပ္ပတ္တိ = ဘဝမကောင်းခြင်း။

(၂) ဥပဓိဝိပ္ပတ္တိ = အရုပ်ဆိုးခြင်း

(၃) ကာလဝိပ္ပတ္တိ = ကာလမကောင်းခြင်း

(၄) ပယောဂဝိပ္ပတ္တိ = ဝီရိယဉာဏ်မရှိခြင်း။

အထက်ဖော်ပြထားသည့်အတိုင်း သမ္ပတ္တိစက်များနှင့် ပြည့်စုံပြီဆိုလျှင် ကုသိုလ်ကံတရားတို့ အကျိုးပေးမှုသည် အထွတ်အထိပ်သို့ ရောက်ရှိသည်အထိ အကျိုးပေးတော့သည်။ သမ္ပတ္တိစက် တစ်ခုခု ချို့ယွင်းလျှင် အကျိုးပေးသင့်သလောက် ပေးတော့မည် မဟုတ်ပေ။ အတိတ်ကံကောင်း ထောက်မသော်လည်း အကျိုးပေးဖို့ရန်မှာ အထက်ဖော်ပြပါအတိုင်း သမ္ပတ္တိစက်များနှင့် ပြည့်စုံရန် လိုအပ်ပေသည်။ သမ္ပတ္တိစက်များနှင့်ပြည့်စုံလျှင် ကုသိုလ်တို့ အကျိုးပေးခွင့်သာပြီး ဝိပတ္တိစက်တို့နှင့် ပြည့်စုံလျှင်မူ အကုသိုလ်ကံတို့ အကျိုးပေးခွင့်သာကြလေသည်။

ကျွန်ုပ်တို့သည် အတိတ်ကံကောင်းခဲ့သဖြင့် လူဖြစ်လာကြခြင်းဖြစ်သည်။ အတိတ်ကံ မကောင်းပါမူ လူ့ဘဝကိုရရှိလာကြမည်မဟုတ်ဘဲ အပါယ်လေးဘုံတွင် တစ်ဘုံဘုံသို့ရောက်ရှိနေကြမည်ဖြစ်ပေသည်။

သို့ဖြစ်၍ လူ့ဘဝကို ရရှိခြင်းသည်ပင် ကျွန်ုပ်တို့ ဂတိသမ္ပတ္တိနှင့်ပြည့်စုံနေ၍ဖြစ်ပေသည်။ ကိုယ်လက်အင်္ဂါ ပြည့်ပြည့်စုံစုံရှိနေသည့် ဥပဓိသမ္ပတ္တိနှင့်လည်း ပြည့်စုံ သည်ဟု ဆိုနိုင်ပေသည်။ လူ့ဘဝတစ်လျှောက် ကြီးပွားတိုးတက်ရန်မှာမူ ပညာရှာဖွေရန်၊ စီးပွားရှာဖွေရန် လွယ်ကူသည့် အချိန်ကာလကောင်းဆိုသည့် ကာလသမ္ပတ္တိ ပြည့်စုံရန်လိုပေသည်။ ထိုသို့ ကာလသမ္ပတ္တိနှင့် ပြည့်စုံသည်ဆိုသော်လည်း ပစ္စုပ္ပန်ကံ ခေါ် သောဉာဏ်၊ ဝီရိယတို့ကို အသုံး ပြုခြင်းဆိုသည့် ပယောဂသမ္ပတ္တိ ရှိရမည်ဖြစ်ပေသည်။ ဉာဏ်၊ ဝီရိယမပါဘဲ တိုးတက်မှု ရရှိမည်မဟုတ်ပေ။ ကံယုံ၍ ဆူးပုံနင်းပါမူ ဆူးစူးမည်မှာ အသေအချာပင်ဖြစ်သည်။ ကျားများပေါများသည့် နေရာသို့ သွားလျှင်လည်း ကျားကိုက်ခံရမည် အသေအချာပင်ဖြစ်သည်။ ထို့ကြောင့် ကံယုံဆူးပုံမနင်းနှင့် ကျားရဲရာ ကြမ္မာမရှိုးသာ စသည်ဖြင့် စကားပုံဆိုထုံးပြုခဲ့ခြင်း ဖြစ်သည်။ ကံကိုချည်း အားကိုးမနေသင့်ကြောင်းကို မန်လည်ဆရာတော်ဘုရားကြီးက "လုံ့လမထူ၊ ဉာဏ်မကူဘဲ၊ အယူတစ်စောင်း၊ ကံတစ်ကြောင်းမျှ မကောင်းလည်းကံ၊ ကောင်းလည်းကံဟု၊ ကံကိုချည်းသာ၊ မကိုးရာဘူး" စသည်ဖြင့် မဃဒေဝလင်္ကာသစ်တွင် ဖွဲ့ဆိုထားခြင်း ဖြစ်ပေသည်။

"ကောင်းတာလုပ်ရင် ကောင်းကျိုးရတယ်၊ မကောင်းတာ လုပ်ရင် မကောင်းကျိုးရတယ်" ဟု ဆိုထားသော်လည်း ထို ကောင်းကျိုး, ဆိုးကျိုးများ ခံစားရမှု၊ မခံစားရမှုတို့မှာ အထက်တွင် ဖော်ပြခဲ့သော သမ္ပတ္တိစက်၊ ဝိပ္ပတ္တိစက်တို့နှင့် ပြည့်စုံမှုရှိရန် လိုအပ်သည်မှာ ထင်ရှားလျက်ရှိသည်။

ထို့ကြောင့်ဘဝတွင် အောင်မြင်မှု ရလိုသူတိုင်း ကံသာ ကိုယ်ပိုင်ဥစ္စာရှိသည်ဟူသော ကမ္မဿကတာသမ္မာဒိဋ္ဌိ ဉာဏ်အမြင်မှန်ဖြင့် ကံကိုအခြေခံထားပြီး ဉာဏ်ဝီရိယတို့ဖြင့် ကြိုးစားမှုပြုကြပါလျှင် မုချမသွေ အောင်မြင်မှုတွေ ရရှိလာမှာ ဖြစ်ကြောင်း စေတနာကောင်းဖြင့် သတိပေးရေးသားလိုက်ရပေသတည်း။

စိန်တိုင်ထွန်း

# ကောင်းဆိုး နှစ်တန် ကျိုးပေးဟန်



# ကောင်းဆိုးနှစ်တန် ကျိုးပေးဟန်

ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်များသည် ကံကို ယုံကြည်ကြသူများ ဖြစ်ကြသည်။ "ကံ" ဆိုသည်မှာ အားလုံးသိကြပြီးဖြစ်သည့်အတိုင်း ပါဠိဘာသာ "ကမ္မ" ဟူသော ပုဒ်မှ ဆင်းသက်လာသော ဝေါဟာရဖြစ်၍ အမှုအလုပ်" ဟူ၍ အဓိပ္ပါယ် ရရှိပါသည်။ ကောင်းသောအမှုအလုပ်ကို လုပ်လျှင် ကောင်းကျိုးရမည်ဟု ယုံကြည်ထားခြင်းမျိုးဖြစ်သည်။ ကောင်းသောအလုပ်ကို ကောင်းမှုကုသိုလ်ကံဟုခေါ်၍ မကောင်းသော အလုပ်ကို မကောင်းမှုအကုသိုလ်ကံဟုခေါ်သည်။ ထိုသို့ ကောင်းသော အလုပ် မကောင်းသောအလုပ်ဟူ၍ သတ်မှတ်ထားခြင်းမှာ အဆိုပါ အလုပ်များ၏ လက္ခဏာများကို ကြည့်၍ သတ်မှတ်ထားခြင်း ဖြစ်သည်။

ကုသိုလ်ကံဆိုသည်မှာ အပြစ်မရှိခြင်း ကောင်းသောအကျိုးကို ပေးခြင်း လက္ခဏာရှိသည်။ ကျွန်ုပ်တို့သည် ကုသိုလ်ကောင်းမှု တစ်ခုခုကို ပြုလုပ်နေစဉ်တွင် လောဘ၊ ဒေါသ စသော စိတ်အညစ်အကြေး အပြစ် အနာအဆာများမရှိသဖြင့် "အပြစ်မရှိခြင်း" ဟုဆိုလိုခြင်း ဖြစ်သည်။ ကုသိုလ်ကောင်းမှု ပြုနေသူသည် ထိုသို့ပြုနေရသည့်အတွက် ဤပစ္စက္ခ မျက်မှောက် ဘဝတွင်လည်း ဝမ်းသာရွှင်ပြ ချမ်းသာရပြီး နောင်တမလွန် ဘဝတွင်လည်း ကောင်းကျိုးကို ခံစားရသဖြင့် ဝမ်းသာရွှင်ပြ ချမ်းသာရ သည်။ ထို့ကြောင့် ကောင်းသောအကျိုးကိုပေးခြင်း လက္ခဏာ ရှိ၏ဟု ဆိုခြင်းဖြစ်သည်။

အကုသိုလ်ကံဆိုသည်မှာ အပြစ်နှင့်တကွ ဖြစ်ခြင်း၊ မကောင်း သောအကျိုးပေးခြင်း လက္ခဏာရှိသည်။ မကောင်းမှု တစ်ခုခုကို ပြုလုပ် နေသူသည် လောဘ၊ ဒေါသ စသော ကိလေသာ အညစ်အကြေး အပြစ် အနာအဆာများ ရှိနေသဖြင့် "အပြစ်နှင့်တကွဖြစ်ခြင်း" ဟုဆိုခြင်း ဖြစ် သည်။ ထိုသို့မကောင်းမှုပြုသည့်အတွက် ဤပစ္စက္ခ မျက်မှောက်ဘဝတွင် လည်း ဆင်းရဲဒုက္ခအမျိုးမျိုး ရရှိခံစားရသည်။ နောင်တမလွန်ဘဝတွင် လည်း အပါယ်ဆင်းရဲကျခြင်းစသော မကောင်းသော အကျိုးကိုပေးခြင်း

များ ပြောင်းလဲသွားအောင် မည်သည့် တန်ခိုးရှင် ဖန်ဆင်းရှင်တို့ကမှ ပြုပြင်ပေးခြင်း ပြောင်းလဲပေးခြင်း မပြုလုပ်နိုင်ပေ။ ဤ ကောင်းကျိုး ဆိုးပြစ်တို့မှာ ဧကန်မုချ ဖြစ်တတ်သောသဘောရှိသောကြောင့် နိယာမ တရား” ဟု ဆိုရခြင်းဖြစ်သည်။ ဤသည်မှာ ဗုဒ္ဓဘာသာဝင်တို့၏ ယုံကြည် ထားမှုပင်ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်များ ထိုသို့ယုံကြည်ထားကြသော်လည်း လက်တွေ့ ဘဝတွင်မူ မကောင်းမှု ဒုစရိုက်များဖြင့် ကြီးပွားနေသူ ချမ်းသာနေသူများ ရှိနေသကဲ့သို့ ရတနာသုံးပါးကို ယုံကြည်ဆည်းကပ် ကိုးကွယ်ပြီး ရိုးရိုး သားသား ကြိုးကြိုးစားစား လုပ်နေကြသော်လည်း ဆင်းရဲတွင်း နက်နေကြ သူများ ရှိပေသည်။ ဤသည်မှာ ကျွန်ုပ်တို့မျက်မြင်ကိုယ်တွေ့ပင် ဖြစ် သည်။ ဤသည်တို့ကိုကြည့်၍ တစ်ချို့ ဗုဒ္ဓဘာသာဝင်များသည် ကုသိုလ် ကံ, အကုသိုလ်ကံတို့၏ အကျိုးပေးဟန်ကို သံသယ ဝင်လာတတ်ကြ သည်။

အမှန်မှာ ယခုမျက်မှောက်ဘဝတွင် ဒုစရိုက်များ ပြုလုပ် နေသော် လည်း ကြီးပွားနေခြင်းမှာ အတိတ်က ပြုခဲ့သော ကောင်းမှုအကျိုးကို ခံစားနေကြခြင်းသာဖြစ်သည်။ ယခုဘဝ ပြုလုပ်သော မကောင်းမှု ကံသည် ပြုပြီးသည့်နောက်ပိုင်းမှစ၍ နောက်နောင်ဘဝများတွင် တစ်ချိန် ချိန်၌ မကောင်းကျိုးများကို မလွဲမသွေခံစားကြရမည်သာဖြစ်ပေသည်။ “ပြုလျှင်အသစ် ဖြစ်လျှင် အဟောင်း”ဟူ၍ ဆိုရိုးပြုထားသည် မဟုတ်ပါ လော။

တစ်နည်းအားဖြင့်ကြည့်လျှင်လည်း မကောင်းသောအကြံကို ကြံစည် မတရားသောစကားကိုပြော၊ မတရားသောအလုပ်ကို လုပ်ကြသူ များသည် ၎င်းတို့အပြစ်ကို ၎င်းတို့ကြောက်ပြီး တစ်ဘက်က ကုသိုလ် ကောင်းမှုမျိုးကိုလည်း ပြုလုပ်တတ်ကြသည်။ ထိုသို့ပြုလုပ်သဖြင့် ပဋ္ဌာန်း ဥပနိဿယပစ္စည်းအရ ၎င်းတို့ပြုလုပ်သော မကောင်းမှုအကုသိုလ်က ၎င်းတို့အား ကုသိုလ်ဖြစ်အောင် အကြောင်းပြုနေကြ၍ ယခုကဲ့သို့

ကြီးပွားချမ်းသာနေကြခြင်းဖြစ်သည်ဟု စဉ်းစား၍ ရနိုင်ပေသည်။ သို့သော်လည်းဝင်းတို့ပြုလုပ်သော ဒုစရိုက်မှုများ ပျောက်သွားခြင်းမျိုး မဟုတ်ပေ။ အချိန်ကျလာလျှင် မကောင်းကျိုးတို့ကို ခံစားကြရဦးမည် သာဖြစ်ပေသည်။

ဥပမာပြရလျှင် အကုသိုလ်သည် သံပုရာသီးနှင့်တူပြီး ကုသိုလ်သည် သရက်သီးနှင့်တူပေသည်။ သံပုရာပင်တွင် သီးကောင်းလေးများ ပြွတ်သိပ်နေအောင် ရှိနေသော်လည်း ထိုအသီးလေးများသည် အချဉ်ဓာတ်နည်းပါးသေးသည်။ အချိန်အခါရောက်လာမှ ကြီးလေချဉ်လေ ဖြစ်လာပေသည်။ ဤအတူပင် တစ်စုံတစ်ခုသောကံသည် မကောင်းမှုအကုသိုလ်ကို ပြုလုပ်သည် ဆိုသော်လည်း သံသရာကပြုလုပ်ခဲ့သော အားကောင်းသောကုသိုလ်တို့က အဆက်မပြတ်အကျိုးပေးချိန် ရောက်နေသဖြင့် ပြုလုပ်လျှင် ပြုလုပ်ခြင်း မကောင်းကျိုး မခံစားရသေးပေ။အချိန်အခါကျလာလျှင် မကောင်းကျိုးပေးလာမည်ဖြစ်သည်။ ထိုသို့မကောင်းကျိုးသည် တစ်ခုတည်းမလာ။ သံသရာက ပြုလုပ်ခဲ့သော အကုသိုလ်အကျိုးများပါ ပူးပေါင်းပြီး အဖော်များနှင့် မကောင်းကျိုးများ စုပုံလာမည်မှာ ဧကန်ပင် ဖြစ်သည်။

ထိုနည်းတူ သရက်သီးသည်လည်း အသီးသီးလာလျှင် သီးကာစကာလ၌ မချိုသေးပေ။ အချိန်ကျလာသည့်အခါ အချိုဓါတ်ဝင်လာသည်။ မည်သူမျှ အချိုဓါတ်ထည့်မပေးရဘဲ သဘာဝအတိုင်းချိုလာခြင်းဖြစ်သည်။ အတိတ်ဘဝ သံသရာက အကုသိုလ် ကျိုးပေးနေသောသူအဖို့ ကောင်းမှုကုသိုလ်သည်လည်း ပြုလုပ်လျှင် ပြုလုပ်ချင်း ကောင်းကျိုး မပေးသေးပါ။ အချိန်ကျလာပြီဆိုလျှင် ကုသိုလ်အဖော်များနှင့်အတူ အကျိုးပေးလာမည်ဖြစ်သည်။ ထို့ကြောင့် မန်လည်ဆရာတော်ဘုရားကြီးက "မည်သူမဆို ရှေးကုသိုလ်လျှင် ပေးလိုအခွင့် ပန်းနွယ်ပွင့်၏" ဟူ၍ မိန့်ဆိုခဲ့ခြင်းဖြစ်သည်။

အကုသိုလ်ကံနှင့်ကုသိုလ်ကံတို့၏ အကျိုးပေးဟန်ကို ဘုရားရှင်က

ဓမ္မပဒတွင်အောက်ပါအတိုင်း ဟောကြားထား ပေသည်။

- ပါပေါပိ ပဿတိဘဒြံ ယာဝပေါပံ နပစ္စတိ၊
- ယဒါစ ပစ္စတိပါပံ၊ အထပါပေါ ပါပါ နိပဿတိ၊

(ဓမ္မပဒ-၁၁၉)

အကုသိုလ်အမှုကို ပြုသူသည် သူပြုသော အကုသိုလ်ကံ မရင့်ကျက်သေးမီကာလအတွင်း အကောင်းကိုတွေ့မြင်ရ၏။ သူပြုသော အကုသိုလ်ကံ ရင့်ကျက်လာသောအခါ၌ မကောင်းကျိုးတို့ကို တွေ့ရပေတော့၏။

- ဘဒြောပိ ပဿတိ ပါပံ၊ ယာဝဘဒြံ နပစ္စတိ၊
- ယဒါစ ပစ္စတိ ဘဒြံ၊ အထ ဘဒြောဘဒြာနိ ပဿတိ

(ဓမ္မပဒ-၁၂၀)

ကုသိုလ်ကောင်းမှုကို ပြုသူသည် သူပြုသော ကုသိုလ်ကံ မရင့်ကျက်သေးမီကာလအတွင်း မကောင်းမှုကိုတွေ့ရတတ်၏။ သူပြုသော ကုသိုလ်ကံ ရင့်ကျက်လာသောအခါ၌ကား ကောင်းကျိုးတို့ကို တွေ့ရပေတော့၏။

အထက်ဖော်ပြပါ ဘုရားရှင်၏ ဒေသနာတော်အရ ကြည့်လျှင် ကောင်းကျိုးဆိုးပြစ်များသည် အချိန်ကျလျှင် ခံစား စံစားရမည်ဖြစ်ကြောင်း သိသာထင်ရှားလှပေသည်။ လောကီနယ်ပယ်က ကုသိုလ်ကံနှင့် အကုသိုလ်ကံတို့၏ အကျိုးပေးဟန်များသည် ဤကဲ့သို့သဘောရှိကြောင်း သိရှိပြီး အကုသိုလ် ဒုစရိုက်လုပ်ငန်းဖြင့် ကြီးပွားချမ်းသာနေကြသူများကို မြင်ပြီး အားမကျမိစေရန်နှင့် ကုသိုလ်ကောင်းမှုရှင်ဖြစ်သော်လည်း အကျိုးမပေးသည့်အခိုက် ဆင်းရဲနွမ်းပါးဖြစ်နေသည်ကိုကြည့်ပြီး ကောင်းမှုကုသိုလ်လုပ်လျှင်လည်း အလကားပါဟု အယူမမှားကြရန် လိုအပ်ကြောင်း သတိပေး ရေးသားလိုက်ရပေသည်။

စိန်တိုင်ထွန်း

# ကံဓါစွမ်းအား



# ကံ၏စွမ်းအား

လူ့ဘောင်လောကတွင် သားသုံးမျိုးရှိကြောင်း ကျမ်းဂန်များတွင် ပြဆိုထားသည်။ သမီးလည်းပါဝင်ပါသည်။ မိမိ မိဘနှစ်ပါးထက် အဆင့်အတန်းမြင့်မားသော သားသမီးကို အတိဇာတသား၊ မိဘခြေရာနင်း၍ မိဘတို့အဆင့်အတန်းနှင့် ညီမျှသော သားသမီးကို အနုဇာတသား၊ မိဘတို့အဆင့်ကိုမမီဘဲ မိဘတို့အောက် နိမ့်ကျသော သားသမီးကို အဝဇာတသားသမီးဟူ၍ ကွဲပြားလျက်ရှိ၏။

ပို၍ရှင်းအောင်ဆိုရလျှင် မိဘက စာရေးစာချီ ကျောင်းဆရာအဆင့်မျိုးဖြစ်သည် ဆိုပါစို့။ ထိုအခါ သားသမီးတို့က ဆရာဝန်၊ အင်ဂျင်နီယာ၊ အရာရှိကြီးစသည်ဖြင့် တစ်ခုခုမျိုး ဖြစ်နေလျှင် အတိဇာတသား၊ မိဘတို့ အဆင့်အတန်းတိုင်းစာရေးစာချီမျိုးပဲဖြစ်နေသည်ဆိုလျှင် အနုဇာတသား၊ ရိုးရိုးအလုပ်သမား ပျံကျအလုပ်သမားမျိုးဖြစ်နေလျှင် အဝဇာတသားဟု ဆိုလိုခြင်းဖြစ်ပါသည်။

ဤကဲ့သို့ သုံးမျိုးကွဲပြားရခြင်းမှာ ဖန်ဆင်းရှင်၊ တန်ခိုးရှင်ဆိုသူတို့က ဖန်ဆင်းခြင်းကြောင့်မဟုတ်ဘဲ ကံ၏စီမံခန့်ခွဲမှုဟူသော ကံ၏စွမ်းအင်ကြောင့်သာ ကွဲပြားရခြင်းဖြစ်ပါသည်။ ဤနေရာ၌ကံဟုဆိုရာတွင် အတိတ်ကံနှင့် ပစ္စုပ္ပန်ကံနှစ်မျိုးလုံးပါဝင်ပါသည်။ ရှည်လျားလှသော သံသရာကြီးဝယ် သတ္တဝါတိုင်းသည် ဘဝမျိုးစုံ၌ ကံမျိုးစုံ (အလုပ်မျိုးစုံ)ကို ပြုလုပ်ခဲ့ကြသည်။ ထိုကံများသည် အတိတ်ကံများ ဖြစ်ကြသည်။ ယခုဘဝတွင် ဉာဏ်ဝီရိယ ကြိုးစားအားထုတ်မှုများသည် ပစ္စုပ္ပန်ကံဖြစ်သည်။

အတိတ်ကံနှင့် ပစ္စုပ္ပန်ကံနှစ်မျိုးတွင် အမှန်တကယ်ကြီးပွားအောင်မြင်ရန်မှာမူ အတိတ်ကံတရားသည် အရင်းခံဖြစ်သည်။ အတိတ်ကံတရားမပါလျှင် ကံမရှိ၊ ဉာဏ်ရှိတိုင်း မွဲဆိုသကဲ့သို့ ဖြစ်မည်။ တစ်ခါ

တစ်ရုံ ဝီရိယအကျိုးမျှကိုသာ ခံစားရသည်လည်းရှိသည်။ အတိတ်ကံကောင်းထောက်မ၍ လူ့ဘဝကို ရရှိလာကြသူများပီပီ ဉာဏ်၊ ဝီရိယ၊ ပယောဂ အားထုတ်မှုကို အစဉ်ကြိုးစားနေရမည်ဖြစ်သည်။ သို့မှသာ ကံ၊ ဉာဏ်၊ ဝီရိယ အကျိုးပြည့်ပြည့်ဝဝ ခံစားရမည်။ ဤအချက်ကို ပြလို၍ မန်လည်ဆရာတော်ဘုရားကြီးက "ကံဟူမူလ၊ သမ္ဗုဒ္ဓတို့၊ ဟောပြသည်မှာ အရင်းသာရှင့်၊ ဥစ္စာဘောဂ၊ ဇီဝိတနှင့် ၊သုခပွားရန်၊ ဤလူ့ထံ၌၊ ဉာဏ် ဝီရိယ၊ ပယောဂတည့် " ဟူသော ကံ၏သဘောကို ဖွင့်ဆိုခြင်း ဖြစ်သည်။

ကံတရားသည် မိမိတို့ပြုခဲ့သောအမျိုးအစားလိုက် တစ်ဘဝတည်းရှိ အကျိုးပေးနိုင်သောကံကနည်းပြီး သံသရာတစ်လျှောက် ရေရှည်တုန့်ပြန် အကျိုးပေးသောကံများသည် ယခုဘဝတွင် အတိတ်ကံ၏ အကျိုးတရားများအဖြစ် ကောင်းကျိုးဆိုးပြစ်များကို ကျွန်ုပ်တို့ ခံစားနေကြရခြင်း ဖြစ်သည်။

ကျွန်ုပ်တို့ ယခုဘဝလူဖြစ်လာကြခြင်းမှာ အတိတ်ဘဝကပြုခဲ့သော ကောင်းမှု ကုသိုလ်ကံကြောင့် လူဖြစ်လာရခြင်းဖြစ်သည်။ အကယ်၍ အတိတ်ကံမကောင်းခဲ့ပါမူ လူ့ဘဝကောင်းကို ရရှိလာကြမည်မဟုတ်ဘဲ ငရဲဘဝ၊ တိရစ္ဆာန်ဘဝ စသည်တို့ ရရှိကြမည်ဖြစ်သည်။ ကံကောင်း၍ လူ့ဘဝရရှိလာကြသူများပီပီ ယခုဘဝတိုးတက် ကြီးပွားရေးအတွက် ကံ၊ ဉာဏ်၊ ဝီရိယတို့ကို အသုံးပြုရမည်ဖြစ်သည်။ အတိတ်ကံကိုသာ အားကိုးပြီး ပစ္စုပ္ပန်ကံဉာဏ်ဝီရိယတို့ကို လွှာ၍မသုံးပါမူ အောင်မြင်မှုရနိုင်မည် မဟုတ်ပေ။ "ကံယုံဆူးပုံမနင်းနှင့်" "ကျားရဲရာကြမ္မာမရှိးသာ" ဟူသော စကားများသည် ကံကို ရှိုးမယ်ဖွဲ့သူများအား သတိပေးထားသော စကားများပင်ဖြစ်သည်။

လူ့ဘုံသည် အပါယ်လေးဘုံ၊ နတ်ဘုံတို့ကဲ့သို့ ကံကျိုးသက်သက်ကိုသာ ခံရစံရသော ဘုံမျိုးမဟုတ်ဘဲ ကံဉာဏ်ဝီရိယ မျှတညီညွတ်စွာ ကြိုး

ပမ်းအားထုတ်ရသောဘုံမျိုးဖြစ်သည်။ ပစ္စုပ္ပန်ကံဟူသည်မှာလည်း ယခု ဘဝတွင် ဉာဏ်မျက်စိဖြင့် ချိန်ဆတွေးခေါ် မြော်မြင်၍ ဝီရိယဖြင့် ကြိုးစား မှုမှန်သမျှကိုခေါ် ဆိုခြင်းဖြစ်သည်။

အတိတ်ကံနှင့် ပစ္စုပ္ပန်ကံနှစ်မျိုးတို့၏ စွမ်းအင်ကို နှိုင်းယှဉ်ကြည့် ခြင်းဖြင့် သားသုံးမျိုး ကွဲပြားခြားနားလာရခြင်းကို ထင်ရှားစွာ သိမြင်နိုင် သည်။ အတိတ်ကံကို အလွန် အားကောင်းသောကံ၊ အလယ်အလတ် အားကောင်းသောကံ၊ နုံချာသောကံဟူ၍ သုံးမျိုး ခွဲခြား၍ ပစ္စုပ္ပန်ကံကို လည်း ကံ၊ ဉာဏ်၊ ဝီရိယမျှတစွာကျင့်သုံး၍ လက်ရှိအခြေအနေထက် တိုးတက်အောင်ကြိုးစားခြင်း၊ တည်တံ့ရုံသာ ကြိုးစားခြင်း၊ တည်တံ့ရုံ လောက်ကိုပင် အားမထုတ်ခြင်းဟူ၍ သုံးမျိုးခွဲခြားကာ နှိုင်းယှဉ် ကြည့်ရှု နိုင်သည်။

အတိတ်က အလွန်အားကောင်းသောကံကြောင့် ယခုဘဝတွင် အထက်တန်းစား ဆရာ သမား၊ မိကောင်းဖကောင်းတို့ထံတွင် လူဖြစ်လာ ရသူသည် အရွယ်ရောက်သောအခါ ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးညီညွတ်စွာ ကြိုးစားပါလျှင် လူချွန်လူမွန်ဖြစ်ကာ အထွတ်အထိပ်သို့ ရောက်နိုင်သည်။ ထိုကဲ့သို့သားသမီးမျိုးကို မိဘတို့ထက်သာလွန်သော အတိဇာတသား ဟူ၍ဆိုနိုင်သည်။ အထက်ဖော်ပြပါ အားကောင်းသော အတိတ်ကံ ကြောင့် ယခုဘဝတွင် အထက်တန်းစား မိဘတို့မှ ဖွားမြင်လာသူ ဖြစ် သော်လည်း ပစ္စုပ္ပန် အားထုတ်မှုမှာ အလယ်အလတ် တည်တံ့ရုံသာ ကြိုးစားအားထုတ်မှုပြုရပါလျှင် မိဘတို့အဆင့် မျိုးလောက်သာရရှိသည့် အနုဇာတ သားသမီးမျိုးဖြစ်လာမည်ဖြစ်သည်။ ဖော်ပြပါအတိုင်း အထက် တန်းစား မိဘမျိုးပင်ဖြစ်သော်လည်း ပစ္စုပ္ပန်ဘဝတွင် တည်တံ့ရုံပင် ကြိုး စားမှုမပြုခဲ့ပါလျှင် မိဘတို့ရရှိသော အဆင့်အတန်းထက်နိမ့်သော အဝ ဇာတသားသမီးမျိုး ဖြစ်လာပေမည်။ ထိုနည်းတူ အတိတ်ကံ အလတ်တန်း

စားနှင့် ပစ္စုပ္ပန်ကံ သုံးမျိုးနှံချာသော အတိတ်ကံနှင့် ပစ္စုပ္ပန်ကံ သုံးမျိုးတို့ကို နှိုင်းယှဉ်၍သာ သုံးမျိုးကွဲပြားပုံကို နည်းမှီ၍ ယူနိုင်ပေသည်။

ဖော်ပြခဲ့သည့် နှိုင်းယှဉ်ချက်များကို လေ့လာကြည့်ခြင်းဖြင့် ယခု မျက်မှောက်ဘဝ တိုးတက်ကြီးပွားမှု နိမ့်ကျဆုတ်ယုတ်မှုများသည် ပစ္စုပ္ပန်တွင် ပြုလုပ်သော ကံ၊ ဉာဏ်၊ ဝီရိယ အင်အားအပေါ် တည်မှီပြီး ကွဲပြားခြားနားသွားခြင်းဖြစ်သည်မှာ သိသာထင်ရှားလှပေသည်။

ပစ္စုပ္ပန်ကြိုးစားအားထုတ်မှု အရေးပါပုံကို သာဓကထုတ်၍ဖော်ပြပါမည်။ ဘုရားရှင်သည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်နေ့တွင် အရှင်အာနန္ဒာအား-

“အာနန္ဒာခွက်လက်စွဲကာတောင်းစားနေကြသော ဤ သူတောင်းစားလင်မယားကို ကြည့်လော။ ထိုသူတို့သည် ဤသာဝတ္ထိမြို့၌ ချမ်းသာကြွယ်ဝသော သူဌေးကြီးတို့၏ သားနှင့် သမီးများ ဖြစ်ကြသည်။ သူတို့သည် ငယ်စဉ်က ပညာမသင်ကြဘဲ အိမ်ထောင်ပြုကြပြီး မိဘပစ္စည်းများကို သုံးဖြုန်းနေခဲ့ကြသည်၊ မိဘတို့ကွယ်လွန်ကြသောအခါ ကံ၊ ဉာဏ်၊ ဝီရိယတို့ကို အသုံးမချ စီးပွားဉစ္စာ တိုးတက်အောင် မကြိုးစား၊ ရှိပစ္စည်းများကို သုံးဖြုန်းခဲ့၍ နောက်ဆုံးတွင် ဉစ္စာကုန်ဆုံးလူလုံးမလှ ခွက်လက်စွဲကာ တောင်းစားရသည့် ဖုန်းတောင်း ယာစကာဘဝသို့ရောက်ခဲ့ကြရသည်။

ထိုလင်မယားနှစ်ယောက်တို့သည် အကယ်၍ ပထမအရွယ်တွင် စီးပွားဉစ္စာ ကြိုးစားရှာဖွေပါက ဤမြို့တွင် ပထမတန်းစားသူဌေးကြီးဘဝသို့ ရောက်နိုင်ကြသည်။ ရဟန်းပြုကာ ရဟန်းတရားအားထုတ်ပါမူ အထက်မဂ်ဖိုလ်တို့ကို ရရှိနိုင်ကြသည်။ ဒုတိယအရွယ်တွင် သတိရပြီး ကြိုးစားအားထုတ်ပါက အထက်တန်းစား သူဌေးကြီးဘဝသို့ ရောက်နိုင်သည်။ ရဟန်းတရား အားထုတ်ပါက အောက်မဂ် အောက်ဖိုလ်များကို

ရနိုင်သည်။ တတိယအရွယ်တွင် သတိရပြီး ကြိုးစားအားထုတ်ပါက လူတန်းစေ့ဘဝမျိုး ရနိုင်ကြသည်။ ရဟန်းပြုပါက အကျင့်မြတ် နှင့်ပြည့်စုံသူရဟန်းကောင်းများဖြစ်နိုင်သည်။ ယခုမူ လုံ့လကြိုးကုတ်အားထုတ်မှု မပြုခဲ့သဖြင့် ယခုမြင်တွေ့ရသည့် သူတောင်းစားအဆင့်ဘဝသို့ ရောက်သွားကြသည့်”ဟူ၍ မိန့်တော်မူခဲ့သည်။

ကံ၏သဘောတရားသည် လေးနက်လှသည်။အတိတ်ကံ၊ ပစ္စုပ္ပန်ကံနှစ်တန်ပြည့်စုံမှသာ အောင်မြင်မှုရနိုင်သည်။ အတိတ်ကံသည်လည်း မိမိပြုလုပ်ခဲ့သောကံပင်ဖြစ်သည်။ မိမိနှင့် သက်ဆိုင်သည်။အတိတ်ကံကောင်းရှိသော်လည်း ဉာဏ်ဝီရိယခေါ် ပစ္စုပ္ပန်ကံကြိုးစားမှုရှိမှသာ အထွတ်အထိပ်ရောက်သည်အထိ အောင်မြင်သူ ဖြစ်နိုင်သည်။ အတိတ်ကံသည် လွန်ခဲ့ပြီးဖြစ်၍ ပြင်၍မရသော်လည်း ပစ္စုပ္ပန်ကံထောက်ကူပါလျှင် အောင်မြင်ရမည်သာဖြစ်သည်။ ဖော်ပြခဲ့သည့် အတိုင်း သားသုံးမျိုး ကွဲပြားရခြင်းမှာလည်း ပစ္စုပ္ပန်ကံကြောင့် ဖြစ်သည်ဆိုသည်ကို ရှုကြပြီး ဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် ကံ၏စွမ်းအင် ကြီးမားမှုကို သိမြင်ကာ ယခုမျက်မှောက်ဘဝတွင် ဉာဏ် ဝီရိယပယောဂဖြင့် ကြိုးစားအားထုတ်၍ မိဘတို့ထက် သာလွန်သော အတိဇာတ သားကောင်း သမီးမွန်များ ဖြစ်အောင် လုပ်ဆောင် ကြရန် တိုက်တွန်းရေးသား လိုက်ရပေသည်။

စိန်တိုင်ထွန်း

# ကုသိုလ်ကောင်းမှု လျော်စွာပြု



# ကုသိုလ်ကောင်းမှု လျင်စွာပြု

"ထို့ကြောင့်မှတ်လော၊ ရှင်စောမြတ်စိတ်၊ သုံးလူမိတ်လည်း (အဘိတ္ထရေထ ကလျာဏေ ပါပါစိတ္တံ နိဝါရယေ၊ ဒန္ဓဉ္ဟိကမော တောပုညံ ပါပ သ္မိံရမတိမနော) ဤသို့ဟော၏၊ သဘောတရား၊ ယင်းစကားလျှင်၊ မမှားဟုတ်စွ၊ ပုညဝတ္ထု၊ ကောင်းမှုအရာ၊ ရောက်သောအခါဝယ်၊ လျင်စွာလျင်စွာ၊ ပြုရာသည်ချည်း၊ မင့်တည်းနှင့်၊ ကမ္ပည်းမိန့်မှာ၊ ဤဂါထာကား၊ မိစ္ဆာဝန်တို၊ ကုသိုလ်မပွား၊ လူအိပ်များကို၊ နိုးကြားစေကြောင်း၊ ဆော်ပေ ရှောင်းသည်၊ တီးကောင်းသံ ထင်ထိုးသတည်း"

(ကိုးခန်းပျို့-အပိုဒ်၊ ၂၈၈)

လူတို့စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သည်။ ကောင်းမှု ပြုရာတွင်မူ နှုန့်နှေးတတ်သည်။ မကောင်းမှုကို တားမြစ်၍ ကောင်းမှုကို လျင်စွာပြုရမည်၊ ကောင်းမှုပြုလိုစိတ် ပေါ်ပေါက်လာလျှင် ပေါ်ပေါက် လာချင်း အချိန်မရွှေ့ဆိုင်းဘဲ ပြုလုပ်သင့်သည်။ ထိုသို့မပြုလုပ်ဘဲ ရက် ရွှေ့ လရွှေ့ နှစ်ရွှေ့နှင့် အချိန်ရွှေ့နေမည်ဆိုလျှင် ဝန်တိုခြင်း မစ္ဆရိယ တရားနှင့် တကယ်မယုံကြည်ခြင်း အသဒ္ဓိယတရားဆိုသည့် ရန်သူများက ဝင်ရောက်တိုက်ခိုက်ကြသောကြောင့် လုံးဝမပြုဖြစ်သူ၊ အချိန်နှောင်းမှ ပြုဖြစ်သူများဖြစ်လာမည်။ ထိုသို့ဖြစ်လျှင် အကျိုးပေးလည်း နှောင့်နှေး တတ်ပုံကို ဓမ္မပဒအဋ္ဌကထာ စူဠေဧကသာဋကဝတ္ထုအဖွင့်တွင် အောက်ပါ အတိုင်း ဖော်ပြထားပေသည်။

ကလျာဏကမ္မံ ကရောန္တေန ဟိ ဉပ္ပန္န စိတ္တံ အဟာ ပေတွာ တခ်ဏ ညေဝကာတဗ္ဗံ၊ ဒန္ဓံ ကတံ ကုသလဉ္ဟိသမ္ပတ္တိ ဒဒမာနံ ဒန္ဓမေဝ ဒဒါတိ၊ တသ္မာ စိတ္တုပ္ပါဒ သမနန္တရမေဝ ကလျာဏကမ္မံ ကာတဗ္ဗံ။

ကုသိုလ်ကောင်းမှုပြုသူသည် ဖြစ်ပေါ်လာသော ကုသိုလ်စိတ်ကို မယုတ်စေဘဲ ကုသိုလ်စိတ် ဖြစ်ပေါ်လာဆဲ ခဏ၌သာလျှင် ပြုလုပ်အပ်

၏။ အကြောင်းကိုဆိုရလျှင် နှောင့်နှေးလေးကန်စွာ ပြုလုပ်သော ကုသိုလ်သည် ကောင်းကျိုးပေးသောအခါ နှောင့်နှေးလေးကန်စွာ အကျိုးပေးတတ်၏။ ထို့ကြောင့် ကုသိုလ်ကောင်းမှုပြုမည်ဟု စိတ် ဖြစ်ပေါ်လာလျှင်လာချင်း (ဖြစ်ပေါ်လာသည့် အခြားမဲ့၌သာလျှင်) ကုသိုလ်ကောင်းမှုကို ပြုအပ်၏။ ပြုရာ၏၊ ပြုရမည်။

မှန်ပေသည်။ ကျွန်ုပ်တို့သည် မည်သည့်နေ့တွင် သေရမည်။ မည်မျှအသက်ရှင်နေရမည်၊ မည်သည့်နေ့တွင် နာရမည်ကို သိနိုင်ကြသည် မဟုတ်ပေ။ ကျန်းမာတုန်း အချိန်ရှိခိုက် လုံ့လစိုက်ကြရမည်ဖြစ်သည်။ အချိန်နှင့်ဒီရေသည် လူကိုမစောင့်ဟု ဆိုထားသည် မဟုတ်ပါလား။

ကုသိုလ်ကောင်းမှုဆိုရာဝယ် ဒါန၊ သီလ၊ ဘာဝနာစသော ကောင်းမှုတို့ကို ပြုခြင်းပင်ဖြစ်သည်။ ဤနေရာတွင် ဒါနကောင်းမှုပြုခြင်းကို နမူနာထုတ်၍ ပြလိုပေသည်။

ဒါနကောင်းမှုပြုခြင်းသည် စစ်တိုက်ခြင်းနှင့် တူပေသည်။ လောကတွင် သေရမှာ ကြောက်သူသည် စစ်မထိုးနိုင်သကဲ့သို့ ပစ္စည်းဥစ္စာကုန်ခမ်းမှာ ကြောက်သူသည်လည်း အလှူဒါန ပြုလုပ်နိုင်မည် မဟုတ်ပေ။ မိမိအသက်ကိုလည်း စောင့်ရှောက်မည်၊ စစ်ကိုလည်းတိုက်မည်ဟု ပြောဆိုလျက် စစ်တိုက်၍ မဖြစ်ပေ။ အသက်ရှည်လိုခြင်း ဟူသော အာသာဆန္ဒကို စွန့်လွှတ်ကာ မိမိအင်္ဂါ ခြေလက်များပြတ်ရုံမျှမက သေသွားချင်သေသွားပါစေဟူသော စိတ်ဓါတ်မျိုးထားနိုင်သူမှသာ စစ်တိုက်နိုင်မည်ဖြစ်သည်။

အလားတူပင် မိမိပိုင်ပစ္စည်းဥစ္စာများကို မပျောက်မရှ၊ မကုန်ဆုံးရအောင် စောင့်ရှောက်မည်၊ ပစ္စည်းဥစ္စာများကို အကုန်ခံလျက် လှူဒါန်းမည်ဟု ပြောဆိုကာ လှူဒါန်းမည်ဆိုလျှင် မဖြစ်နိုင်ချေ။ ပစ္စည်းဥစ္စာတို့၌ တပ်မက်မှုအာသာကိုစွန့်၍ လှူဒါန်းမည်ဟူသော စိတ်ဓါတ်မျိုးထားမှသာ လှူဒါန်းနိုင်မည် ဖြစ်သည်။

အထက်ပါအချက်ကို ပေါ်လွင်ထင်ရှားစေလိုသဖြင့် ဘုရားရှင်က

သဂါထာဝဂ္ဂသံယုတ် ပါဠိတော် သာဓုသုတ်တွင် အောက်ပါအတိုင်း ဟော ကြားထားခြင်းဖြစ်သည်။

ဒါနဉ္စ ယုဒ္ဓဉ္စ သမာန မာဟု
အပ္ပါမ္ပိ သန္တာ ဗဟုကေ ဇိနန္တိ
အပ္ပမ္ပိ စေ သဒ္ဒဟာနော ဒဒါတိ
တေနေဝ သော ဟောတိ သုခီ ပရတ္ထ၊

- ပေးလှူခြင်းသည်လည်းကောင်း၊ စစ်ထိုးခြင်းသည် လည်းကောင်း၊ တူမျှ၏ဟုဆိုကြကုန်၏။ စစ်တိုက်ရာတွင် ရဲရင့်ကုန်သော သူတို့သည် အနည်းငယ်မျှ ဖြစ်ကုန်သော်လည်း များစွာသော ရန်သူတို့ကို အောင်မြင်နိုင်ကုန်၏။ ထို့အတူ အကြွင်သူသည် ယုံကြည်သည်ဖြစ်၍ အနည်းငယ်မျှကိုသော်လည်း အကယ်၍ပေးလှူအံ့၊ ထို့ကြောင့်သာလျှင် ထိုသူသည် တမလွန်ဘဝ၌ ချမ်းသာခြင်းရှိ၏။

ဒါနကောင်းမှုပြုရာတွင် စစ်ထိုးခြင်းနှင့်တူပုံ သာဓကတစ်ခု ထုတ်ပြလိုပါသည်၊ ဘုရားရှင်လက်ထက်က ဧက သာဋက ပုဏ္ဏားသည် ဘုရားရှင် တရားဟောတော်မူနေစဉ် တရားတော်၌ ယုံကြည်သက်ဝင်၍ ဘုရားရှင်အား ကြည်ညိုလှသဖြင့် မိမိတွင်ပါလာသော အပေါ်ရုံအဝတ်ကို မြတ်စွာဘုရားအား လှူရန် ကုသိုလ်စိတ်ဖြစ်ပေါ်လာသည်။ သို့ရာတွင် ပုဏ္ဏားကြီးမှာ အလွန်ဆင်းရဲသည်။ လင်မယားနှစ်ဦးပေါင်းမှ အပေါ်ရုံအဝတ် တစ်ထည်သာ ရှိ၍ “လှူလို့ ဖြစ်မလား၊ မလှူဘဲ နေလျှင် ကောင်းလိမ့်မည်”ဟု စဉ်းစားကာ မစ္ဆရိယ စိတ်များက ဝိုင်းရံ တိုက်ခိုက်သဖြင့် လှူရကောင်းနိုး၊ မလှူဘဲနေရကောင်းနိုးဖြင့် နိုးပေါင်းများစွာ စဉ်းစားရင်း ညဥ့်ဦးယာမ်အချိန် ကုန်ဆုံးသွားခဲ့သည်။

သန်းခေါင်ယံအချိန်တွင် သဒ္ဓါတရားပြန်ပေါ်လာပြီး လှူဒါန်းမည်ဟူ၍ အားခဲလာပြန်သည်။ အလားတူ မစ္ဆရိယစိတ်များက ဝိုင်း၍တိုက်ခိုက်ပြန်သဖြင့် သဒ္ဓါက အရှုံးပေးရ ပြန်ပြီ၊ မလှူဒါန်းဘဲ သန်းခေါင်ယံအချိန် ကုန်ဆုံးသွားပြန်သည်။

ပုဏ္ဏားကြီးသည် မြတ်စွာဘုရား၌ ကြည်ညိုသော သဒ္ဓါစိတ်က ပြင်းထန်လှသဖြင့် ပစ္ဆိမယာမ် ညနောက်ပိုင်းတွင် မစ္ဆရိယစိတ်တွေ ဝန်းရံတိုက်ခိုက်နေသည့်ကြားမှ သဒ္ဓါတရားသည် အားရှိအင်ရှိ လူးလွန့်လာသည်။ နောက်ဆုံးတိုက်ပွဲအနေဖြင့် သဒ္ဓါစိတ် ခေါင်းထောင်လာပြီးလျှင် မစ္ဆရိယစိတ်တွေကို အတင်းလိုက်လှဲပြီး "ဘာပဲဖြစ်ဖြစ် လှူမည်"ဟု ဆုံးဖြတ်ချက်ချကာ အပေါ်ရုံအဝတ်ကို ဘုရားရှင်အား လှူလိုက်လေတော့သည်။ ထိုအခါ ပုဏ္ဏားက "မစ္ဆရိယစိတ်တွေ ဘာတတ်နိုင်ကြသေးလဲ သင်းတို့ ရှုံးကုန်ပြီမဟုတ်လား"ဟူ၍ ပြောဆိုဘိသည့်အလား ရုတ်တရက် "အောင်ပြီ အောင်ပြီ" ဟု ဟစ်အော် ကြွေးကြော်မိလေသည်။ ဤသည်မှာ ဒါနနှင့် စစ်ထိုးခြင်းတူ ပုံကို ပြဆို ထားခြင်းဖြစ်ပေသည်။ အလားတူ သီလမှု၊ ဘာဝနာမှုစသည့် ကောင်းမှုကုသိုလ်များ ပြုရာတွင်လည်း မိမိ၏ စီးပွားရေး၊ လူမှုရေးစသည်တို့ကို စွန့်လွှတ်၍ ပြုရသဖြင့် ပြုနိုင်ရန် ခဲယဉ်းသည်ကို သတိပြုရမည်ဖြစ်သည်။

ဖော်ပြခဲ့ပါ အချက်များကို ထောက်ရှုပြီး မိမိတို့သည် ဒါနမှု၊ သီလမှု၊ ဘာဝနာမှုစသော ကုသိုလ်ကောင်းမှု တစ်ခုခုကို ပြုလိုစိတ်ပေါ်လျှင် ပေါ်ချင်း ပြုဖြစ်အောင် ဆောလျင်စွာ ပြုရပေမည်။ ကုသိုလ်မှုပြုခြင်းသည် လူတို့အတွက် စိတ်ကြိုက် ဓါတ်စာမဟုတ်ပေ။ အကုသိုလ် အမှုပြုခြင်းသည်သာ လူတို့အတွက် စိတ်ကြိုက်ဓါတ်စာဖြစ်လေသည်။ သို့ဖြစ်၍ မိမိတို့ ကုသိုလ်ကောင်းမှုပြုရန် အကြံဖြစ်ပေါ်လာသည်နှင့်တပြိုင်နက် လျင်စွာပြုရမည်၊ ကုသိုလ်အထမြောက်အောင် ကြိုးစားကြရမည် ဖြစ်ကြောင်း စေတနာကောင်းဖြင့် တိုက်တွန်းရေးသားလိုက်ရပေသည်။

စိန်တိုင်ထွန်း

# ကွယ်လွန်ခါနီးအချိန် သတိပြုဖွယ်



# ကွယ်လွန်ခါနီးအချိန် သတိပြုစွယ်

မည်သည့်ဘာသာဝင်မဆို ကွယ်လွန်သောအခါတွင် မိမိတို့ ဘာသာဓလေ့ ထုံးစံအတိုင်း အသုဘစျာပနကိစ္စအဝဝကို ပြုကြရသည်။ ဗုဒ္ဓဘာသာဝင်များသည် ကံကံ၏အကျိုးကို ယုံကြည်ထားခြင်း၊ တမလွန်ဘဝရှိသည်ကို ယုံကြည်ထားခြင်း စသည်တို့ကြောင့် ကွယ်လွန်သောအခါ သုဂတိဘုံဘဝသို့ ရောက်ရှိလိုသည်။ ထိုသို့ရောက်ရှိရေးအတွက် ကွယ်လွန်ခါနီးအချိန်သည် အလွန်အရေးကြီးလှပေသည်။

လူတို့ကွယ်လွန်ပုံကို အဘိဓမ္မတ္ထသင်္ဂဟကျမ်းတွင် အောက်ပါအတိုင်း ခွဲခြားထားပါသည်။

(၁) အသက်တမ်းကုန်၍ ကွယ်လွန်ခြင်း (အာယုက္ခယမရဏ)
(၂) ကံ အစွမ်းကုန်၍ ကွယ်လွန်ခြင်း (ကမ္မက္ခယမရဏ)
(၃) အသက်တမ်းနှင့် ကံအစွမ်းနှစ်ပါးလုံးကုန်၍ ကွယ်လွန်ခြင်း (ဉဘယက္ခယ - မရဏ)
(၄) အသက်တမ်းနှင့် ကံအစွမ်းနှစ်ပါးလုံးရှိသေးသော်လည်း ကပ်၍ဖြတ်တတ်သောကံကြောင့် ကွယ်လွန်ခြင်း (ဉပစ္ဆေဒက- မရဏ)

လူတို့သည် အထက်ဖော်ပြပါ (၄)မျိုးအနက် တစ်မျိုးမျိုးဖြင့် ကွယ်လွန်ကြရပါသည်။ ဘုရားရှင် လက်ထက်တော်က အသက် (၁၀၀) တန်း ယခု (၇၅)နှစ်တန်းဟု ခန့်မှန်းထားရာ အသက် (၇၅)နှစ်တွင် ကွယ်လွန်ခြင်းကို အာယုက္ခယ၊ (၇၅)နှစ်မပြည့်သေးမီ အသက် လေးငါးဆယ်အရွယ်၊ အရွယ်တစ်ခုခုတွင် ကွယ်လွန်ခြင်းကို ကမ္မက္ခယ (၇၅)နှစ်တန်းတွင် (၇၅)နှစ်နေရန် ကံပါလာသူ၏ (၇၅)နှစ်တွင်ကွယ်လွန်ခြင်းမျိုးကို ဉဘယက္ခယ မရဏ၊ အချို့ပုဂ္ဂိုလ်များသည် အသက်တမ်းလည်း မကုန်သေး၊ ကံအစွမ်းလည်း မကုန်သေး၊ တစ်စုံ တစ်ရာ အနှောက်အယှက်မရှိ

လျှင် အချိန်အတော်ကြာသည်အထိ နေနိုင်သေးသည်။ သို့ရာတွင် ရှေးရှေးဘဝကဖြစ်စေ၊ ယခုဘဝမှာ ဖြစ်စေ မိမိပြုခဲ့သော အကုသိုလ်ကံက အခွင့်ရသဖြင့် တစ်နည်းနည်းဖြင့် သေရခြင်းမျိုးကို ဥပစ္ဆေဒကဟု ခေါ်သည်။ ဥပမာ ကားတိုက်ခံရ၍ ဖြစ်စေ၊ ဓါးဖြင့်အထိုးခံရ၍ဖြစ်စေ၊ လောလောလတ်လတ် သေရခြင်းမျိုးကို ဆိုခြင်းဖြစ်သည်။ ဤကဲ့သို့ သေခြင်းမျိုးကို အစိမ်းသေသေခြင်းဟုလည်း ခေါ်ကြသည်။

အထက်ပါသေခြင်း(၄)မျိုးတွင် မည်သည့်သေခြင်းမျိုးဖြင့် သေသေ၊ ချက်ချင်းတခဏချင်း သေရခြင်းမဟုတ်လျှင် ဘဝကူးကောင်းအောင် ကျန်ရစ်သူများက ပြုပြင်ပေးနိုင်ပေသည်။

လူတစ်ယောက် ကွယ်လွန်ချိန်ခါနီးကပ်လာပြီဆိုလျှင် မသေမီ နာရီဝက်ခန့်မှစ၍ လူနာတွင် စိတ်ကောင်းဇောကောင်း ရနေရန် အရေးကြီးသည်။ ကွယ်လွန်သွားသည့်အထိ ဇောကောင်း (ကုသိုလ်ဇော)များ စောနေလျှင် သုဂတိဘုံဘဝသို့ ဧကန်မုချရောက်မည်ဖြစ်သည်။ ထိုအချိန်တွင် အကုသိုလ်ဇောများ စောနေပါမူ ဒုဂ္ဂတိဘုံဘဝသို့ ဧကန်မုချ ရောက်ရတော့မည်ဖြစ်သည်။ အပြေးပြိုင်ရာတွင် ပန်းဝင်ခါနီးအချိန်သည် အရေးကြီးသကဲ့သို့ပင် နောင်တမလွန်ဘဝတွင် ကောင်းရာသုဂတိ ဘုံဘဝသို့ ရောက်နိုင်စေဖို့အတွက် ကွယ်လွန်ခါနီးအချိန်သည် အရေးကြီးလှပေသည်။

လူတိုင်းလူတိုင်းကွယ်လွန်ခါနီးတွင် ကံ၊ ကမ္မနိမိတ်၊ ဂတိ နိမိတ်ဟူသော အာရုံနိမိတ်မျိုးသုံးမျိုးအနက် တစ်မျိုးမျိုး ထင်လာတတ်သည်။ ကံဆိုသည်မှာ ကုသိုလ်၊ အကုသိုလ် စေတနာ ဖြစ်သည်။ ကမ္မနိမိတ်ဆိုသည်မှာ မိမိကုသိုလ်၊ အကုသိုလ်ပြုခဲ့စဉ်က တွေ့ကြုံသုံးစွဲခဲ့ရသော အရာဝတ္ထုများ ဖြစ်ကြသည်။ ဂတိနိမိတ်ဆိုသည်မှာ ဘဝကူးပြောင်းပြီး နောက်ရောက်ရှိရမည့်ဂတိ၌ တွေ့ကြုံရမည့် အရာဝတ္ထုများ ဖြစ်ကြသည်။

ကံအာရုံထင်လာပုံမှာ မသေမီစက္ကန့် အနည်းငယ်မှစ၍ ရက်၊ လ၊ နှစ်ကမ္ဘာများစွာ ကွာခြားခဲ့သောအချိန်က မိမိပြုခဲ့သော ကံအမျိုးမျိုးသည်

နောက်ဘဝသစ်တွင် ပဋိသန္ဓေအကျိုးကို ပေးခွင့်ကြုံလာလျှင် ကွယ်လွန်ခါနီးအချိန်တွင် ထင်လာတတ်၏။ ထိုသို့ထင်လာရာတွင် ရှေ့ကပြုခဲ့သောဒါန၊ သီလစသောကောင်းမှုများကို ပြန်၍အမှတ်ရသောအားဖြင့် ထင်လာခြင်းနှင့် ထိုကုသိုလ်မျိုးကို ယခု လောလောဆယ် ပြုလုပ်နေရသကဲ့သို့ ထင်လာခြင်း မျိုးဖြစ်သည်။ အကုသိုလ်ကံများဖြစ်လျှင်လည်း အလားတူ ထင်လာတတ်သည်။ ဘဝအဆက်ဆက်က မိမိတို့ပြုခဲ့သောကောင်းမှုမကောင်းမှုများသည် မိမိနောက်တွင် အရိပ်ပမာ လိုက်နေကြပြီး အကျိုးပေးခွင့်ကြုံသည့်ကံက အကျိုးပေးသည်ကို သတိပြုရန်လိုအပ်သည်။

ကမ္မနိမိတ်အာရုံ ထင်လာပုံမှာ ကုသိုလ်ကောင်းမှုနှင့် စပ်လျဉ်း၍ ကျောင်းဘုရားစသည့် လှူခဲ့ဖူးသူဖြစ်လျှင် ကျောင်းအာရုံ ဘုရားအာရုံများထင်လာခြင်း၊ ဥပုသ်စောင့်သုံးသူ၊ ကမ္မဋ္ဌာန်းတရား အားထုတ်သူဖြစ်လျှင်ၚင်းတို့နှင့်စပ်ဆိုင်သော စိတ်ပုတီး စင်ကြယ်သော အဝတ်အစား စသည်တို့ ထင်လာခြင်းမျိုးဖြစ်သည်။ အကုသိုလ်ကံများနှင့် ပတ်သက်လျှင်လည်း ဥပမာ သူတစ်ပါးအသက်ကို သတ်ခဲ့သူဖြစ်လျှင် ထိုသူသတ်ခဲ့စဉ်က အသုံးပြုခဲ့သော ဓါး၊ ဒုတ်စသော လက်နက်ကိရိယာများ ထင်လာခြင်းမျိုးဖြစ်သည်။

ဂတိနိမိတ် ထင်လာပုံမျိုးမှာ ဘဝကူးလာလျှင် ဘဝသစ်တွင်တွေ့ကြုံရမည့် အာရုံများကြိုတင်၍ ထင်လာခြင်းမျိုး ဖြစ်သည်။ ဥပမာနတ်ပြည်ရောက်မည့်သူဖြစ်လျှင် နတ်သမီးများ၊ နတ်ဘုံနတ်နန်းများထင်လာသကဲ့သို့ လူ့ပြည်သို့ ရောက်မည့်သူ ဖြစ်လျှင် အမိဝမ်းရေ၏နီနီရဲရဲအဆင်းမျိုး ထင်လာတတ်သည်။ ငရဲသို့လားရောက်ရမည့်သူဖြစ်လျှင်မူ ငရဲမီး၊ ငရဲထိန်း ခွေးကြီး၊ ပြိတ္တာဖြစ်မည့်သူဆိုလျှင် တောကြီး၊ တောင်ကြီး၊ မြစ်ရေ၊ သမုဒ္ဒရာကမ်း စသည်ဖြင့် မိမိတို့ နေထိုင်ရမည့်အရပ်ဒေသများ ထင်လာတတ်သည်။

ဤသို့လျှင် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် (၃)မျိုးအနက် တစ်မျိုးမျိုး

ထင်လာရာတွင် ကောင်းသောကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် တစ်ခုခု ထင်လာခြင်းမျိုးအတွက်မူ ပြဿနာမရှိပေ။ ကွယ်လွန်သူ ကောင်းရာသုဂတိသို့ လားရောက်ရမည်ဖြစ်၍ ဝမ်းမြောက်ရမည်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ မကောင်းနိမိတ်တစ်ခု ထင်လာလျှင်မူ ကွယ်လွန်သူမှာ ဒုဂ္ဂတိဘုံဘဝသို့ လာရောက်ရတော့မည်ဖြစ်သဖြင့် ကွယ်လွန်သူရော ကျန်ရစ်သူ မိသားစုတို့အတွက်လည်း တာဝန်မကျေရာ ရောက်ပေသည်။

ကွယ်လွန်သူသည် မည်သည့်ဂတိသို့ လားရောက်မည်ကို ကွယ်လွန်ခါနီးအချိန်တွင် လူနာ၏သွင်ပြင်လက္ခဏာကို ကြည့်၍ မှန်းဆနိုင်သည်။ လူနာမျက်နှာသွင်ပြင် ကြည်ကြည်လင်လင် ရှိနေသည်ကိုမြင်ရလျှင် အာရုံကောင်း ထင်ထင်နေပြီဖြစ်၍ ကောင်းသော သုဂတိသို့လားရမည်ဖြစ်သည်။ မျက်နှာသွင်ပြင် ညှိုးငယ်နေလျှင် (သို့မဟုတ်) မကောင်းသော အမူအရာ ဖြစ်နေလျှင် မကောင်းသောအာရုံများ ထင်နေပြီဖြစ်၍ ဒုဂ္ဂတိဘုံသို့ လားရလိမ့်မည်ဖြစ်သည်။ အချို့သည် ညင်ညင်သာသာမရှိ ဟိုဟိုဒီဒီ ယောင်ယမ်းပြောဆိုတတ်၏။ ထိုသူမျိုးသည်လည်း ဒုဂ္ဂတိဘဝသို့ လားရမည့်သူမျိုးပင်ဖြစ်သည်ဟု မှန်းဆနိုင်ပေသည်။

သာဓကတစ်ခုထုတ်ပြရလျှင် ရှေးတုန်းက ရှင်သောဏ အမည်ရှိ ရဟန္တာမထေရ် တစ်ပါးရှိခဲ့သည်။ ယင်း၏ ဖခမည်းတော်သည် ငယ်ရွယ်စဉ်က မုဆိုးကြီးဖြစ်၍ ကြီးမှရဟန်းပြုသူ ဖြစ်သည်။ ယင်းရဟန်းကြီး ကွယ်လွန်ခါနီးတွင် ခွေးကြီးက သူ့ကိုလိုက်ဆွဲသည့်ဟန်ထင်နေသဖြင့် "ချောက်ပါဟဲ့ ချောက်ပါဟဲ့" အော်နေသံကြားရသော သားဖြစ်သူက ငရဲနိမိတ်ထင်နေပြီဟု စဉ်းစားပြီး ပန်းများချက်ချင်းရှာ ဘုရားရင်ပြင်တော်မှာ ပန်းမွေ့ရာခင်း၊ ထို့နောက်ဦးပဉ္စင်းကြီးကို ခုတင်နှင့်တကွ ယူသွားပြီး ကြည်ညိုလိုက် ကြည်ညိုလိုက် ဦးပဉ္စင်းကြီးအတွက် ပန်းတွေ လှူထားတယ်" ဟု ပြောသောအခါ သတိရလာ၍ ဘုရားကို အာရုံပြုလျက် ပန်းများကိုလှူဒါန်းနေစဉ် မေ့မြောသွားရာ နတ်သမီးတွေထင်လာသဖြင့် "ဟဲ့ သားရဲ့နေရာ ဖယ်ပေးလိုက်ပါ။ သားရဲ့မိထွေးတွေ လာနေတယ် " ဟု

ယောင်ပြန်လေရာ "အင်း နတ်ပြည်ဂတိ နိမိတ်ထင်နေပြီ " ဟု အောက်မေ့နေစဉ်မှာပင် ဦးပဥ္စင်းကြီးကွယ်လွန်၍ နတ်ပြည် ရောက်သွားလေသည်။

ဤအချက်ကိုကြည့်ပါက ကွယ်လွန်သူအတွက် လူနာအနီးအနားတွင် ပြုစုနေသည့် ကျန်ရစ်သူမိသားစု၏ ပြုပြင်ပေးမှုက မည်မျှခရီးရောက်ကြောင်း သိနိုင်ပေသည်။ ထို့ကြောင့် လူနာတွင် မကောင်းသောအာရုံတို့ဝင်လာပုံကို လူနာစောင့်က သိလျှင်သိချင်း လူနာကောင်းသောအာရုံသို့ ပြောင်းလဲသွားအောင် ပြုလုပ်ပေးရန် လိုအပ်ပေသည်။ ဤအချိန်သည် မိတ်ဆွေကောင်းရှိရန် အလိုအပ်ဆုံးအချိန်ဖြစ်သည်။

လူနာကွယ်လွန်ခါနီးအချိန်တွင် လူနာစောင့်ရှောက်သူများ (သို့မဟုတ်) တာဝန်ရှိသူ ဆွေမျိုးသားချင်းများက လူနာတွင် အာရုံကောင်း ထင်လာရန်ကြိုတင်ပြုပြင်ပေးရန် လိုအပ်ပေသည်။ လူနာပတ်ဝန်းကျင်တွင် သန့်ရှင်းစင်ကြယ်အောင် ပြုပြင်ထားရမည်။ ဘုရားကိုရည်စူးပြီး ပန်း၊ ဆီမီးများ ကပ်လှူထားပြီး ညအခါတွင် ဆီမီးထွန်းညှိထားရမည်။ ထိုသို့ဘုရားရှင်အား ပူဇော်ထားမှုကို လူနာသိအောင် ပြောပြပြီး အာရုံပြုစေရမည်။ ပရိတ်ကြီး၊ ဓမ္မစကြာစသော တရားစာများကိုရွတ်ဖတ်စေပြီး လူနာအား အာရုံပြု နာကြားခိုင်းရမည်။ လူနာကိုလည်းအားမငယ်စေရန် အားပေးစကားပြောကြားရမည်။ ပြုစုသူ ဆွေမျိုးများကလည်း ဘဝကူးကောင်းရေးအတွက် လုပ်ဆောင်ပေးရခြင်းဖြစ်၍ဝမ်းနည်းမနေသင့်ပေ။ ထိုသို့ ပြုပြင်ပေးထားပါလျှင် လူနာတွင် ကောင်းသောကုသိုလ်အာရုံ များ ထင်လာမည်ဖြစ်သည်။ ထိုအာရုံများထင်နေစဉ်လူနာကွယ်လွန်သွားပါလျှင် ကောင်းသော သုဂတိဘုံဘဝသို့ ရောက်ရမည် ဧကန်မုချ ဖြစ်သည်။

ထို့ကြောင့် ကျန်ရစ်သူမိသားစုတို့က မိမိတို့မိသားစုဝင် တစ်ဦးဦးကွယ်လွန်ခါနီးအချိန်တွင် ဘဝကူးကောင်းရေးအတွက် သတိရှိရှိဖြင့်အထက်ဖော်ပြခဲ့သည့်အတိုင်း ဆောင်ရွက်သင့်ကြပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

စိန်တိုင်ထွန်း

# ရွှေ့ဆက်ရမည့်ခရီး



# ရှေ့ဆက်ရမည့်ခရီး

ကျွန်ုပ်တို့သည် ရခဲလှသော လူ့ဘဝကို ရခဲ့ကြ၍ မနု ဿတ္တဘာဝ ဒုလ္လဘနှင့် ပြည့်စုံရပြီဖြစ်သည်။ လူ့ဘဝကို မည်သည့်ဘဝက ရောက်လာသနည်းဟုဆိုလျှင် ဇာတိဿရဉာဏ်၊ ပဋိသန္ဓေကို အောက်မေ့သတိရသောဉာဏ်နှင့် ပုဗ္ဗေနိဝါသနုဿတိဉာဏ် (ရှေ့ဘဝများကို ပြန်လည်အောက်မေ့သတိရ ဆင်ခြင်နိုင်သောဉာဏ်)ရရှိသူတို့မှလွဲ၍ မည်သူမျှ တတ်အပ်သော ပြောဆိုနိုင်ကြမည်မဟုတ်ပေ။ သေချာပြောနိုင်တာ တစ်ခုတော့ရှိသည်။ ကောင်းမှုကုသိုလ်ကံကြောင့် ရောက်ရှိလာခြင်းဖြစ်သည်ဟု ယေဘုယျသာ ပြောဆိုနိုင်မည်ဖြစ်သည်။

လူ့ဘုံဘဝ လူ့ဌာနသို့ ဘယ်ဘဝက ရောက်လာသည်ကို မသိသော်လည်း မိမိရောက်ရှိလာသည့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းကတော့ မိမိကို အပြုံးကိုယ်စီနှင့် ကြိုဆိုနေမည်မှာ ဧကန်ပင်ဖြစ်သည်။ သို့သော် မိမိကိုယ်တိုင်ကမူ တစိမ်းတရံတွေထံ ရောက်နေသည့်အလား တအဲအဲ ငိုနေမည်ဖြစ်သည်။ ဘဝကို မိမိကအငိုနှင့်စခဲ့သော်လည်း ကြိုဆိုသူများကတော့ အပြုံးကိုယ်စီနှင့် ကြိုဆိုလျက်ပါ၊ အဖေနှင့်တူသည်၊ အမေနှင့်တူသည်၊ အဘိုးနှင့်တူသည်၊ အဖွားနှင့်တူသည်၊ အသားဖြူသည်၊ မဲသည်၊ ချောသည် စသည်ဖြင့် အသစ်ရောက်ရှိလာသူကို ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြသည်။

မိမိ၏ မိဘများသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်သဖြင့် မိမိလည်း မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်လာသည်။ သို့ဖြစ်၍ ဗုဒ္ဓုပ္ပါဒဒုလ္လဘ ခေတ်တည်းဟူသော ဘုရားသာသနာနှင့် ကြုံရပြန်သည်။ ဗုဒ္ဓသာသနာ ထွန်းကားရာဒေသတွင် လူဖြစ်လာရသဖြင့် ဗုဒ္ဓတရားတော်များကို နာကြားရခြင်းဆိုသည့် သဒ္ဓမ္မဿဝနဒုလ္လဘကို ကြုံရပြန်သည်။ သရဏဂုံသုံးပါးကို ယုံကြည်ကိုးကွယ်ခြင်းဆိုသည့် သဒ္ဓါသမ္ပတ္တိဘာဝဒုလ္လဘကို

ရခဲ့ပြန်သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် အမျိုးသား အမျိုးသမီးတို့သည် ဒုလ္လဘ(၅)ပါးတွင် (၄)ပါးနှင့် ပြည့်စုံနေပြီဖြစ်သည်။ အမျိုးသားများ အနေဖြင့်မူ ရှင်၊ ရဟန်းပြုခြင်းဆိုသည့် ပဗ္ဗဇိတဘာဝဒုလ္လဘကိုလည်း ရနိုင်ပြန်သဖြင့် ဒုလ္လဘတရား(၅)ပါးကို လက်ဝယ်ပိုင်ပိုင် ရရှိနေကြပြီ ဖြစ်သည်။

ဗုဒ္ဓဘာသာဝင် အမျိုးသား၊ အမျိုးသမီးများသည် ဘုရားသာသနာတော်ခေတ်နှင့် ကြုံကြိုက်စဉ်မှာ ရတနာသုံးပါးကို ယုံကြည်ဆည်းကပ် ကိုးကွယ်ရမည်။ ကံ၊ ကံ၏အကျိုးကို ယုံကြည်ရမည်။ တမလွန်လောကကို ယုံကြည်ရမည်ဟူသော အခြေခံယုံကြည်စိတ်ပြည့်ဝရန် လိုအပ်ပေသည်။ အယုတ်ဆုံးအားဖြင့် သရဏဂုံ သုံးပါးတည်ပြီး ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြန်အောင် ကျင့်သုံးရမည်။ ထို့ထက်ပို၍ ပွားနိုင်ပါက သမထ ဝိပဿနာဘာဝနာတရားများကို ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်သည်။

ဤသို့လျှင် ဗုဒ္ဓဘာသာဝင်ကောင်းတစ်ဦး၏ နေနည်း ထိုင်နည်းမျိုး နေထိုင်သွားနိုင်လျှင် မိမိတို့ ရှေ့ဆက်ရမည့်ခရီးအတွက် စိတ်အေးရပြီ ဖြစ်သည်။ သေမင်းနှင့်ရင်ဆိုင်ရပေတော့မည်။ ဘဝကူးကောင်းရန် သေချာနေပြီဖြစ်၍ သေရမှာကို ကြောက်စရာမလိုတော့ပေ။

သေခြင်းနှင့်ပတ်သက်၍ ကျမ်းဂန်များတွင် အသက်တမ်းကုန်၍ သေခြင်း(အာယုက္ခယ)၊ ကံ အစွမ်းကုန်၍ သေခြင်း (ကမ္မက္ခယ)၊ အသက် ကံနှစ်ပါးလုံးကုန်၍သေခြင်း (ဥဘယက္ခယ)နှင့် ကပ်၍ဖြတ်တတ်သော ကံကြောင့် သေခြင်း (ဥပစ္ဆေဒက)ဟူ၍ လေးမျိုးပြဆိုထားသည်။ သေခြင်း လေးမျိုးကို ဆီမီးခွက်မီးငြိမ်းပုံနှင့် ဥပမာပြထားပေရာ ဆီကုန်ခမ်း၍ ဆီမီး တောက်ငြိမ်းခြင်းကို အာယုက္ခယ၊ မီးစာကုန်ခမ်း၍ ဆီမီးတောက်ငြိမ်းခြင်း ကို ကမ္မက္ခယ၊ ဆီနှင့်မီးစာနှစ်ခုစလုံး ကုန်ခမ်း၍ ငြိမ်းခြင်းကို ဥဘယက္ခယ၊ လေပြင်းတိုက်၍ဖြစ်စေ၊ တမင်သက်သက် ငြိမ်းသတ်လိုက်၍ဖြစ်စေ ဆီမီးတောက်ငြိမ်းသွားခြင်းကို ဥပစ္ဆေဒကဟူ၍ နှိုင်းယှဉ်ထားပေသည်။

(၃၁)ဘုံ ကျင်လည်ကြရကုန်သော သတ္တဝါတို့မှာ မိမိတို့ဖြစ်ရာ ဘုံဌာနအလိုက် သက်တမ်းမှာ သတ်မှတ်ချက်များ ရှိပြီးဖြစ်သည်။ လူ့ဘုံ တွင်ဖြစ်သော သတ္တဝါတို့၏ သက်တမ်းကို ယနေ့ကာလတွင် တစ်ရာတန်း ဟု သတ်မှတ်ထားသော်လည်း သက်တမ်းတစ်ရာပြည့်နေရသူ ရှာမှ ရှားလှပေသည်။ သို့ဖြစ်၍ ယခုအခါ လူ့သက်တမ်းကို (၇၅)နှစ်တမ်းဟု ယေဘုယျသတ်မှတ် ထားသည်။ (၇၅)နှစ်အရွယ်ရောက်မှ သေဆုံးခြင်းမျိုးကို သက်တမ်းကုန်၍ သေရခြင်း အာယုက္ခယဟူ၍ ဆိုရ မည် ဖြစ်သည်။ (၅၀)နှစ်၊ (၆၀)နှစ် စသည်ဖြင့် သေဆုံးခြင်းမျိုးမှာ ကံ အစွမ်းကုန်၍ သေခြင်းမျိုး ကမ္မက္ခယဟု ဆိုရမည်ဖြစ်သည်။ (၇၅)နှစ် တမ်း၌ (၇၅)နှစ်လောက်နေဖို့ရန် ကံပါလာသူ၏(၇၅)နှစ်ပြည့်၍ စုတေရ ခြင်းမျိုးကို အသက်၊ ကံ အစွမ်းနှစ်ပါးလုံးကုန်၍ သေဆုံးခြင်းမျိုး ဥဘ ယက္ခယဟု ဆိုရမည်ဖြစ်သည်။ ဖော်ပြခဲ့သော အကြောင်းသုံးပါးတွင် တစ်ပါးပါးကြောင့် သေရခြင်းမျိုးကို သေချိန်ကျ၍သေရခြင်း (ကာလ မရဏ)ဟူ၍ ခေါ်ဆိုရ မည်ဖြစ်သည်။

အချို့သတ္တဝါတို့သည် အသက်တမ်းလည်း မကုန်သေး၊ ကံအစွမ်း လည်း မကုန်သေးဘဲ တစ်စုံတစ်ရာ အနှောက်အယှက်မရှိလျှင် အတော် ကြာအောင် နေနိုင်သေးသော်လည်း ရှေးအတိတ်ကာလကဖြစ်စေ၊ ယခု ဘဝမှာဖြစ်စေ ပြုမိသောအကုသိုလ်ကံက အခွင့်ရသဖြင့် တစ်နည်း နည်းဖြင့် သေရခြင်းမျိုးကို ဥပစ္ဆေဒကကံကြောင့် သေရ ခြင်းဟု ဆိုသည်။ မီးစာနှင့်ဆီ နှစ်မျိုးစလုံးမကုန်သေးဘဲ လေပြင်းတိုက်ခတ်မှု၊ တမင် ငြိမ်း သတ်မှုတို့ကြောင့် မီးတောက်ငြိမ်းရပုံမျိုး ဖြစ်သည်။ သေချိန်မတန်သေးဘဲ သူတစ်ပါးသတ်၍ သေရခြင်း၊ ကားတိုက် ခံရ၍ သေခြင်း၊ မြွေကိုက်ခံရ၍ သေခြင်းစသည်တို့သည် ဥပစ္ဆေဒကကံကြောင့် သေရခြင်းမျိုး ဖြစ်သည်။

မိမိသည် အထက်ပါသေခြင်းလေးမျိုးတွင် မည်သည့် သေခြင်းမျိုး ဖြင့် သေရမည်ဆိုသည်ကို သိနိုင်မည်မဟုတ်ပေ။ မည်သည့် သေခြင်းမျိုး

ဖြင့် သေပါစေ၊ သေခြင်းတရားကို ရင်ဆိုင်ရဲအောင် လေ့ကျင့်ထားရမည်သာဖြစ်သည်။ လောကတွင် မသိနိုင်သော တရားငါးပါးရှိသည်။ မည်သည့်အချိန်ထိ အသက်ရှင်နေထိုင်ရမည်ကို မသိခြင်း၊ မည်သည့်အချိန်တွင် နာရမည်ကိုမသိခြင်း၊ မည်သည့်အချိန်တွင် သေရမည်ကို မသိခြင်း၊ မိမိသေသွားသည့်အခါ ခန္ဓာကိုယ်ကို မည်သည့် သင်းချိုင်းတွင် မြှုပ်နှံမည်ကို မသိခြင်းနှင့် လားရောက်ရမည့် ဘုံဘဝကို မသိခြင်းဖြစ်သည်။

ထိုသို့ မသိနိုင်ခြင်းတရား ငါးပါးရှိသော်လည်း မိမိအနေဖြင့် မသိနိုင်သည်ကို သိအောင်လုပ်နေရန် မလိုပေ။ အထက်တွင် ဖော်ပြခဲ့သောအခြေခံကောင်းများ ရှိထားရန် လိုပေသည်။ ထိုသို့ ရှိထားပါက မိမိ၏ရှေ့ဆက်ရမည့်ခရီး သည်လည်း ကောင်းမွန်ဖြောင့်ဖြူးနေမည် ဖြစ်သည်။

မိမိလူ့ဘဝကို ရောက်ရှိလာစဉ်က အပြုံးပန်းများဖြင့် ကြိုဆိုခဲ့ကြသည့် ဆွေမျိုးမိတ်ဆွေများသည် မိမိရှေ့ခရီးဆက်သည့်အခါတွင်မူ အငိုဖြင့် နှုတ်ဆက်ကြပေလိမ့်မည်။ ထိုအခါ မိမိကလည်း ဆက်ငိုရမည့် အခြေအနေမျိုးသို့ မရောက်ရန် အရေးကြီးလှပေသည်။ တစ်နည်းဆိုရလျှင် မိမိဘဝကူးကောင်းရန် လိုအပ်ပေသည်။ သို့မှသာ မိမိစွန့်ခွာထားခဲ့ရသူများ ငိုရကျိုးနပ်ပြီး မိမိလည်း အပြုံးဖြင့် ခရီးဆက်နိုင်မည် ဖြစ်ပေသည်။

အိုဘေး၊ နာဘေး၊ သေဘေးတို့ကား အလွန် ကြီးမားလှပြီး မည်သူကမျှ မကယ်နိုင်ကြောင်းကို ပြလို၍ မန်လည်ဆရာတော်ဘုရားကြီးက "လူ့ဘြကြီးဘိ၊ သားအမိပင်၊ မချိကယ်ရေး၊ ကိုယ်လွတ်ပြေးသည့်၊ မီးဘေးရေဘေး၊ ပြည်ပျက်ဘေးလည်း၊ ဆယ်ရေးတစ်ရေး ကယ်နိုင်သေး၏။ အိုဘေး၊ နာဘေး၊ သေခြင်းဘေးဟု၊ ဤဘေးသုံးပါး၊ လွန်ကြီးမားကား၊ သားနှင့်အမိ၊ ဖြစ်တုံဘိလည်း၊ မျက်စိအောက်တွင်၊ ရင်ခွင်တင်လျက်၊ သက်သက်ရေးပိုင်၊ မကယ်နိုင်ဘူး၊ လက်မှိုင်ချကာ၊ နေရစွာရှင့်"ဟူ၍ မာဃဒေဝ ၂၇၄-၄၀၀တို့တွင် စပ်ဆို ဖော်ပြထားခြင်းဖြစ်သည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်သူတော်စင် အားလုံးတို့သည် နိဗ္ဗာန်မရမီ သံသရာခရီးလမ်းကို လျှောက်လှမ်းနေသမျှ အနေလှ အသေလှကြစေရန် မအို၊ မနာ၊ မသေခင်က ကောင်းမှုများပြုထားသင့်ပုံကို မင်းကွန်းတိပိဋက ဆရာတော်ဘုရားကြီးက "ယခုပင်လျှင်၊ မအိုခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့။ ယခုပင်လျှင်၊ မနာခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့။ ယခုပင်လျှင်၊ မသေခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့" စသည်ဖြင့် တရားလက် မလွတ်ကြစေရန် တစ်နည်း ရှေ့ဆက်ရမည့်ခရီး ချောမွေ့စေရန် သတိပေးထားသည်။

ရှေ့ဆက်ရမည့်ခရီး သာယာဖြောင့်ဖြူးရေးအတွက် ယခုကတည်းက ကြိုတင်ပြင်ဆင်ထားနိုင်ကြပါစေ။

စိန်တိုင်ထွန်း

# ချမ်းသာသုခ



# ချမ်းသာသုခ

လောကတွင် လူသားတို့သည် ချမ်းသာသုခရရှိမှုကို လိုလားပေသည်။ လိုလားကြသည့်အလျောက် ချမ်းသာသုခ ရရာရကြောင်းများကို ကြံစည်တွေးတောနေကြသည်။ ရှာဖွေနေကြ သည်။ ကြိုးပမ်းနေကြသည်။ လုပ်ဆောင်နေကြသည်။ ဤသည်မှာ ကျွန်ုပ်တို့ အမြင်အသိပင် ဖြစ်သည်။

ဤသို့ဆိုလျှင် ချမ်းသာသုခဟူသည် အဘယ်နည်း။ မည်သည့်အချက်များနှင့် ပြည့်စုံလျှင် ချမ်းသာသုခနှင့်ပြည့်စုံသူဟု ဆိုရမည်နည်း။ ရွှေငွေရတနာ စည်းစိမ်ဥစ္စာတို့နှင့် ပြည့်စုံသူကို ချမ်းသာသုခနှင့် ပြည့်စုံသူဟု ဆိုရမည်လော။ တန်ခိုး အာဏာရာထူးအရှိန်အဝါနှင့် ပြည့်စုံသူကိုဆိုရမည်လား။ သားသမီးခြွေရံသင်းပင်းနှင့် ပြည့်စုံသူကို ဆိုရမည်လော။ အာရုံငါးပါး ကာမဂုဏ်တရား များကို လိုတရစိတ်တိုင်းကျခံစား စံစားနေရသူကို ဆိုရမည်လားစသည့် အမေးပြဿနာများ ပေါ်ပေါက်လာပေသည်။

ဤပြဿနာနှင့် ပတ်သက်၍ လောကဝယ် လူသားတို့ ခံစားနိုင်သော ချမ်းသာလေးမျိုးရှိကြောင်း မြတ်စွာဘုရားရှင်က အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ်ပတ္တကမ္မဝဂ် အာနဏျ သုတ္တန်တွင် ဟောကြားထားသည်။

ဤသုတ္တန်ဖြစ်ပေါ်လာပုံမှာ မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အနာထပိဏ် သူဌေးကြီးသည် နေ့စဉ်မပြတ် ဝတ်နိဗဒ် ရှိသည့်အတိုင်း တစ်နေ့သောအခါ ဘုရားရှင်ထံတော်ပါးသို့ ဝတ်တွားဆည်းကပ်ပြီး ဝေးနီးလေညာ၊ မြင့်မူရာနှင့် မျက်နှာချင်းအပ်၊ နောက်ကျောရပ်ဟုဆိုသည့် အပြစ်ခြောက်ပါးကင်းသည့် သင့်တင့်လျောက်ပတ်သောနေရာတွင် နေသောအခါ၌ ဘုရားရှင်က ဒါယကာသူကြွယ်အား အိမ်ရာတည်ထောင် လူ၏ဘောင်၌နေ၍ နေ့ညဉ့်မခြား ကာမဂုဏ်ငါးပါးကို စုံမက်လိုက်စား သုံးဆောင်ခံစားနေသော လူပုဂ္ဂိုလ်သည် သင့်လျော်သော အချိန်အခါကိုစွဲ၍

ရအပ်သော ချမ်းသာလေးမျိုးရှိကြောင်း ဖော်ပြလို၍ အထက်ပါ အာနဏျသုတ္တန်ကို ဟောကြားတော်မူခြင်းဖြစ်ပါသည်။ ယင်းချမ်းသာလေးမျိုးမှာ-

(၁) အတ္ထိသုခ = ရှိမှုချမ်းသာ
(၂) ဘောဂသုခ = သုံးဆောင်မှုချမ်းသာ
(၃) အာနဏျသုခ = ကြွေးမြီမရှိမှုချမ်းသာ
(၄) အနဝဇ္ဇသုခ = အပြစ်မရှိမှုချမ်းသာ
တို့ဖြစ်သည်။

**အတ္ထိသုခ**

အတ္ထိသုခဆိုသည့် ရှိမှုချမ်းသာဟူသည်မှာ ဤလောက၌ အမျိုးကောင်းသားသည် မိမိ၏ လုံ့လဝီရိယတို့ကို စိုက်ထုတ်၍ နဖူးကချွေးခြေမကျအောင် ဆည်းပူးထားအပ်ကုန်သော စည်းစိမ်ချမ်းသာတို့ကို ရရှိပိုင်ဆိုင်ထားသည်။ ထိုစည်းစိမ်ချမ်းသာသည်လည်း တရားသဖြင့် ရအပ်သော ဓမ္မိယလဒ္ဓပစ္စည်းဖြစ်သဖြင့် အမျိုးကောင်းသားသည် ငါ့တွင်ဤသို့သော ဓမ္မိယလဒ္ဓ ပစ္စည်းဉစ္စာစည်းစိမ်ချမ်းသာများ ထင်ရှားရှိပါပေသည်ဟု ကိုယ်၏ချမ်းသာခြင်း ကာယသုခ၊ စိတ်၏ရွှင်လန်းဝမ်းမြောက်ခြင်း စိတ္တသုခဖြစ်လေသည်။ ထိုသို့ ဖြစ်ခြင်းကို ရှိမှုချမ်းသာဟုဆိုခြင်းဖြစ်သည်။

ဤရှိမှုချမ်းသာမှာ မိမိကိုယ်တိုင် ပစ္စည်းဉစ္စာတစုံတရာကိုမျှ ရှာဖွေစုဆောင်းထားခြင်းမရှိသဖြင့် ဆင်းရဲဒုက္ခရောက်ရသည့်အခါမျိုး၊ မိမိပတ်ဝန်းကျင်ရှိ ဆင်းရဲနွမ်းပါးမှုဒဏ်ခံရ၍ ကိုယ်ပန်းစိတ်နွမ်းဖြစ်နေကြသူများကို တွေ့ကြုံရသဖြင့် စိတ်ဆင်းရဲရသည့် အခါမျိုးတို့နှင့် နှိုင်းယှဉ်ကြည့်ပါလျှင် ရှိမှုချမ်းသာကျိုးကို သိသာထင်ရှားစွာ သိမြင်နိုင်မည်ဖြစ်သည်။

**ဘောဂသုခ**

ဘောဂသုခဆိုသည့် သုံးဆောင်မှုချမ်းသာဟူသည်မှာ လောကတွင် အမျိုးကောင်းသားသည် အထက်တွင် ဖော်ပြခဲ့ပြီးသည့်နည်းဖြင့် ရှာဖွေရရှိထားပြီးသော ဥစ္စာပစ္စည်းတို့ကို အမှီပြု၍ မိမိအလိုရှိတိုင်း သုံးဆောင်ခံစားသည်။ မိမိတွင် အစစ အရာရာပြည့်စုံနေ၍ သုံးဆောင်ရသည့်အခါ ချမ်းသာသည် စားရာ၊ ဝတ်ရာ၊ လှူရာတို့တွင် စိတ်သောကမရှိ ချမ်းသာသည်။

ထိုသို့ ခံစားရသော အမျိုးကောင်းသားသည် "ငါသည် ကား လုံ့လအားဖြင့် တရားနှင့်လျော်စွာ ရှာဖွေရရှိအပ်သော ပစ္စည်းတို့ဖြင့် အလိုရှိတိုင်း သုံးဆောင်ခံစားရပေပြီ။ ပေးကမ်းစွန့်ကြဲ၍ ကုသိုလ်ကောင်းမှုတို့ကိုလည်း ပြုလိုက်ရပေပြီ" ဟူ၍ ချမ်းသာရွှင်လန်း ဝမ်းမြောက်ခြင်းဖြစ်၏။ ဤသို့ဖြစ်ခြင်းကိုပင် ဘောဂသုခဟူ၍ ခေါ်ဆိုခြင်း ဖြစ်သည်။

ဤသုံးဆောင် ခံစားမှုချမ်းသာမှာ မိမိကိုယ်တိုင်ဖြစ်စေ၊ ပတ်ဝန်းကျင်မှ သူတစ်ပါးဖြစ်စေ လုပ်ကိုင်ရှာဖွေ စုဆောင်းထားသော ဥစ္စာပစ္စည်းများ ထင်ရှားရှိပါလျက် အလိုရှိတိုင်း မသုံးဆောင်လိုက်ရ၊ အလိုရှိတိုင်း မလှူဒါန်းလိုက်ရဘဲ အချည်းနှီးပျက်စီးဆုံးရှုံးမှုတို့နှင့် ကြုံတွေ့ရသဖြင့် နောင်တတစ်ဖန် ပူပန်ရသည့်အခါမျိုးနှင့် နှိုင်းယှဉ်ကြည့်ပါက သုံးဆောင်မှုချမ်းသာ၏ ချမ်းသာကျိုးကို သိမြင်နိုင်သည်။

**အာနဏျသုခ**

ဤလောက၌ အမျိုးကောင်းသားသည် တစ်စုံတစ်ယောက်ထံမှ တစ်စုံတစ်ခုသောပစ္စည်းကိုမျှ ချေးငှားယူငင်ထားခြင်းမျိုး မရှိသည့်အတွက် မျက်နှာငယ်ချေး၊ အတိုးပေးနှင့် ကြွေးတောင်းခံရ၊ နောက်ကလိုက်နေ၊ ထောင်ချလေ ငါးတွေ ငွေချေးပြစ်ဆိုသည့် အပြစ်များမှ ကင်းဝေးရပေသည်။ ထိုအခါ အမျိုးကောင်းသားသည် ငါသည် ငါ ပိုင်ဆိုင်ထားသည့်

အတိုးအရင်းပွား ပစ္စည်းဥစ္စာဟူသမျှ မည်သူ့ကိုမျှ မပေးဆပ်ရပါတကား” ဟု ချမ်းသာရွှင်လန်းဝမ်းမြောက်ခြင်းဖြစ်ရသည်။ ဤသို့ဖြစ်ရခြင်းကို အာနဏျသုခဟူ၍ ခေါ်ဆိုခြင်း ဖြစ်သည်။

ကြွေးမြီကင်း၍ ပေးဆပ်ရခြင်းမရှိသဖြင့် ရွှင်လန်းဝမ်းမြောက်မှု ဖြစ်ရသည်မှာ လွန်စွာထင်ရှားလှပါသည်။ ကြွေးမြီအတင်ခံရသူသည် ထိုကြွေးမြီပြန်ဆပ်နိုင်ရေးအတွက် အမြဲတမ်းပူပန်နေရသည်။ မပေးဆပ်နိုင်လျှင် ကြွေးမြီရှင်တို့၏ အတောင်းခံရခြင်း၊ ဆူပူခံရခြင်း၊ တရားစွဲခံရခြင်း စသည်တို့နှင့် ကြုံကြိုက်ရမည့် ဆင်းရဲဒုက္ခမျိုးကို စဉ်းစားကြည့်က သိနိုင်သည်။ ကိုယ်တိုင်မကြုံကြရမည့် ဆင်းရဲဒုက္ခမျိုးကို စဉ်းစားကြည့်က သိနိုင်သည်။ ကိုယ်တိုင်မကြုံတွေ့ဘူးသော်လည်း ထိုကဲ့သို့ ကြုံတွေ့နေရသူများကို မြင်ရတွေ့ရသည့်အခါမျိုးတွင် ကြွေးမြီကင်းမှုချမ်းသာ၏ ချမ်းသာကျိုးကို ထင်ရှားစွာ သိမြင်နိုင်သည်။

**အနဝဇ္ဇသုခ**

ဤလောက၌ အရိယာသူတော်ကောင်း၏ တပည့်သားသည် ပညာရှိတို့ ကဲ့ရဲ့ရှုတ်ချပြစ်တင်စရာ အပြစ်မျိုးမရှိ၊ သန့်ရှင်းစင်ကြယ်သော ကာယကံ၊ ဝစီကံ၊ မနောကံမှုဟူသော ကောင်းသော ကိုယ်ကျင့်တရား (သုစရိုက်တရား)နှင့် ပြည့်စုံ၏။ ထိုအရိယာ၏ တပည့်သားသည် “ငါသည်ကား အပြစ်ကင်း၍ သန့်ရှင်းစင်ကြယ်သော ကာယကံ၊ ဝစီကံ၊ မနောကံမှု ဟူသော ကောင်းသော ကိုယ်ကျင့်တရား (သုစရိုက်တရား)နှင့် ပြည့်စုံပါပေသည်”ဟူ၍ ချမ်းသာရွှင်လန်းဝမ်းမြောက်ခြင်း ဖြစ်၏။ ထိုသို့ ဖြစ်ခြင်းကို အနဝဇ္ဇသုခဟူ၍ ခေါ်ဆိုခြင်းဖြစ်သည်။

ဤအပြစ်မရှိမှု ချမ်းသာဟူသည်မှာ မိမိဖြစ်စေ၊ သူတစ်ပါးဖြစ်စေ သူ့အသက်သတ်ခြင်း၊ သူတစ်ပါးဥစ္စာကို ခိုးယူခြင်းစသော ဒုစရိုက်တရား

များနှင့် လောကဥပဒေများကို ကျူးလွန်မိ၍ နောင်တချိန်ချိန်၌ ဘေးဒဏ် သင့်ခြင်း၊ ကျူးလွန်ပြစ်မှားမိခဲ့သော မကောင်းမှုတို့ကို တရေးရေးတွေးပြီး နောင်တတစ်ဖန်ပူပန်ခြင်း ကိုယ်ရောစိတ်ပါ ပင်ပန်းဆင်းရဲရခြင်း စသည် တို့ကို တွေ့ကြုံခံစားရသည့်အခါမျိုးနှင့် ကြားမြင်သိရှိရသည့် အခါမျိုးတွင် အပြစ်မရှိမှု ချမ်းသာ၏ ချမ်းသာကျိုးကို ကောင်းစွာသိမြင်နိုင်သည်။

ဤသို့လျှင် ဘုရားရှင်က ချမ်းသာခြင်းလေးမျိုးကို ဟောကြားခဲ့ရာ ထိုလေးမျိုးတွင် ရှိမှုချမ်းသာ၊ သုံးဆောင်ခံစားမှု ချမ်းသာနှင့် ကြွေးမြီမရှိမှု ချမ်းသာသုံးမျိုးတို့မှာ တစ်သက်လျာ သာခံစားရသော လောကီသုခမျိုးသာ ဖြစ်ပေသည်။ အနဝဇ္ဇ သုခဆိုသည့် အပြစ်မရှိမှု ချမ်းသာမှာမူ မျက်မှောက် ဘဝမှာပင် ကိုယ်ရောစိတ်ပါချမ်းသာသည်သာမက သန့်ရှင်းစင်ကြယ် သော သုစရိတ သီလကို အခြေခံကာ သမာဓိလုပ်ငန်းသို့ဆက်၍ ဝိပဿ နာလုပ်ငန်းသို့ တစ်ဆင့်တက်လှမ်းပြီး မဂ်ဖိုလ်စခန်း နိဗ္ဗာန်နန်းသို့တိုင် အရောက်လှမ်း နိုင်ပေသည်။ ဘုရားရှင်က "အနဝဇ္ဇ သုခဿေတံ ကလံ နဂ္ဃတိသောဠသိံ - ရှေ့သုခသုံးပါးသည် နောက်ဆုံးဖြစ်သော အနဝဇ္ဇသုခ ၏ တစ်ဆယ့်ခြောက်စိတ်တစ်စိတ်ကိုပင် မမီနိုင်(မထိုက်တန်)"ဟု အချုပ် မိန့်ကြားခဲ့သည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် ရှေ့ဖြစ်သော သုခသုံးပါးအစွမ်းဖြင့် မျက်မှောက်ဘဝတွင် ကိုယ်ရောစိတ်ပါ ချမ်းသာရွှင်လန်း ဝမ်းမြောက် ဝမ်းသာ ဖြစ်ကြလျက် နောက်ဆုံးဖြစ်သော အနဝဇ္ဇ သုခ၏အစွမ်းအား ဖြင့် ပစ္စုပ္ပန်သံသရာ ဘဝများစွာတို့၌ ကိုယ်စိတ်နှစ်ဝ ချမ်းသာကြ၍ မဂ်ဖိုလ် နိဗ္ဗာန်တိုင် ကောင်းသော လောကုတ္တရာချမ်းသာမြတ်ကိုပါ ရယူနိုင်အောင် ကြိုးပမ်းကြပါစို့ဟု ဆန္ဒပြု ရေးသားလိုက်ရပေသည်။

# လူငယ်ကဏ္ဍ

# စိတ်ကောင်းနှလုံးကောင်းထားပါ



# စိတ်ကောင်းနှလုံးကောင်းထားပါ

ယခုအခါတွင် လူအများစုကြီးသည် မိမိတို့ ချမ်းသာသုခရရေးကို တစ်စိုက်မတ်မတ် ရှာဖွေလုပ်ဆောင်လျက်ရှိကြသည်။ ထိုသို့ လုပ်ဆောင်ကြရာတွင် ပြင်ပတွင်သာ ချမ်းသာသုခ ရှိသည်ဟု ထင်မှတ်ကာ ထိုထိုသော ပြင်ပဝတ္ထုအာရုံတို့ကိုသာ မရရအောင် ကြံဆောင် ကြိုးစားလျက်ရှိကြသည်။ ပြင်ပအရာဝတ္ထုများသည်လည်း ချမ်းသာသုခကို တကယ်ပေးနိုင်စွမ်းမရှိပေ။ ချမ်းသာသုခရရေးအတွက် အထောက်အကူပေးနိုင်ရုံသာ ပေးနိုင်သည်။ အမှန်အားဖြင့်လောက၌ ချမ်းသာသုခဟူသည် စိတ်နှင့်သာ ဆက်စပ်နေသော သဘောတရားတစ်ခုဖြစ်သဖြင့် စိတ်၌သာ ချမ်းသာသုခရှိသည်ဟု ဆိုရမည်ဖြစ်သည်။ ထို့ကြောင့် မိမိတို့သည် ချမ်းသာသုခရရန် စိတ်ကောင်းနှလုံးကောင်းထားကြဖို့ လိုအပ်သည်။ စိတ်ကောင်းနှလုံးကောင်းထားနိုင်သည်နှင့်အမျှ မိမိတို့ တစိုက်မတ်မတ်ရှာဖွေလျက်ရှိသော ချမ်းသာသုခသည်လည်း မုချမသွေ ရရှိလာမည် ဖြစ်သည်။

"စိတ်" ဟူသည် အာရုံကို သိတတ်သော သဘောရှိသည်။ ကျွန်ုပ်တို့သည် ဟိုအာရုံကိုသိ၊ သည်အာရုံကိုသိနှင့် အချိန်ရှိသမျှအာရုံကိုသိနေကြသည်။ ထိုသို့အာရုံများကို သိတတ်သော သဘောကို စိတ်ဟုခေါ်သည်။ သိသည်ဆိုရာတွင်လည်း ဉာဏ်ဖြင့်သိသော အသိမဟုတ်၊ အာရုံကိုရအောင်ယူနိုင်ခြင်းကိုပင် သိသည်ဟု ဆိုခြင်းဖြစ်သည်။ သာဓကတင်ပြရလျှင် အဆင်း အာရုံ(ရူပါရုံ)ကို မြင်သောအခါ မြင်သိ-သိသော စိတ်ဖြစ်ခြင်း၊ အသံအာရုံ (သဒ္ဒါရုံ) ကို ကြားသောအခါ ကြားသိ-သိသောစိတ်ဖြစ်ခြင်း စသည်တို့သည် "စိတ်" ၏မိမိနှင့်ဆိုင်သောအာရုံကို ရအောင်ယူနိုင်ခြင်းကို စိတ်၏သိခြင်းဟု ဆိုသည်။

စိတ်သည် အလွန်အဖြစ်အပျက် မြန်သည်။ တစ်မိနစ်၊ နှစ်မိနစ်အတွင်းမှာပင် စိတ်ကောင်း၊ စိတ်ဆိုး (ကုသိုလ်စိတ်-အကုသိုလ်စိတ်)တို့

ရောနှောပါဝင်နေတတ်သည်။ နံနက်စောစော ဘုရားအာရုံပြုနေစဉ် စီးပွားရေးကိစ္စအတွက် ခေါ်သံကြား၍ လောဘစိတ်ဖြစ်ရသည်။ တရားဘာဝနာပွားများနေချိန်တွင် မိမိအား မခံချင်အောင်ပြောဆိုသော အသံကြားရ၍ ဒေါသစိတ် ဖြစ်ရ၏။ မိမိတစ်စုံတစ်ခုအပေါ် အလိုမကျ၍ ဒေါသစိတ်ဖြစ်နေစဉ်တွင်ဆရာသမား၏ သတိပေး ဆုံးမထားခြင်းကို သတိရ၍ ကုသိုလ်စိတ်ဖြစ်ရပြန်သည်။ ဤသို့လျှင် စိတ်ပြောင်းပုံလျင်မြန်သောကြောင့် စိတ်ဖြစ်တိုင်းဖြစ်တိုင်း စိတ်ကောင်း နှလုံးကောင်းလား၊ စိတ်ဆိုး စိတ်ယုတ်လားဟု သတိဖြင့်ခွဲခြား ဆင်ခြင်ပြီးလျှင် မိမိစိတ်ကို စိတ်ကောင်းနှလုံးကောင်းများများ ဖြစ်အောင် ပြုပြင်ပေးကြရမည်ဖြစ်သည်။

မိမိစိတ်ကို မိမိအသိဆုံးဖြစ်သည်။ မိမိသည် စိတ်ကောင်းနှလုံးကောင်းထားသူဟုတ်မဟုတ် အမြဲတမ်းဆန်းစစ်နေရန်လိုပေသည်။လက်တွေ့တွင် အထက်တန်းရောက်နေသူပင် ဖြစ်သော်လည်း စိတ်ကောင်းနှလုံးကောင်းမထားဘဲ စိတ်ဆိုးစိတ်ယုတ်မွေးနေသူဖြစ်ပါက စိတ်နေစိတ်ထားအောက်တန်းကျသူပင်ဖြစ်သည်။ စိတ်ဆိုး စိတ်ယုတ်ရှိသူသည် မိမိကိုယ်မိမိ မကြည်ညိုနိုင်၊ မိတ်ဆွေညီအစ်ကိုမောင်နှမစသော ပတ်ဝန်းကျင်အသိုင်းအဝိုင်းကလည်း ထိုသူ၏ယုတ်မာကြောင်း သိနေသည့်အတွက် ထိုသူအပေါ် ချစ်ခင်ကြည်ညိုကြမည် မဟုတ်ပေ။ ထို့အပြင် စိတ်ကောင်းနှလုံးကောင်း မထားသူသည် ဒါနပြုပြု၊ သီလ ဆောက်တည် ဆောက်တည် ဘာဝနာစီးဖြန်းစီးဖြန်း မည်သည့် ကုသိုလ်လုပ်ငန်းမျိုးကို လုပ်လုပ် ရှုံးသားဖြူစင်လိမ့်မည်မဟုတ်ပေ။ ထိုသူ၏ ကုသိုလ်ကံများသည်လည်း စင်စင်ကြယ်ကြယ် ရှိလိမ့်မည် မဟုတ်ပေ။

အကယ်၍မိမိတို့က စိတ်ကောင်းနှလုံးကောင်းမထားဘဲ စိတ်ဆိုးစိတ်ယုတ်ကို လက်ခံထားလျှင် ထိုဆိုးညစ်ယုတ်မာသောစိတ်က တစ်နေ့

ထက် တစ်နေ့ယုတ်သည်ထက်ယုတ်အောင် ပြုလုပ်တတ်လေသည်။ ခိုးသူတစ်ယောက်သည် ခိုးသူတစ်ယောက်ကို၊ ရန်သူတစ်ယောက်သည် ရန်သူတစ်ယောက်ကို ပျက်စီးဆုံးရှုံးရန် မည်ကဲ့သို့ ကြံဖန်၍ပြုလုပ်စေကာမူ စိတ်ဆိုး စိတ်ညစ် စိတ်ယုတ်မာကဲ့သို့ပြုလုပ်နိုင်ကြမည်မဟုတ် ဟူ၍ ဓမ္မပဒပါဠိတော်တွင် ဟောထားသည်။

သူတစ်ပါးကို မြင့်မြတ်အောင်ဖြစ်စေ ပျက်စီးဆုံးရှုံးအောင်ဖြစ်စေ ပြုလုပ်ခြင်းတို့မှာ တစ်ဘဝမျှသာတတ်နိုင်မည်ဖြစ်သည်။စိတ်ကောင်းခြင်း၊ စိတ်မကောင်းခြင်းတို့ကမူ ဘဝအရာဘဝအထောင်မက ပြုလုပ်နိုင်ကြပေမည်။ ထို့ကြောင့် လူတိုင်းလူတိုင်းစိတ်ကောင်း နှလုံးကောင်း ထားတတ်ဖို့ရန် လွန်စွာ အရေးကြီးပေသည်။

"စိတ်"ဟူသည် အထက်တွင်ဖော်ခဲ့သည့်အတိုင်း အာရုံကိုသိမှုသဘောမျှပင်ဖြစ်၍ အကောင်းအဆိုး ခွဲခြားနိုင်စရာမရှိပေ။ ပင်ကိုယ်သဘောအားဖြင့် ဖြူစင်သည်ဟုဆိုရမည် ဖြစ်သည်။ သို့ရာတွင် ပုထုဇဉ်မှန်သမျှတို့၏ စိတ်သန္တာန်တွင် လောဘ၊ ဒေါသ၊ မောဟ စသောမကောင်းသော အခြေခံတရားများ စိုးမိုးလျက် ရှိသဖြင့် ယုတ်မာညစ်ကျူးသော စိတ်ဓါတ်မျိုး အနည်းနှင့်အများ ကိန်းဝပ်၍ ရှိကြစမြဲဖြစ်၏။ ထိုသို့ဆိုသဖြင့် ပုထုဇဉ်တို့သန္တာန်တွင် ကောင်းမွန်သောစိတ်ထားများ အလျင်းမရှိဟု ဆိုလိုရင်း မဟုတ်ပါ။ အဆိုပါ စိတ်ထားများ ရှိနိုင်စေကာမူ "စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်၏" (ပါပသ္မိံ ရမတိမနော)ဟူသော ဒေသနာတော်အရ စိတ်သည် မကောင်းမှုဘက်သို့ ကိုင်းညွတ် ကျက်စားတတ်သည်။ မုဆိုးနားနီးမုဆိုး၊ တံငါနားနီး တံငါဆိုသကဲ့သို့ ပတ်ဝန်းကျင်အခြေအနေကိုလိုက်၍ မကောင်းသောအရာကို အတုမြင် အတတ်သင်သဘောဖြင့် စိတ်ကဆွဲယူမှု ပြုတတ်သည့်သဘောရှိပေသည်။

ထို့ကြောင့် မကောင်းသောအာရုံများကို မိမိတို့က ဖယ်ခွာနေရန်

သတိပြုသင့်သည်။ ထိုအာရုံများ မိမိတို့ အနားသို့မရောက်လာအောင် ဂရုစိုက်သင့်သည်။ မကောင်းသောအာရုံများတွင် စိတ်ကိုလှည့်လည် ကျက်စားခွင့် မပေးဘဲ ကောင်းသောအာရုံများ၌သာ စိတ်ကိုမွေ့လျော် ပျော်ပိုက်အောင် မိမိတို့စိတ်ကို မိမိတို့ နိုင်နင်းစွာ ဆောက် တည်ထားသင့် သည်။ မိမိ၏စိတ်ဓါတ် တည်တံ့ခိုင်မြဲမှုကို နှောက်ယှက်ဖျက်ဆီးတတ် သော အာရုံများနှင့် မကြာခဏတွေ့ရှိတတ်သောကြောင့် အရာရာ၌ သင့် တော်အောင် နှလုံးသွင်းမှု ယောနိသောမနသိကာရကို လက်ကိုင်ထားရန် လိုအပ်ပေသည်။

ဘုရားရှင်လက်ထက်တော်က သူဌေးသားဘဝမှ ရဟန်းပြုလာသူ တစ်ဦးသည် ရဟန်းဘဝတွင် လိုက်နာကျင့်ကြံစရာတွေများပြားသဖြင့် လူထွက်လိုသည်ကို ဘုရားရှင်သိသဖြင့် "တရား အများကြီးကိုမစောင့်ထိန်း ခိုင်းဘဲ စိတ်တစ်ခုတည်းကိုသာ စောင့်ထိန်းရန်" ဘုရားရှင်နည်းပေးသဖြင့် ထိုနည်းအတိုင်းကျင့်ကြံရာ သောတာပန် တည်သွားခဲ့သည့်ထုံးရှိပေသည်။ ဤအချက်ကိုကြည့်ခြင်းဖြင့် စိတ်တစ်ခုတည်းကို ချုပ်ထိန်းနိုင်ပါလျှင် မည် မျှထိရောက်ကြောင်း သိနိုင်ပေသည်။

ထို့အပြင်ဘုရားရှင်လက်ထက်တော်က ဗန္ဓုလစစ်သူကြီး၏ ဇနီး မလ္လိကာမိဖုရားကြီးသည် အဂ္ဂသာဝကကြီးနှစ်ပါးနှင့်အတူ ရဟန်းငါးရာ အား ဆွမ်းလုပ်ကျွေးရန် စီစဉ်နေသောနေ့ နံနက်စောစောတွင် ယင်း၏ သားသုံးကျိပ်နှစ်ယောက်နှင့်အတူ အရှင်သခင်ကြီးစစ်သူကြီး ဗန္ဓုလ၏ ဦးခေါင်းကို ဖြတ်လိုက်ပြီဟူသော အကြောင်းကြားစာ ရရှိပေမယ့်လည်း ထိုစာကို ရင်ခွင်၌သိမ်းကာ ရဟန်းသံဃာများကိုသာ ဣန္ဒြေရရ ဆက် လက်၍ ဆွမ်းလုပ်ကျွေးမှုပြုခဲ့သည်။ ဤအချက်မှာ အတုယူစရာပင် ဖြစ် ပါသည်။ ဒေါသဖြစ်စရာ သောကဖြစ်စရာ အနိဋ္ဌာရုံများနှင့် တွေ့ကြုံရ သော်လည်း မိမိစိတ်ကို အကုသိုလ်မဖြစ်အောင် ထိန်းတတ် သိမ်းတတ်ပြီး ဘုရားရှင်နှင့်တကွ သာဝကတို့၏ ဆုံးမဩဝါဒကို နည်းနာကျကျ လက်

တွေ့ကျင့်သုံး သူဖြစ်ကြောင်းတွေ့ရပေသည်။

အချုပ်အားဖြင့်တင်ပြရလျှင် ကျွန်ုပ်တို့သည် ကုသိုလ်မှုကိုဖြစ်စေ အကုသိုလ်မှုကို ဖြစ်စေ မည်သည့်အမှုကိုပြုပြု မနောကံအမှုဖြင့် စတင်ကြရပေမည်။ စိတ်(မနောကံ)ဖြင့်ရှေးဦးစွာ ကြံစည်စိတ်ကူးပြီးမှသာ နှုတ်ဖြင့်ပြောဆိုမှု (ဝစီကံ) ကိုယ်ဖြင့်ပြုလုပ်မှု (ကာယကံ)တို့ကို ပြုလုပ်ကြရခြင်းဖြစ်သည်။ စိတ်ကောင်း နှလုံးကောင်း ထားခြင်းဖြင့် ဝစီကံ မနောကံ ကာယကံ အကုသိုလ်တို့ကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ ရွံ့ညွံသည် ရေကြောင့်ဖြစ်ရာ ရေဖြင့်ဆေးကြောလိုက်ပါက ရွံ့ညွံများပြောင်စင်သွားသကဲ့သို့ မကောင်းသော စိတ်ထားအကုသိုလ်တရားများသည် စိတ်ကြောင့်ပင်ဖြစ်ပေရာထိုစိတ်ဆိုးစိတ်ယုတ်များကို စိတ်ဖြင့် ပြုပြင်၍ ကောင်းသောစိတ်ထားများ ဖြစ်ပေါ်လာအောင် လုပ်ဆောင်နိုင်ကြောင်း တစ်နည်းအားဖြင့် စိတ်ကို စိတ်ဖြင့်သာ စင်ကြယ်စေနိုင်ကြောင်း မြတ်ဗုဒ္ဓက လမ်းညွှန်ပြထားပြီးဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် စိတ်ကောင်းနှလုံးကောင်းပွားများနိုင်အောင် လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့် ချမ်းသာသုခကိုရရှိအောင် လုပ်ဆောင်ရန်လိုအပ်ပါကြောင်း တင်ပြလိုက်ရပေသည်။

စိန်တိုင်ထွန်း

# လူ စင် စစ် ဖြစ် ကြ ရဲ့ လား



# လူစစ်စစ်ဖြစ်ကြရဲ့လား

ဒုလ္လဘတရားငါးပါးတွင် "မနုဿတ္တဘာဝေါ ဒုလ္လဘော" လူ့အဖြစ်ကို ရခဲပေသည်ဟု ဘုရားရှင် ဟောကြားထားပါသည်။ ထိုရခဲသော လူ့ဘဝကို ရလာကြသော အကျွန်ုပ်တို့သည် "လူစစ်စစ်" ဖြစ်အောင် ကြိုးပမ်း အားထုတ်ကြရန် လိုအပ်ပေသည်။

ခုအခါ ကျွန်ုပ်တို့သည် လူ့အဖြစ်ကိုရလာကြသည့်အပြင် ဗုဒ္ဓသာသနာတော်ကြီးနှင့်လည်း ကြုံကြိုက်နေသည့် အခါသမယဖြစ်ပေသည်။ ထိုသို့ ကြုံကြိုက်သဖြင့် ဘုရားဟောတရားတော်များကို နာကြားကြရ ကျင့်ကြံအားထုတ်ကြရပေသည်။ သို့ဖြစ်၍ သူတော်ကောင်းတရားကို ကြားနာရခြင်း ဆိုသည့် "သဒ္ဓမ္မဿဝနံဒုလ္လဘံ" ဟူသော ဒုလ္လဘတရားကိုလည်း လက်ဝယ်ပိုင်ပိုင် ရရှိနေကြပြီဖြစ်ပေသည်။

ဤသို့လျှင် ရခဲသော လူ့ဘဝကို ရရှိပြီး နာရခဲသော သူတော်ကောင်းတရားများကို ကြားနာကြိုးကုတ် ကျင့်ကြံ အားထုတ်ခွင့် ရနေကြသည့် ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်း တို့သည် မိမိတို့ကိုယ် မိမိ "လူစစ်စစ်ဖြစ်ကြရဲ့လား" ဆိုသည့် မေးခွန်းကို အဖြေထုတ်ကြဖို့ လိုအပ်နေပြီ ဖြစ်ပေသည်။

လူစစ်စစ်ဖြစ်အောင် ကျင့်ကြံနေထိုင်ကြပါမှလည်း လောကတွင် လူဖြစ်ကျိုးနပ်မည် ဖြစ်ပေသည်။

လူ့အမျိုးမျိုးရှိပုံနှင့် ပတ်သက်၍ ဝိမာနဝတ္ထု အဋ္ဌကထာတွင် အောက်ပါအတိုင်း (၄)မျိုးခွဲခြားပြထားပါသည်။

(၁) **မနုဿနေရယိက** = လူငရဲသား

(၂) **မနုဿပေတ** = လူပြိတ္တာ

(၃) **မနုဿတိရစ္ဆာန** = လူတိရစ္ဆာန်

(၄) ပရမတ္ထမနုဿ = လူစစ်စစ်

## လူငရဲသား

လူငရဲသားဆိုသည်မှာ လူသားစစ်စစ်ဖြစ်ပါလျက် သူတစ်ပါး အသက်ကို သတ်ခြင်း၊ သူတစ်ပါး ဥစ္စာကို ခိုးယူခြင်း စသော မပြုသင့်သော အမှုတို့ကို ပြုလုပ်သဖြင့် ပြစ်ဒဏ်ပေးထိုက်သည့်အလျောက် မင်းစသူတို့က လက်ခြေဖြတ်ခြင်းစသည့် အပြစ်တို့ဖြင့် အပြစ်ပေးခံရသောကြောင့် ဆင်းရဲဒုက္ခ ကြီးစွာခံစားနေရသူမျိုးကို ဆိုခြင်းဖြစ်ပေသည်။

## လူပြိတ္တာ

လူပြိတ္တာဆိုသည်မှာ လူစင်စစ်ဖြစ်ပါလျက် ရှေ့ကပြုခဲ့ဖူးသော မကောင်းမှုကြောင့် အစားအစာ အဝတ်အထည်မျှကိုလည်း မရရှိ၊ ဆာလောင်ခြင်း၊ ဆင်းရဲခြင်းဖြင့် နှိပ်စက်ခံနေရသည်ဖြစ်၍ ဆင်းရဲကြီးစွာခံစားလျက် ရပ်တည်ရာမရ ကတိမ်းကပါး ပြေးလွှားရှာဖွေနေရသူမျိုးကို ဆိုခြင်းဖြစ်သည်။

## လူတိရစ္ဆာန်

လူတိရစ္ဆာန်ဆိုသည်မှာ လူလူချင်း အတူတူဖြစ်သော်လည်း သူတစ်ပါးနှင့်စပ်၍ အသက်မွေးရသဖြင့် သူတစ်ပါးတို့၏ တာဝန်ဝတ္တရားတို့ကို ထမ်းဆောင်လျက် မနေမနား သွားလာနေရသူမျိုး နှင့် လူ့လောကစည်းမျဉ်းဥပဒေကို ကျော်နင်းဖျက်ဆီး၍ မလုပ်အပ်သည်ကို လုပ်သဖြင့် အစိုးရမင်းစသော တစ်ပါးသူတို့၏ ခြိမ်းခြောက်မှုကြောင့် သေဘေးကိုကြောက်၍ တောချုံပိတ်ပေါင်းကို မှီခိုဝင်အောင်းကာ အိပ်လိုခြင်း၊ ဆာလောင်ခြင်းဆင်းရဲကို ပယ်ဖျောက်ရုံမှတစ်ပါး အခြားမည်သည့် အကြောင်းအကျိုးဟုတ်သည် မဟုတ်သည်ကိုမျှ မစဉ်းစားနိုင်ဘဲ ဒုက္ခကြီးစွာ လှည့်

လည် ပြေးလွှားနေရသူမျိုးကို ဆိုခြင်း ဖြစ်သည်။

## လူစစ်စစ်

လူစစ်စစ်ဆိုသည်မှာ မိမိ၏ အကျိုးစီးပွားကို သိရမည်။ ကံ၊ ကံ၏ အကျိုးကို ယုံကြည်ရမည်။ မကောင်းမှုမှ ရှက်ခြင်း၊ ကြောက်ခြင်းဟု ဆိုအပ်သော ဟိရိဩတ္တပ္ပနှင့် ပြည့်စုံရမည်။ သတ္တဝါတို့အပေါ်၌ သနားခြင်း ရှိရမည်။ အကုသိုလ်ကမ္မပထတရားတို့ကို ရှောင်ကြဉ်ရမည်။ ကုသိုလ်ကမ္မပထတရားတို့ကို ကောင်းစွာကျင့်သုံး၍ ပုညကိရိယဝတ္ထုတို့နှင့် ပြည့်စုံရမည်။ ဤသို့ ဖော်ပြခဲ့သော အချက်များနှင့် ပြည့်စုံသူမျိုးကို လူစစ်စစ်ဟု ဆိုခြင်းဖြစ်သည်။

## လူစစ်စစ်ဖြစ်ရန်လို

တကယ်တော့ လူ့ဘုံဘဝလူ့ဌာနသည် ဘဝအမျိုးမျိုး ရှိသည့် အနက် ကောင်းမှုကုသိုလ် အပြုနိုင်ဆုံးသောဘဝ ဖြစ်သည်။ လူ့ဘဝမှတစ်ပါး အခြားသောဘဝ၊ အခြားသောဂတိများ၌ ကုသိုလ်ကောင်းမှု ပြုလုပ်ခွင့် မရဟု ဆိုလိုခြင်းမဟုတ်ပါ။ အဆိုပါဘဝများ ဂတိများ၌ ကောင်းမှုကုသိုလ် သင့်တန်သလောက်တော့ ပြုလုပ်ခွင့် ရကြပါသည်။

လူ့ဘုံဌာန လူ့ဘဝမှာမူ ချမ်းသာများပြားသော “သုခ ဗဟုလ” ဘုံမျိုး ဖြစ်သဖြင့် ပုညကိရိယဝတ္ထုဖြစ်ခွင့်လည်း လွယ်ကူ၍ သပ္ပုရိသူပနိဿယ ခေတ်နှင့်လည်း ပြည့်စုံနိုင်ပေသည်။

သို့သော်လည်း လူ့ဘုံသည် ဆင်းရဲဒုက္ခနှင့်ကား မကင်းသေးပေ။ ထိုသို့ ဆင်းရဲခြင်းမျိုးသည်ပင် ပုညကိရိယဝတ္ထု ကောင်းမှုပြုရန်အတွက် အထောက်အကူပြုနေသည်ကို တွေ့ရပေသည်။ မှန်ပေသည်။ ဆင်းရဲကို မှီ၍ပင် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး၌ ယုံကြည်မှု သဒ္ဓါတရား ဖြစ်ပွားကာ ကုသိုလ်ကောင်းမှုများ ပြုလာကြခြင်းမျိုးဖြစ်ပေသည်။ စာရှုသူ

များအနေဖြင့် မိမိတို့ကိုယ်မိမိ "လူစစ်စစ်" ဖြစ်ကြရဲ့လားဟူ၍ လေ့လာကြစေလိုပါသည်။ အထက်တွင် ဖော်ပြခဲ့သော လူ ၄-မျိုးတွင် မည်သည့်အမျိုးအစားတွင် ပါဝင်နေသည်ကို ဆန်းစစ်ပါ။ မိမိကိုယ်မိမိ **ပရမတ္ထ မနုဿ-လူစစ်စစ်** ဖြစ်မဖြစ် ဆိုသည့် ပေတံနှင့် တိုင်းတာကြည့်ပါ။ အကယ်၍ မိမိသည် လူငရဲသား၊ လူပြိတ္တာ၊ လူတိရစ္ဆာန် တစ်မျိုးမျိုးတွင် ပါဝင်နေမည် ဆိုပါက ထိုလူအဖြစ်မျိုးမှ လွတ်မြောက်ပြီး လူစစ်စစ် ဖြစ်လာသည်အထိ ကြိုးပမ်းအားထုတ်ကြပါ။ လူစစ်စစ်ဖြစ်ပါမှ လူဖြစ်ရကျိုးနပ်မည်။ သာသနာနှင့် ကြုံရကျိုးနပ်မည် ဖြစ်ပေသည်။

အကယ်၍ မိမိသည် **လူစစ်စစ်** ဖြစ်နေပြီဆိုလျှင်လည်း ထိုအဖြစ်မျိုးမှ ယုတ်လျော့မသွားအောင် သတိသမ္ပဇဉ်ဉာဏ်နှင့်ယှဉ်၍ ကျင့်ကြံနေထိုင်သွားရန် လိုအပ်ကြောင်း တင်ပြလိုက်ရပေသည်။

စိန်တိုင်ထွန်း

# မိတ်ကောင်းဆွေကောင်း



# မိတ်ကောင်းဆွေကောင်း

လောကတွင် မိတ်ကောင်းဆွေကောင်း (ကလျာဏမိတ္တ) ရရှိရေးသည် အလွန်အရေးကြီးသည်။ မိတ်ကောင်းဆွေကောင်းနှင့် ပေါင်းသင်းဆက်ဆံရပါမှ မိမိ၏ဘဝတစ်လျှောက်တွင် နည်းမှန်လမ်းမှန် နေထိုင်လုပ်ကိုင်သွားနိုင်မည်ဖြစ်သည်။

နောင်သံသရာတွင်လည်း ကောင်းရာသုဂတိသို့ ရောက်ရှိနိုင်မည်ဖြစ်သည်။ မိတ်ဆွေယုတ် (လူယုတ်မာ)နှင့် ပေါင်းသင်းမိပါမူ ဘဝ ရေစုံမျောရမည်ကတော့ ဧကန်မလွဲပင် ဖြစ်သည်။

လူတို့သည် လူဟူ၍ဖြစ်လာကတည်းက တစ်ဦးတည်းနေ၍ မရ၊ ပတ်ဝန်းကျင်နှင့် အမြဲဆက်ဆံနေရမြဲ ဖြစ်သည်။ ပတ်ဝန်းကျင် ဂယက်လှိုင်းသည် မိမိကို လာရောက်ရိုက်ခတ်မည် ဖြစ်သည်။ ထိုဂယက်လှိုင်းသည် ကောင်းမွန်ပါမှ တစ်နည်း မိတ်ကောင်းဆွေကောင်း ဖြစ်ပါမှ မိမိဘဝလည်း သာယာကောင်းမွန်မည်။

ထို့ကြောင့်မိတ်ကောင်းဆွေကောင်းရရှိရေးမှာ အလိုအပ်ဆုံးသောအရာတစ်ခုဖြစ်သည်။

မှန်ပေသည်။ လူဟူ၍ စတင်မွေးဖွားလာကတည်းက စတင် တွေ့ရမှာက မိဘနှစ်ပါး၊ ၎င်းတို့ လူကောင်း သူကောင်းဖြစ်ပါမှ မိမိလည်း လူကောင်းသူကောင်းဖြစ်မည်။ ဤသည်မှာ ယေဘူယျအမှန်တရား ဖြစ်ပါသည်။ ဆန့်ကျင်ဘက်သဘောမျိုးတော့ အနည်းအကျဉ်းရှိနိုင်သည်။ ထို့ကြောင့် လူမှာအမျိုး ကြက်မှာအရိုးဟု ဆိုထားခြင်း မဟုတ်ပါလား။

ကျောင်းသားအရွယ်ရောက်သောအခါ ကျောင်းသူ ကျောင်းသားပတ်ဝန်းကျင်နှင့် ဆုံပြန်သည်။ မတစ်ထောင်သားတွေကြားထဲမှာ မိမိအပေါင်းအသင်းမှာ လူကောင်းသူကောင်းများဖြစ်ကြပါမှ လူဆိုးလူပေများဖြစ်ကြလျှင်မူ မိမိသည် **ထိုအသိုက်အဝန်းထဲမှာ** ရုန်းထွက်ရန်မလွယ်၊

အထူးသဖြင့် ပျက်စီးတတ်ကြသည်မှာ ကျောင်းသားလူငယ်အရွယ်ပင် ဖြစ်သည်။ ထိုအရွယ်တွင် မိတ်ဆွေကောင်းနှင့်မတွေ့ဘဲ မိတ်ဆွေယုတ်နှင့် ပေါင်းသင်းမိပါမူ တစ်သက်လုံး ချောက်ကျသွားနိုင်သည်။

လုပ်ငန်းခွင်ဝင်ပြန်တော့လည်း ဝန်ထမ်းအချင်းချင်း အလုပ်သမားအချင်းချင်း ဆက်ဆံကြရပြန်သည်။ ထိုအခါတွင်လည်း မိတ်ဆွေကောင်းနှင့် ဆက်ဆံရပါမှ အလုပ်သမားကောင်း၊ ဝန်ထမ်းကောင်း ဖြစ်လာနိုင်သည်။ မိတ်ဆွေယုတ်နှင့် ပေါင်းသင်းမိလျှင်မူ လာဘ်စားရန် ဝန်မလေး၊ အလွဲသုံးစားပြုရန် ဝန်မလေးတော့ဘဲ ကြံလျှင် ကြံသလို ဒုစရိုက်မှုကို ပြုကြပေတော့မည်။ အကျိုးဆက်မှာ ယခုဘဝတွင် အရေးယူ အပြစ်ပေးခံရခြင်းနှင့် နောက်ဘဝ ဒုဂ္ဂတိဘုံသို့လားရောက်ရခြင်းဆိုသည့် မကောင်းကျိုးများသာ ခံစားကြရမည်ဖြစ်သည်။

လုပ်ငန်းခွင်မှ အနားယူသည့်အခါတွင်လည်း ပတ်ဝန်းကျင်ဟူသည် ရှိနေဦးမည်သာ ဖြစ်သည်။ လူ့ဘဝတွင် မွေးသည်မှ သေသည်အထိ ပတ်ဝန်းကျင်နှင့် ဆက်ဆံနေရပေရာ မိတ်ကောင်းဆွေကောင်းရရှိရေးမှာ အရေးပါကြောင်း သိသာလှသည်။

မြတ်ဗုဒ္ဓကလည်း မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ကြောင်း ဒေသနာများစွာတွင် ဟောပြထားသည်ကို လေ့လာသိရှိရသည်။ မင်္ဂလာတရား (၃၈)ပါးတွင် "လူမိုက်ကို မပေါင်းနဲ့ ပညာရှိပေါင်း၊ ပူဇော်ထိုက်သူကိုပူဇော်"ဟူ၍ အစအဦး ထူးထူးခြားခြား ဟောပြထားသည်။ လူမိုက်သူခိုးဓါးပြများနှင့် ပေါင်းသင်းဆက်ဆံ၍ မိုက်ကန်းသွားသော ကျေးသားနှင့် သူတော်ကောင်း (မိတ်ကောင်းဆွေကောင်း) ရသေ့တို့နှင့်ပေါင်းသင်းရ၍ လိမ္မာယဉ်ကျေးသွားသော ကျေးသားညီနောင် ဇာတ်လမ်းကလေးကလည်း မိတ်ကောင်းဆွေကောင်း အရေးကြီးပုံကို ညွှန်ပြလျက်ရှိသည်။

သိင်္ဂါလောဝါဒသုတ်တွင်လည်း မပေါင်းသင်း မဆည်းကပ်ထိုက်သော အဆွေခင်ပွန်းတုများနှင့် ပေါင်းသင်းဆည်းကပ်ထိုက်သော မိတ်

ကောင်းဆွေကောင်းများကို ခွဲခြားညွှန်ပြထားသည်။ ထို့အပြင် လောကကြီးပွားကြောင်း သမ္ဗုဒါတရား (၄)ပါးတွင်လည်း **မိတ်ကောင်းဆွေကောင်းရှိခြင်း**ကို တစ်ပါးအဖြစ် ထည့်သွင်းထားပေသည်။

လောကနီတိကျမ်း မိတ္တကဏ္ဍတွင်လည်း "မကောင်းသောအရပ်၊ မကောင်းသောမိတ်ဆွေ၊ ခင်ပွန်း၊ မကောင်းသော အမျိုး၊ မကောင်းသောမယား၊ မကောင်းသော ကျွန်သူခစား တို့ကို အဝေးမှကြဉ်ရှောင်ရာ၏"ဟု ဖော်ပြထားခြင်းက မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပုံကို ညွှန်ပြထားသည်။

ဤသို့ဆိုလျှင် မည်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို မိတ်ကောင်း ဆွေကောင်း (ကလျာဏမိတ္တ)ဟု ဆိုရမည်နည်း၊ မည်ကဲ့သို့သော "စံ"နှင့် တိုင်းတာရမည်နည်း။ ဤအချက်နှင့်ပတ်သက်၍ ဝိသုဒ္ဓိ မဂ်အဋ္ဌကထာ၊ ကမ္မဋ္ဌာနနုဂ္ဂဟဏနိဒ္ဒေသပိုင်းတွင် မိတ်ကောင်းဆွေကောင်း (ကလျာဏမိတ္တ)၏ ဂုဏ်အင်္ဂါရပ်များကို အောက်ပါအတိုင်း ဖော်ပြထားသည်။

(၁) သီလစင်ကြယ်၍ ချစ်ခင်အပ်သောဂုဏ်၊
(၂) သီလ၊ သမာဓိဂုဏ်တို့ကြောင့် အလေးအမြတ် ပြုအပ်သောဂုဏ်၊
(၃) မေတ္တာရေမခန်းပွားစေအပ်သောဂုဏ်၊
(၄) သူ့ကိုကောင်းအောင်ဆုံးမတတ်သောဂုဏ်၊
(၅) သူတစ်ပါး၏အဆိုကို ခံနိုင်သောဂုဏ်၊
(၆) နက်နဲသောတရားစကားကို ပြောကြားတတ်သောဂုဏ်၊
(၇) မလျောက်ပတ်သောအရာ၌ မတိုက်တွန်းတတ်သောဂုဏ် တို့ဖြစ်သည်။

အထက်ဖော်ပြပါ အင်္ဂါရပ်(၇)ရပ်နှင့် ပြည့်စုံသူကို မိတ်ကောင်းဆွေကောင်းဟူ၍ ဆိုရမည်ဖြစ်သည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးသာ အမှန်တကယ် ဆည်းကပ်ထိုက် ပေါင်းသင်းထိုက်ပေသည်။ ပညာရှိသော်လည်း

ဖော်ပြပါဂုဏ်အင်္ဂါများနှင့် မပြည့်စုံပါက ဆည်းကပ်ပေါင်းသင်းထိုက်သူဟု မဆိုနိုင်ပေ။ မိတ်ဆွေကောင်းနှင့် ပေါင်းသင်းရသူသည် မျက်မှောက်ဘဝ တစ်ခုအတွက်သာ ချမ်းသာသုခရခြင်းမဟုတ်ဘဲ ဘဝသံသရာမှ လွတ်မြောက်မှု ချမ်းသာအထိပင် ရရှိနိုင်ပေသည်။

ဤသို့ရရှိနိုင်ပုံကို ဘုရားရှင်က "အို-အာနန္ဒာ၊ ငါဘုရားတည်းဟူသော မိတ်ကောင်းဆွေကောင်းကို အကြောင်းပြု၍ ပဋိသန္ဓေယူနေရမှု ဇာတိသဘော မကင်းသေးသော သတ္တဝါတို့သည် ထိုဇာတိသဘောမှ လွတ်ကြကုန်၏" စသည်ဖြင့် ဟောကြားထားသည်ကို ထောက်ရှုသိနိုင်ပေသည်။

ယနေ့ ထင်ရှားကျော်ကြားလျက်ရှိသော ဝိပဿနာဆရာကြီး ဂိုအင်ကာကလည်း သူ့ကို အများက ဝိပဿနာပြဆရာကြီး (အာကျာရယ)ဟူ၍ ခေါ်ဆိုကြသော်လည်း သူ ကိုယ်တိုင်ကမူ သူ့ကိုယ်သူ မိတ်ဆွေကောင်း (ကလျာဏမိတ္တ) ဓမ္မအကျိုးဆောင်ဟူ၍ နာမည်ပေးထားကြောင်း မှတ်သားရ ဖူးသည်။

ထို့ကြောင့်မိမိကိုယ်တိုင် မိတ်ကောင်းဆွေကောင်းဟု သတ်မှတ်နိုင်သော အထက်ဖော်ပြပါ အင်္ဂါရပ်များနှင့် ပြည့်စုံအောင် လေ့ကျင့်ပါ၊ မိတ်ကောင်းဆွေကောင်း အင်္ဂါရပ်များနှင့် ပြည့်စုံသူမျိုးကို ဆည်းကပ်မှီဝဲ ပေါင်းသင်းဆက်ဆံပါ၊ ထိုကဲ့သို့ ပေါင်းသင်းဆက်ဆံရပြီဆိုပါက ထိုပုဂ္ဂိုလ်တွင် ကုသိုလ်တရားတွေသာ တိုးပွားလာပြီး အကုသိုလ်တရားတွေ ဆုတ်ယုတ်သွားမည်သာဖြစ်သည်။

ဤအကြောင်းကို မြတ်ဗုဒ္ဓက အင်္ဂုတ္တရနိကာယ် ဧက နိပတ် ကလျာဏမိတ္တာဒိဝဂ်တွင် ဤသို့ ဟောကြားထားပေသည်-

"ရဟန်းတို့ ဤအဆွေခင်ပွန်းကောင်း (မိတ်ကောင်း ဆွေကောင်း) ရှိခြင်း ကလျာဏမိတ္တတာတရားသည် မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း၊ ဖြစ်ပေါ်ပြီးသော အကုသိုလ်တရား

တို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပါသေးသော ကုသိုလ်တို့ ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏ လည်း ဆုတ်ယုတ်ကြောင်းဖြစ်သော အခြားတစ်ခုသော တရားကိုမျှလည်း ငါမမြင်၊ ရဟန်းတို့ အဆွေခင်ပွန်းကောင်း (မိတ်ကောင်း ဆွေကောင်း) ရှိသောသူအား မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏။ ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏။

မိတ်ကောင်းဆွေကောင်းရရှိမှုနှင့် ပတ်သက်၍ မြတ်စွာဘုရား၏ မိန့်တော်မူချက်မှာ မှန်ကန်လွန်းလှပါသည်။ တစ်နေ့တွင် အရှင်အာနန္ဒာက မြတ်စွာဘုရားရှင်အား ဤသို့လျှောက်ထား၏ "ဘုန်းတော်ကြီးသောမြတ်စွာဘုရား- ဤသာသနာတော်၌ မြတ်သောအကျင့်ကို ကျင့်သုံးနေသော ရဟန်းတော်များ၊ ဘဝဒုက္ခကင်းရာ နိဗ္ဗာန်ရောက်ရေးအတွက် မိတ်ဆွေကောင်းသည် လိုအပ်လှပါသည်ဘုရား။ နိဗ္ဗာန်ရရေးအတွက် တစ်ဝက်လောက် အထောက်အကူရပါသည်ဘုရား"

ထိုအခါ မြတ်စွာဘုရားက-

"အာနန္ဒာ. . . . ဒီလိုမပြောနှင့်၊ အမှန်မှာ ကလျာဏမိတ္တ မိတ်ဆွေကောင်းသည် နိဗ္ဗာန်ရရေးအတွက် အစမှအဆုံးတစ်ခုလုံး အပြည့်အဝ အထောက်အကူရပေ၏"

အထက်ပါ မိန့်တော်မူချက်မှာ မိတ်ကောင်းဆွေကောင်း၏ အရေးပါမှု အရေးကြီးပုံပင်ဖြစ်လေသည်။

ထို့ကြောင့် လူငယ်များအပါအဝင် လူတိုင်းလူတိုင်းသည် ပတ်ဝန်းကျင် ဂယက်လှိုင်း ရိုက်ခတ်မှုဒဏ်ကို ခံနိုင်ရည်ရှိပြီး ပစ္စုပ္ပန်သံသရာနှစ်ဖြာ အကျိုးတိုးပွားစေဖို့သာမကဘဲ နိဗ္ဗာန်မဂ်ဖိုလ်အထိ ပို့ဆောင်ပေးနိုင်စွမ်းသော မိတ်ကောင်းဆွေကောင်းများကို ရှာဖွေပေါင်းရန် ကြိုးပမ်းသင့်ကြောင်း စေတနာကောင်းဖြင့် သတိပေးလိုက်ရပေသည်။

စိန်တိုင်ထွန်း

# ဆုံးမနာယူတတ်ပါစေ



# ဆုံးမနာယူတတ်ပါစေ

ခုခေတ်ကာလ သားသမီးများသည် သိလွယ် တတ်လွယ်ကြသော်လည်း မိဘဆရာသမားတို့၏ ဆိုဆုံးမမှုကို နာယူတတ်မှု နည်းပါးကြသည်။ မိမိအမြင်၊ မိမိအပေါင်းအသင်းများ၏ အမြင်ကိုသာ စွဲစွဲမြဲမြဲ လက်ကိုင်ထားတတ်ကြသည်။ လူကြီးသူမများက ပြုပြင်ပေးသည်ကို မလိုလားတတ်ကြပေ၊ လေးငါးတန်းလောက်အထိ မိဘဆရာသမားတို့ ဆိုဆုံးမမှု အထိုက်အလျောက် လက်ခံတတ်ကြသော်လည်း (၈)တန်းလောက်မှစ၍ နောက်ပိုင်းတွင် လိုက်နာမှု အလွန်နည်းပါးသည်။ထိုအဆင့်တွင် မူလကတည်းက လိမ်မာယဉ်ကျေးသူပင် အပေါင်းအသင်းကြောင့် မှားယွင်းတတ်ကြသည်။ မူလကတည်းက မလိမ်မာသူဖြစ်လျှင် ပြောဖွယ်ရာမလို ပို၍ဆိုးသည်က များလေသည်။

စာရေးသူမိတ်ဆွေ၏ သားတစ်ယောက်ကို နမူနာအဖြစ် တင်ပြလိုသည်။ ထိုသူငယ်သည် ငယ်စဉ်က မိဘ၏ စနစ်တကျ ဆုံးမ သွန်သင်မှုအောက်တွင်ရှိခဲ့သည်။ အပေါင်းအသင်းလည်း သိပ်မများလှပေ။ ကျောင်းနှင့်အိမ် ပုံမှန်သွားလိုက်ပြန်လိုက် ရှိသည်။ ကျောင်းချိန်အတွင်း ကျောင်းပြင်ပသို့ လုံးဝထွက်သွားမှုမရှိ၊ ကျောင်းပြီးလျှင် အိမ်သို့ တန်းတန်းမတ်မတ် ပြန်လာလေ့ရှိသည်။

(၈)တန်းအောင်ပြီး ကိုးတန်းရောက်သည့်အခါ ရှေးကနှင့် လုံးဝမတူ၊ ကျောင်းလည်းမှန်မှန်မတက် အိမ်ကိုလည်း မှန်မှန်ပြန်မလာ၊ အိမ်ရောက်လို့ လူကြီးသူမက အကျိုးအကြောင်းပြ ဆိုဆုံးမလျှင် မလိုက်နာချင်တော့ပေ၊ ပြန်မပြော နားမထောင် အခြေအနေမျိုးဖြစ်လာသည်။ အရက်ကို စမ်းသောက်ကြည့်လာသည်။ ဆေးလိပ်သောက်လာသည်။ ပြောဆိုမာန်မဲလွန်းအား ကြီးလျှင် အိမ်မကပ်တော့ပေ၊ မိတ်ဆွေကလည်း သားကို ပညာတတ်ဖြစ်စေချင်သဖြင့် ပြင်းပြင်းထန်ထန် မာမာကြောကြော ပြော

သည်၊ တစ်ခါတရံ ရိုက်နှက်၍ပင် ဆုံးမသည်၊ မရပါ။ နောက်ဆုံးတော့ အိမ်ကထွက်ပြေးတော့သည်။ နောက်ပိုင်း ဆေးစွဲသည်အထိ ဖြစ်သွားသည်။ နောက်ဆုံး အဖတ်ဆယ်၍ မရအောင် ပျက်စီးသွားခဲ့သည်။

ခေတ်လူငယ် တော်တော်များများ၏ စရိုက်သဘာဝသည် ဤကဲ့သို့ သဘာဝမျိုး ရှိတတ်ကြသည်။ လူဆိုး လူပေကြီးများ မဟုတ်ကြသော်လည်း ဆုံးမနာယူတတ်မှု အားနည်းသဖြင့် ဗုဒ္ဓဘာသာယဉ်ကျေးမှု လူ့အဖွဲ့ အစည်းတွင် ကြည့်၍မရသည့် အခြေအနေမျိုးအထိ ဆိုက်ရောက်လာသည်။ ဤသည်မှာ ဗုဒ္ဓမြတ်စွာဟောဖော်ညွှန် ပြခဲ့သော (၃၈)ဖြာမင်္ဂလာတရားတွင် ပါရှိသော ဆိုဆုံးမလွယ်ကူခြင်း- သောဝစဿတမင်္ဂလာ ချို့တဲ့မှုကြောင့်ဟု ဆိုနိုင်ပေသည်။

သောဝစဿတာ မင်္ဂလာဆိုသည်မှာ လူကြီးမိဘ ဆရာသမား မိတ်ဆွေများက မကောင်းမှုမပြုလုပ်ရန် တားမြစ်ခြင်း၊ ကောင်းမှုကိုပြုလုပ်ရန် တိုက်တွန်းခြင်း၊ နေမှုထိုင်မှု ဆက်ဆံမှုများနှင့် ပတ်သက်၍ ပြုပြင်ပေးခြင်း စသည့် ဆုံးမစကားများကို လွယ်ကူစွာ နာယူမှတ်သားခြင်း၊ အဆိုပါ ဩဝါဒအတိုင်း လိုက်နာကျင့်သုံးခြင်းကို ဆိုခြင်းဖြစ်သည်။ အချုပ်ပြောရလျှင် အမိန့်နာခံခြင်း၊ တစ်ခွန်းပြောရုံဖြင့် လိုက်နာခြင်းကို ဆိုခြင်းဖြစ်သည်။

လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ ဆိုဆုံးမမှုကို နာယူတတ်သော သောဝစဿတာဂုဏ်နှင့် ပြည့်စုံလေ တန်ဖိုးရှိလေဖြစ်၏။ တောဆင်ရိုင်းထက် သစ်ဆွဲဆင်က ပိုတန်ဖိုးကြီးသည်။ ထိုသစ်ဆွဲဆင်ထက် ဆက်ကပ်ပွဲများတွင်ပြသော ဆင်က ပိုအဖိုးတန်သည်။ ဤသည်မှာ ဆိုဆုံးမမှုကို နာယူတတ်မှု၏ တန်ဖိုးပင်ဖြစ်သည်။

မြန်မာလူငယ်များသည် ရှေ့ခေတ်ကဆိုလျှင် ဆရာ၊ မိဘတို့က စာကြိုးစားရန်၊ အလုပ်ကြိုးစားရန်၊ အပျော်အပါး မလိုက်စားရန် တစ်ကြိမ်တစ်ခါ ဆိုဆုံးမရုံမျှဖြင့် အသက်ထက်ဆုံး လိုက်နာလေ့ရှိကြသည်။ မိဘ

ဆရာသမားတို့က ထိုင်ဆို ထိုင်၍ ထဆိုလျှင် ထကြ၏။ ကာပြန်ခြင်း၊ ကလန်ကဆန်လုပ်ခြင်း မရှိ၊ မရိုက်နှက် မခြိမ်းခြောက်ရဘဲနှင့် မိဘဆရာသမားများ၏ စကားကို ကျောက်ထိး တန္တုအလေးပြုကာ မြေဝယ်မကျနားထောင်ကြသည်၊ ထိုသို့ဖြစ်ခြင်းမှာ ရှေးအခါက မြန်မာလူငယ်များသည် ဘုန်းတော်ကြီးကျောင်းများတွင် ပညာဆည်းပူးကြရသဖြင့် ငယ်စဉ်အခါကပင် ဆိုဆုံးမလွယ်ကူမှု သောဝစဿတာ မင်္ဂလာနှင့် ပြည့်စုံစွာနေထိုင်မှု အလေ့ရှိခဲ့ခြင်းကြောင့် ဖြစ်ပေသည်။

ဆုံးမနာယူတတ်မှုနှင့်ပတ်သက်၍ ဘုရားရှင်လက်ထက်က တပည့်သာဝကနှစ်ပါး၏ အဖြစ်အပျက်အချို့ကို သာဓကအဖြစ် တင်ပြလိုပါသည်။ အရှင်သာရိပုတ္တမထေရ်ကြီးဆိုလျှင် ဗုဒ္ဓဘာသာဝင်အားလုံးလိုလိုသိကြသည်၊ ပညာအရာတွင် ဧတဒဂ်ရသည့် လက်ျာတော်ရံ မထေရ်ကြီးဖြစ်သည်။ ဘုရားရှင်ပြီးလျှင် အကြီးမြတ်ဆုံးသော မထေရ်ဖြစ်သည်။ ထိုမထေရ်၏ ဆုံးမနာယူတတ်မှုမှာ စံနမူနာယူထိုက်သည်။ မိမိကသူတစ်ပါးကို ဆုံးမတတ်ပြီး သူတစ်ပါးက မိမိကို ဆုံးမလာလျှင် ပုဂ္ဂိုလ်ကြီးငယ်မရွေး ဂုဏ်ကြီးဂုဏ်ငယ်မရွေး ရိုသေလိုက်နာလေ့ရှိသည်။

အရှင်သာရိပုတ္တရာမထေရ်က "ယနေ့မှ ရှင်သာမဏေ ဖြစ်လာသော ခုနှစ်နှစ်အရွယ် ရှင်သာမဏေငယ်က ဆုံးမသည့် အဆုံးအမကိုပင်လျှင် ဦးထိပ်ပန်ဆင်လျက် နာယူမည်"ဟု ထုတ်ဖော်မြွက်ကြားတော်မူခဲ့သည်။ ထိုမြွက်ကြားချက်နှင့်အညီလည်း လက်တွေ့ လိုက်နာ ကျင့်သုံးခဲ့သည်။

တစ်နေ့တွင် အရှင်သာရိပုတ္တရာမထေရ်သည် အမှတ်တမဲ့ သင်္ကန်းကို သေချာစွာပြုပြင်ဝတ်ရုံမှုမပြုဘဲ ကျောင်းမှ မြို့ရွာတွင်းသို့ ကြွတော်မူခဲ့သည်။ သင်္ကန်း မညီမညာဖြစ်နေသည်ကို မြင်ရသော သာမဏေငယ်တစ်ပါးက "အရှင်ဘုရား-သင်္ကန်း မညီမညာ ဖြစ်နေသည်ဘုရား"ဟု လျှောက်ထားလိုက်သည်။ ထိုအခါ အရှင်သာရိပုတ္တရာမထေရ်သည် ကျောင်းသို့ပြန်ကြွ၍ သင်္ကန်းကို အဝန်းညီစွာ ဝတ်ရုံပြီးနောက် သာမဏေ

ငယ်အား "ဒီလောက်ဆိုသင့်တော်ပါပြီလာဟု လက်အုပ်ချီ၍ရိုသေစွာ မေးမြန်းသည်။ သာမဏေငယ်က "သင့်တော်ပါပြီဘုရား"ဟု လျှောက်ထားမှ ဆက်ကြွသွားတော်မူသည်။

ဤသည်မှာ အသေးအဖွဲဟု ထင်ရသော်လည်း အသေအချာ စဉ်းစားကြည့်ပါက မထေရ်ကြီး၏ ဆိုဆုံးမလွယ်ကူမှု ဂုဏ်ရည်ကို ကြည်ညိုဖွယ် တွေ့မြင်ရမည်ဖြစ်သည်။ ယနေ့ခေတ်အမြင်နှင့် ကြည့်မည်ဆိုပါက အရေးမထားလောက်သည့် သာမဏေငယ်တစ်ပါး၏စကားကို လိုက်နာဖို့ဆိုသည်မှာ လွန်စွာခဲယဉ်းမည်ဖြစ်သည်။

အလားတူပင် ရှင်ရာဟုလာသည်လည်း ဆုံးမဩဝါဒကို နာယူရာတွင် အလွန်ထင်ရှားသည်။ အသက် (၇)နှစ်အရွယ်တွင် ရှင်သာမဏေပြုခဲ့သော ရှင်ရာဟုလာသည် ဘုရားရှင်၏ သားတော်ဖြစ်သည်။ ထိုခေတ်က သက်ဦးဆံပိုင် ဘုရင်တစ်ပါးဖြစ်သည့် သုဒ္ဓေါဒနမင်းကြီး၏ မြေးတော်လည်းဖြစ်သည်။ ထို့အပြင် လူအဖြစ်နှင့်နေလျှင် လေးကျွန်းပိုင်သ အစိုးရသော စကြဝတေးမင်း ဖြစ်နိုင်သူလည်းဖြစ်သည်။ အရှင်သာရိပုတ္တရာ မထေရ်သည် သူ၏ ဥပဇ္ဈာယ်ဆရာဖြစ်သည်။ သူ၏ ဘထွေးတော်များဖြစ်ကြသည့် အရှင်အာနန္ဒာ၊ အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒစသည့် သာကီဝင်မင်းမျိုးများသည်လည်း သာသနာအတွင်းမှာ ရှိနေကြသည်။ ဤသို့လျှင် အဘက်ဘက်တွင် အသာစီးရနေသူဖြစ်၍ မာန်မာနထားလိုက ထားထိုက်သူဖြစ်သည်၊ မည်သည့်ရဟန်းပုဂ္ဂိုလ်ကိုမဆို အရေးမစိုက်ဘဲ နေလိုက နေနိုင်သူဖြစ်သည်။ သို့ရာတွင် ရာဟုလာသည် မာန်မာနလုံးဝ မရှိပေ။

ရှင်ရာဟုလာသည် နေ့စဉ် နံနက်စောစောအိပ်ရာမှ ထပြီးလျှင် သဲများကို လက်ခုပ်ဖြင့်ယူ၍ "ယနေ့ အကျွန်ုပ်သည် မြတ်စွာဘုရားနှင့် ဥပဇ္ဈာယ်ဆရာထံမှ သဲလုံးအရေအတွက်နှင့်ညီမျှသော ဆုံးမဩဝါဒကို ရလိုပါ၏"ဟု ဆိုပြီးလျှင် သဲများကို ကြဲဖြန့်လေ့ရှိသည်။

တစ်နေ့တွင် ရဟန်းတော်များသည် ရှင်ရာဟုလာ၏ မာန်မာနကို

ကျိုစယ်သလိုလိုနှင့် စမ်းသပ်ကြသည်။ ရှင်ရာဟုလာသည် နေ့စဉ် ဆောင်ရွက်နေကျဝတ်အတိုင်း ကျောင်းစကြံ တံမြက်စည်း လှဲပြီးသွားချိန်တွင် ရဟန်းတစ်ပါးက အမှိုက်များဖွပြီး ရှင်ရာဟုလာ ဖြတ်လျှောက်လာ၍ အနီးရောက်သောအခါ "ဒီအမှိုက်တွေ ဘယ်သူဖွထားသလဲ"လို့ ရဟန်းတစ်ပါးကိုမေးရာ ထိုရဟန်းက ရှင်ရာဟုလာကိုကြည့်ပြီး မေးခွန်းကို မဖြေဘဲ ထင်ယောင်ထင်မှားဖြစ်အောင် "ခုနတော့ ရှင်ရာဟုလာကို ဒီနားမှာမြင်တာပဲ"ဟူ၍ ဖြေဆိုလိုက်သည်။ ထိုစကားကို ကြားရသော ရှင်ရာဟုလာသည် ငြင်းကွယ်ခြင်းမပြု၊ ငြူစူခြင်းမရှိ၊ ငါ့အဖို့ ကုသိုလ်ရလေပြီဟူ၍ မှတ်ယူပြီး "မှန်ပါ တပည့်တော် သန့်ရှင်းလိုက်ပါမယ်ဘုရား" ဟုဆိုပြီး အမှိုက်သရိုက်များကို ထပ်မံလှဲကျင်းသန့်ရှင်းပစ်ခဲ့သည်၊ ရှင်ရာဟုလာ၏ ဤပြုမူချက်သည် အသက်သိက္ခာဝါကြီးသူများအား ရိုသေမှု ဂါရဝမင်္ဂလာ၊ မာန်မာနကို နှိမ့်ချမှု နိဝါတမင်္ဂလာ၊ ပြောလွယ်ဆိုလွယ် နာယူမှတ်သားလွယ်မှု သောဝစဿတာ မင်္ဂလာ၊ မိမိမဟုတ်ဘဲ မိမိကို ပြောဆိုပါလျက် ငြင်းကွယ်ခြင်းမပြုဘဲ သည်းခံ၍ ဆောင်ရွက်ပေးခြင်း ခန္တီမင်္ဂလာများကို တစ်လုံးတစ်ဝတည်း ဖြည့်ဆည်းရာကျပေသည်။ ဤအချက်ကို အတုယူကျင့်သုံးသင့်ကြောင်းကို ထိုစဉ်က သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဖြစ်သော ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်က ၂၉-၆-၉၇နေ့တွင် ကျင်းပပြုလုပ်သည့် (၄၈)ကြိမ်မြောက် မင်္ဂလာတရားတော်၊ ဗုဒ္ဓဝင်စာမေးပွဲတွင် အောင်မြင်ကြသော မင်္ဂလာလူရည်ချွန် ဆုနှင်းသဘင်အခမ်းအနားတွင် အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

ဖော်ပြခဲ့သော မထေရ်နှစ်ပါးသည် ဘုရားရှင် သာသနာတော်တွင် ထင်ရှားကျော်ကြားတော်မူကြသော ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ထိုမထေရ်များသည် မိမိတို့ဂုဏ်အရှိန်အဝါအလိုက် မာန်မာနထားကြမည်ဆိုလျှင် ထားထိုက်ကြသူများ ဖြစ်ကြပေသည်။ သို့ရာတွင် မာန်မာနမထားကြဘဲ မိမိတို့အား ဆိုဆုံးမကြသည်ကို နာယူမှတ်သားလွယ်ကြသည်မှာ နမူနာ

ယူဖွယ် ကောင်းလှသည်။

ဘုရားရှင်ကလည်း မိမိအား အပြစ်ပြ ဆုံးမသည့် သူကို ရွှေအိုးကို ညွှန်ပြသကဲ့သို့ သဘောထားရမည်ဖြစ်ကြောင်း “အပြစ်ဖော်ပြ နှိမ့်ချ ဆုံးမလေ့ရှိသော ထိုသို့ သဘောရှိသော ပညာရှိကို မြှုပ်ထားသော ရွှေအိုးကို ပြောကြားလာသူကဲ့သို့ ထင်မှတ်ရှုကြည့်၍ ဆည်းကပ်ရာ၏၊ ထိုသို့ သဘောရှိသော ပညာရှိကို ဆည်းကပ်သောသူသည် မြတ်၏။ မယုတ်ညံ့ပေ” ဟူ၍ ဟောကြားထားကြောင်း ဓမ္မပဒ (ဂါထာ-၇၆)တွင် ဖော်ပြထားသည်။

အချုပ်အားဖြင့် တင်ပြလျှင် ယခုခေတ်လူငယ် လူရွယ်များသည် ခေတ်ပညာပိုင်းတွင် တိုးတက်မှုရှိသည် မှန်သော်လည်း ဘာသာ သာသနာရေးနှင့်ဆိုင်သော လိုက်နာမှုပိုင်းတွင် အားနည်းလျက်ရှိကြောင်း တွေ့ရသည်။ ထို့ကြောင့် လူငယ် လူရွယ်များအနေဖြင့် ဖော်ပြခဲ့သော မထေရ်နှစ်ပါး၏ ဆိုဆုံးမလွယ်မှုရှိပုံကို နမူနာယူ၍ မိမိတို့အား မိဘ ဆရာသမား မိတ်ဆွေများ၏ တရားနည်းလမ်းကျစွာ ဆိုဆုံးမမှုများကို လိုလိုလားလား နာယူမှတ်သားကာ ပြုပြင်သွားခြင်းဖြင့် သောဝစဿတာ မင်္ဂလာဂုဏ်နှင့် ပြည့်စုံအောင် ကြိုးပမ်းကြစေလိုကြောင်း စေတနာ ကောင်းဖြင့် ရေးသားလိုက်ရပေသည်။

စိန်တိုင်ထွန်း

# ဗာနတ်ခွန်ဗထူးင်



# မာနတံခွန်မထူပါနှင့်

မာနသည် ပါဠိဝေါဟာရတစ်ခုဖြစ်ပြီး မြန်မာမှုနယ်ပယ်တွင် အသုံးတွင်ကျယ်နေသော စကားလုံးတစ်လုံးဖြစ်သည်။ အဓိပ္ပါယ်မှာ ထောင်လွှားတက်ကြွခြင်းသဘောပင်ဖြစ်သည်။ သူတစ်ပါးအပေါ် မောက်မောက်မာမာ ဆက်ဆံခြင်းမျိုး ဖြစ်သည်။ မာန အခြေခံရှိသူသည် မိမိကိုယ်မိမိ အထင်ကြီးပြီး သူတစ်ပါးကိုမူ အထင်သေးတတ်သည်။ မိမိနှင့် မတူမတန်သူဟု ထင်တတ်၏။ တံခွန်တိုင်ဆိုလျှင် လူတိုင်းသိကြ၏။ တံခွန်တိုင်ထိပ်ဖျားတွင် အလံစိုက်ထူထားလျှင် အလံသည် လေတွင် တလူလူလွင့်ပျံနေပြီး အများတကာ၏ ထိပ်ဖျားတွင် တည်ရှိနေ၏။ ထို့အတူမာန အခြေခံရှိသူသည် သူတစ်ပါးကို အပေါ်က ဆက်ဆံပြီး စိတ်ဓါတ်သည် သူတစ်ပါး၏ အထက်တွင် ရှိနေတတ်၏။ ထိုကဲ့သို့သောသူမျိုးကို မာနတံခွန်ထူသူဟူ၍ ဆိုတတ်ကြသည်။

မာနကြီးသူများသည် လောကတွင် ငါမှ ငါ၊ သူတစ်ပါး ငါ့လောက်မတော်ဟု ထင်တတ်၏။ ငါတကား၊ ငါတကားဟု မာန်ကြွားလို့ မောက်မို့ငါဟဲ့လို့ ကြိမ်းဝါးဆိုတယ်။ ငါသံကို မာလှဟု ဆိုသကဲ့သို့ ငါချင်း မိုးမွှန်နေတတ်သည်။ အမှန်မှာ မာနထားခြင်းဖြင့် မိမိတွင်မည်သို့မျှ အကျိုးထူးမလာဘဲ လူမုန်းခံရခြင်း မိမိဂုဏ်ရှိန်ကျဆင်းခြင်းစသော မကောင်းကျိုးများသာ အဖက်တင် ကျန်ရစ်ခဲ့သည်။

မာနသည် စိတ်ကိုချယ်လှယ်တတ်သော စေတသိတ် (၅၂)ပါး အနက်အကုသိုလ် စေတသိတ် (၁၄)ပါးတွင် တစ်ပါးအပါအဝင် ဖြစ်သည်။ အကုသိုလ်ဆိုသည်မှာ အပြစ်ရှိခြင်း မကောင်းသောအကျိုးကို ပေးတတ်ခြင်းရှိသဖြင့် အလကားနေရင်းပင် အကုသိုလ် ကံတရားကို ပွားများနေရာကျပေသည်။ မာနကြီးသူများသည် ရိုသေထိုက်သူကို ရိုသေခြင်း

ဂါရဝမင်္ဂလာ၊ မိမိ ကိုယ်ကိုနှိမ်ချခြင်းဆိုသည့် နိဝါတ မင်္ဂလာများလည်း ချို့တဲ့လျက်ရှိကြသည်။ ထို့အပြင် မာနကြောင့် ငါစွဲအားကြီးလွန်းသဖြင့် ကိုယ်ချင်းစာ တရားလည်း ကင်းမဲ့တတ်ပေသည်။

မာနသည် တက်ကြွထောင်ထခြင်း လက္ခဏာရှိသဖြင့် နှလုံးကို လေပင့်၍ ဘဝင်မြင့်နေသူကဲ့သို့ဖြစ်သည်။ ကျမ်းဂန် စာပေများတွင် မာနကိုးမျိုးခွဲထားသော်လည်း ရှုပ်ထွေးမည်စိုး၍ ဤဆောင်းပါးတွင် ယေဘူယျသဘောသာ တင်ပြသွားမည်ဖြစ်သည်။ လူတိုင်းလူတိုင်းတွင် မိမိတို့နှင့်ဆိုင်သော စီးပွားဥစ္စာ ရာထူးဂုဏ်ရှိန် စသည်တို့ ရှိနေတတ်ကြရာ မိမိတို့ ရောက်ရှိနေသောအဆင့်နှင့် လျော်ညီစွာထားသော မာနမျိုးကို ရှိသင့်သော မာနမျိုးဖြစ်၍ ယာထာဝ မာနဟုခေါ်၏။ ထိုသို့ရှိသင့်သော မာနမျိုးကိုမူ သာမန် အရိယာသူတော်စင်ဖြစ်ရုံနှင့် မပယ်သတ်နိုင်ပေ။ မရှိသင့်သောမာနမျိုးကိုမူ သောတာပန် အရိယာ ဖြစ်စဉ်ခါကပင် ပယ်သတ်ပြီးဖြစ်ပါသည်။

မာန်မာနဖြစ်ပေါ်ခြင်းအကြောင်းများကို လေ့လာကြည့်လျှင် များစွာတွေ့ရမည်ဖြစ်သည်။ သို့ရာတွင် ဤဆောင်းပါး၌ အဓိကပေါ်လွင်ထင်ရှားသော မာနများအကြောင်းသာ အောက်ပါအတိုင်း ဆွေးနွေးတင်ပြသွားမည် ဖြစ်သည်။

**ဇာတိမာန် (အမျိုးမာန်)**

အချို့ပုဂ္ဂိုလ်များသည် မျိုးရိုးကောင်း မွန်မြင့်မြတ်သောကြောင့် မာန်ဟက်တတ်ကြသည်။ မျိုးရိုးဇာတိနှင့် ပတ်သက်၍ ရှေးအခါက ရှိခဲ့သော်လည်း ယခုအခါတွင်မူ သိသာထင်ရှားသော ကွဲပြားမှုမျိုးမရှိတော့ပေ။ သို့သော်လည်း အချို့ ပုဂ္ဂိုလ်တို့က မိမိတို့ မျိုးရိုးကသာသည်၊ အခြားအမျိုးများသည် မိမိတို့ အမျိုးလောက် မြင့်မြတ်မှုမရှိဟူ၍ ယူဆကာ တစ်ပါးသူတို့အပေါ် အထင်သေး၊ အမြင်သေး ဆက်ဆံတတ်ကြပေသည်။ အမှန်

မှာ ထိုသို့ အမျိုးမြတ်သူတို့က မာန်မာနမထားဘဲ တန်းတူ ဆက်ဆံ ပြောဆိုကြမည်ဆိုပါလျှင် မျိုးရိုး၊ အဆင့်နိမ့်သူတို့က မျိုးရိုးမြင့် သူတို့ အပေါ်ပိုမို၍ ကြည်ညိုပိုမို၍ ချစ်ခင်ကြမည်သာ ဖြစ်သည်။ ဤနေရာတွင် အမျိုးခွဲခြား ဆက်ဆံခြင်းကိုသာ ဆိုခြင်းဖြစ်သည်။ မြန်မာလူမျိုးသည် မြန်မာ့ဇာတိမာန်တော့ ရှိရမည်ဖြစ်သည်။ သို့မှသာ မိမိတို့လူမျိုး ဂုဏ်ရှိန်မြင့်မားမည် ဖြစ်သည်။

## ဓနမာန် (ဥစ္စာမာန်)

စီးပွားဥစ္စာ ချမ်းသာကြွယ်ဝသူတို့က ဆင်းရဲနွမ်းပါးသူတို့ အပေါ် မိမိတို့နှင့် မတူမတန်ဟု သဘောထားသော အထင်သေး အမြင်သေး ဆက်ဆံတတ်ကြသည်။ ဆင်းရဲနွမ်းပါးသူနှင့် အတူသွား အတူလာ မပြု ချင်ကြပေ။ အမှန်မှာ ထိုသို့ မပြုသင့်ပေ။ မိမိတို့က ဆင်းရဲနွမ်းပါးသူတို့ အပေါ် ကရုဏာ၊ မေတ္တာထားကာ ဆက်ဆံကြပါဘျင် ထိုသူတို့က မိမိတို့ အန္တရာယ်နှင့် ကြုံတွေ့လာလျှင် အကူအညီပေးကြမည်ဖြစ်သည်။ မိမိတွင် ပြည့်စုံကြွယ်ဝချမ်းသာ၍ မာနမထားသင့်သကဲ့သို့ ဆင်းရဲ နွမ်းပါးသူများ ကို တွေ့သည့်အခါတွင်လည်း “ငါက သူတို့ထက် ချမ်းသာတာပဲ။ သူတို့ကို ဘာအရေးစိုက်ရမှာလဲဆိုသည့် မာနမျိုးမထားမိအောင် သတိပြုရမည် ဖြစ်သည်။

## ပညာမာန်

စာပေပညာတတ်ကျွမ်းသူတို့က မတတ်ကျွမ်းသူတို့ အပေါ်၌ ထား ရှိသောမာန်ကို ပညာမာန်ဟု ခေါ်သည်။ ဗဟု သုတ အကြားအမြင်များသူ သိပ္ပံပညာရပ်တွင် ထူးချွန်သူ စသည်တို့ကလည်း ၎င်းတို့တတ်မြောက် သည့် ပညာကိုအခြေခံပြီး မာနကြီးတတ်ခြင်းမျိုးကိုလည်း ပညာမာန်ဟု

ဆိုရမည် ဖြစ်သည်။ ထိုသူတို့က မိမိတို့တတ်ထားသော ပညာကို အကြောင်းပြု၍ ပညာမတတ်သူတို့အပေါ် မာန်မာနထားခြင်းမှာ လုံးဝ မထားသင့်သောမာနမျိုးဖြစ်သည်။ ယခုကာလ လူအများ တတ်ရှိထားသော ဝိဇ္ဇာ/သိပ္ပံပညာ စသည် တို့မှာထူးခြားဆန်းကျယ်သော ပညာရပ်များ မဟုတ်ကြပေ။ အကြောင်းညီညွတ်၍ သင်ကြားခွင့်ရလျှင် အများပင် တတ်ကျွမ်းနိုင်သော ပညာရပ် များဖြစ်ကြပေသည်။ သို့ဖြစ်၍ အကြောင်း မညီညွတ်၍ သင်ခွင့်မရသူများအပေါ် မောက်မာမှု ဝါကြွားမှု မပြုသင့်ပေ။ ထိုသို့ပြုမည့်အစား ကိုယ်ချင်းစာ စိတ်ထားကာ တတ်စွမ်းနိုင်လျှင် မိမိကပင် စေတနာထားကာ သင်ကြား ပြသပေးသင့်ပေသည်။

## ဝဏ္ဏမာန် (အဆင်းမာန်)

မိမိအနေဖြင့် လက်ရှိဘဝတွင် အလှဂုဏ် ကြွယ်ဝနေခြင်းမှာ ရှေ့ဘဝကဒေါသနည်းပါးခြင်း၊ ပန်းစသည် လှူဒါန်းခြင်းတို့ကြောင့်ဖြစ်ပေရာ မိမိတို့ အဆင်းလှပမှုအတွက် ဂုဏ်မောက်မည်ဆိုက မောက်သင့်ပါသည်။သို့သော်လည်း ယခုဘဝတွင် အလှမာန်တက်၍ တစ်ပါးသူအပေါ် အဘက်မတန်သဘောမျိုး မထားသင့်ပေ။ နောက်နောင်ဘဝ အဆက်ဆက်တွင် ယခုထက် ပိုမို၍ အဆင်းအင်္ဂါ လှပပြည့်စုံရေးအတွက် မာန်မာနကို ခါချကာ ဣန္ဒြေရှင် သူတော်စင်ဖြစ်အောင် အသိတရား ရှေ့ထား၍ ကြိုးစားသင့်ပေသည်။

## ရာထူးမာန်

အချို့ပုဂ္ဂိုလ်များသည် မိမိတို့ရရှိထားသော ဂုဏ်ရှိန် ကြီးမားမှု အပေါ် အခြေခံ၍ မာန်တက်ကြပြန်သည်။ ဤနေရာတွင် တာဝန်အရ ဆက်ဆံရခြင်းမျိုးကား မာနကြီးသည်ဟု မဆိုလိုပေ။ တာဝန်အရ အထက်

အောက် ခွဲခြားဆက်ဆံရခြင်းမျိုးကား ရှိနေရမည်သာဖြစ်သည်။ သို့မှသာ ဆောင်ရွက်ရမည့် လုပ်ငန်းများ ချောမွေ့မည် ဖြစ်သည်။ သာမာန်အခြေ အနေမျိုး တွင်မူ မာန်မာနရှေ့မထားဘဲ လူသားအချင်းချင်း စာနာထောက် ထားကာဆက်ဆံသင့်ပေသည်။ ထိုသို့ ဆက်ဆံခြင်းဖြင့် ဘုရားရှင် ဟောကြားထားသော သင်္ဂဟတရား(၄)ပါးတွင် ပါဝင်သည့် သမာနတ္တတာ (မိမိနှင့်ထပ်တူပြုခြင်း)ဆိုသည့် သင်္ဂဟတရားကို လက်တွေ့တွင် ကျင့်သုံး ရာ ရောက်ပေသည်။ မိမိထက် ရာထူးဂုဏ်ရှိန်ကြီးမြင့်သူက မိမိကိုယ် ချစ်ချစ်ခင်ခင် ဆက်ဆံပါလား ဟူ၍ ဆက်ဆံခံရသူ လက်အောက်ငယ် သား အများစုကြီးက မိမိကို အထူးလေးစားမည်။ ချစ်ခင်လာမည်။ မိမိနှင့် ပတ် သက်၍ တာဝန်အရလုပ်ပေးရသည့် ကိစ္စမျိုးမှ သာမကဘဲ မိမိ၏ ကိုယ်ရေးကိုယ်တာ ကိစ္စမျိုးကိုပါ စိတ်ပါလက်ပါ လုပ်ပေးကြမည်သာ ဖြစ်သည်။ ထိုအခါမိမိ၏ လုပ်ငန်းများလည်း အောင်မြင်လာမည်မှာ ဧကန် ပင်ဖြစ်သည်။ အရောဝင်၍ အရှိအသေတန်သူ အနည်းအပါးတော့ ရှိကောင်းရှိမည်ဖြစ်သော်လည်း ထိုသူတို့ကြောင့် မိမိလုပ်ငန်း ထိခိုက်စရာ အကြောင်းမရှိပေ။

ဖော်ပြခဲ့သော အကြောင်းတရားများသည် ပုဂ္ဂိုလ်တစ်ဦးမှာ မာန် မာနကို ဖြစ်ပေါ်စေတတ်သော အကြောင်းများ ဖြစ်ပေသည်။ ထို အကြောင်း တစ်မျိုးမျိုးကြောင့်ဖြစ်စေ၊ နှစ်မျိုး သုံးမျိုးကြောင့် ဖြစ်စေ အားလုံးကြောင့်ဖြစ်စေမိမိတွင် မာန်တက်စရာ ပေါ်ပေါက်ခဲ့သော် “စပါးနှံ အဆံ ပြည့်တော့ ငိုက်” ဆိုသကဲ့သို့ သဘောထားကာ မာန်မာနကို ပယ်ရှားနိုင်အောင် ကြိုးပမ်းရမည်။ ထို့အပြင် “အိမ်အောက်ကျို့လျှင် အိမ်ပိလို့ သေနိုင်သော်လည်း လူအောက်ကျို့လျှင် လူပိလို့မသေ” ဟု သဘောထားကာ မာန်မာန မထားသင့်ပေ။

ဘုရားရှင်က သုဘလုလင်အား “မာန ထောင်လွှားသူများသည်

ရှိသေထိုက်သူကို မရှိသေ၊ ရှိခိုးထိုက်သူကို မရှိခိုး၊ နေရာပေးထိုက်သူကို နေရာမပေးခြင်း စသည်တို့ကြောင့် ထိုသူတို့သည် ထိုသို့မောက်မာ ထောင်လွှားမှုအကုသိုလ်ကံကြောင့် သေသောအခါ အပါယ်ဒုဂ္ဂတိသို့ လားရောက်ရပြီး လူဖြစ်လာပြန်လျှင်လည်း ယုတ်နိမ့်သော အမျိုးအနွယ်ရှိ သူသာ ဖြစ်ရသည်စသည်ဖြင့် စူဠကမ္မဝိဘင်္ဂသုတ်တွင် ဟောကြားထား သည်။

အချုပ်အားဖြင့် တင်ပြရလျှင် နှလုံးကို လေပင့်၍ ဘဝင်မြင့်သူ ကဲ့သို့ ထောင်လွှားတက်ကြွ မာန်မာနထားခြင်းသည် ထားသူအတွက် မည်သည့်ကောင်းကျိုး တစ်စုံတစ်ရာကိုမျှ မခံစားရဘဲ အခြားသူများ မြင်ပျင်းကပ်ဖွယ်ရာ အကျိုးမဲ့ကို သာဖြစ်စေပါသည်။ ထို့အပြင် မိမိယခု ဘဝတွင် အမျိုးအနွယ် မြင့်မြတ်ခြင်း၊ ခန္ဓာကြွယ်ဝ ချမ်းသာခြင်း၊ ပညာအရာ ကြီးမားခြင်း၊ အဆင်းလှပခြင်း၊ ရာထူးဂုဏ်သိန်ရှိခြင်း စသည် တို့ရရှိ နေသည့်အဆင့်မှ ဆုတ်ယုတ်မသွားစေရန် အထူးပင် အရေးကြီး ပေသည်။ ထို့အတူ နောက်နောင်ဘဝ အဆက်ဆက်တွင်လည်း ယခုရရှိ ထားသည့် အဆင့်ထက် မနိမ့်စေရန် လိုအပ်ပေသည်။ ထိုလိုအပ်ချက်ကို ပြည့်စုံစေရေးအတွက် ကျွန်ုပ်တို့သည် မာနတံခွန် မထူဘဲ" ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးသို့၊ ချိုကျိုး သောနွား၊ ဒွန်းစဏ္ဍားပမာ " သဘောထားကာ မိမိတို့တွင် ဖြစ်ပေါ်လာမည့် မာန်စွယ်ကို နုတ်ပယ် ချိုးနှိမ်ကြပါစို့" ဟု ဆန္ဒပြု ရေးသားလိုက်ရပေသတည်း။

စိန်တိုင်ထွန်း

# ကဲ့ရဲ့ခြင်း နှင့် ချီးမွမ်းခြင်း



# ကဲ့ရဲ့ခြင်းနှင့် ချီးမွမ်းခြင်း

တစ်ပါးသူက မိမိကို ချီးမွမ်းပြောဆိုလာခြင်းကို ခံယူလိုကြပြီး ကဲ့ရဲ့ခြင်းကိုမူ မလိုလားတတ်ကြပေ။ ဤသည်မှာ သဘာဝပင်ဖြစ်သည်။ မဟုတ်ပါဘဲလျက် ကဲ့ရဲ့လျှင်ဖြစ်စေ၊ ဟုတ်နေ၍ ကဲ့ရဲ့လျှင် ဖြစ်စေ မိမိကို တစ်ပါးသူက ကဲ့ရဲ့လာလျှင် မကြိုက်နှစ်သက်ကြ၊ သည်းမခံနိုင်တတ်ကြပေ။ သူတော်ကောင်းစိတ် မရှိသူဆိုလျှင် ဟုတ်၍ ကဲ့ရဲ့ခြင်းကို ပို၍ နာတတ်သည်။ ဟုတ်မှန်သည့် မိမိအပြစ်ကို သူတစ်ပါးသိအောင် ပြောရပါမည်လားဟုဆိုပြီး စိတ်အနာကြီး နာတတ်ကြသည်။ ထို့ကြောင့် "ဟုတ်တာဆို နာလိုခံခက် အမျက်ထွက်"ဟု ဆိုထားခြင်း မဟုတ်ပါလား။ သူတော်ကောင်းစိတ်ရှိသူဆိုလျှင်မူ အသင့်အတင့် နှလုံးသွင်းခြင်း (ယောနိသောမနသိကာရ)ဖြင့် ဆင်ခြင်စဉ်းစား၍ တော်ရုံတန်ရုံ ကဲ့ရဲ့ခြင်းမျိုးကို သည်းခံနိုင်ပါသည်။ သို့သော်လည်း လူကြီးဖြစ်စေ လူငယ်ဖြစ်စေ ကဲ့ရဲ့ခြင်းကိုမူ အများအားဖြင့် အလိုမရှိကြပေ။

ချီးမွမ်းခံရခြင်းကိုမူ အများက ကြိုက်နှစ်သက်ကြပါသည်။ အချို့ဆိုလျှင် မဟုတ်သည့် ဂုဏ်ကိုပြ၍ ချီးမွမ်းခြင်းကိုပင် စိတ်မဆိုးတတ်ကြ။ မဟုတ်မှန်းသိပါလျက်နှင့် ပြုံးပြီး လက်ခံလေ့ရှိကြသည်။ ချီးမွမ်းစကားပြောကြားရမည်ကိုမူ အများအားဖြင့် ဝန်လေးတတ်ကြသည်။ ကိုယ့်ထက်သာ မနာလို ဆိုသကဲ့သို့ပင် ဖြစ်သည်။

ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းဟူသည် လောကဓံတရားရှစ်ပါးတွင် ပါဝင်သော တရားနှစ်ပါးဖြစ် သည်။ လောကဓံဆိုသည်မှာ လောကတွင် တွေ့ကြုံရလေ့ရှိသောတရား (၀ါ) သတ္တဝါတွေမှာ မလွဲမရှောင်သာဘဲ အမြဲထိတွေ့နေရသော တရားမျိုးကို ဆိုခြင်းဖြစ်သည်။

မင်္ဂလာတရား (၃၈)ပါးတွင် ရဟန္တာပုဂ္ဂိုလ်များ လောကဓံတရားနှင့်ကြုံရလျှင် မတုန်လှုပ်ဘဲရှိပုံကို မင်္ဂလာတရားတစ်ပါးအဖြစ် ဖော်ပြထားပေသည်။ မတုန်လှုပ်ဟုဆိုခြင်းမှာ "ကောင်းတာတွေကို တွေ့ရလို့လည်း ဝမ်းမြောက်တတ်ကြွပြီး တုန်လှုပ်ခြင်း မရှိဘူး။ ဆိုးတာတွေကို တွေ့ရလို့

လည်း နှလုံးမသာမယာဖြစ်ပြီး စိတ်ဓာတ်ကျဆင်းခြင်း မရှိဘူး။ သာမန်ရိုးရိုးအာရုံနှင့် တွေ့ရသလို တုန်လှုပ်ခြင်းမရှိဘဲ တည်မြဲနေခြင်း"မျိုးကို ဆိုခြင်းဖြစ်ပါသည်။ ပုထုဇဉ်ပုဂ္ဂိုလ်များ အနေဖြင့်မူ ကဲ့ရဲ့စွပ်စွဲခံရပါမူ "မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးတောင် အကဲ့ရဲ့အစွပ်စွဲ ခံရသေးတာပဲ၊ ငါတို့လို သာမန်ပုဂ္ဂိုလ်မှာ အဘယ်ကြောင့် မခံရဘဲရှိမလဲ၊ ခံရပေလိမ့်မည်" ဟူ၍ ဆင်ခြင်ပြီး လောကဓံကို ကြံ့ကြံ့ခံနိုင်အောင် လေ့ကျင့်ရမည်ဖြစ်သည်။

ဘုရားရှင်ကိုယ်တော်တိုင် ကဲ့ရဲ့ခံ၊ ဆဲရေးခံရပုံကို သာဓက များစွာထဲမှ တစ်ခုထုတ်ပြလိုပါသည်။ အားလုံးသိကြပြီး ဖြစ်သည့်အတိုင်း မာဂဏ္ဍီသည် ကောသမ္ဗီပြည်ရှင် ဥတေနမင်း၏ မိဖုရား တစ်ပါးဖြစ်သည်။ မိဖုရားမဖြစ်မီက သူ၏မိဘများသည် သူတို့သမီးကို သာမန်ယောကျ်ားနှင့် မပေးစားလို၊ ယောကျ်ားမြတ်လက္ခဏာနှင့် ပြည့်စုံသူကိုသာ ပေးစားလိုသဖြင့် ရှာဖွေရာ ဘုရားရှင်ကို တွေ့ကြရသဖြင့် ဘုရားရှင်ကို သူတို့သမီးနှင့် ပေးစားရန် လျှောက်ထားရာ ဘုရားရှင်က လက်ခံ မခံ မပြောသေးပဲနှင့် ဘုရားဖြစ်တော် မူအောင် ကျင့်ကြံပုံ၊ မာရ်နတ်က နှောက်ယှက်ပုံ၊ မာရ်နတ်၏ သမီးများက လာရောက်သွေးဆောင် ဖျားယောင်း ပုံများပြောပြပြီး ပုဏ္ဏားလင်မယားအား တရားဟောပြရာ နှစ်ဦးစလုံး အနာဂမ်ဖြစ်သွားကြသည်။ (နောက်ပိုင်းတွင် နှစ်ဦးစလုံး ရဟန္တာဖြစ်သွားကြသည်) ထို့နောက်မှ ကျင်ကြီးကျင်ငယ်တို့နှင့် ပြည့်နှက်နေသည့် မာဂဏ္ဍီကဲ့သို့သောသူကို လိုလားနှစ်ခြိုက်မှုမရှိသည့်အပြင် မာဂဏ္ဍီ၏ ကိုယ်ကို ခြေတို့ဖြင့် ထိရန်ပင် အလိုမရှိကြောင်း မိန့်ကြားခဲ့သည်။

ဘုရားရှင် ဤကဲ့သို့မိန့်တော်မူသည်ကို ပုဏ္ဏားကြီးဇနီး မောင်နှံတို့က တရားထူးများ ရရှိသွားကြပြီဖြစ်၍ အကြောင်းမထူးသော်လည်း ၎င်းတို့၏သမီး မာဂဏ္ဍီကမူ သူ့ကို ကျင်ကြီးကျင်ငယ်နှင့် နှိုင်းရပါမည်လားဟု ဘုရားရှင်အပေါ် စိတ်ခုသွားပြီး ရန်ငြိုးဖွဲ့လေတော့သည်။

နောက်ပိုင်း မာဂဏ္ဍီသည် ကောသမ္ဗီပြည့်ရှင် ဥတေနမင်း၏ မိဖုရား

ဖြစ်လာသည်။ ထိုစဉ်ကာလတွင် ဘုရားရှင် ကောသမ္ဗီပြည်သို့ ကြွလာခိုက်နှင့် ကြုံသဖြင့် မာဂဏ္ဍီအတွက် အကွက်ဆိုက်လေတော့သည်။ နန်းတော်တွင်းမှာရှိသော ကျွန်အမှု လုပ်များကို ငွေပေးပြီး ဘုရားရှင်အား ဆဲရေးခိုင်း၊ ကဲ့ရဲ့ရှုတ်ချခိုင်းသည်။ ကျွန်အမှုလုပ်များကလည်း မာဂဏ္ဍီမိဖုရားကြီး ခိုင်းစေသည့်အတိုင်း ပြုမူခဲ့ကြသည်။

ဤသို့ အကြောင်းမဲ့သက်သက် ကဲ့ရဲ့ကြ၊ ဆဲဆိုကြသည်များကို နေ့စဉ်လို ကြုံတွေ့နေရသဖြင့် အရှင်အာနန္ဒာက ဘုရားရှင်အား တစ်ခြားမြို့ကို ပြောင်းရွှေ့ရန် လျှောက်ထားသည်။ ဘုရား ရှင်က တစ်ခြားမြို့ကို ပြောင်းရွှေ့သွားရုံနှင့် ဆဲရေး ခံရခြင်းမှ လွတ်မည်ဟုမဆိုနိုင်။ ထိုမြို့တွင်လည်း ထပ်မံကြုံချင် ကြုံပေလိမ့်ဦးမည်။ သူတစ်ပါး ဆဲဆိုတိုင်း၊ ကဲ့ရဲ့ရှုတ်ချတိုင်း တစ်ခြားသို့ ပြောင်းရွှေ့သွားရန်လည်းမသင့်၊ အဓိကရုဏ်း မှုခင်းပြဿနာ ဆိုသည်မှာ ဖြစ်ပေါ်ရာဌာနမှာပဲ ငြိမ်းစေရမည်။ ထိုသို့ ငြိမ်းစေပြီးမှသာ တစ်ခြားသို့သွားရမည်ဟု အမိန့်ရှိသည်။

ထို့နောက် ဆက်၍ "စစ်ပွဲဝင်တဲ့ ဆင်ကြီး ဟာ အရပ်လေးမျက်နှာမှ ကျလာတဲ့မြားဒဏ်ကို သည်းခံသလို ငါဘုရားသည်းခံနေမယ်၊ အာနန္ဒာ မစိုးရိမ်နဲ့၊ သူတို့ဟာ ခုနစ်ရက်သာဆဲနိုင်၊ ကဲ့ရဲ့နိုင်ကြမယ်၊ ရှစ်ရက် မြောက်ကြရင် အဆဲရပ်ပြီး အေးချမ်းသွားလိမ့်မယ်"ဟု အမိန့်ရှိပါသည်။ ဘုရားရှင်နှင့်စပ်ပြီး ဖြစ်ပေါ်လာသည့် ကဲ့ရဲ့စွပ်စွဲမှု၊ ဆဲရေးမှု အဓိကရုဏ်းများသည် ခုနစ်ရက်ထက်မလွန်ဘဲ ငြိမ်းစမြဲပင် ဖြစ်သည်။ ဤသည်ကို အကြောင်းပြုပြီး ကဲ့ရဲ့ခုနစ်ရက်၊ ချီးမွမ်း ခုနစ်ရက်" ဟူ၍ ပြောခဲ့ကြခြင်း ဖြစ်သည်။ ဤသည်မှာ ဘုရားရှင်အပေါ် ကဲ့ရဲ့မှုနှင့်ပတ်သက်၍ ဘုရားရှင်၏ သည်းခံပုံ သာဓကတစ်ခုပင် ဖြစ်ပေသည်။

အမှန်မှာ ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းဟူသည် ယခုမှ ပေါ်ပေါက်လာသော တရားအသစ်အဆန်း မဟုတ်။ ရှေးအစဉ်အဆက်တည်းက ပေါ်ပေါက်ခဲ့သော ထုံးတမ်း စဉ်လာတရား ဖြစ်သည်။ ဤအချက်ကို သိသာထင်ရှားစေရန် ဘုရားရှင်က အတုလဉပါသကာအား အောက်ပါ

အတိုင်း ဟောကြားခဲ့သည်-

- ပေါရာဏမေတံ အတုလ၊ နေတံ အဇ္ဇ တနာမိဝ။
နိန္ဒန္တိ တုဏှိ မာသိနံ၊ နိန္ဒန္တိဗဟု ဘာဏိနံ။
မိတ ဘာဏိမ္ပိ နိန္ဒန္တိ၊ နတ္ထိလောကေ အနိန္ဒိတော။

(ဓမ္မပဒဂါထာ-၂၂၇)

- အို---အတုလ ဤကဲ့ရဲ့ခြင်းသည် ရှေးရိုး အစဉ်အလာ ပေတည်း။ ဤကဲ့ရဲ့ခြင်းသည် အခုမှ ဖြစ်ပေါ်လာသည်မဟုတ်၊ ဆိတ်ဆိတ်နေသူကိုလည်း ကဲ့ရဲ့ကုန်၏။ များစွာပြောဟောသူကို လည်း ကဲ့ရဲ့ကုန်၏။ နှိုင်းချိန်၍ ပြောသောသူကိုလည်း ကဲ့ရဲ့ကုန်၏။ လောက၌ အကဲ့ရဲ့ခံရခြင်းမှ လွတ်သောသူဟူ၍ မရှိပေ။

- န စာဟု နစဘဝိဿတိ၊ န စေတရဟိ ဝိဇ္ဇာတိ။
ဧကန္တံ နိန္ဒိတော ပေါသော၊ ဧကန္တံ ဝါ ပသံ
သိတော။

(ဓမ္မပဒဂါထာ-၂၂၈)

- လုံးဝ အကဲ့ရဲ့ခံရသူ၊ လုံးဝ အချီးမွမ်းခံရသူဟု ရှေးကလည်း မရှိခဲ့ဘူး၊ နောင်အခါလည်း ရှိလိမ့်မည်မဟုတ်၊ ယခုအခါ၌လည်း မရှိပေ။

အချုပ်အားဖြင့် တင်ပြရလျှင် လောကတွင် ချီးမွမ်းခံရမှုထက် ကဲ့ရဲ့ခံရမှုကသာ များပေသည်။ သူတစ်ပါးကို ချီးမွမ်းရမည်ကို ဝန်လေးတတ်ကြပြီးကဲ့ရဲ့မှုကို လိုလိုလားလား ပြုမူတတ်ကြသည်။ မိမိတို့သည် အကဲ့ရဲ့ခံရပါက တုန်လှုပ်မှုမရှိအောင် စိတ်ကို ခိုင်မာစွာထားနိုင်အောင် ကြိုးစားလေ့ကျင့်ရမည်။ အကဲ့ရဲ့ခံရသည့်အခါတိုင်း မိမိစိတ်မည်မျှ ခိုင်မာနေသည်ကို စစ်ဆေးကြည့်ပါ။ အကဲ့ရဲ့မခံရအောင် သတိထား ရမည်ကတော့ မိမိတာဝန်ပင် ဖြစ်သည်။ ထိုသို့ ကဲ့ရဲ့မခံရအောင် သတိနှင့်နေပါလျက်နှင့် ကဲ့ရဲ့ခံရမည်ဆိုပါလျှင် လောကဓမ္မတာ ဖြစ်၍ တုန်လှုပ်မှုမရှိအောင် လေ့ကျင့်သင့်ကြောင်း တင်ပြလိုက်ရ ပေသည်။

စိန်တိုင်ထွန်း

# အသိဉာဏ်ကောင်းမွဲခြင်း၏

# အန္တရာယ်



# အသိဉာဏ်ကင်းမဲ့ခြင်းသည်ဘေးအန္တရာယ်

လောကတွင် သိစရာများသည် အသင်္ချေ အနန္တ များပြားလှပါသည်။ ထိုမျှများပြားသော သိစရာများကို အကုန်အစင် သိရှိရန်မလွယ်ကူပေ။ ကြွင်းမဲ့ဉဿုံအလုံးစုံကို သိမြင်တော်မူသော သဗ္ဗညုဘုရားရှင်မှလွဲ၍ သိစရာအလုံးစုံကို မည်သူမျှသိနိုင်ကြမည်မဟုတ်ချေ။ ယခုကဲ့သို့ ပညာရပ်အဖုံဖုံ စုံလင်တိုးတက်နေသော ယနေ့ ကမ္ဘာကြီးတွင် အကုန်အစင်သိရှိရန် ပို၍ပင် မလွယ်ကူလှပါပေ။ သို့ရာတွင် ကျွန်ုပ်တို့သည် သိစရာအကုန်အစင် မသိနိုင်သော်လည်း မိမိတို့ ပြုသင့်ပြုထိုက် သိသင့်သိထိုက်သော ကိစ္စများနှင့် ပတ်သက်လာလျှင်မူ အသိဉာဏ်ရှိအောင် ပြုလုပ်ထားရမည်ဖြစ်သည်။

ဥပမာတင်ပြရလျှင် လောကီရေးရာ၌ ဆရာဝန်တစ်ဦး ဖြစ်လိုသူသည် ရှေးဦးစွာ ဆေးဘက်ဆိုင်ရာ အတတ်ပညာများကို တတ်သိနားလည် ကျွမ်းကျင်အောင် သင်ယူထားရမည်။ ထို့နောက်မှသာ လက်တွေ့ကုသမှု ပြုလုပ်ရမည်ဖြစ်သည်။ ဆရာဝန် အတတ်ပညာ တတ်ကျွမ်းနားလည်မှုမရှိသေးဘဲလျက် ဆရာဝန်လုပ်၍ ဆေးကုပါလျှင် လူသတ်သမားသာ ဖြစ်၍ ဆရာဝန်ရော လူနာပါ နှစ်ဦးစလုံး နစ်နာဆုံးရှုံး ပျက်စီးမည်သာ ဖြစ်ပေသည်။

အလားတူပင် လောကုတ္တရာရေး၌ မဂ်ဖိုလ် နိဗ္ဗာန်ကို ရလို၍ကျင့်ကြံအားထုတ်လိုသူဖြစ်ပါမူ ရှေးဦးစွာ အားထုတ်ပုံ အားထုတ်နည်း၊ ကျင့်ကြံပုံ ကျင့်ကြံနည်းများကို ဝိပဿနာပညာရှိ သူတော်ကောင်းများထံ နည်းနာခံ၍ဖြစ်စေ၊ ဘုရားဟော ကျမ်းဂန်ပါ အားထုတ်ပုံ အားထုတ်နည်းများကို သဘောပေါက် နားလည်အောင် ကြည့်ရှုလေ့လာ၍ဖြစ်စေ သိအောင် နားလည်အောင် ပြုလုပ်ပြီး ကျင့်ကြံရမည်။ သို့မှသာ အလိုရှိသော မဂ်ဖိုလ်နိဗ္ဗာန်ကို ရရှိနိုင်မည်ဖြစ်သည်။ မတတ်မသိ နားမလည်ပါဘဲ နည်းလမ်း မမှန်မကန် အရမ်းကျင့်ကြံ အားထုတ်မည်ဆိုလျှင် အချိန်ကုန်

လှူပန်း၍ အချည်းနှီးသာ ဖြစ်ပေလိမ့်မည်။ ဖော်ပြခဲ့သည့် ဥပမာများကို ကြည့်ခြင်းဖြင့် အသိဉာဏ်ကင်းမဲ့ခြင်း၏ အန္တရာယ် မည်မျှကြီးမားကြောင်း သိသာ ထင်ရှားနေပေသည်။

ဘုရားရှင်ကလည်း "သိက္ခမာနေန ဘိက္ခဝေ ဘိက္ခုနာ အညာတဗ္ဗံ ပရိပုစ္ဆိတဗ္ဗံ ပရိပဥ္စိတဗ္ဗံ"ဟူ၍ ဟောကြားထားသည်။ အဓိပ္ပာယ်မှာ ကျင့်ခြင်းငှာ အလိုရှိသော ရဟန်းရှင်လူသည် ကျင့်ပုံကျင့်နည်းကို သိအောင်လုပ်ရမည်။ ပညာရှိသူ သူတော်ကောင်းများထံ ဆည်းကပ်မှီဝဲ၍ အဖန်တလဲလဲ မေးမြန်းရမည်။ သဘောပေါက်အောင် အဖန်တလဲလဲ စဉ်းစားနှိုင်းချိန်ရမည် ဟူ၍ ဖြစ်သည်။ မြန်မာမှုနယ်ပယ်တွင်လည်း "မသိလျှင်မေး မစင်လျှင်ဆေး"ဟူ၍ စကားပုံပြုထားသည် မဟုတ်ပါလား။

လောကီရေးတွင်ဖြစ်စေ၊ လောကုတ္တရာရေးတွင်ဖြစ်စေ မည်သည့် အရေးကိစ္စမျိုးမှာမဆို ဟုတ်တိုင်းမှန်စွာသိသော အသိဉာဏ်ရှိရန် လိုပေသည်။ ထိုအသိဉာဏ်သည် အလွန်အရေးကြီးပြီး အဖိုးတန်လှသည်။ အသိဉာဏ်ရှိသူနှင့် အသိဉာဏ်မရှိသူ နှစ်ယောက် ပါဏာတိပါတ စသော အကုသိုလ်မကောင်းမှုကို အတူပြုကြသည်ဆိုပါစို့။ ထိုသို့ အတူပြုသူ အချင်းချင်းဖြစ်သော်လည်းအပြစ်ကြီးခြင်းမတူပါ။ အသိဉာဏ်ရှိသောသူ ပြုသည့် အကုသိုလ်မှာ အပြစ်ငယ်၍ အသိဉာဏ်မရှိသောသူ ပြုသည့် အကုသိုလ်မှာ အပြစ်ပိုကြီးသည်။ အလားတူပင် ဒါန၊ သီလ စသော ကောင်းမှုကုသိုလ်ပြုရာ၌လည်း အသိဉာဏ်ရှိသောသူ ပြုသော ကုသိုလ်မှာ ပိုမိုအကျိုးကြီးပြီး၊ အသိဉာဏ်မရှိသူပြုသော ကုသိုလ်မှာ အကျိုးနည်းသည်။ ထို့ကြောင့် ဗဟုသုတအသိဉာဏ်သည် လောကီ လောကုတ္တရာ ကောင်းကျိုးချမ်းသာနှစ်ခုလုံးအတွက် အလွန်အရေးပါလှကြောင်း ထင်ရှားနေပေသည်။

ပို၍ထင်ရှားစေရန် အောက်တွင် ဖော်ပြထားသည့် မိလိန္ဒအမေးနှင့် အရှင်နာဂသိန်အဖြေကို လေ့လာကြည့်ကြပါစို့။

**မိလိန္ဒမင်းမေး။** ။အရှင်ဘုရား အကြင်သူသည် အပြစ်ကို သိ

လျက် မကောင်းမှုကိုပြု၏။ အကြင်သူသည်အပြစ်ကို မသိဘဲမကောင်းမှုပြု၏။ ထိုသူနှစ်ယောက်တို့တွင် အဘယ်သူအား သာလွန်ပိုမို၍ မကောင်းမှုများပါသနည်း။ (အပြစ် ပိုကြီးပါသနည်း။)

**အရှင်နာဂသိန်ဖြေ။** ။ ဒကာတော် မင်းကြီး အကြင်သူသည် မသိဘဲ မကောင်းမှုကိုပြု၏။ ထိုသူအား မကောင်းမှုသည် များ၏။ (အပြစ် ပိုကြီး၏။)

**မိလိန္ဒမင်းမေး။** ။ အရှင်ဘုရား ဒကာတော်တို့တွင် အကြင်မင်းသားသည် လည်းကောင်း၊ မင်း၏အမတ် စသည်တို့သည်လည်းကောင်း သိလျက် မကောင်းမှုကိုပြုအံ့ (သိလျက် ဥပဒေကို လွန်ကျူးအံ့) ထိုသိလျက် ပြုသော (လွန်ကျူးသော) သူအား နှစ်ဆတက်သော အပြစ်ဒဏ်ကို ပေးကြပါကုန်၏။

**အရှင်နာဂသိန်ဖြေ။** ။ ဒကာတော်မင်းကြီး ငါ မေးလတ္တံ့သော စကားကို အဘယ်ကဲ့သို့ အောက်မေ့မှတ်ထင်သနည်း။ ရဲရဲပြောင်ပြောင် အလျှံနှင့်တကွဖြစ်၍ အလွန်ပူသော သံတွေခဲကို တစ်ယောက်သောသူသည် သိလျက်ကိုင်အံ့၊ တစ်ယောက်သောသူသည် မသိဘဲကိုင်အံ့ အဘယ်သူအား ပြင်းစွာပူလောင်ရာသနည်း။

**မိလိန္ဒမင်းဖြေ။** ။ အရှင်ဘုရား ပူမှန်းမသိဘဲ ကိုင်သောသူအား ပြင်းစွာပူလောင်ရာ၏။

**အရှင်နာဂသိန်ဖြေ။** ။ ဒကာတော်မင်းကြီး ဤ ဥပမာအတူသာလျှင် အကြင်သူသည် အပြစ်ကို မသိဘဲ မကောင်းမှုကို ပြု၏။ ထိုသူအား မကောင်းမှုသည် များ၏။ (အပြစ်ပိုကြ၏။)

**မိလိန္ဒမင်း။** ။ အရှင်ဘုရား သင်တင့်လျော်က် ပတ်ပါပေ၏ဟု (ကျေနပ်စွာ) ဝန်ခံခြင်းပြုရာသည်။

အထက်ပါအမေးအဖြေ၏ ဆိုလိုရင်းကို ကြည့်လျှင် ရဲရဲတောက်၍ အလွန်ပူသော သံတွေခဲကို သိလျက်ကိုင်သော သူမှာ အဆင်အခြင်အတိုင်းအထွာ အသိဉာဏ်ဖြင့် ခပ်ဖွဖွ ကိုင်သဖြင့် ပြင်းစွာ မပူလောင်ပေ။

အလွန်ပူသော သံတွေခဲဟူ၍ မသိဘဲ တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားသူမှာ အလွန်ပြင်းထန်စွာ ပူလောင်မည်ဖြစ်ပေသည်။ ထိုနည်းတူ မကောင်းမှု၏ အပြစ်ကို မသိသောကြောင့် အပြစ်မရှိဟု မှတ်ထင်ကာ အကုသိုလ်ဘက်တွင် စေတနာ ထက်ထက်သန်သန်နှင့် မိုက်မဲစွာ စွမ်းအားရှိသလောက် လုံ့လထုတ်၍ ပြုလုပ်သောကြောင့် ပိုမို၍ အပြစ်ကြီးခြင်းဖြစ်သည်ဟု ဆိုလိုရင်းဖြစ်ပေသည်။ ဤသည်မှာ အသိဉာဏ် ကင်းမဲ့ခြင်း၏ အန္တရာယ်ကို ညွှန်ပြနေခြင်း ဖြစ်ပေသည်။

အချို့သော လူတို့မှာ လောကီမှု၌ဖြစ်စေ၊ လောကုတ္တရာမှု၌ဖြစ်စေ အကြားအမြင် အတွေ့အကြုံ ဗဟုသုတ အသိဉာဏ် ဓာတ်ခံနည်းပါးလှသောကြောင့် ပညာရှိသူတော်ကောင်းများက အကျိုးလိုလား၍ အဟုတ်အမှန်ကောင်းမွန်သော တရားစကားကို ဟောပြောပြသော်လည်း မယုံကြည် မလေးစား မလိုက်နာဘဲရှိတတ်သည်။ ပညာမဲ့သော မသူတော်များက မဟုတ်မမှန် မကောင်းသော တရားစကားများကို အဟုတ်အမှန်ကောင်းသောတရားစကားဟု မှတ်ထင်အောင် ယုတ္တိကျကျ လုပ်ကြံ၍ ဟောပြောလျှင် ယုံလွယ်တတ် လိုက်နာလွယ်တတ်ကြသည်။ ဤသို့ ဖြစ်ရခြင်းမှာ အစဉ်းအစား အဆင်အခြင်မရှိ ကိုယ်ခံ ဓာတ်ခံ အသိဉာဏ်မရှိသည့်အတွက်ကြောင့်ပင် ဖြစ်သည်။

လောကတွင် ပုဂ္ဂိုလ်အမျိုးမျိုးရှိကြသည်။ အချို့မှာ စိတ်ကောင်း စေတနာကောင်းရှိပင် ရှိငြားသော်လည်း အမှားကို အမှန် မကောင်းကို အကောင်းထင်မှတ်၍ တတ်ယောင်ကား သိယောင်ကားနှင့် ဟောတတ် ပြောတတ်ကြသည်။ အချို့ကမူ အမှားအမှန်ကို သိပါလျက်နှင့် အကောင်းကိုအဆိုး အဆိုးကို အကောင်းလုပ်၍ ဟောတတ် ပြောတတ်ကြပြန်သည်။ အချို့ကမူ ချစ်သည့်အခါချစ်သလို မုန်းသည့်အခါ မုန်းသလို ပြောဆိုတတ်ကြပြန်သည်။ ထိုသို့ ပုဂ္ဂိုလ်အမျိုးမျိုးတို့က အကြောင်းအရာ အမျိုးမျိုးတို့ကို ပြောဆိုလာကြပါလျှင် ဟုတ်တိုင်းမှန်စွာ ဆုံးဖြတ်တတ်ရန်မှာ မိမိတွင် အသိဉာဏ်ရှိနေရန် လိုအပ်သည်။ အသိဉာဏ်မရှိပါက ဟိုလူ

ပြော ဟုတ်လိမ့်နိုးနိုး သည်လူပြော ဟုတ်လိမ့်နိုးနိုး ဖြစ်နေပေလိမ့်မည်။ ကိုယ်ပိုင်ဉာဏ်နှင့် ဆုံးဖြတ်နိုင်စွမ်းရှိနိုင်တော့မည် မဟုတ်ပေ။ ဤသည်မှာ မိမိတွင် အသိဉာဏ်ကင်းမဲ့နေခြင်းကြောင့်ပင် ဖြစ်သည်။

ဘုရားရှင်က အသိဉာဏ်ကင်းမဲ့သူကိုမဆိုထားနှင့် အသိဉာဏ် ဗဟုသုတနည်းပါသူကိုပင် နွားနှင့် အလားတူကြောင်း အောက်ပါအတိုင်း ဟောကြားထားလေသည်။

အပ္ပဿုတာယံ ပုရိသော ဗလိဗဒ္ဒေါဝ ဇီရတိ
မံသာနိ တဿ ဝဍ္ဎန္တိ၊ ပညာတဿ နဝဍ္ဎတိ။ (ဓမ္မ ပဒ-၁၅၂)

အကြားအမြင်နည်းသော ဤယောကျ်ားသည် နွားလားကဲ့သို့ အချည်းနှီး ကြီးထွားလာ၏။ ထိုယောကျ်ားအား အသားတို့သာ တိုးပွား ကုန်၏။ ပညာမူကား မတိုးပွား။

ထို့ကြောင့် လောကီအရေးတွင်ဖြစ်စေ လောကုတ္တရာရေးတွင် ဖြစ်စေ မည်သည့်အရေးကိစ္စမဆို အသိဉာဏ်ရှိအောင် လေ့လာ ကြိုးကုတ်အားထုတ်ကြရမည် ဖြစ်သည်။ သိစရာမှတ်စရာတွေ များပြားလှ သဖြင့် အကုန်အစင်သိအောင် မပြုလုပ်နိုင်ဟူ၍ ဆင်ခြေ မပေးသင့်ပေ။ အနည်းဆုံးလောကီရေးတွင် မိမိအသက်မွေးဝမ်းကျောင်းပြုသော လုပ် ငန်းနှင့် ပတ်သက်သည့် သိစရာ မှတ်စရာများကို မဖြစ်မနေသိအောင် ပြုလုပ်ထားရမည်။ နောင်သံသရာရေးနှင့် ပတ်သက်၍လည်း ဘာသာ တရားအဆုံးအမများဖြစ်သည့် ကောင်းမှု၊ မကောင်းမှုတို့၏ သဘော သဘာဝကို သေချာကျန နားလည်မှုရအောင် လေ့လာမှုပြုကာ အကုသိုလ်ဒုစရိုက်တရားများကို ရှောင်ရှားပြီး ကုသိုလ် သုစရိုက်တရား များကို ဆောင်ထားရမည်ဖြစ်သည်။ သို့မှသာ မိမိသည် ပစ္စုပ္ပန်သံသရာ နှစ်ဖြာလုံးတွင် ဝမ်းမြောက်ရသူ ဖြစ်မည်ဖြစ်ကြောင်း ရေးသားတင်ပြ လိုက်ရပေသတည်း။

စိန်တိုင်ထွန်း

# ဝဓိသဓ္ဓါ



# ဝစီသစ္စာ

"ဝစီသစ္စာ"ဆိုသည်မှာ အမှန်တရားကို နှုတ်ဖြင့် မြွက်ဆိုခြင်းဟု အဓိပ္ပါယ်ရသည်။ ထို့ကြောင့် သစ္စာကို မြန်မာလို အမှန်တရားဟု ဆိုထားခြင်းဖြစ်သည်။ အမှန်တရားဟူသည် မှန်ကန်ခြင်း၊ ဖြောင့်မတ်ခြင်း၊ တစ်ပြေးညီဖြစ်ခြင်း သဘောရှိပြီး မည်သည့်အကြောင်းကြောင့်မျှ ဖောက်ပြန်ခြင်းသဘောမရှိပေ။ သစ္စာဟူသော အမှန်တရားသည် ဝီရိယ၊ ပညာ စေတသိတ်တို့ကဲ့သို့ ပရမတ္ထတရားသီးခြားမဟုတ်ဘဲ မချွတ်မယွင်း မှန်ကန်သော သဘောကိုသာ သစ္စာဟုခေါ်ဆိုခြင်းဖြစ်သည်။ သစ္စာတရားကိုယ် အဖြစ်စေတနာစေတသိတ်နှင့် သမ္မာဝါစာ = ကောင်းစွာဆိုခြင်း၊ သမ္မာကမ္မန္တ= ကောင်းစွာပြုလုပ်အားထုတ်ခြင်း၊ သမ္မာအာဇီဝ = ကောင်းစွာ အသက်မွေးဝမ်းကျောင်းပြုခြင်း ဟူသော ဝိရတိ စေတသိတ်များကို ကောက်ယူရမည် ဖြစ်သည်။

အမှန်တရားကို လူတိုင်းမြတ်နိုးကြသည်မှာ မှန်သော်လည်း မမှိတ်မသုန်လိုက်နာနိုင်ဖို့ကတော့ မလွယ်ကူလှပေ။ ဘုရားအလောင်းတော်သူတော်ကောင်းများကမူ သစ္စာတရားကို လက်ကိုင်ထားကြသည်။ မိမိတို့တွင် အသက်ဘေးအန္တရာယ်နှင့် ကြုံတွေ့စေကာမူ သစ္စာတရားကို စွန့်လွှတ်မှုမပြုဘဲ လိုက်နာ ကျင့်သုံးလေ့ရှိကြသည်။ ၎င်းတို့သည် ပြောသည့်အတိုင်းလုပ်၍ လုပ်သည့်အတိုင်း ပြောဆိုကြသူများ ဖြစ်ကြသည်။ သာမန်ပုထုဇဉ်ပုဂ္ဂိုလ်များမှာမူ အသက်အိုးအိမ်စည်းစိမ်စသော မိမိတို့၏ အကျိုးစီးပွားတစ်ခုခုကိုထိခိုက်မည် နစ်နာမည်ဆိုပါက သစ္စာဟူသော အမှန်တရားကို လိမ်ညာမှု မုသာဝါဒဖြင့် ဖုံးလွှမ်းပစ်တတ်ကြသည်။ အသက်ဘေးအန္တရာယ်အထိ ကြုံတွေ့မည်ဆိုပါလျှင် ပြောဖွယ်ရာပင် မရှိတော့ပေ။

ရှေးအခါက လူများသည် သစ္စာတရားကို လွန်စွာတန်ဖိုးထားကြ

သည်။ လိမ်ညာပြောဆိုမှု မုသာဝါဒကို လွန်စွာ ရွံမုန်းကြသည်။ ထိုသို့ လူအများက သစ္စာဟူသော အမှန်တရားကို လိုက်နာကျင့်သုံးခဲ့ကြသဖြင့် နွယ်မြက်သစ်ပင် ဆေးဖက်ဝင်ကြောင်းကို "စကားသစ္စာ၊ မှန်သောခါဝယ်၊ သြဇာလေးနက်၊ ပေါ်ဆီတက်၍၊ နွယ်မြက်သစ်ပင်၊ဆေးဖက်ဝင်၏"ဟု ဆိုထားခဲ့ခြင်းဖြစ်သည်။

ယခုအခါ လူအများသည်သစ္စာဟူသော အမှန်တရားကို မြတ်နိုးသည် မှန်သော်လည်း လိုက်နာကျင့်သုံးမှုဘက်တွင် အားနည်းနေကြပြီ ဖြစ်သည်။ သစ္စာတရားထွန်းကားခဲ့စဉ်က မုသာဝါဒ စကားပြောကြားမှုကြောင့် မြေမျိုခဲ့ရသည့် သာဓက ရှိခဲ့သည်။ ယခုအမြင်နှင့်ကြည့်လျှင် လွန်လွန်းသည်ဟု ဆိုကောင်းဆိုပေမည်။ မဆိုပါနှင့် အလွန်သန့်ရှင်း စင်ကြယ်သော ပဝါစတွင် အစက်တစ်ခုစွန်းပါက လွန်စွာထင်ရှားသကဲ့သို့ မှတ်ရပေမည်။ ယခုအခါတွင် မုသာဝါဒကို ရေလဲနှင့် သုံးလာကြသည်။ မုသားမပါ လက်ာမချောဟူသော စကားပင် တွင်ကျယ်နေပြီ မဟုတ်ပါလား။ ညစ်ပေနေသော လက်ခုစုတ်တွင် ထပ်၍ စွန်းထင်သော်လည်း မသိသာသကဲ့သို့ပင် ဖြစ်သည်။

တရားရုံးများတွင် အစစ်ခံရာ၌ "မှန်ကန်စွာ ထွက်ဆိုပါမည်" ဟု သစ္စာဆို၍ အစစ်ခံခြင်း၊ အဖွဲ့အစည်းများတွင် အမှုဆောင်များ သစ္စာ အဓိဋ္ဌာန်ပြုခြင်းစသည်တို့မှာ သစ္စာဟူသော အမှန်တရား၏ လေးနက်မှုကို ဖော်ညွှန်းလျက် ရှိသည်။ အမှန်အတိုင်းကော လိုက်နာကျင့်ကြံပါ၏လော။ မမှန်သက်သေထွက်၍ အရေးယူခံရခြင်း၊ အဖွဲ့အစည်း စည်းကမ်းဖောက်ဖျက်၍ အရေးယူခံရခြင်း စသည်တို့က သစ္စာဟူသော အမှန်တရားအတိုင်း လိုက်နာမှုမရှိပုံကို ပြသလျက်ရှိသည်။

သစ္စာဟူသည် အမှန်တရားဟု ဆိုထားသဖြင့် မိမိသစ္စာ ပြုမည့် အကြောင်းတရား မှန်ကန်ရန်သာ အရေးကြီးသည်။ ကောင်းသော အကြောင်းအရာဖြစ်စေ၊ မကောင်းသော အကြောင်းအရာ ဖြစ်စေ၊

မှန်ကန်နေမှုကသာ အဓိကကျသည်။ မှန်ကန်သော အကြောင်းအရာကို အကြောင်းပြု၍ သစ္စာပြုမှသာ လိုရာအကျိုး ပြီးနိုင်မည်ဖြစ်သည်။

ဤနေရာတွင် စာရှုသူများ သတိပြုနိုင်ရန် တင်ပြလိုပေသည်။ စာရေးသူသည် ဘာသာရေး ကိုင်းရှိုင်းရုံမျှမက ဘာသာသာသနာ အဆုံးအမကို လိုက်နာကျင့်သုံးသူဟူ၍ မိမိကိုယ်မိမိ ယေဘူယျအားဖြင့် ယုံကြည်ထားသည်။ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲသူဟု မိမိကိုယ်မိမိ မှတ်ထင်ထားသည်။ အလားတူ ဗုဒ္ဓဘာသာဝင် အများစုကြီးသည်လည်း စာရေးသူကဲ့သို့ပင် ငါးပါးသီလ မြဲကြသူများဟူ၍ ယုံကြည်ထားကြမည်သာ ဖြစ်သည်။ တစ်နေ့တွင် အကြောင်းကိစ္စတစ်ခု ပေါ်လာသဖြင့် လတ်တလော လွန်မြောက်သွားစေရန် သစ္စာပြုမည်ဟုကြံစည်ပြီး စာရေးသူဆောက်တည်ထားသော ငါးပါးသီလကို တစ်ပါးချင်း ပြန်လည်စစ်ကြည့်မိသည်။ စင်းလုံးချော သိက္ခာပုဒ်ကရှာမှရှားဟု သိလာရသည်။ မိမိသိတတ်သော အရွယ်ရောက်သည်မှစ၍ နိဒါန်းခံပြီး စဉ်းစားကြည့်ရာ စိတ်အချရဆုံး သိက္ခာပုဒ်တစ်ခုသာ ကျန်တော့သည်။ ၎င်းမှာ "ကာမေသု မိစ္ဆာစာရ သိက္ခာပုဒ်" ဖြစ်သည်။

သူ့အသက်သတ်ခြင်း- ပြော၍မရ၊ တစ်ခါတစ်ရံ ပိုးမွှားကောင်လေးများကို စိတ်ပါ လက်ပါသတ်မိတာမျိုး ရှိတတ်သည်။ သူ့ဥစ္စာခိုးခြင်း ဘတ်စ်ကားစီးသွားရင် ကားခမပေးမိတဲ့ အခါမျိုး ရှိတတ်သည်။ လိမ်ညာ၍ပြောခြင်း ပြော၍မရ၊ သူတစ်ပါး အကျိုးစီးပွားကြီးကြီးမားမားထိခိုက်မှုမျိုးမရှိသော်လည်း အနည်းအကျဉ်း ထိခိုက်စေသော ပြောဆိုမှုမျိုးရှိနိုင်သည်။ အရက်သောက်ခြင်း- မိမိကိုယ်တိုင် ကြိုက်နှစ်သက်၍ သောက်ခြင်းမျိုးမရှိသော်လည်း သူငယ်ချင်း မင်္ဂလာပွဲတွေမှာ သဘောလောက် သောက်ပြရခြင်းမျိုး ရှိနိုင် သည်။ တစ်ခုမှလွဲ၍ ကျန်လေးမျိုးကို ယတိပြတ် သံသယကင်းအောင် (ဝါ) သစ္စာ တရားဖြစ်အောင် မြွက်ဆိုရန် မဝံ့မရဲဖြစ်ခဲ့ရသည်။ သိတတ်သော အရွယ်ရောက်ချိန်မှစ၍ ဆိုသည့်

စကားကို လိုသလို ရွှေ့ပြောင်းပြီး မြွက်ဆိုမှသာ ဖြစ်နိုင်သည့် အနေ အထားမျိုး တွေ့မြင်ရသည်။ စာရှုသူများ မိမိသိသလို မိမိပြန်လည် သုံး သပ်၍ ဆုံးဖြတ်နိုင်ကြပါစေ။

## သစ္စာ (၃)မျိုး

ဘုရားအလောင်းစသော သူတော်ကောင်းများ အထူးဆည်းပူးခဲ့ သော ဝစီသစ္စာ (၃)မျိုးမှာ အောက်ပါအတိုင်း ဖြစ်သည်-

(၁) သဒ္ဒဟာပနသစ္စာ

(၂) ကုသ္စာပူရဏသစ္စာ

(၃) မုသာဝိရမဏသစ္စာ

### သဒ္ဒဟာပနသစ္စာ

သူတစ်ပါးတို့ မိမိကို ယုံကြည်စေရန် အမှန်ပြောကြားအပ်သော ဝစီသစ္စာသည် သဒ္ဒဟာပန သစ္စာမည်ပါသည်။ ဘိသဇာတ်၌ အလောင်း တော် မဟာကဥ္စန၏ကြာစွယ်များ (၃)ရက်ဆက်တိုက် ပျောက်မှုနှင့် ပတ် သက်၍ညီ (၆)ယောက်၊ နှစ်မယေ်တစ်ယောက်၊ အစေခံတစ်ယောက်၊ မိတ်ဆွေတစ်ယောက်ပေါင်း (၁၀)ယောက်တို့ အသီးသီးကျိန်ဆိုသော စကားရပ်တွင် ကျွန်ုပ်တို့သည် အရှင်၏ဝေစုဖြစ်သော ကြာစွယ်ကို အကယ်၍ခိုးမိပါက လောကီအာရုံ ကာမဂုဏ်များနှင့် ပြည့်ပြည့်စုံစုံ နေရပါစေသားဟူ၍ သစ္စာဆိုခဲ့ကြသည်။ ဤကဲ့သို့အသီးသီး သစ္စာဆိုကြ ခြင်း ဖြစ်သည်။ မည်သည့်အရာမျိုး ရပါစေဖြစ်ပါစေဟု ကျိန်ဆိုခြင်းမှာ တစ်ဖက်သား ယုံကြည်စေရန် အပြစ်ကို ထည့်သွင်းပြောဆိုခြင်း ဖြစ် သည်။ ကမ္ဘာဦးအစ မဟာသမ္မတမင်းမှစ၍ ယခုကာလအထိ သစ္စာကျိန် ဆိုခြင်းဟူသမျှ အားလုံးသည် ဖော်ပြခဲ့သော သစ္စာဆိုခြင်းမျိုးတွင် အကျုံး ဝင်သည်။

## ဣစ္ဆာပူရဏသစ္စာ

အလိုရှိအပ်သော အရာကို ပြည့်စုံစေရန် မှန်ကန်စွာ ပြောဆိုခြင်းသည် ဣစ္ဆာပူရဏ သစ္စာမည်ပါသည်။ သုဝဏ္ဏ သာမဇာတ်၌ မိခင်ပါရိကာ ဖခင်ဒုကုလ မိခင်ဟောင်း ဗဟုသုန္ဒရီ နတ်သမီးတို့၏ နှုတ်ဖြင့် မြွက်ဆိုသော သစ္စာစကားသည် သုဝဏ္ဏသာမ သတို့သား အဆိပ်ကင်းပျောက် ချမ်းသာရောက်စေလိုသော ဆန္ဒပြည့်စုံစေရန် ဆိုခြင်းဖြစ်၍ ဣစ္ဆာပူရဏသစ္စာ မည်ပါသည်။ ထို့အပြင် ကဏှဒီပါယနဇာတ်တွင် မြွေဆိပ်တက်နေသော သားငယ်အားအဆိပ်ကျစေရန် သစ္စာဆိုကြရာတွင် ရသေ့က ရသေ့ဘဝနေရသော်လည်း ပျော်ရွှင်မှုမရှိပုံ၊ ကလေး ငယ်ဖခင်ကလည်း ရသေ့အား မိရိုးဖလာ အစဉ်အဆက် ကိုးကွယ်လာခဲ့သော်လည်း ကြည်ညိုမှုမရှိပုံ၊ ကလေးငယ် မိခင်ကလည်း ကလေးငယ်၏ ဖခင်အပေါ် ချစ်ခြင်းမေတ္တာမရှိဘဲ ပေါင်းသင်းနေပုံ အကြောင်းအရာများကို အခြေခံပြီး သစ္စာပြုကြသည့်အတွက် ကလေးမြွေဆိပ်ကျပြီး ချမ်းသာရာရခဲ့ လေသည်။ ဤဇာတ်တော်လာ အကြောင်းအရာမှာ အထူး အခြားမရှိသော်လည်း သူတို့ပြောဆို သစ္စာပြုသော စကားများ မှာ အမှန်တရားဖြစ်၍ သစ္စာ၏စွမ်းအင် ထိရောက်မှု ရှိခြင်း ဖြစ်သည်။

## မုသာဝိရမဏသစ္စာ

မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ရန် ပြောကြားအပ်သော ကတိသစ္စာသည် မုသာဝိရမဏ သစ္စာမည်ပါသည်။ ဝိဓူရဇာတ်တော်၌ ပုဏ္ဏကဘီလူးက ဝိဓူရအမတ်ကြီးသည် ကောရဗျမင်း၏ ကျွန် ဟုတ်, မဟုတ် မေးမြန်းရာ၌ အမတ်ကြီးက ကျွန်လေးမျိုးရှိရာတွင် ငါသည် ကောရဗျ မင်းထံအလိုလိုလာ၍ **ကျွန်ခံသော** ကျွန်ဖြစ်သည်ဟူ၍ အမှန်အတိုင်း ပြောဆိုခြင်းမျိုးကို **မုသာဝိရမ**ဏသစ္စာဟု ခေါ်သည်။

ဤသစ္စာသည် အထက်တွင် ဖော်ပြခဲ့သော သစ္စာ(၂)မျိုးနှင့် မတူဘဲ မဟုတ်မမှန် မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်လိုသည့်အတွက် ပြောဆိုခြင်း ဖြစ်သောကြောင့် မုသာဝိရမဏသစ္စာဟု ဆိုခြင်း ဖြစ်သည်။

ဖော်ပြပါ သစ္စာသုံးမျိုးတွင် မည်သည့်နည်းဖြင့် သစ္စာဆိုသည် ဖြစ်စေ အမှန်တရားကို အခြေခံပြီး ဆိုရခြင်းဖြစ်၍ မိမိဆိုသော သစ္စာ အကြောင်းအရာသည် မှန်ကန်မှုရှိနေမှသာ အကျိုးတရားရရှိမည်ဖြစ် သည်။ မြန်မာမှုနယ်ပယ်တွင် အသုံးတွင်ကျယ်နေသော "မင်းမှာ သစ္စာ လူမှာကတိ"ဟူသောစကားသည် သစ္စာတရား၏ လေးနက်မှုကို ဖော်ညွှန်း ထားခြင်း ဖြစ်သည်။ ကတိတည်သည် ဆိုသည်မှာ သစ္စာရှိ သည်ကိုပင် ဆိုခြင်းဖြစ်သည်။ ကတိတည်သော သူသည် တန်ဖိုးရှိ၏။ ကြီးပွား၏။ ကတိမတည်သောသူသည် တန်ဖိုးမရှိ။ ယုတ်ညံ့၏။ ကြီးပွားမှု မရှိနိုင်။ ထို့ကြောင့် မန်လည်ဆရာတော်ဘုရားကြီးက "**မေတ္တာမဖက်၊ သစ္စာ ပျက်က၊ စစ်မက်လည်းများ၊ ပြည်ချောက်ချား၏၊ တိုင်းကားမသာ၊ ပြည်ကြီးနာလိမ့်**" ဟူ၍ မဃဒေဝလင်္ကာတွင် သစ္စာမဲ့ခြင်း၏ ဆိုးယုတ်ပုံ ကို ညွှန်ပြထားခြင်း ဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် အရေးကြုံက သက်လုံကောင်းစေရန် သစ္စာတရားကို အားကိုးအားထား ပြုရမည်။ ထိုသို့ အားကိုးအားထား ပြုနိုင်ရန် မိမိတွင် သစ္စာပြုနိုင်လောက်သော ကိုယ်ကျင့်သီလများရှိအောင် ကြိုးစားအားထုတ်ကြရန် လိုအပ်ကြောင်း ရေးသားတင်ပြလိုက်ရပေ သည်။

စိန်တိုင်ထွန်း

# ဝိရိယမြေခွေးတော်



# ဝီရိယစေါ်စွမ်းအင်

ဝီရိယဟူသည် ပါဠိဝေါဟာရတစ်ခုဖြစ်ပြီး မြန်မာမှုနယ်ပယ်တွင် အသုံးတွင်ကျယ်နေပြီ ဖြစ်သော စကားလုံး ဖြစ်သည်။ ကြိုးစားအားထုတ်ခြင်းဟု အများက နားလည်ထားသည်။ ပါဠိ ဝိဂြိုလ်အရ "ဝီရသ ဘာဝေါ ဝီရိယံ" (ရဲရင့်သူ၏ ဖြစ်ကြောင်း ဖြစ်ရာ သဘောတရားသည် ဝီရိယ မည်၏)ဟု ဆိုထားသဖြင့် ကြိုးစားအား ထုတ်ခြင်းမှာ ရဲရင့်မှ သတ္တိရှိမှ ဇွဲရှိမှ လုံ့လရှိမှ ပြုလုပ်နိုင်မည် ဖြစ်သဖြင့် ရဲရင့်ခြင်း၊ သတ္တိရှိခြင်း၊ ဇွဲရှိခြင်း၊ လုံ့လရှိခြင်းတို့သည် ဝီရိယပင်ဖြစ်သည်။

သတ္တိကောင်းသည့်သဘောကား ဝီရိယ၏ အစွမ်းတည်း၊ ကိစ္စတစ်ခုခုပေါ်လာလျှင် ထိုကိစ္စပြီးမြောက်အောင် မလျှော့ဘဲ အံခဲ၍ ကြိတ်မှိတ်၍ ဆင်းရဲဒုက္ခကို သည်းခံ၍ မဖြစ်မနေ ဆောင်ရွက်ခြင်းသည် ဝီရိယ ယှဉ်သော စိတ်၏စွမ်းအင်ပင် ဖြစ်သည်။ ကောင်းသောအမှုကိုဖြစ်စေ၊ မကောင်းသောအမှုကိုဖြစ်စေ ကြိုးစားအားထုတ်မှုမှန်သမျှသည် ဝီရိယ သာ ဖြစ်သည်။ မတုန်မလှုပ် ကြံ့ကြံ့ခိုင်ခိုင် ရဲရဲဝံ့ဝံ့ ကြိုးစားလုပ်ပြီဆိုလျှင် ဗိုလ်ထိုက်သောဝီရိယဖြစ်လာပေမည်။ ဤဆောင်းပါးတွင် ကောင်းသော အမှုကို ပြုရာတွင် ဝီရိယ၏စွမ်းအင်ကြီးမားပုံကို တင်ပြမည် ဖြစ်သည်။

လောကီရေးရာတွင် ဖြစ်စေ၊ လောကုတ္တရာရေးတွင် ဖြစ်စေ ဝီရိယ တရားသည် မရှိမဖြစ်လိုအပ်သောတရား ဖြစ်သည်။ ဝီရိယကို အရင်းတည်၍ ကြိုးပမ်းပါလျှင် လောကီရေးရာတွင် ထိပ်ဆုံးရောက်အောင် ကြီးပွားတိုးတက်နိုင်ပြီး လောကုတ္တရာရေးတွင်လည်း မဂ်၊ ဖိုလ်၊ နိဗ္ဗာန် တရားထူးကို ရရှိခံစားနိုင်မည် ဖြစ်ပေသည်။ ထို့ကြောင့် ဘုရားရှင်က "ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ" (ဝီရိယရှိသူအား မည်သည့်အမှုကိစ္စမဆို မပြီးစီးသည်ဟူ၍ မရှိ ပြီးစီးသည်သာလျှင်တည်း)ဟု ဟောကြားထားတော်မူခြင်း ဖြစ်သည်။

ကမ္ဘာပေါ်တွင် ကြီးပွားတိုးတက်၍ အထက်တန်း ရောက်နေသော နိုင်ငံနှင့်လူမျိုးတို့ကို လေ့လာကြည့်ပါ။ ထိုနိုင်ငံရှိလူများသည် သူတကာ ထက် ထူးချွန်သော လုံ့လဝီရိယ ရှိကြသည်ကိုတွေ့ရမည် ဖြစ်သည်။ ထို အချက်မှာ နိုင်ငံတိုးတက်ရေးတွင် အဓိကကျသော အကြောင်းတစ်ရပ် ဖြစ်သည်ကို မည်သူမျှငြင်း၍ ရမည်မဟုတ်ပေ။ ဘုရားရှင် ကိုယ်တိုင်က လည်း လောကကြီးပွားတိုးတက်ရေးတွင် ဝီရိယလိုအပ်ပုံကို နေရာများစွာ တွင် ဟောကြားထားပါသည်။ သာဓကထုတ်ပြရလျှင် "ကထံသု ဝိန္ဒတေ ဓနံ" (စည်းစိမ်ချမ်းသာတို့ကို အဘယ် ကဲ့သို့ ရရှိနိုင်ပါသနည်း"ဟု မေးမြန်း သည်ကို ဘုရားရှင်က "ဥဋ္ဌာတာ ဝိန္ဒတေ ဓနံ" (ထကြွ လုံ့လ ဝီရိယရှိလျှင် စည်းစိမ်ဥစ္စာကို ရရှိ၏)ဟု ဖြေကြားတော်မူခဲ့သည်။

လောကကြီးပွားချမ်းသာကြောင်း သမ္ပဒါ တရားလေးပါးတွင်လည်း "ဥဋ္ဌာနသမ္ပဒါ" (ထကြွ လုံ့လ ဝီရိယနှင့် ပြည့်စုံခြင်း)ကို တစ်ပါးအဖြစ် ထည့်သွင်းဟောကြားထားသည်။ ထကြွလုံ့လ ဝီရိယနှင့် ပြည့်စုံလျှင် ချမ်းသာသုခရရှိသကဲ့သို့ ပျင်းရိခြင်း ကောသဇ္ဇတရားကို လက်ခံထားသူ တွင်မူ ပျက်စီးရကြောင်းများကို ဟောကြားထားမှု ရှိပေသည်။ လောက တွင် အထွတ်အထိပ်သို့ ရောက်ရှိကြသူများသည် ဝီရိယကို အရင်းတည်ခဲ့ ကြရသူများသာဖြစ်သည်။ ကျွနိုပ်တို့ ဘုရားရှင်သည်ပင်လျှင် သဗ္ဗညုတ ရွှေဉာဏ်တော်ရရှိရေးအတွက် ပါရမီများဖြည့်ကျင့်ရာတွင်လည်း ဝီရိယ ပါရမီကို ပါရမီတစ်ပါးထားကာ ဖြည့်ကျင့်ခဲ့ရသည်ကို သတိပြုရမည် ဖြစ် သည်။ ထို့ကြောင့် ဝီရိယမရှိသူအနေဖြင့်မူ အထွတ်အထိပ်သို့ ရောက်ရှိ ရေးမှာ စဉ်းစား၍ပင်ရနိုင်မည် မဟုတ်ပေ။

ဝီရိယကောင်းသူ ဖြစ်ခဲ့ပါလျှင် မျှော်လင့်စရာ မရှိနိုင်သော အခွင့် အရေးကြီးများပင် အံ့သြစရာ ဆိုက်ရောက်လာတတ်ပေသည်။ ဤ နေရာတွင် မဟာသီလဝဇာတ်ကို သာဓကအဖြစ် တင်ပြပါမည်။ ရန်သူ မင်းသည် အလောင်းတော် မဟာသီလဝမင်းနှင့် မင်းချင်းအမတ်များကို

ဖမ်းဆီး၍ သင်းချိုင်းကုန်း သို့ပို့သည်။ သင်းချိုင်းကုန်းမြေကွက်လပ်တွင် မဟာသီလဝမင်းကို အလယ်ကထား၊ ကျန်အမတ်များကို ပတ်ပတ်လည် ဝိုင်းရံထားကာ မြေတွင် တွင်းတူးကာခေါင်းကိုသာ ဖော်ထားပြီး တစ်ကိုယ်လုံးကို မြှုပ်ထားလေသည်။ ညအခါ လူသားစား တောခွေးများ လာစားလျှင် အားလုံးအသက်ဆုံးရှုံးအောင်ဆိုသည့် ရည်ရွယ်ချက်ဖြင့် မြှုပ်နှံထားခြင်း ဖြစ်သည်။ မဟာသီလဝမင်းသည် အသက်ရှင်ရန် မျှော်လင့်စရာ မရှိတော့သည့် အခြေအနေမျိုးရောက်နေသော်လည်း လုံ့လ ဝီရိယ မလျှော့ပေ။ စိတ်ပျက်အားငယ်မနေပေ။ မည်သို့လွတ်မြောက်နိုင်မည်ကိုသာ ကြံစည်စဉ်းစားလျက် ရှိသည်။ ညအချိန်ကျရောက်သည့်အခါ လူသားစားရန် တောခွေးများ သင်းချိုင်းကုန်းသို့ ရောက်လာကြသည်။ မင်းနှင့်အမတ်များက သံပြိုင်ဝိုင်းအော်၍ ခြောက်လှန့်ကြသဖြင့် တောခွေးများက နောက်ကလူလိုက်လာသည် အထင် နှင့် ထွက်ပြေးကြသည်။ သုံးကြိမ်သုံးခါ ထွက်ပြေးခဲ့သော်လည်း တစ်ကြိမ်မျှနောက်ကလူ လိုက်လာခြင်း မရှိသဖြင့် လေးကြိမ်မြောက် ခြောက်လှန့်သောအခါ ထွက်မပြေးကြတော့ပေ။

ခေါင်းဆောင်မြေခွေးက မဟာသီလဝမင်းထံ ကိုက်စားရန် သွားရာ မဟာသီလဝမင်းက ဦးခေါင်းကိုမော့ကာ လည်ပင်းကို အသင့်ကိုက်နိုင်သည့် အနေအထားမျိုးဖြစ်အောင် လည်စင်းပေးထားရာ မြေခွေးလာကိုက်လျှင် ကိုက်ချင်း မေးရိုးနှင့် မြေခွေး၏နှုတ်သီးကို အောက်ခံမြေကြီးနှင့် ညပ်နေအောင် အတင်းဖိထားလိုက်သည်။ မြေခွေးသည် ကြောက်လန့်တကြားအော်ကာ သေဘေးမှကြောက်သဖြင့် ခြေထောက်ဖြင့် မြေကြီးကို ယက်ကန် ယက်ကန်လုပ်ကာ ရုန်းကန်၍ မြေကြီးများ ပွလာသည်။ ကိုယ်ကိုလှုပ်နိုင်သည့် အနေအထားမျိုး ရောက်ရှိလာ သဖြင့် ကိုယ်ကို အတင်းရုန်းထွက်သဖြင့်တွင်းမှ လွတ်မြောက်သွားခဲ့သည်။ ကျန်အမတ်များလည်း မဟာသီလဝမင်း၏ အကူအညီဖြင့် လွတ်မြောက်

သွားခဲ့သည်။ နောက်ပိုင်းတွင် မင်းစည်းစိမ်ကိုပင် ပြန်လည်ရရှိလာခဲ့သည်။ ဤသည်မှာ ဝီရိယ၏စွမ်းအင်ကြောင့် မမျှော်လင့်နိုင်သော အခွင့်အရေးကို ရရှိလာခြင်း သာဓကဖြစ်ပေသည်။

ဝီရိယသည် လောကုတ္တရာရေးတွင်လည်း အရေးပါလှကြောင်း ဆက်လက်တင်ပြလိုပါသည်။ ပျင်းရိသောသူသည် လောကုတ္တရာတရားကိုးပါးကို မရနိုင်၊ လုံ့လဝီရိယဖြင့် အားထုတ်သော ပုဂ္ဂိုလ်သည်သာလျှင် လောကုတ္တရာတရားထူးကို ရရှိ နိုင်၏ဟု ဟောကြားထားပေသည်။ (အံ၊ ဋ္ဌ၊ ၄၊ စာ-၁၃၄)

သာဝကဗောဓိဆု၊ ပစ္စေကဗောဓိဆု၊ သမ္မာ သမ္ဗောဓိ ဆုဟူသော ဆုသုံးဖြာတွင် ဆုတစ်ခုခုကို ရရှိရန် လွယ်ကူလှသည် မဟုတ်ပေ။ အဆိုပါ ဗောဓိဆုများကို အချောင်သက်သက်ဖြင့် ရရှိနိုင်သည် မဟုတ်ပေ။ တစ်ကမ္ဘာ၊ နှစ်ကမ္ဘာစသော ကမ္ဘာအရေအတွက် အနည်းငယ်ဖြင့်ပင် ရနိုင်မည်မဟုတ်၊ သာဝက ဗောဓိဆုမှာပင် အနည်းဆုံး ကမ္ဘာတစ်သိန်း၊ ပစ္စေက ဗောဓိဆုမှာ နှစ်သင်္ချေနှင့် ကမ္ဘာ တစ်သိန်း၊ သမ္မာသမ္ဗောဓိဆုမှာ အနည်းဆုံး လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင် ပါရမီများကို ဖြည့်ကျင့်ဆည်းပူးပြီးမှ ရရှိခြင်းဖြစ်သည်။

ထိုသို့ မိမိပန်ဆင်ခဲ့သောဆုနှင့်အညီ ပါရမီများဖြည့်ကျင့် ခဲ့စေကာမူ နောက်ဆုံး ပစ္ဆိမဘဝ၌ မဂ်ဖိုလ်ရအောင် အားထုတ်ရာတွင် လွယ်ကူစွာ ရသည်မဟုတ်၊ ပြင်းထန်သောသမ္မပ္ပဓာန်လုံ့လဖြင့် အားထုတ်ယူရပေသည်။ ထိုကဲ့သို့ အားထုတ်ခြင်းမျိုးကို ကျမ်းဂန်များတွင် "အာတာပ"ဟူ၍ ခေါ်သည်။ နိဗ္ဗာန်ကို စိတ်စွဲပြီး မဂ် ဖိုလ်ကို မရမနေ ဇွဲသန်သန်ဖြင့် အားထုတ်သော လုံ့လမျိုး ဖြစ်သည်။ ဝိပဿနာတရား အားထုတ်နေသူ ယောဂီသည် မိမိအားထုတ်မှု ရပ်နား၍ အခြားကိစ္စရပ်များ ပြုနေချိန်မျိုးမှာပင် မိမိပွားများသော ဝိပဿနာကမ္မဋ္ဌာန်းအာရုံသို့ စိတ်တစောစော ရှိနေရသည်။ သားငယ်ရှိသော နွားမသည် အစာရှာဖွေနေရသော်လည်း

သွားငယ်ကို စိတ်မချနိုင်ဘဲ သွားငယ်ထံ စိတ်ရောက်နေသကဲ့သို့ပင် ယောဂီပုဂ္ဂိုလ်သည်လည်း မိမိအားထုတ်နေသည့် ဝိပဿနာလုပ်ငန်းသို့ စိတ်ရောက်နေရမည် ဖြစ်သည်။ သို့မှသာ မဂ်ဖိုလ်တရားထူးကို ဆွတ်ခူးနိုင်မည် ဖြစ်သည်။

ဘုရားရှင်ကိုယ်တော်တိုင်ပင် လုံ့လဝီရိယကြီးမားစွာဖြင့် သဗ္ဗညုတ ရွှေဉာဏ်တော်ကို လက်လှမ်းရယူခဲ့ရသည့်အလျောက် တပည့် သာဝက များ အရဟတ္တဖိုလ် တက်လှမ်းရယူရေးတို့နှင့် ပတ်သက်၍လည်း လုံ့လ ဝီရိယပြုရန်များစွာ တိုက်တွန်းတော်မူသည်။ ကိုယ်တော်တိုင်လည်း လုံ့လ ဝီရိယကို များစွာအားပေးတော်မူသည်။ လုံ့လဝီရိယ မပေါ့ရန်လည်း များစွာ စောင့်ထိန်းတော်မူသည်။ ဘုရားရှင်တို့မည်သည် သတ္တဝါတို့အား တရားဟောရာတွင် ပရိသတ်နည်းသည်ဆိုပြီး လုံ့လလျှော့ပြီး တရား မဟောပေ၊ တရားနာပရိသတ် နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ပကတိဓမ္မတာ အားတော်အတိုင်း လုံ့လပြု၍ ဟောတော်မူမြဲဖြစ်သည်ကို သတိပြုရမည် ဖြစ်သည်။

သီလ၊ သမာဓိ၊ ပညာဟူသော သိက္ခာသုံးရပ်တွင် သီလသိက္ခာ၌ ပါဝင်သော အာဇီဝပါရိသုဒ္ဓိ သီလမှာ ဝီရိယအရင်းခံလျက်ရှိသည်။ ဝီရိယ ဖြင့် စောင့်ရှောက်မှ လုံခြုံမည်ဖြစ်သည်။ သမာဓိသိက္ခာ၌လည်း သတိချွန်း အုပ်ပြီး ဝီရိယဖြင့် မဆုတ်မနစ် ကသိုဏ်းစသော အာရုံနိမိတ်ကို ပရိကံ အထပ်ထပ်ပြုပါမှ သမာဓိထူထောင်နိုင်မည် ဖြစ်သည်။ ပညာသိက္ခာတွင် ကား ဝီရိယမပါလျှင် မရနိုင်ကြောင်း ထင်ရှားလျက် ရှိသည်။

ဘုရားရှင်လက်ထက်တွင် ဝီရိယအရာ စံပြုရသည့် အရှင် သောဏ မထေရ်ဟူ၍ ပေါ်ထွန်းခဲ့ဖူးသည်။ ထိုမထေရ်သည် ဝီရိယအလွန်ကောင်း သည်။ ဝီရိယကောင်းလွန်းသဖြင့် သူ၏ဝီရိယမှာ လိုအပ်သည်ထက် ပိုလျှံ နေပေသည်။ ဘုရားရှင် ကိုယ်တော်တိုင်ကြွပြီး ထိုမထေရ်၏ ဝီရိယပိုများ ကို စောင်းတီး ဥပမာခေါ် ဝီဏောပမာ ဒေသနာဖြင့် နုတ်ပယ်ပေးခဲ့ရ

သည်။ ထို့ကြောင့် ထိုမထေရ်သည် မကြာမီပင် ရဟန္တာဖြစ်သွားလေသည်။ ဘုရားရှင်က နောင်တွင်ထိုမထေရ်မြတ်အား အစ္စာ ရဒ္ဓဝီရိယ (ဝီရိယအလွန်ကောင်းသော) ဧတဒဂ်ဘွဲ့ ချီးမြှင့်တော်မူခဲ့ပေသည်။

ဝီရိယကောင်းလိုသူသည် ပျင်းရိသောပုဂ္ဂိုလ်ကို ဖဲကြဉ်ခြင်း၊ ဝီရိယကောင်းသော ပုဂ္ဂိုလ်တို့ကို ပေါင်းဖော်ခြင်း၊ ဝီရိယဖြစ်ရန် ကြည်ညိုဖွယ်သုတ်တော်တို့ကို ကြားနာဖတ်ရှုခြင်း (သို့မဟုတ်) ဝီရိယဖြစ်ရန် စိတ်ညွတ်နေခြင်းဟူသော ဝီရိယ ကောင်းကြောင်း အကြောင်းတရားသုံးပါးနှင့် ပြည့်စုံရန်လိုအပ်ကြောင်း ဘုရားရှင်က ဟောကြားထားပါသည်။

အချုပ်အားဖြင့် တင်ပြရလျှင် ကျွန်ုပ်တို့သည် လောကီရေးတွင် ဖြစ်စေ၊ လောကုတ္တရာရေးတွင်ဖြစ်စေ မိမိတို့ ဆောင်ရွက်သော လုပ်ငန်းများ ပြီးမြောက်အောင်မြင်မှု ရှိစေလိုလျှင် ဝီရိယကို လက်ကိုင်ပြုကြရမည်ဖြစ်ပေသည်။ ဝီရိယစွမ်းအင်ဖြင့် မိမိတို့လိုအပ်သော လောကီ ကောင်းကျိုးနှင့် လောကုတ္တရာ ကောင်းကျိုးတို့ကို ရရှိနိုင်မည်ဖြစ်သဖြင့် မိမိကိုယ်မိမိ ဝီရိယကောင်းသူဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးသင့်ကြောင်း တင်ပြလိုက်ရပေသည်။

စိန်တိုင်ထွန်း

# အရက်သောက်ခြင်းသည်
# အဝရိုက်ဖြစ်မဖြစ်



# အရက်သောက်ခြင်းသည် ဒုစရိုက်ဖြစ်မဖြစ်

စာရေးသူသည် လွန်ခဲ့သောနှစ်က တာဝန်ဖြင့် ကယားပြည်နယ် လွိုင်ကော်မြို့သို့ သွားရောက်ခဲ့ရသည်။ တာဝန်မှာ ဘာသာရေးသင်တန်း တစ်ခုပို့ချရန် ဖြစ်သည်။ မပို့ချမီရက်အတွင်း မြို့တွင်းလည်ပတ်စဉ် မြို့ခံ တစ်ဦးနှင့် မိတ်ဆွေဖြစ်ခဲ့သည်။ ထိုပုဂ္ဂိုလ်မှာ လွိုင်ကော်မြို့ မျက်နှာဖုံး၊ လူကုံထံတစ်ဦး ဖြစ်သည်။ စီးပွားရေးအခြေအနေ ကောင်းသူလည်း ဖြစ်သည်။ ဆက်ဆံရေးလည်း အလွန်ပြေပြစ်သည်။ သို့ရာတွင် ထိုသူမှာ အရက်၏ကျေးကျွန်ဖြစ်နေပြီး အရက်ကို ဖြတ်မရအောင် စွဲနေသူဖြစ် သည်။

လူအတော်များများသည် မိမိအပြစ်ကို ဖုံးကွယ်ရန် ဆင်ခြေပေး တတ်သည့်အလေ့ ရှိကြသည်။ မိမိအတွက်ဆိုလျှင် အပြစ်မြင်ခဲပြီး တစ်ကွက်ချန် စဉ်းစားတတ်ကြသည်။ ဖော်ပြပါပုဂ္ဂိုလ်ကလည်း သူအခုလို အရက်ကို စွဲစွဲမြဲမြဲ သောက်နေသော်လည်း သူ့တွင် အကုသိုလ်အပြစ် မရှိဟု ထင်နေရုံမက ယုံကြည်နေသူပင် ဖြစ်သည်။

ကျွန်တော့ကို သူက "အရက်သောက်တာ အကုသိုလ် ဖြစ်သလား။ အကုသိုလ်ဖြစ်တယ်ဆိုရင် ဒုစရိုက်(၁၀)ပါးမှာ ပါရမှာပေါ့။ ခင်ဗျားလည်း သိပါတယ်။ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါးနဲ့ မနောကံ (၃)ပါးပေါင်း ဒုစရိုက်(၁၀)ပါး ရှိရာတွင် သုရာမေရယကံ (အရက်သောက်တဲ့အပြစ်)ဟာ ဘယ်ကံမှာမှမပါဘူး။ ဒါကြောင့် အရက်သောက်တာဟာ အကုသိုလ် အပြစ်မရှိဘူး။ အမှန်တော့ အရက်သောက်တဲ့အကျင့်ဟာ အဗျာကတ သာ ဖြစ်တာပါ"ဟု ပြောပါတယ်။

အဗျာကတဆိုတာ ကုသိုလ်လည်းမဟုတ်၊ အကုသိုလ်လည်း မဟုတ်တဲ့ ဝိပါက်ကြိယာစိတ်မျိုးကို ထိုသူဆိုခြင်း ဖြစ်သည်။ ဝိပါက်ကြိယာ စိတ် ဖြစ်သည်ဟုဆိုလျှင် အကုသိုလ် မဖြစ်တော့ဘူး။ အပြစ်မဖြစ်တော့ ဘူးဟူ၍ ဆင်ခြေပေးလာခြင်းဖြစ်သည်။

သူပြောတာဟုတ်တုတ်တုတ်မို့ စာရေးသူလည်း စဉ်းစားရ ခက်သွားသည်။ အရက်သောက်ရုံနှင့် အပြစ်မရှိဟုဆိုသော်လည်း အရက်သောက်မိပြီဆိုလျှင် ထိုသူသည် မည်သည့်ဒုစရိုက်မှုမျိုးကိုမဆို ပြုလုပ်ရန် ဝန်မလေးတော့ကြောင်း အရက်သောက်ခြင်းသည် ဒုစရိုက်တွေ ဖြစ်ပေါ်ကြောင်းဖြစ်သဖြင့် အပြစ်မှုချကောန်ရှိသည်ဟု ဆိုရခြင်းဖြစ်ကြောင်းကို အကိုးသာဓကများပြ၍ ရှင်းပြခဲ့သည်။ သို့သော်လည်း ထိုသူက ဘဝင်မကျလှပါ။ အရက်သောက်သည့်အပြစ်သည် မည်သည့်ဒုစရိုက်မျိုးတွင် ပါဝင်သင့်ကြောင်း ရှင်းပြနိုင်မှသာ ထိုသူလက်ခံနိုင်မည်ထင်သည်။ ထိုသူ လက်မခံနိုင်ခြင်းမှာလည်း အဆိုးမဆို သာပေ။

ဒုစရိုက်တရားဆိုသည်မှာ မကောင်းသော အကျင့်၊ မသူတော်တို့၏ အကျင့်ကို ဆိုခြင်းဖြစ်သည်။ ၎င်းဒုစရိုက်တရားကိုပင် အပါယ်ဒုဂ္ဂတိသို့ရောက်ကြောင်း၊ အကုသိုလ်ကံမျိုး ဖြစ်သောကြောင့် "အကုသလကမ္မပထ"တရား ဟူ၍လည်း ခေါ်ဆိုပေသည်။

စာရေးသူသည် အရက်သောက်သည့် အပြစ်သည် မည်သည့်ဒုစရိုက်တွင်ပါဝင်ကြောင်း သိလိုစိတ်ပြင်းပြလာ၍ ရှာဖွေလေ့လာကြည့်ရာမှ အဖြေတွေ့လာရခြင်းဖြစ်သည်။ နောက်တစ်ခေါက် ထိုသူနှင့်တွေ့ရန်အကြောင်းမရှိတော့၍ ပြောမပြနိုင်သော်လည်း ဗုဒ္ဓဘာသာဝင်ပြည်သူများ အသိဉာဏ်ပွားများစေရန် လေ့လာတင်ပြလိုက်ရပါသည်။

သေရည်သေရက်သောက်ခြင်း၏ အပြစ်များ ဆိုးကျိုးများကို စာရေးသူအတော်များများက ရေးသားထားကြပြီးဖြစ်၍ စာဖတ်သူများလည်း သိထားကြပြီးဖြစ်သည်။ ထို့ကြောင့် ဤဆောင်းပါးတွင် သေရည်အရက်သောက်ခြင်းကြောင့် ဒုစရိုက်ပြစ်မှုဖြစ်မဖြစ်ကိုသာ ဦးစားပေးတင်ပြသွားမည် ဖြစ်ပါသည်။

သေရည်သေရက်သောက်သုံးသည့် အပြစ်ကို ဒုစရိုက်ဖြစ်သည်သို့မဟုတ် အကုသလကမ္မပထတရားဖြစ်သည်ဟု ကျမ်းဂန်တို့၌ တိုက်ရိုက်ဖွင့်ဆိုထားခြင်းမရှိပါ။ ဤအချက်ကို အကြောင်းပြု၍ အရက်သောက်လျှင်

အပြစ်မရှိ၊ ဒုစရိုက်(၁၀)ပါးတွင် အရက်သောက်သည့်အပြစ်မပါရှိဟု ဆိုကာ ဆင်ခြေပေးတတ်ကြသည်။ အမှန်မှာ တိုက်ရိုက်မပါသော်လည်း အဆိုပါ အရက်သောက်သည့်အပြစ်သည် ကာမေသုမိစ္ဆာစာရနှင့် သဘောတူသောကြောင့် ကာမေသုမိစ္ဆာစာရ ကာယဒုစရိုက်တွင် ထည့်သွင်းယူရမည်ဟု ဋီကာကျော်ကျမ်းတွင် ဖွင့်ဆိုထားပေသည်။ မူလဋီကာ၌ သုရာပါနကံကို ကာမေသုမိစ္ဆာစာရ၌ သွင်းရုံသာမက ဒုစရိုက် (၁၀)ပါးလုံးကို ကျေးဇူးပြုတတ်သောကြောင့် ဒုစရိုက်ကံ(၁၀)ပါးလုံး၌ ထည့်သွင်းပေးသည်ဟူ၍ ပြဆိုထားပေသည်။

ကာမေသုမိစ္ဆာစာရနှင့် သဘောတူပုံမှာ ရူပါရုံစသော ကာမဂုဏ်ငါးပါးတို့တွင် ဝတ္ထုကာမ အတွေ့သည် ဖောဋ္ဌဗ္ဗာရုံ ကာမဂုဏ်အတွေ့ဖြစ်သည်။ သေအရက်သောက်ခြင်းသည်လည်း ရသာရုံကာမဂုဏ်အတွေ့ပင်ဖြစ်သည်။ ထိုသို့ ကာမဂုဏ် အတွေ့ခြင်းတူသဖြင့် ထိုဖောဋ္ဌဗ္ဗာရုံကာမဂုဏ်ကို အယုတ်တမာပြုကျင့်ခြင်းသည် ကဲ့ရဲ့ထိုက်သကဲ့သို့ ဤရသာရုံ သေရည် သေရက် သောက်ခြင်းမှာလည်း ကဲ့ရဲ့ထိုက်ပေသည်။ ဤအဆိုအရကြည့်လျှင် သုရာမေရယကံသည် ကာမေသုမိစ္ဆာစာရကဲ့သို့ ကာယဒုစရိုက်တွင် အကျုံးဝင်ပြီး ဖြစ်ပေသည်။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးကလည်း ဣဿာ (ငြူစူခြင်း၊ မနာလိုခြင်း) မစ္ဆရိယ(ဝန်တိုခြင်း)နှင့် ဝိစိကိစ္ဆာ (ယုံမှားခြင်း) တရားတို့ သည် ကမ္မပထတရား(၁၀)ပါး (ဝါ) ဒုစရိုက်တရား(၁၀)ပါးတွင် မပါဝင်သော်လည်း အပါယ်ပဋိသန္ဓေအကျိုးကိုပေး၍ ကမ္မပထမြောက်သဖြင့် သင့်လျော်ရာတွင် သွင်းယူရသကဲ့သို့ ထိုအတူ သုရာမေရယကံသည်လည်း အပါယ်ပဋိသန္ဓေကို ပေးသည်ဖြစ်၍ ကမ္မပထမြောက်သောကြောင့် သင့်လျော်ရာသို့ သွင်းယူရမည် မိန့်ဆိုခဲ့သည်။ ဤ မိန့်ဆိုချက်အရ ကာမေသုမိစ္ဆာစာရတွင် ယူရမည်မှာ ထင်ရှားလျက်ရှိသည်။

ထို့အပြင် "ပါဏာတိပါတောစေဝနိရယသံဝတ္တနိကော တထာ အဒိန္နာဒါနာဒီနိ" ပါဏာတိပါကံသည် ငရဲသို့ ကျရောက်စေတတ်သည့်

နည်းတူ အဒိန္နာဒါနာကံစသည်တို့သည်လည်း ငရဲသို့ကျစေတတ်သည်" ဟု မဇ္ဈိမပဏ္ဏာသအဋ္ဌကထာတွင် ဖွင့်ဆိုထားခြင်းကိုထောက်၍ သုရာ မေရယကံ သည်လည်း အပါယ်ပဋိသန္ဓေကျိုးကိုပေးနိုင်၍ ကမ္မပထ မြောက်သဖြင့် ဒုစရိုက်တွင် ပါဝင်သည်ဟု မှတ်ယူရမည် ဖြစ်သည်။

သေရည်သေရက်သောက်ခြင်းသည် ဒုစရိုက်ဖြစ်မဖြစ် အငြင်းပွား နေခြင်းထက် ထိုသို့သောက်သဖြင့် အပါယ်ကျမကျဆိုသည်က သာ၍ အရေးကြီးသည်။ ဘုရားရှင်က "သုရာ မေရယပါနံ ဘိက္ခဝေ အာသေဝိတံ ဘာဝိတံ ဗဟုလီကတံ နိရယသံဝတ္တနိကံ တိရစ္ဆာနယောနိ သံဝတ္တနိကံ၊ ပေတ္တိဝိသယသံဝတ္တနိကံ ယောသဗ္ဗလဟုသော သုရာမေရယပါနဿ ဝိပါကော မနုဿဘူတဿ ဥမ္မတ္တက သံဝတ္တနိကော ဟောတိ တိ" ရဟန်း တို့ မှီဝဲအပ် ပွားများအပ် အကြိမ်များစွာ ပြုအပ်သော သေအရက်ကို သောက်ခြင်းသည် ငရဲ၌ ဖြစ်စေတတ်၏။ တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏။ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏။ သေအရက်ကို သောက်ခြင်း၏ အပေါ့ဆုံး အကျိုးသည် လူဖြစ်သောသူအား ရူးသွပ်ခြင်းကို ဖြစ်စေတတ်၏ဟု အင်္ဂုတ္တိုရ် ပါဠိတော်တွင် ဟောကြားထားသည်။

ဒုစရိုက်(၁၀)ပါးတွင် မပါဝင်သဖြင့် သုရာမေရယကံကြောင့် အပါယ် မကျနိုင်၊ အကုသိုလ်မဖြစ်နိုင်ဟူ၍ ဇိုးသမား အချို့၏ ဆင်ခြေဆင်လက် ပေးမှုကို နားမယောင်သင့်ကြပေ။ သေရည် သေရက်သောက်မိလျှင် ကိုယ်ကမရဲသူပင် ရဲတင်းလာတတ်၏။ သတ်မှု ခိုးမှု ကာမမှုတို့ကို အခွင့် သာလျှင် သာသလို ပြုရဲလာ၏။ လိမ်ညာပြောမှု၊ ချောပစ်ကုန်းတိုက်မှု စသော ဝစီကံ၊ သူတစ်ပါး စည်းစိမ်ကို ရှေ့ရှုကြံခြင်း အဘိဇ္ဈာ စသော မနောကံများ မဖြစ်နိုင်စရာ အကြောင်းမရှိတော့။ ထို့ကြောင့် သုတ္တနိပါတ် အဋ္ဌကထာတွင် "ပါဏာတိပါတာ ဒီနိ သဗ္ဗာ ကုသလာနိကရောန္တိ ဗာလာ" လူမိုက်တို့သည် ပါဏာ တိပါတကံစသော အလုံးစုံ သော အကုသိုလ်တို့ ကို သေရည် သေရက် သောက်စားမူးယစ်ခြင်းဟူသော အကြောင်းကြောင့် မကြောက်မရွံ့ပြုကြကုန်၏ဟူ၍ ဖွင့်ဆိုထားသည်။ ဤအဆိုအရ

ကြည့်လျှင် သုရာမေရယကံကို ဒုစရိုက်(၁၀)ပါးတို့၌ သွင်းယူရ မည်ဟု မှတ်ယူရမည်ဖြစ်သည်။

သိက္ခာပဒဝိဘင်း အဋ္ဌကထာတွင်လည်း "ကောဋ္ဌာ သတော ပဉ္စပိပါဏာတိ ပါတာဒယော ကမ္မပထဧဝ" "ပါဏာတိ ပါတာစသော ငါးပါးလုံးသည် ကမ္မပထသာလျှင်တည်း" ဤဖွင့်ဆိုချက်အရ ကြည့်လျှင်လည်း သုရာမေရယကံသည် ရှေ့ကံလေးပါးကဲ့သို့ပင် အရက်သောက်ပြီး မည်သည့်ဒုစရိုက်ကိုမျှ မပြုစေကာမူ ကမ္မပထမြောက်သည်ဟုသာ ဆိုရမည် ဖြစ်သည်။

အသေအချာစဉ်းစားကြည့်လျှင် ငါးပါးသီလတွင် သုရာမေရယကံသည် ရှေ့ကံလေးပါးထက် ပိုမိုကြီးလေးသော အပြစ်ရှိသည်ဟု ဆိုနိုင်သည်။ ထိုသို့ ဆိုရခြင်းမှာ သုရာမေရယကံကြောင့် လူဖြစ်လာလျှင်လည်း အရူးအနှမ်း ဖြစ်တတ်သည်ဟု ဆိုထားရာ ထိုသို့ဖြစ်လျှင် ထိုသူသည် မဂ်၊ ဖိုလ်ကို မျက်မှောက်ပြုနိုင်သော အရိယာတို့၏တရားကို မည်သို့မျှ သိနိုင်တော့မည် မဟုတ်သောကြောင့် ဖြစ်သည်။

အချုပ်အားဖြင့် တင်ပြရလျှင် သုရာမေရယကံကြောင့် ခံစားရသည့် ပစ္စုပ္ပန်တမလွန်ဆိုးကျိုးများကား အလွန့်အလွန် များပြားလှသည်။ လက်တွေ့ဘဝတွင် အရက်စွဲနေသူ(ဝါ) အရက်၏ ကျေးကျွန်ဖြစ်နေသူများ၏ ဘဝကို လေ့လာကြည့်လျှင်လည်း ရှင်းပြစရာမလိုလောက်အောင် သိသာထင်ရှားလှသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဗိုးသမားတို့၏ အရက်သောက်သော်လည်း ဒုစရိုက်အပြစ် မဖြစ်ဆိုသောစကားသည် မဖြစ်နိုင်သည်ကို ကြံဖန်၍ ဆင်ခြေပေးနေခြင်းသာဖြစ်ကြောင်း၊ သူတို့၏ ဒုစရိုက်အပြစ်ကိုဖုံးကွယ်လို၍ အကြောင်း ပြနေခြင်း တစ်ရပ်သာဖြစ်ကြောင်း၊ အရက်သောက် ခြင်း၏အပြစ်သည် ပဋိသန္ဓေကျိုးကိုပင် ပေးနိုင်သဖြင့် ကာယဒုစရိုက်တွင် ဧကန်မုချ ထည့်သွင်း ယူရမည်သာဖြစ်ကြောင်းတို့ကို အမှန်အတိုင်း ရှုမြင်၍ အရက်ကိုဝေးဝေးက ရှောင်ရှားသင့်ပါကြောင်း သတိပေးရေးသားလိုက်ရပေသည်။

စိန်တိုင်ထွန်း

# အမြတ်ဆုံးဥစ္စာ



# အမြတ်ဆုံးဥစ္စာ

အမြတ်ဆုံးဥစ္စာဆိုသည်မှာ (၃၈)ဖြာ မင်္ဂလာတရားတော်တွင် တစ်ပါးအပါအဝင်ဖြစ်သည့် သန္တုဋ္ဌိမင်္ဂလာကို ဆိုခြင်းဖြစ်သည်။ မင်္ဂလာဟူသည် မကောင်းမှုကို ပယ်ဖျောက်ကောင်းကျိုးကို ရောက်စေတတ်သောကြောင့် မင်္ဂလာဟု ဆိုထားရာ လက်တွေ့လိုက်နာကျင့်သုံးသူတို့ ဘေးရန်ကင်းကွာ၍ ရန်အပေါင်းကို အောင်နိုင်ခြင်း၊ စီးပွားချမ်းသာ ကျက်သရေတိုးခြင်း၊ ပြောဆို ကြံစည်သမျှ အောင်မြင်နိုင်ခြင်း၊ ကိုယ်စိတ် နှစ်ဖြာ ကျန်းမာချမ်းသာခြင်းစသော အကျိုးတရားများကို မျက်မှောက်ဘဝမှာပင် ခံစားနိုင်ကြမည်သာ ဖြစ်သည်။

ဓမ္မပဒပါဠိတော်(၂၀၄)တွင် သန္တုဋ္ဌိပရမံ ဓနံဟု ဟောထားသည်ကို ပရိတ်ကြီး နိဿယသစ် ကျမ်းပြု ရွှေကျင်ဒုတိယသာသနာပိုင်ဆရာတော် ဘုရားကြီးဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသက "တင်းတိမ်ရောင့်ရဲခြင်းသည် အမြတ်ဆုံးဥစ္စာဖြစ်သည်"ဟု ပြန်ဆိုထားသည်။ လောက၌ ဥစ္စာပစ္စည်း ရှိလျှင် ဖြစ်ချင်သည့်အရာ အတော်များများကို ပြည့်စုံစေနိုင်သကဲ့သို့ ရောင့်ရဲတတ်သူ၌လည်း ပြည့်စုံလျက်ရှိသဖြင့် သန္တုဋ္ဌိကို အမြတ်ဆုံးဥစ္စာအဖြစ် တင်စားထားခြင်းဖြစ်သည်။

"သန္တုဋ္ဌိ" = သ + တုဋ္ဌိ ဟု ပုဒ်ခွဲပြီး သ = မိမိဥစ္စာဖြင့် (ဝါ) ရှိနေသောဥစ္စာဖြင့် တုဋ္ဌိ = ကျေနပ် နှစ်သက်ခြင်းဟု အဓိပ္ပါယ်ရသဖြင့် ရှိသမျှ၊ ရသမျှ နှင့် တင်းတိမ်ရောင့်ရဲနိုင်ခြင်းကို "သန္တုဋ္ဌိ"ဟု ဆိုခြင်း ဖြစ်ပါသည်။ ဤတွင် နီတိဆရာတို့၏ အဆိုအမိန့်ကိုလည်း ဖော်ပြလိုပါသည်။ နီတိဆရာတို့က "သန္တောသတုလျံ ဓနမတ္ထိ နညံ = တင်းတိမ်ရောင့်ရဲ ခြင်း သန္တောသနှင့် တန်းတူရည်တူဖြစ်သော တစ်ပါးသောဥစ္စာသည် မရှိ"ဟု မိန့်ထားပေသည်။ အချုပ်မှတ်လျှင် ကံပေးသမျှဖြင့် ရောင့်ရဲလွယ်ခြင်း အားရလွယ် တင်းတိမ်လွယ်ခြင်းကို သန္တုဋ္ဌိဟု ဆိုရမည် ဖြစ်သည်။

အချို့က သန္တုဋ္ဌိစ = မရှိလို့ ရောင့်ရဲရခြင်းသည်လည်းကောင်းဟူ၍ သန္တုဋ္ဌိရှိသူတို့ကို ပျက်ရယ်ပြုလိုကြသည်။ အမှန်မှာ တင်းတိမ်ရောင့်ရဲခြင်းသည် မင်္ဂလာဟုဆိုထားသဖြင့် မိမိ၏ ဘ၀အခြေအနေတိုးတက်မှုအတွက် မည်ကဲ့သို့မျှ ကြိုးစားအားထုတ်ခြင်းမပြုဘဲ ဖြစ်သလို နေထိုင်သွားခြင်းမျိုးကို ဆိုလိုခြင်းမဟုတ်ပေ။ ဤကဲ့သို့ နေထိုင်ခြင်းမျိုးကိုလည်း ဘုရားရှင်နှစ်သက်တော်မမူပေ။ မိမိ လုပ်ငန်း၌ အမှားမရှိအောင် သတိဖြင့် ကောင်းစွာ လုပ်ရမည်။ ဉာဏ်စွမ်းရှိသလောက် ကြိုးပမ်းရမည်သာ ဖြစ်သည်။ ထိုသို့လုပ်ကိုင်ပါလျက် ထင်သလောက် အကျိုးစီးပွားဖြစ်မလာသည့် အခါမျိုးတွင်သာ ရသမျှနှင့် တင်းတိမ်ရောင့်ရဲရမည်ဟု ဆိုခြင်းဖြစ်သည်။ လောကလူသားတိုင်းမှာ တာ၀န်တွေရှိနေကြသည်။ မိသားစုတာ၀န်၊ လူမျိုးတာ၀န်၊ တိုင်းပြည်တာ၀န်စသည့် မိမိကျရာတာ၀န်များကို ကျေကျေပွန်ပွန် ထမ်းဆောင်ကြရမည်သာ ဖြစ်ပေသည်။

ဤနေရာတွင် လောကရေးနှင့် ဓမ္မရေးကို အတူထား၍ မသုံးသပ်ထိုက်ပေ။ ဓမ္မရေးတွင် အလိုနည်းလေ ကောင်းလေပင်ဖြစ်သည်။ ဓမ္မရေးတွင်လည်း စာပေတတ်ရုံနှင့် တင်းတိမ်မနေသင့်ပေ။ မဂ်ဖိုလ်ရသည်အထိ ကြိုးပမ်းအားထုတ်ရမည်။ ထိုသို့ အားထုတ်ပါလျက် တရားထူးများ မရရှိသည့်အခါမျိုးကျမှပင် သန္တုဋ္ဌိကို လက်ကိုင်ပြုကာ စိတ်ချမ်းသာမှုကို ရှာဖွေရမည်ဖြစ်သည်။

လောကရေးအတွက် စီးပွားရေး၊ ပညာရေး တို့ကို ရှာဖွေရာတွင် မိမိ၏ ကံဉာဏ် ၀ီရိယကို အရင်းတည်၍ စွမ်းနိုင်သလောက် လုပ်ဆောင်ရမည်ဖြစ်သည်။ ဤမျှလောက် စီးပွားဖြစ်လျှင် တော်ပါပြီ။ ဤမျှလောက် ပညာတတ်လျှင် တော်ပါပြီဆိုသည့် ရောင့်ရဲခြင်းမျိုးမှာ သန္တုဋ္ဌိ မဟုတ်ပေ။ ဤသို့ ဖြစ်ခြင်းမျိုးမှာ ဆုတ်နစ်ခြင်းသာ ဖြစ်ပေသည်။ လောကကြီးပွားအောင်လုပ်သည့်နေရာတွင် တရားမပျက်သရွေ့ သန္တုဋ္ဌိ မင်္ဂလာမပျက်ပါ။ များများရှာပါ။ များများလှူပါ။ ရှာမှရှိ ရှိမှလှူနိုင်၊ လှူနိုင်မှ မင်္ဂလာဖြစ်မည်

ဆိုသည်ကို သတိပြုရမည် ဖြစ်သည်။

မတရားသဖြင့် စီးပွားရှာဖွေသူများတွင်မူ သန္တုဋ္ဌိတရားကို ရှာဖွေလို့ တွေ့မည်မဟုတ်ပေ။ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုး ပစ္စည်းဥစ္စာပေါများလာသည့်အခါတွင်လည်း ကောင်းရာမွန်ရာတို့တွင် မသုံးဘဲ ဖြုန်းချင်တိုင်း ဖြုန်းကြသည်။ တရားသဖြင့် စီးပွားရှာဖွေဖြစ်ထွန်းလာသူတို့မှာမူ ထိုကဲ့သို့ မဟုတ်ပေ။ မိမိတို့ရှာဖွေရရှိလာသည့် ပစ္စည်းဥစ္စာများကို အကျိုးမရှိသည့် ဘက်တွင် သုံးဖြုန်းခြင်းမပြုဘဲ အမျိုးဘာသာသာသနာအတွက် အကျိုးရှိရာရှိကြောင်း လုပ်ငန်းများတွင်သာ သုံးလေ့ရှိသည်။

လူတို့၏ အလိုကားပြည့်နိုင်ရန် ခဲယဉ်းသည်၊ မည်သည့်အရာတွင် မဆို ပိုသည်မရှိ၊ လို၍ချည်းသာ နေတတ်၏။ လိုရင်းလိုရင်းဖြင့်သာ ဘဝ နိဂုံးချုပ်ရမြဲဖြစ်သည်။ လူတို့၏အလိုနှင့်ပတ်သက်၍ မဃဒေဝသာရမဥ္စူသာ ဋီကာ၌ "ဒုက္ခီ သုခံ ပတ္ထယန္တိ၊ သုခီ ဘိယျောပိ ဣစ္ဆန္တိ"ဟူ၍ ဖွင့်ဆိုထားသည်။ အဓိပ္ပာယ်မှာ "ဆင်းရဲ၍ နေကြကုန်သူတို့သည် ချမ်းသာမှုကို လိုချင်တောင့်တရှိကြပေကုန်၏။ ချမ်းသာမှုဖြင့် ပြည့်စုံ၍နေကြကုန်သော သူတို့သည်လည်း ပိုသည်မရှိ၊ လို၍ချည်းသာ နေကြလေကုန်၏"ဟူ၍ ဆိုလိုပါသည်။

မရောင့်ရဲနိုင်ခြင်း (ဝါ) လိုချင်တောင့်တနေခြင်းလေသည် လောဘ ပင်ဖြစ်သည်။ လောဘဟူသည် "သောက်လေသောက်လေ ငတ်မပြေ"ဆို သကဲ့သို့ ပစ္စည်းဥစ္စာကို မည်မျှလောက်ပင် ရရှိပါစေ၊ အလိုမပြည့်၊ တင်းတိမ်ရောင့်ရဲမှု မရှိပေ။ ဆင်းရဲသားလည်း ဆင်းရဲသားအလျောက်၊ ချမ်းသာသူလည်း ချမ်းသာသူအလျောက် အလို ပြည့်သည်ဟူ၍ မရှိပေ။ ချမ်းသာသူကလည်း တိုက်တစ်လုံးရှိလျှင် တိုက်နှစ်လုံး၊ သုံးလုံးရှိအောင်၊ ကားတစ်စီးရှိလျှင် ကားနှစ်စီး သုံးစီးရှိအောင် လိုချင်ဖြစ်ချင်ရချင်သည်။ ပြည့်စုံပြီ တော်ပြီမရှိပေ။ ဤသည်မှာ လောဘသဘောပင်ဖြစ်သည်။

ရသမျှ၊ ရှိသမျှနှင့် ရောင့်ရဲတင်းတိမ်မှု မရှိဘဲ လောဘကြီးလွန်းသဖြင့် အကျိုးယုတ်ရပုံ သာဓကများစွာ ရှိပါသည်။ ဧကနိပါတ်၊ သုဝဏ္ဏဟံသဇာတ်ကို သာဓကထုတ်ပြလိုသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားအလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်ခဲ့သည်။ ၎င်းသည် ပုဏ္ဏေးမတစ်ဦးနှင့် အိမ်ထောင်ကျပြီး သမီးသုံးယောက်ရရှိခဲ့သည်။ သမီးသုံးယောက် အိမ်ထောင်မကျမီမှာပင် ဘုရားအလောင်းပုဏ္ဏား ကွယ်လွန်သွားပြီး ရွှေဟင်္သာမျိုး၌ ဖြစ်လေသည်။ ရွှေဟင်္သာသည် ရှေ့ဘဝကို ပြန်လည်အောက်မေ့ ဆင်ခြင်သိမြင်နိုင်သော ဇာတိဿရဉာဏ်ကို ရရှိ၍ ဆင်ခြင်ကြည့်ရာ ဇနီးဟောင်းနှင့်သမီး သုံးယောက်တို့ ဆင်းရဲဒုက္ခရောက်ကာ သူတစ်ပါးအိမ်မှာ အခစားလုပ်နေသည်ကို တွေ့မြင်ရသည်။ ထိုအခါ ရွှေဟင်္သာသည် ဇနီးဟောင်းထံသွားပြီး အကြောင်းစုံပြောပြပြီးလျှင် "ဤနေ့မှစ၍ သူတစ်ပါးအိမ်မှာ အခစားလုပ်၍ အသက်မမွေးနှင့်တော့ သင်တို့အား ရွှေအတောင်တစ်တောင်စီ ပေးမည်။ ထိုရွှေအတောင်များကို ရောင်းချလျက် ချမ်းချမ်းသာသာ အသက်မွေးကြပါဟုပြောကာ ၎င်း၏ကိုယ်မှ ရွှေအတောင်သုံးတောင်ကို နုတ်ပေးကာသွားလေ၏။ ဤသို့လျှင် ရံခါရံခါ လာ၍ပေးလေသည်။ ဇနီးဟောင်းနှင့် သမီးသုံးယောက်သည်လည်း ထိုအတောင်များကို ရောင်းချကာ အသက်မွေးကြရသဖြင့် တဖြည်းဖြည်းချမ်းသာကြွယ်ဝလာခဲ့သည်။

ရသမျှနှင့် တင်းတိမ်ရောင့်ရဲမှု မပြုနိုင်သော ပုဏ္ဏေးမသည် တစ်နေ့တွင် သမီးတို့ကို ခေါ်၍ "ချစ်သမီးတို့ - တိရစ္ဆာန်တို့စိတ်ဟာ သိဖို့ ခဲယဉ်းတယ်။ သင်တို့ ဖခင်ဟောင်းဖြစ်တဲ့ ရွှေဟင်္သာဟာ နောင် လာချင်မှ လာမှာ၊ ဒီတစ်ခါလာရင် အတောင်တွေ အကုန်နုတ်ယူကြမယ်"ဟု တိုင်ပင်ပြောဆိုသည်ကို သမီးတို့က သဘောမတူကြပေ။ သို့ရာတွင် ပုဏ္ဏေးမသည် အလွန်လောဘ**ကြီးသဖြင့်** နောက်တစ်ကြိမ်လာသော ရွှေဟင်္သာကို ဖမ်းယူပြီး အတောင်အားလုံးကို နုတ်ယူလေသည်။ ရွှေဟင်္သာ အလို

မတူဘဲ နှုတ်ယူခံရခြင်းကြောင့် အတောင်အားလုံးတို့သည် ရွှေမဖြစ်တော့ဘဲ ဗျိုင်းအတောင်များကဲ့သို့ အဖြူရောင်များ ဖြစ်ကုန်ကြသည်။

ပုဏ္ဏေးမသည် အတောင်များမရှိတော့၍ မပျံနိုင်ဖြစ်နေသော ရွှေဟင်္သာကို အိုးစရည်းတစ်ခု၌ထည့်၍ ကျွေးမွေးထား၏။ ရွှေဟင်္သာတွင် တစ်ဖန်ပေါက်လာသော အတောင်များသည်လည်း အဖြူရောင်များဖြစ်ကုန်သည်။ အတောင်စုံသောအခါ ရွှေဟင်္သာသည် မိမိနေရာသို့ ပျံသွားပြီး ထိုနေ့မှစ၍ ပုဏ္ဏေးမထံ တစ်ဖန်ပြန်မလာတော့ပေ။ "အလိုလောဘ၊ ကြီးလွန်းက၊ လာဘ်မှ ယုတ်သည်သာ"ဟုဆိုသည့်အတိုင်း ပုဏ္ဏေးမသည်လည်း အလိုကြီးလွန်းကာ တင်းတိမ်ရောင့်ရဲမှု မပြုနိုင်သဖြင့် ရွှေတောင်တည်းဟူသော လာဘ်မှ ဆုတ်ယုတ်ရသည်ကို သတိပြုရမည်ဖြစ်သည်။

ဤအချက်ကို သတိပြုပြီး မိမိတို့သည် ရသမျှ ရှိသမျှနှင့် ရောင့်ရဲတင်းတိမ်နေနိုင်အောင် ပြုကျင့်ရမည်။ ရောင့်ရဲတင်းတိမ်မှု သန္တုဋ္ဌိမင်္ဂလာကို လက်တွေ့လိုက်နာကျင့်သုံးမှု မပြုနိုင်သူများသည် မိမိတို့ရရှိ ရောက်ရှိနေသည့် အခြေအနေနှင့် လိုက်လျောညီထွေမနေနိုင်ဘဲ နေ့ချင်းညချင်း ကြွယ်ဝချမ်းသာလိုကြသဖြင့် မမှန်မကန်သော စီးပွားရှာနည်း၊ မမှန်မကန်သော ရာထူးတိုးတက်နည်းများကို မဆင်မခြင်ပြုလုပ်မိကြသည့်အတွက် ဒုက္ခပင်လယ်ဝေခဲ့ကြရသူများ အမြောက်အမြားပင် ရှိကြသည်ကို သတိပြုကြစေလိုကြောင်း စေတနာကောင်းဖြင့် ရေးသားလိုက်ရပေသည်။

# ကြီးပွားချမ်းသာကြောင်း
# တရား(၇)ပါး



# ကြီးပွားချမ်းသာကြောင်း တရား(၇)ပါး

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ ဟူသော ဒေသနာအရ ဘုရားဟူသည် ခပ်သိမ်းကုန်သော သတ္တဝါတို့၏ စီးပွားအလို့ငှါ ဖြစ်ထွန်းပေါ် ပေါက်လာတော်မူခြင်း ဖြစ်သည်။ အစီးအပွားဟူရာတွင် လောကီအစီးအပွားနှင့် လောကုတ္တရာ အစီးအပွား နှစ်ရပ်လုံးစလုံးကို ဆိုလိုခြင်း ဖြစ်သည်။

အချို့သောပုဂ္ဂိုလ်တို့က ဘုရားရှင်၏ လောကုတ္တရာ အစီးအပွား ဆောင်ရွက်ပုံကို အငြင်းမပွားကြသော်လည်း လောကီအစီးအပွား ဆောင်ရွက်မှုနှင့်ပတ်သက်၍ ဝေဖန်မှု အမျိုးမျိုး ပြုတတ်ကြသည်။ ဗုဒ္ဓဘာသာသည် မျက်မှောက်ဘဝကောင်းစားရေးအတွက် ဟောကြားခြင်းမဟုတ်ဘဲ သံသရာကောင်းစားရေးအတွက် လမ်းညွှန်ပြသော ဘာသာဖြစ်သည်။ ငယ်ငယ်ရွယ်ရွယ်ဘဝတွင် ဘာသာရေး လုပ်စရာမလို၊ အသက်ကြီးကာမှ လုပ်သင့်သည်ဟု ဆိုတတ်ကြသည်။

ပထမအရွယ် ပညာရှာ၊ ဒုတိယအရွယ်ဥစ္စာရှာ၊ တတိယ အရွယ် ဘာဝနာရှာရမည်ဟူသော အယူအဆကလည်း ငယ်စဉ်ကာလတွင် ဘာသာရေး အရေးမကြီးပုံကို လမ်းညွှန်ပြသကဲ့သို့ ဖြစ်နေသည်။ အမှန်မှာ ဤသို့ အရွယ်သုံးပါး ပိုင်းခြားထားခြင်းမှာ ဘုရားဟောကြားထားခြင်း မဟုတ်၊ ယေဘုယျသတ်မှတ်ထားချက်သာဖြစ်သည်။ ဘာသာတရားသည် ကောင်းရာကိုသာ ညွှန်ပြထားခြင်းဖြစ်၍ အချိန်အခါမရွေး လိုက်စားသင့်လှပေသည်။

ဘုရားရှင်က မျက်မှောက်ဘဝကောင်းစားရေးအတွက် ဟောကြားထားသော တရားတော်များမှာ အမြောက်အမြားရှိပါသည်။ မိမိဉာဏ်မမီ၍မသိရှိခြင်းကိုပင် ပညာတတ်ကြီးလုပ်ကာ ဘာသာတရားကို အပုပ်ချ

တတ်ကြသည်။ ဤသည်မှာ ကြီးစွာသော မှားယွင်းမှုတစ်ရပ် ဖြစ်ပေသည်။

ဤဆောင်းပါးတွင် ဘုရားရှင်ဟောကြားထားသော မျက်မှောက်ဘဝ ကြီးပွားတိုးတက်ရေး တရားတော်ထဲမှ တစ်ခုသောတရားကို ဖော်ပြလိုခြင်းဖြစ်ပေသည်။ ဘဝတွင် ကြီးပွားတိုးတက်မှု ရယူလိုသူတိုင်း(ဝါ) စည်းစိမ်ချမ်းသာ အခြံအရံ အကျော်အစောရရှိသူတိုင်း လိုက်နာကျင့်သုံးရမည့် တရား(၇)ပါးကို ဘုရားရှင် ဟောကြားထားပေသည်။ ဤတရားတော်များ အတိုင်း တစ်ဦးချင်းစီကလိုက်နာလျှင် တစ်ဦးချင်း၏ ကြီးပွားတိုးတက်မှုကို ရရှိခံစားနိုင်မည် ဖြစ်သည်။

ထိုတရားကို ဘုရားရှင်က ကုမ္ဘဃောသက သတို့သားအား အကြောင်းပြု၍ ဟောကြားထားခြင်းဖြစ်သည်။

ဥဋ္ဌာနဝတော သတိမတော၊
သုစိကမ္မဿ နိသမ္မကာရိနော။
သညတဿ ဓမ္မဇီဝိနော၊
အပ္ပမတ္တဿ ယသောဘိဝဍ္ဎတိ။

(ဓမ္မပဒဂါထာ-၂၄)

မြတ်သောမင်းကြီး- လုံ့လဝီရိယ ရှိထသော၊ သတိ ရှိထသော၊ စင်ကြယ်သောအမှု ရှိထသော၊ စူးစမ်းဆင်ခြင်၍ ပြုသောအလေ့ရှိထသော၊ ကိုယ် နှုတ် နှလုံး စောင့်သုံးခြင်း ရှိထသော၊ တရားနှင့်လျော်စွာ အသက်မွေးထသော မမေ့မလျော့သောသူအား စည်းစိမ်ချမ်းသာ အခြံအရံ ဘုန်းတန်ခိုး သတင်းအကျော်အစောသည် တိုးတက် ကြီးပွားရာ၏။

## လုံ့လဝီရိယရှိခြင်း

လုံ့လဝီရိယဟူသည် အားထုတ်ခြင်းသဘောဖြစ်သည်၊ အားထုတ်

ခြင်းဆိုရာတွင် မိမိတို့ဆိုင်ရာကိစ္စကို ဆောင်ရွက်သည့်အခါ မကြောက်မရွံ့ ရဲဝံ့ခြင်းသဘောကို ဆိုလိုခြင်း ဖြစ်သည်။ ထို့ကြောင့် "ရဲစွမ်းရောက်က ဝီရိယ"ဟူ၍ ဆရာတော် အရှင်ဇနကာဘိဝံသက ဖွင့်ဆိုထားခြင်း ဖြစ်သည်။ ဝီရိယ၏ ဆန့်ကျင်ဘက်ကား ပျင်းရိခြင်းပင်ဖြစ်သည်။ ပျင်းကား အလုပ်တစ်ခု ရှိသေးပါလျှင် "စောပါသေးတယ်၊ မိုးချုပ်လှပြီ၊ ချမ်းလှသေးတယ်" စသည်ဖြင့် ဆင်ခြင်ပေးကာ အလုပ်ကို လှီးလွှဲပစ်တတ်ကြသည်။ ဝီရိယရှိသူတို့အဖို့မူ အအေးအပူ စသည်လောက်ကို မဆိုထားနှင့် အရေးကိစ္စကြုံလာလျှင် အသက်ကိုပင် ထိမထင်ဘဲပြုလုပ်လေ့ရှိကြသည်။ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည်တို့ကို ဆောင်ရွက်သည့်အခါတွင် ဉာဏ်နှင့်ယှဉ်၍ လုံ့လဝီရိယထုတ်၍ လုပ်ရမည် ဖြစ်သည်။ ထိုသို့ လုပ်ဆောင်ပါလျှင် "ဝီရိယဝတော ကိံနာမကမ္မံ" နသိဇ္ဈတိ "လုံ့လဝီရိယရှိသူအား မည်သည့်အမှုကိစ္စမဆို မပြီးစီးဘဲ ရှိအံ့နည်း၊ ပြီးစီးမည်သာတည်း"ဟု ဆိုသည့်အတိုင်း ပြီးစီးနိုင်မည် ဖြစ်သည်။ ထို့ကြောင့် လုံ့လ ဝီရိယထား၍ ဆောင်ရွက်ရန် ထိုက်ပေသည်။

## သတိရှိခြင်း

သတိဟူသည် မမေ့လျော့ခြင်း၊ အောက်မေ့ခြင်း၊ အမှတ်ရခြင်းဟု အဓိပ္ပာယ်ရသည်။ သတိတရားသည် လွန်စွာအရေးကြီးလှသည်။ အရာရာတွင် သတိတရားထားရမည်။ သတိသည် ပိုသည်မရှိ အမြဲလိုနေသောတရားဖြစ်သည်။ မဂ်ဖိုလ်၏ အသင်းအပင်းဖြစ်သော ဗောဓိပက္ခိယတရား (၃၇)ပါးစုတွင် ပါဝင်သော သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတည်းဟူသော ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါးတို့ကို လေ့လာကြည့်လျှင် သတိတရားအရေး ပါလှသည်ကို ထင်ရှားစွာသိမြင်နိုင်သည်။ သတိမှ တစ်ပါးသောတရားလေးပါးတို့သည် လွန်ကဲသည်နှင့်အမျှ လိုအပ်သောအကျိုး မရ

နိုင်သော်လည်း သတိတရားမှာမူ သတိထားနိုင်လေလေ ကောင်းလေလေ ဖြစ်သည်။ လွန်သည်ဟူ၍ မရှိကြောင်း တွေ့ရသည်။

လောကီရေးတွင်ဖြစ်စေ၊ လောကုတ္တရာရေးတွင်ဖြစ်စေ၊ ပစ္စုပ္ပန်ရေးတွင်ဖြစ်စေ၊ တမလွန်လောကရေးတွင်ဖြစ်စေ၊ သတိတရားမှာ အရာရာ၌ပင် လိုအပ်လျက်ရှိသည်၊ သတိမေ့လျော့သဖြင့် အကျိုးဆုတ်ယုတ်ခဲ့ရပုံများကို အကျယ်ပြောရန်မလိုပေ။ မိမိကိုယ်ကို မိမိပြန်လည် စဉ်းစားကြည့်လျှင် ပေါ်လာနိုင်မည် ဖြစ်သည်။ သတိမထားမိသောကြောင့် ဒုက္ခရောက်ခဲ့ရပုံများကို လူအတော်များများ ကြုံဖူးကြမည်ဖြစ်သည်။ ထို့ကြောင့် ကြီးပွားတိုးတက်လိုသူတိုင်း သတိတရားထားရန် လိုအပ်ပေသည်။

## စင်ကြယ်သောအမူရှိခြင်း

စင်ကြယ်သောအမူရှိခြင်းဆိုသည်မှာ ကိုယ်ဖြင့် စင်ကြယ်ခြင်း ကာယသောစေယျ၊ စကား(နှုတ်)ဖြင့် စင်ကြယ်ခြင်း ဝစီသောစေယျ၊ နှလုံး(စိတ်)ဖြင့် စင်ကြယ်ခြင်း မနောသောစေယျဟူ၍ စင်ကြယ်ခြင်း သုံးမျိုးရှိသည်။ ထိုသုံးမျိုးတွင် ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရတည်းဟူသော ကိုယ်ဖြင့် မကောင်းကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်းမျိုးသည် ကိုယ်ဖြင့် စင်ကြယ်ခြင်းဖြစ်သည်။ မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပတည်းဟူသော နှုတ်ဖြင့် မကောင်းကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်းမျိုးသည် နှလုံး(စိတ်)ဖြင့် စင်ကြယ်ခြင်းဖြစ်သည်။ အဘိဇ္ဈာဗျာပါဒ မိစ္ဆာဒိဋ္ဌိတည်း ဟူသော နှလုံး(စိတ်)ဖြင့် မကောင်းကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်းမျိုးသည် နှလုံး(စိတ်)ဖြင့် စင်ကြယ်ခြင်းဖြစ်သည်။ ကြီးပွားတိုးတက်လိုသူသည် ထိုသုံးမျိုးသော စင်ကြယ်ခြင်းမျိုးဖြစ်အောင် ကျင့်ဆောင်ရမည်ဖြစ်သည်။

## စူးစမ်းဆင်ခြင်၍ ပြုလေ့ရှိခြင်း

စူးစမ်းဆင်ခြင်၍ ပြုခြင်းဆိုသည်မှာ ခပ်သိမ်းသော အမှုကို ထောက်ထားနှိုင်းယှဉ်ဆင်ခြင်၍ ရှေ့နောက်ကို လည်းကောင်း၊ အကျိုးအကြောင်းကိုလည်းကောင်း၊ မြော်မြင်၍ ပြုခြင်းမျိုး ဖြစ်သည်။ ထိုသို့ပြုသဖြင့် အပြစ်မှလွတ်ခြင်း၊ သူခပ်သိမ်းတို့၏ ပြစ်တင်ကဲ့ရဲ့ခြင်းတို့မှလွတ်ခြင်း အကျိုးများရရှိနိုင်ပေသည်။ မစူးစမ်းမဆင်ခြင်ဘဲ အဆောတလျင်ပြုဘိမူ ကြီးတန်သောအမှုကို အငယ်၊ ငယ်တန်သောအမှုကို အကြီးဟူ၍ ပြုမိတတ်သည်။ အပြစ်မတင်ထိုက်သူကို အပြစ်တင်မိတတ်၏။ အကျိုး ရောက်ထိုက်သောသူကိုသော်လည်း ဖျက်ဆီးတတ်၏။ ဤသို့ စသည်ဖြင့် အချွတ်အယွင်းပြုတတ်သဖြင့် အပြစ်နှင့်မကင်းသည်ဖြစ်၍ နောင်တတစ်ဖန် ပူပန်ရတတ်လေသည်။ သို့ဖြစ်၍ အရာရာကို စူးစမ်းဆင်ခြင်၍ ပြုရမည်ဖြစ်သည်။

ထန်းပင်အောက်၌ အိပ်နေသော ယုန်သူငယ်သည် ဥသျှစ်သီးကြွေ၍ ထန်းလက် မိမိအပေါ်ကျသည်ကို လန့်၍ပြေးရာ တစ်ပါးသော သားကောင်တို့က ပြေးသည့်အကြောင်းကို ယုန်အား မေးရာ မြေပြို၍ ပြေးသည်ဟု ဆိုသည်ကို တစ်ပါးသော သားကောင်တို့ကလည်း မစူးစမ်းမဆင်ခြင်ဘဲ ပြေးကြရာ မရေမတွက်နိုင်သော သတ္တဝါတို့သည် သမုဒ္ဒရာသို့ဝင်၍ ပျက်စီးရလေသည်။ ကေသရာဇာခြင်္သေ့မင်းမှာမူ စူးစမ်းဆင်ခြင်၍ အကြောင်းအရင်းကို သိအောင်ပြု၍ ကယ်ဆောင်သဖြင့် ဟိမဝန္တာတောသုံးတောင်၌ သားကောင်များအား ချမ်းသာရာရစေခဲ့သည့်ထုံးရှိပေသည်။ ထိုထုံးကို နမူနာယူ၍ အရာရာကို စူးစမ်းဆင်ခြင်ပြီး ဆောင်ရွက်ရမည်ကို သတိပြုရမည်ဖြစ်သည်။

## ကိုယ် နှုတ် နှလုံးကို စောင့်ထိန်းခြင်း

ကိုယ် နှုတ် နှလုံးကို စောင့်ထိန်းခြင်းဆိုသည်မှာ ကိုယ်ကို စောင့်

ထိန်းခြင်း ကာယသံယမ၊ နှုတ်ကို စောင့်ထိန်းခြင်း ဝစီသံယမ၊ နှလုံး (စိတ်)ကို စောင့်ထိန်းခြင်း မနောသံယမဟူ၍ စောင့်ထိန်းခြင်းသုံးမျိုးရှိသည်။ စောင့်ထိန်းခြင်းဟူသည်မှာ ဆိုင်ရာဆိုင်ရာ ဒုစရိုက်တရားများ၊ မဖြစ်ပွားအောင် ထိန်းသိမ်းထားခြင်းကို ဆိုခြင်းဖြစ်သည်။ ဤသို့လျှင် ထိန်းသိမ်းထားအပ်သည်ကို မစောင့်ထိန်းလျှင် ပစ္စုပ္ပန်တွင်လည်း လူမုန်းများ၏။ ခိုက်ရန်ပွား၏။ စည်းစိမ်ဥစ္စာပျက်စီး၏။ ဘေးဒဏ်သင့်၏။ သံသရာ၌လည်း အပါယ်လေးပါးလားရာ၏။ ကိုယ် နှုတ် နှလုံး သုံးပါးဖြင့် စောင့်စည်းအပ်သည်ကို စောင့်စည်းလျှင်မူ ချစ်ခင်သူပေါများ၏။ ဘေးရန်ကင်း၏။ စည်းစိမ်ချမ်းသာ တိုးပွား၏။ သံသရာ၌လည်း လူချမ်းသာ နတ်ချမ်းသာဖြစ်ရ၏။

ကိုယ် နှုတ် နှလုံး စောင့်ထိန်းရာတွင် ကိုယ်တကြွကြွ စိတ်တကြွကြွ ပျံ့လွင့်ခြင်းမျိုးမဖြစ်စေရ လျှပ်ပေါ်လော်လည် မတည်ကြည်ခြင်းမျိုးလည်း မဖြစ်စေရ၊ အမြော်အမြင်နှင့် ပြည့်စုံရမည်၊ မကြည့်အပ်သောအရာ၌ မျက်စိမရှိသူကဲ့သို့ မကြားအပ်သောအရာ၌ နားမရှိသူကဲ့သို့ မျက်စိ အစရှိသော ဣန္ဒြေတို့ကို စောင့်စည်းချုပ်တည်းနိုင်ရမည်။ သင့်သည့်အမူအကျင့်၊ သင့်သည့်စကားစမြည်၊ သင့်သည့်အကြံအစည်တို့ကိုသာ ပြုမိ ဆိုမိ ကြံမိစေသောဟူ၍ စိတ်နှလုံး အဓိဋ္ဌာန်နှင့် ပြည့်စုံရမည် ဖြစ်သည်။ ဤသို့လျှင် ကိုယ် နှုတ် နှလုံးကို စောင့်ထိန်းရမည် ဖြစ်သည်။

## တရားသဖြင့် အသက်မွေးခြင်း

တရားသဖြင့် အသက်မွေးခြင်းဆိုသည်မှာ မှားယွင်းသော အသက်မွေးမှုမှ ရှောင်ခြင်းဖြစ်သည်။ ကာယဒုစရိုက်(၃)ပါး၊ ဝစီဒုစရိုက် (၄)ပါးမှ ရှောင်ကြဉ်ခြင်းသည် မိစ္ဆာဇီဝမှ ရှောင်ကြဉ်ခြင်းဖြစ်သည်။ ထိုရှောင်ကြဉ်ခြင်းများအပြင် လက်နက်ကုန်ကူးခြင်း၊ လူကုန်ကူးခြင်း၊ အသားကုန်

ကူးခြင်း၊ အရက်သေစာ မူးယစ်ဆေးဝါးကုန်ကူးခြင်း၊ အဆိပ် ကုန်ကူးခြင်း ဆိုသည့် ဥပါသကာများ မပြုကောင်းသော ကုန်သွယ်မှုငါးမျိုးမှ ရှောင်ကြဉ်၍ အသက်မွေးခြင်းသည် တရားသဖြင့် အသက်မွေးခြင်းပင်ဖြစ်သည်။ တရားသဖြင့် အသက်မွေးသူသည် ပစ္စုပ္ပန်၌လည်း အပြစ်ဟူသမျှ ကင်း၏။ သံသရာ၌လည်းအပါယ်ဆင်းရဲမှ လွတ်၏။ လူ ချမ်းသာ နတ်ချမ်းသာ ရရှိမည်ဖြစ်သည်။ သို့ဖြစ်၍ ကြီးပွားတိုးတက်လိုသူတိုင်း တရားသဖြင့် အသက်မွေးနိုင်အောင် ပြုရမည်ဖြစ်သည်။

## မမေ့လျော့ခြင်း

မမေ့လျော့ခြင်းဟူသည် မေ့လျော့ခြင်း၏ ဆန့်ကျင် ဘက်ဖြစ်သည်။ ကာယဒုစရိုက်(၃)ပါး၊ ဝစီဒုစရိုက်(၄)ပါး၊ မနောဒုစရိုက်(၃)ပါးတည်း ဟူသော ဒုစရိုက်(၁၀)ပါးတို့၌ လည်းကောင်း၊ ကာမဂုဏ်ချမ်းသာ ငါးပါးတို့၌ လည်းကောင်း စိတ်ကို လွှတ်ခြင်း၊ စိတ်လွှတ်သောအပြစ်ကို မေ့ခြင်းသည် မေ့လျော့ခြင်းမည်၏။ ယင်းမေ့လျော့ခြင်း၏ ဆန့်ကျင်ဘက်မှာ မမေ့မလျော့ခြင်းဖြစ်သည်။ သဘောအဓိပ္ပါယ်အားဖြင့် ဆိုရလျှင် သတိနှင့် မကင်းသော အဖြစ်၊ သတိမြဲသောအဖြစ်ကို ဆိုခြင်းဖြစ်သည်။ အမှတ်စဉ်(၂)တွင် ပါရှိသောသတိတရားသည် အရာအားလုံးနှင့်ဆိုင်သော သတိတရားကို ဆိုခြင်းဖြစ် သည်။ ဤ၌ မမေ့မလျော့ သတိရှိရမည်ဟူသည်မှာ ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ဘဲ သတိရှိခြင်းကို ဆိုခြင်းဖြစ်ပေသည်။

ကုသိုလ်ကောင်းမှုပြုခြင်း၌ မမေ့မလျော့ခြင်းကိုသာလျှင် ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့ချီးမွမ်းကုန်၏။ ထိုသို့ မမေ့မလျော့သောသူများသာ ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော အစီးအပွားကို ရရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် မမေ့မလျော့ခြင်းဟူသော အပ္ပမာဒဘာဝနာကို ပွားရမည်

ဖြစ်သည်။ အပ္ပမာဒ ဘာဝနာဆိုသည်မှာ သီးခြားရှိသည် မဟုတ်၊ ခပ်သိမ်းသော ကောင်းမှုကုသိုလ်ပြုခြင်းသည်လျှင် အပ္ပမာဒဘာဝနာမည်ပေသည်။ သို့ဖြစ်၍ ကုသိုလ်ကောင်းမှုအစုစုတို့ကို မမေ့မလျော့ ပြုကြရမည်ဖြစ်သည်။

ဖော်ပြခဲ့သော တရားခုနှစ်ပါးကို လက်တွေ့ လိုက်နာ ကျင့်သုံးပါက လက်တွေ့အကျိုးတရား ရရှိနိုင်မည်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်သည်။ တစ်ဦးချင်း လိုက်နာကျင့်သုံးပါက မိမိကိုယ်တိုင် စည်းစိမ်ချမ်းသာ အခွင့်အရေးအကျော်အစောတို့ကို ရရှိပြီး မိမိဘဝ တိုးတက်မြင့်မားလာမည်မှာ ဧကန်ပင် ဖြစ်သည်။ အဖွဲ့အစည်းက လိုက်နာကျင့်သုံးမည်ဆိုလျှင် ထိုအဖွဲ့အစည်းသည် မုချတိုးတက်ကြီးပွားလာမည်မှာ ဧကန်ပင် ဖြစ်သည်။

အချုပ်အားဖြင့်တင်ပြရလျှင် ဘုရားရှင် ဟောကြားထားသည့်အတိုင်း ကြီးပွားတိုးတက်ကြောင်း တရား (၇)ပါးနှင့် ကျင့်ကြံနေထိုင်ကြလျှင် ကြီးပွားတိုးတက်မှုကို အမှန်ရရှိ နိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ဖော်ပြခဲ့သော ကြီးပွားတိုးတက်ကြောင်း(၇)ပါးကို လက်ကိုင်ထား၍ ကျင့်ကြံနေထိုင်ကြခြင်းဖြင့် မိမိတို့ဘဝ ကြီးပွားတိုးတက်အောင် အစွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်း နှိုးဆော်လိုက်ရပေသည်။

စိန်တိုင်ထွန်း

# ဓမ္မရသဝဋ္ဌ၊ကဏ္ဍ

# မေတ္တာရောင်ပြန်



# မေတ္တာရောင်ပြန်

ကျမဟာ ဆင်းရဲသူမလေးတစ်ဦးပါ။ ကိုယ့်ဘဝရပ်တည် နေနိုင်ရေး အတွက် သူများအိမ်မှာ ကျွန်ခံနေရတဲ့သူပါ။ အားကိုးရာမဲ့နေသူမို့ ယခုလို ကျွန်ခံနေရတာပါ။ အချိန်က ဂေါတမဘုရားရှင် လက်ထက် ဘုရားပွင့် တော်မူရာ ဗုဒ္ဓဂယာအနီးအနားက “ဂယာ”ဆိုတဲ့ ရွာကလေးမှာ ကျမ နေပါတယ်။

ကျမနေရတဲ့ဘဝကို တင်ပြချင်ပါတယ်။ ကျမရဲ့ သခင်မဟာ မေတ္တာခေါင်းပါးပြီး မာနခက်ထန်သူ တစ်ဦးပါ။ ကျမကို အလွန်နှိပ်စက် ညှင်းဆဲပါတယ်။ အလုပ်နှင့်လက် ပြတ်တယ်မရှိဘဲ အမြဲလုပ်နေရပါ တယ်။ ရေခပ်ရတာကလည်း ခေါင်းပေါ်က ရေအိုးချရတယ်လို့ မရှိပါဘူး ရှင်။ ဘာမှလုပ်စရာမရှိတော့ဘူးဆိုရင် သူ့ဆီခေါ်ပြီး အနှိပ်ခိုင်းတော့ တာပါပဲ။ ညဥ့်အခါကျတော့လည်း အားလုံးအိပ်ပြီးမှ ကျမအိပ်ရတယ်။ နံနက်အိပ်ယာထတော့ သူတို့ထက်စောပြီး အိပ်ယာထရတယ်။ ဒါကတော့ ကျမဘဝမို့ အပြစ်ဆိုစရာ မရှိပါဘူးလေ။ ဆိုးတာကတော့ ဒီလို နေ့စဉ် နေ့တိုင်း လုပ်ပေးနေပေမယ့်လည်း သခင်မဟာ ကျမအပေါ် ဘယ်တော့မှ အကောင်းမမြင်ပါဘူး။ ဘာမှအပြစ်မရှိပေမယ့်လည်း ဆံပင်ကိုဆွဲပြီး မောင်းမဲ ကြိမ်းမောင်းတယ်။ ပါးရိုက်နားရိုက်လုပ်တယ်။ တစ်ခါတစ်လေ ဆို ကျမ မပြောပါဘူး။ နေ့စဉ်နေ့တိုင်းဆိုသလို ခဏ ခဏ အရိုက်အနှက်ခံ ရပါတယ်။ သခင်မ ပါးရိုက်နားရိုက် လုပ်လွန်းလို့ ဆံပင်မွှေးတွေကျွတ်ပြီး ကျမရဲ့ဆံပင်တွေဟာ ပလူမွှေးပလူတောင်လို နီကြောင်ကြောင်တွေပင် ဖြစ်နေ ပါတယ်။ အဲဒီလောက် ရက်စက်ပါတယ်ရှင်။ ကျမ ဘယ်နေရာ မှာမှ သက်သာခွင့် မရခဲ့ပါဘူး။ ကျမ တတ်နိုင်သမျှ သည်းခံပါတယ်။ ကိုယ့်ရဲ့ ကျေးဇူးရှင် သခင်မ မဟုတ်လား။ ဒါပေမယ့် သခင်မကတော့ ကျမအပေါ် မေတ္တာခေါင်းပါးလှပါတယ်။ ညှာတာမှု စာနာမှု လုံးဝ မထားပါဘူး။ ဆံပင်ကို ဆွဲဆွဲပြီး နှိပ်စက်လွန်းအားကြီးလို့ သက်သာလို သက်သာငြား ဆိုပြီး စိတ်ပေါက်ပေါက်ရှိတာနဲ့ သခင်မကို မတိုင်ကြားဘဲ

ကျမ ခေါင်းတုံးပစ်လိုက်ပါတယ်။

ပို၍ ဆိုးပါတယ်ရှင်။ ကျမ အထင်နဲ့အမြင်ဟာ လွဲသွားခဲ့ပါတယ်။ ကျမ ကတုံးပြောင်နေတာကို မြင်သွားတော့ ဘာပြောတယ်မှတ်သလဲ "နင် ဘယ်တုန်းက ခေါင်းရိတ်ပစ်လိုက်ရတာလဲ" နင့်ခေါင်းမှာ ပေါက်နေတဲ့ ဆံပင်ကို နင်ပိုင်တယ် မှတ်နေသလား။ နင့် တစ်ကိုယ်လုံးကို ငါပိုင်နေတာဘဲ။ နင့် ခေါင်းပေါ် ပေါက်နေတဲ့ ဆံပင်တွေဟာလဲ ငါပိုင်တဲ့ ပစ္စည်းပဲ ဖြစ်တယ်။ ငါ့ပစ္စည်းကို နင်ဘာကြောင့် မတော်မတရား ဖြုန်းတီးပစ်ရတာလဲလို့ ကြိမ်းဝါးပါတယ်။ ပြီးတော့ ကျမကို အစိမ်းဝါးတော့မတတ် ခက်ထန်တဲ့ မျက်လုံးအစုံနဲ့ ကြည့်ပြီး ရိုက်နှက်တော့တာပါပဲ။ ကျမလည်း သေလုမျောပါး ခံစားလိုက်ရ ပါတယ်။

ဒါလောက် နှိပ်စက်ပေမဲ့လည်း အားရကျေနပ်မှု မရှိပါဘူး။ ကျမ ခုလို သေလုမျောပါး ခံစားနေရပေမယ့် သခင်မဟာ ကျမကို သနားညှာတာမှု လုံးဝမပြတဲ့အပြင် "တယ်အကြံ ကောင်းတဲ့ ကျွန်မ ဒီတစ်ခါ နင်သိရောပေ့။ နင့်ဆံပင်ကို ငါဆွဲလို့ မရအောင် နင်လုပ်ပေမယ့်လည်း ဆွဲလို့ရအောင် ငါလုပ်မယ်။ ဒီနေ့ကစပြီး နင့်လည်ပင်းမှာ ကြိုးကွင်း အမြဲတပ်ထားမယ်"လို့ ပြောဆိုပြီး ကျမရဲ့လည်ပင်းမှာ ကြိုးကွင်းကို အမြဲတပ်ထားတော့တာပေ့။ နွားများ ဆွဲလို့ရအောင် နဖါးကြိုး အမြဲတပ်ထားသလိုပါဘဲ။ ကျမလည်း လူစင်စစ်က တိရစ္ဆာန်ဘဝ ရောက်ခဲ့ရပါတယ်။

ပြီးတော့ သခင်မက "နင့်လည်ပင်းက ကြိုးကွင်းကို ဘယ်အချိန်မှာမှ ဖြုတ်မထားရဘူး။ အလုပ်လုပ်တဲ့အခါ အိပ်တဲ့အခါတွေမှာလည်း ကြိုးကွင်းရှိနေစေရမယ်။ ငါ ခိုင်းချင်တဲ့အခါ နင့် လည်ပင်းက ကြိုးကွင်းကို အတင်းဆွဲခိုင်းရမယ်" လို့ ခြိမ်းခြောက်လိုက်ပြန်ပါတယ်။ အဲဒီတော့ ကျမလည်း လည်ပင်းက ကြိုးကွင်းကို မဖြုတ်ရဲတော့ဘူးပေ့။ ကျမရဲ့ဘဝဟာ ဘယ်လောက် စိတ်ညစ်စရာကောင်းလိုက်သလဲဆိုတာ စဉ်းစားသာ ကြည့်ကြပါတော့ရှင်။

ကျမ လည်ပင်းကြိုးကွင်း စွပ်ထားခံရချိန်ကစပြီး နေ့တိုင်းလိုပင် သခင်မက ကြိုးကွင်းတစ်အားဆွဲကာ အလုပ်ခိုင်းလို့ မျက်ဖြူများပင် ဆိုက်

ရပါတယ်။ မသေရုံကလေး မျှော့တော့တော့ကလေးသာ ကျန်တော့တယ်။ ကျမ သွားလေရာရာမှာ လည်ပင်းကြိုးတန်းလန်းကြီးဆိုတော့ "ဂယာ" တစ်ရွာလုံးက ကျမကို "ရဇ္ဇုမာလာ"လို့ အမည်ပေးလိုက်ကြပါတယ်။ အမည်လေးဟာ ခေါ်လို့ကောင်းပေမယ့် အကောင်းပေးတဲ့ အမည်မဟုတ်ပါဘူးရှင်။ နောက်ပြောင်ပြီးပေးထားတဲ့ အမည်ပေါ့။ ဘာပြုလို့ ဒီလိုပြောရတာလဲဆိုတော့ ရဇ္ဇုဆိုတာ ကြိုး၊ မာလာဆိုတာ ပန်းကုံးဆိုတော့ ကြိုးပန်းကုံးကို ဆင်မြန်းထားတဲ့ ကျွန်မလေးလို့ အဓိပ္ပာယ်ရနေလို့ပါပဲ။ အဲဒီအချိန်ကစပြီး ကျမဟာ ကင်ပွန်းမတပ်ရဘဲ "ရဇ္ဇုမာလာ" ဆိုတဲ့ အမည်ကို ရလိုက်တော့တာပါဘဲရှင်။

ရှင်တို့ဘဲ စဉ်းစားကြည့်ပါရှင်။ ကျမနေရာက ခံစားကြည့်ပါ။ ဘယ်လိုခံစားရမလဲ။ ကျမဟာ အားကိုးရာမဲ့သူမို့ သခင်မကို အားကိုးနေရတာပါ။ သခင်မက ခုလို နေ့စဉ်နေ့တိုင်း နှိပ်စက် ညှဉ်းဆဲလေတော့ ကျမ ဒီအိမ်မှာ ဆက်မနေချင်တော့ ဘူးပေါ့။ ယောကျ်ားလေးဆိုရင်တော့ ဒီအိမ်က ထွက်ပြေးလို့ရပါတယ်။ ခုတော့ ကျမကမိန်းကလေး။ ပြီးတော့ အပျိုစင် အရွယ်လေး။ ဒီအိမ်က ထွက်ပြေးရင် ဒီထက်ဆိုးတဲ့ အဖြစ်မျိုး ရောက်သွားနိုင်တယ်။ ကျမအတွက် တစ်ခုတည်းသော ထွက်ပေါက်က ကိုယ့်ကိုယ်ကို သေကြောင်းကြံရုံပဲ ရှိတော့တာပေါ့။ ကျမဘဝက နေရတာထက် သေရတာကမှ မြတ်တဲ့ဘဝမျိုး မဟုတ်လား။ ဒီတော့ သေရတာဟာ ကျမအတွက် မဆန်းတော့ဘူးလေ။

ကျမဟာ ခုလိုပဲ သေကြောင်းကြံရန် အခွင့်သာတဲ့ အချိန်ကိုပဲ စောင့်နေခဲ့ပါတယ်။ တစ်နေ့ မှာတော့ ကျမဟာ "ဒီနေ့ပင် ငါသေတော့မယ်" ဆုံးဖြတ်ပြီး ကြိုးရှည်ရှည်တစ်ချောင်းကို ရေအိုးထဲထည့်ပြီး ရေခပ်သွားဟန်ပြင် ရေအိုးရွက်ကာ သခင်မအိမ်မှ ထွက်လာခဲ့ပါတယ်။ ပြီးတော့ ကိုယ့်ကိစ္စကိုယ် အောင်မြင်အောင် ဆောင်ရွက်ဖို့ တောအုပ်တစ်ခုထဲကို ဝင်ခဲ့ပါတယ်။ တောထဲရောက်တဲ့အခါ ကျမဟာ ရေအိုးထဲက ကြိုးကိုယူပြီး သစ်ပင်တစ်ပင်ပေါ်သို့တက်ခဲ့တယ်။ အပေါ်ရောက်တဲ့အခါ ကြိုးကွင်းခိုင်ခိုင်လုပ်၊ သစ်ကိုင်းမှာ မြဲစွာချည်နှောင် ကြိုးကွင်းကိုလည်း မိမိလည်ပင်း

မှာ စွပ်လိုက်တယ်။ ကြိုးကွင်းစွပ်ပုံချင်းကတော့ မတူပါဘူး။ အရင်က လည်ပင်းမှာ ကြိုးကွင်းစွပ်ထားရတာက သခင်မက အားရအောင်နှိပ်စက်ဖို့ ခုတော့ ကျမကိုယ်တိုင် ကျမစိတ်ကြိုက် ကြိုးကွင်းလုပ်စွပ်ပြီး သခင်မလက်က လွတ်အောင် ရုန်းဖို့ စွပ်လိုက်ခြင်းပါ။

ကျမဟာ စိုးရိမ်ကြောက်လန့်စိတ် လုံးဝမဖြစ်မိပါ။ သခင်မရဲ့လက်မှ လွတ်မြောက်တော့မှာမို့ ဝမ်းသာစိတ်ပင် ဖြစ်မိပါတယ်။ ခု ကျမ ကိုယ့်ကိုယ်ကို ကြိုးဆွဲချသေဖို့ အဆင်သင့် ဖြစ်နေပါပြီ။ ဒါပေမယ့် ကျမ မသေမီ ရှိခိုးသင့် ရှိခိုးထိုက်၊ ပူဇော်သင့် ပူဇော်ထိုက်သူတွေကို ရှိခိုးပူဇော်ဦးမှဟု ကြံစည်မိပြီး ဘေးဘယ်ညာ တောင်မြောက်လေးပါးကို မျက်လုံးကစား ကြည့်လိုက်ပါတယ်။ တစ်ချိန်ထဲမှာပင် ကျမ၏မျက်စိအလင်းရောင်တွင် ဘုရားရှင်၏ ရောင်ခြည်တော်ခြောက်သွယ်တို့ အပြိုင်ပေါ်လာသည်ကို မြင်တွေ့လိုက်ရာ "အလို ဘုရားရှင် ကိုယ်တော်မြတ်ကြီး ကြွလာတော်မူပါလား"လို့ တွေးမိပြီး ရိုသေလေးမြတ်စွာ ရှိခိုးပူဇော်လိုက်မိပါတယ်။ ပြီးတော့ ကျမရဲ့ စိတ်အစဉ်ဟာလည်း ဘာဆို ဘာကိုမျှ သတိမရတော့ဘဲ ဘုရားရှင်အပေါ်မှာသာ အာရုံရောက်ပြီး ကြည်ညိုနေမိပါတယ်။ မျက်တောင်မခတ်နိုင်အောင်ပင် ဖြစ်နေမိပါတယ်။ သစ်ပင်ပေါ်က ခုန်ချသေမယ်ဆိုတဲ့ စိတ်ရိုင်းစိတ်မိုက်တွေလည်း ပျောက်ကုန်ပါတယ်။ ဩော်. . . ဘုရားရှင်တို့ရဲ့ တန်ခိုးအာနုဘော် ကြီးမား လှပေစွ။

ဒီလို ဘုရားရှင်ကို အာရုံရောက်ပြီး ကြည်ညို သဒ္ဓါပွားနေစဉ်မှာပင် ဘုရားရှင်က "အို. . . ချစ်သမီး ရုဇ္ဇမာလာ ငါ ဘုရားအထံတော်သို့ လာခဲ့ . . . လာခဲ့"လို့ အမိန့်ရှိလိုက်တဲ့ အသံကို ကျမ ကြားလိုက်ရပါတယ်။ "ဩော်. . . ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ခေါ်တော်မူတာပါလား။ ခုလို အခေါ်ခံရတာ ငါအရတော်လေစွ"ဟု တွေးမိပြီး ကျမဟာ အလွန့်အလွန် ဝမ်းမြောက် ဝမ်းသာဖြစ်ကာ ကြိုးတန်းလန်းကြီးနဲ့ သစ်ပင်ပေါ်က ဆင်းခဲ့တယ်။ ရိုသေစွာ လက်အုပ်ချီပြီး ဘုရားရှင်ထံ သွားခဲ့ပါတယ်။

ဘုရားရှင်က သရဏဂုံ ဆောက်တည်ပေတော့လို့ မိန့်ကြားသဖြင့် ကျမဟာ ဘုရားရှင်ပေးတော်မူတဲ့ သရဏဂုံကို ဆောက်တည်လိုက်ပါ

တယ်။ ဒီလို သရဏဂုံဆောက်တည်ပြီး ဘုရားရှင်ကို ရှိခိုးနေစဉ်အတွင်းမှာပင် ကျမရဲ့စိတ်ဓာတ်ဟာလည်း သဒ္ဓါတရားကို အရင်းခံပြီး ထက်သန်သော သမာဓိများနှင့် တည်ကြည်လာပါတယ်။ ထိုအခါ ဘုရားရှင်က ထပ်မံ၍ သစ္စာလေးပါးတရားကို အချုပ်အားဖြင့် ဟောကြားတော်မူသဖြင့် ကျမလည်း သောတာပန်တည်သွားခဲ့ပါတယ်။ သောတာပန် ဖြစ်သွားပြီဆိုတော့ ကျမဘဝ အာမခံချက်ရသွားပြီ။ ကျမ အပါယ်မလားတော့ဘူး မဟုတ်လား။

ကျမ ခုလို သောတာပန်ဖြစ်သွားပြီဆိုတော့ ဘုရားရှင်ကလည်း "သွားပေတော့"ဟု မိန့်ကြားသဖြင့် ကျမလည်း ဘုရားရှင်အား ရိုသေစွာ ဝပ်တွားဦးချပြီး ဘုရားရှင်ထံမှ ခွာလာခဲ့ပါတယ်။ ဘုရားရှင်ကတော့ တောအုပ်အတွင်းက သစ်ပင်တစ်ပင်အရင်းမှာပင် ဆက်လက် သီတင်းသုံးနေတော်မူခဲ့ပါတယ်။

ကျမဟာ သောတာပန်ဖြစ်သွားပြီမို့ ကျမ စိတ်သဘောထားတွေလည်း ပြောင်းသွားပါတယ်။ ကိုယ့်ကိုယ်ကို သတ်သေမယ်ဆိုတဲ့ အကြံအစည်တွေလည်း ပျောက်သွားပါပြီ။ ပြီးတော့ ကျမရဲ့ သခင်မအပေါ် အရင်ကလို စိတ်နာတာမျိုးလည်း မရှိတော့ပါဘူး။ ရန်ငြိုးထားဖို့ ဆိုတာကတော့ ဝေလာဝေး ဖြစ်သွားပါပြီ။

ဒီလို စိတ်သဘောထားပြောင်းလာတာနဲ့ အမျှ ကျမရဲ့ အကြံအစည်တွေလည်း ပြောင်းလဲသွားပါတယ်။ "ငါဟာ . . . သောတာပန်ဖြစ်ပေမယ့်လည်း သူ့ကျွန်အဖြစ်ကတော့ ငါမလွတ်သေးဘူး။ ဒါကြောင့် ငါထင်သလို နေနိုင်ခွင့် မရှိသေးဘူး။ ငါသဘောထားပြောင်းသလို ငါ့သခင်မကလည်း ငါ့အပေါ် သဘောထားပြောင်းပါ စေလို့သာ ဆုတောင်းမေတ္တာပို့ရတော့မှာပဲ။ သခင်မဟာ ငါ့အပေါ်မှာ စိတ်ထားမပြောင်းဘဲ အရင်ကလို နှိပ်စက်ညှင်းဆဲချင် ညှင်းဆဲပေတော့။ ကျွန်ဘဝက မလွတ်သေးသမျှ ဝဋ်ရှိသမျှ ငါခံရမှာပဲ။ ဝဋ်အမြဲ ငရဲ အပ ဆိုထားတယ် မဟုတ်လား"လို့ ကြံစည်ပြီး ကျမ သခင်မကို မေတ္တာပို့ကာ သခင်မအိမ်ဆီသို့ ပြန်လာခဲ့ပါတယ်။

ကျမဟာ သောတာပန် ဖြစ်သွားပြီဆိုတော့ ကျမရဲ့စိတ် ပြောင်းရုံသာမက ကျမရဲ့အမူအရာတွေဟာလည်း ပြောင်းလဲလာပါတယ်။ ကျမရဲ့ မျက်နှာဟာလည်း ကြည်လင်ရွှင်ပြနေတာ ပေ့ါ။ ကျမ သခင်မအပေါ်ပို့တဲ့ မေတ္တာဟာ ဘယ်လောက်စူးရှသွားသလဲဆိုရင် ကျမ အိမ်ရောက်လို့ အိမ်တံခါးပေါက်ဝ ဝင်မိတာနဲ့ တစ်ပြိုင်နက် သခင်မရဲ့ ယောက္ခမကြီးကို တွေ့လိုက်ပါတယ်။ ဒါပေမယ့် ယောက္ခမကြီးကလည်း ခါတိုင်းလို မဟုတ်တော့ပါဘူး။ အမူအရာတွေလည်း ကြည်လင်နေတယ်။ ကျမ အပေါ်ဒေါသအရောင်သန်းတဲ့ အမူအရာကို လုံးဝမပြဘဲ "အို့ . . ရဇ္ဇုမာလာ နင့်မျက်နှာ ရွှင်လန်းလှပါကလား။ အမူအရာတွေကလည်း ထူးထူး ခြားခြား ဖြစ်နေပါလား။ နင် ဘယ်လိုနှစ်သက်ဖွယ်အာရုံတွေနဲ့ တွေ့ခဲ့ရလို့လဲ" လို့ ကျမကို မေးပါတယ်။

ဒီတော့ ကျမကလည်း တစ်စုံတရာဖုံးကွယ်မထားတော့ဘဲ ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်ပါတယ်။ သခင်မရဲ့ ယောက္ခမကြီးက "အရတော်လေစွ ရဇ္ဇုမာလာ။ ဘုရားရှင် ခု ဘယ်နေရာမှာ သီတင်းသုံးနေသလဲ။ တို့လည်း တရားနာချင် တယ်"လို့ ပြောတဲ့အတွက် ကျမကလည်း ခုအခါ ဘုရားရှင်ဟာ ဂယာရွာအနီးက တောအုပ်အတွင်းမှာပင် သီတင်းသုံးနေကြောင်း ပြောပြလိုက်ပါတယ်။ သခင်မရဲ့ ယောက္ခမကြီးက ဘုရားရှင်ထံသွားပြီး ဂယာရွာသူရွာသားတွေကို တရားဟောဖို့ တောင်းပန်လျှောက်ထားပါတယ်။ ရှင်တော်ဘုရားကလည်း သတ္တဝါအများကို သနားတော်မူသဖြင့် လိုက်ပါကြွရောက်ခဲ့ပါတယ်။

ထိုအခါ ဂယာရွာသူရွာသားတွေလည်း ကျမ တရားရခဲ့ပုံကို ကြားသိကြပြီးဖြစ်တဲ့အတွက် တစ်ရွာလုံး ဝမ်းမြောက်ဝမ်းသာနဲ့ တရားနာလာကြပါတယ်။ တရားသဘင်မှာ တရားနာ ပရိသတ်တွေ အလွန်များပြားလှပါတယ်။ ဒီအထဲမှာ ကျမရဲ့ သခင်မလည်း ပါတာပေ့ါရှင်။ ပရိသတ်စုံလင်တဲ့အခါ ရှင်တော်ဘုရားက သရဏဂုံသုံးပါးနဲ့ ငါးပါးသီလကို ဆောက်တည်စေပါတယ်။ ပြီးတော့ အလှူဒါနပြုခြင်း၏အကျိုး၊ သီလဆောက်တည်ခြင်း အကျိုးတရားများကို ဟောကြားတော်မူရာ

တစ်ရွာလုံး သရဏဂုံတည်ပြီး ငါးပါးသီလ မြဲကုန်ကြပါတယ်။ ကျမကို အကြောင်းပြုပြီး ကျမတို့ တစ်ရွာလုံး ခုလို ဖြစ်လာကြတဲ့အတွက် ကျမ အလွန်ပဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်ရှင်။

တရားပွဲက ပရိသတ်ကြီး ပြန်လာကြရာ ကျမ သခင်မကိုလည်း ကျမ တစေ့တစောင်း ကြည့်မိပါတယ်။ သခင်မဟာ အရင်ကလို မျက်နှာ မျိုး မဟုတ်တော့ဘူး။ တရားရလာသူပီပီ မျက်နှာ သွင်ပြင်ဟာ တည်ငြိမ် အေးချမ်းနေဟန် ပေါ်နေပါတယ်။ တစ်ချိန်တည်းမှာပင် ဘုရားသခင်ရဲ့ အဆုံးအမကြောင့် သခင်မ ငါ့အပေါ် စိတ်ပြောင်း လဲပါစေ။ ငါ့ သခင်မ အပေါ် ပို့သသောမေတ္တာ ငါ့အပေါ် မေတ္တာရောင်ပြန်ဟပ်ပါစေလို့ တရားပွဲက အပြန်လမ်းမှာ ကျမဆုတောင်းလာခဲ့ပါတယ်။

အိမ်ရောက်တယ်ဆိုရင်ပဲ သခင်မဟာ ကျမကိုခေါ်ပြီး ကျမ လည် ပင်းမှာ စွပ်ထားတဲ့ ကြိုးကွင်းကို ဖြုတ်ပေးလိုက်ပါတယ်။ ပြီးတော့ "နှိပ်စက် ညှဉ်းဆဲခဲ့မိတာတွေကို သည်းခံခွင့်လွှတ်ပါ။ နောင် ဘယ်တော့မှ မနှိပ်စက် တော့ပါဘူး။ နှိပ်စက်ဖို့ စိတ်ပင်မကူးဝံ့တော့ပါဘူး။ ဒီနေ့ကစပြီး တို့ ညီအစ်မအရင်းလိုပဲ နေကြမယ်။ ဒီအိမ်မှာရှိတဲ့ ပစ္စည်းဥစ္စာဟူသမျှလဲ အမွေမကွဲဘူးဟု သဘောထားပြီး သုံးစွဲစားသောက်ပါ"လို့ ပြောဆိုပြီး သူ့ရှိပစ္စည်းတွေကို ကျမအား အပ်နှင်းလိုက်ပါတယ်။

ခုလို ကျမကို ကျွန်မအဖြစ်က လွှတ်ပြီး သခင်မနဲ့ ညီအစ်မ အရင်း လိုနေထိုင်မယ်ဆိုတဲ့စကားကို ကြားရတော့ ကျမဖြင့် ဝမ်းသာလိုက်တာ ရှင်။ ပြောမပြတတ်အောင်ပဲ ပြီးတော့ ကျမသခင်မရဲ့ လေးစားမြတ်နိုးဖွယ် ကောင်းပြီး မြင့်မြတ်တဲ့စိတ်ထားကိုလည်း ကျမ ချီးကျူးမိပါတယ်။ ကျေးဇူး လည်း တင်ခဲ့ပါတယ်။ ဒါဟာ ကျမရဲ့ မေတ္တာရောင်ပြန်ဟပ်မှုဟု ဆိုရမည် မဟုတ်ပါလားရှင်။

စိန်တိုင်ထွန်း

# အောင်မြင်ခြင်းဟူသည်



# အောင်မြင်ခြင်းဟူသည်

တစ်ခါတုန်းက ဟာရာဏာသီပြည့်ရှင် ဗြဟ္မဒတ်မင်းကြီး တစ်ပါးသည် ပစ္စန္တရာဇ်ကို စစ်အောင်နိုင်ပြီး မင်းခမ်းမင်းနားနှင့် ပြန်လာစဉ် တစ်ခုသော မြစ်ကမ်းအနီး၌ တပ်စခန်းချ အနားယူလျက်ရှိသည်။ မင်းကြီးဟာ တစ်ချက်တစ်ချက် မှေးကနဲဖြစ်ကာ အိပ်ပျော်လုလု ဖြစ်နေသည်။

ထိုစဉ် "အောင်ပြီ ငါအောင်ပြီ" ဟူ၍ အကြိမ်ကြိမ် ကြွေးကြော်နေတဲ့ လုလင်ပျိုတစ်ဦးရဲ့ အသံကြားယောင် သလိုလိုရှိတာနဲ့ မျက်စေ့ဖွင့်ကာ အနီးအနား ပတ်ဝန်းကျင်ကို အကဲခပ်ကြည့်စဉ် မြစ်ကမ်းနဖူးထိပ်တွင် မတ်တတ်ရပ်လျက် လက်ကို မြှောက်ကာ မြစ်ပြင်ကျယ်ကြီးကို ကြည့်၍ အောင်ပြီ အောင်ပြီလို့ ထပ်ခါထပ်ခါ အော်ဟစ်နေသော လုလင်ပျို တစ်ဦးကို တွေ့မြင်လေ၏။

မင်းကြီး စဉ်းစားရလေပြီ၊ စဉ်းစားရင်း စဉ်းစားရင်း ခေါင်းတွင် ရှုပ်ထွေးလာသည်။ လုလင်အော်ဟစ်နေသော "အောင်ပြီ" ဟူသော အသံရဲ့ အဓိပ္ပာယ်ကို နားမလည်နိုင် ဖြစ်နေသည်။ ဒီလူဘာကို အောင်တာလဲ၊ သူ့ကိုကြည့်ပြန်တော့လဲ တစ်ယောက်ထီးထီး၊ သူ့လက်ထဲတွင် တစ်ခုသော လက်နက်မှ မတွေ့မြင်ရ၊ သိချင်တဲ့ဆန္ဒပြင်းပြလျက်ရှိလို့ မင်းချင်း တစ်ယောက်ကို အခေါ်လွှတ်လိုက်တယ်။

ရှေ့တော်မှောက်ရောက်တော့ မင်းကြီးက "အမောင် ယောကျ်ား၊ ငါဟာအခုရန်သူကို အောင်ပွဲခံပြီး ပြန်လာခဲ့တာဖြစ်တယ်၊ ငါကိုယ်တော်တိုင်ပင် ရန်သူကိုအောင်နိုင်ဖို့ စစ်ဆင်နွှဲရာမှာ လူအင်အား လက်နက်အင်အား စိတ်ဓါတ်အင်အားတွေ ရေကုန်ရေခန်းသုံးခဲ့လို့ အောင်မြင်ခဲ့တာ လွယ်လွယ်နဲ့ အောင်မြင်တာ မဟုတ်ဘူး၊ တို့တပ်မတော်သားတွေ ခရီးပြင်းနှင်ပြန်လာခဲ့ကြရလို့ ခရီးပန်းနေကြတယ်၊ ဒါ့ကြောင့် ငါနဲ့သူတို့ အခု အနားယူနေကြတာဖြစ်တယ်၊ အမောင်ရဲ့ အော်ဟစ်သံကြောင့် သူတို့

အနှောက်အယှက် ဖြစ်ကြရတယ်၊ ငါကိုယ်တော်မြတ်ကိုယ်တိုင်လည်း အနှောက်အယှက်ဖြစ်တာပဲ၊ အမောင်ဟာ ရှုံးနေသလား၊ အောင်တယ်ဆို ဘာကို အောင်တာလဲ ကွဲကွဲပြားပြား လျှောက်တင်စမ်းပါဦး”ဟု ပြော၏။

မြတ်သောမင်းကြီး၊ မင်းကြီးထင်သလို ကျွန်တော်မျိုးဟာ သူရှုံး မဟုတ်ပါဘူး၊ လူကောင်းတစ်ယောက်ပါ၊ တကယ်တော့ အသင်မင်းကြီး ဟာ စစ်မြေပြင်၌ အရာကိုဖြစ်စေ၊ အသောင်းကို ဖြစ်စေ၊ အသိန်းကို ဖြစ်စေ၊ အောင်မြင်ခဲ့ပေမယ့်လည်း သင်မင်းကြီးရဲ့ ကိုယ်တွင်းမှာ ကိန်း အောင်းနေတဲ့ လောဘ (လိုချင်မှု)တည်းဟူသော ကိလေသာကို အောင် မြင်တာ မဟုတ်လို့ အသင်မင်းကြီးရဲ့ အောင်မြင်ခြင်းဟာ စစ်မှန်သော အောင်မြင်ခြင်းလို့ မဆိုနိုင်ပါဘူး၊ ကျွန်တော်မျိုးသာ ကိုယ်တွင်းမှာရှိတဲ့ လောဘတည်းဟူသော ကိလေသာကို အောင်မြင်တာဖြစ်လို့ ကျွန်တော် မျိုးရဲ့ အောင်မြင်ခြင်းကသာ စစ်မှန်သော အောင်မြင်ခြင်းလို့ ဆိုနိုင်ပါ တယ်ဘုရား။

မင်းကြီးအားကျွန်တော်မျိုးရဲ့ ဖြစ်အင်ကို စုံလင်စွာ လျှောက်တင်ပါ့ မယ်၊ ကျွန်တော်မျိုးဟာ အသင်မင်းကြီးရဲ့ နယ်မြေပိုင်နက်အတွင်းမှာ နေပါတယ်၊ ဘဝရပ်တည် ရှင်သန်ရေးအတွက် ဆင်းရဲပင်ပန်းစွာ အသက် မွေးဝမ်းကျောင်းနေရသူပါ။ ကျွန်တော်မျိုးပိုင်ဆိုင်တဲ့ ပေါက်တူး တစ်လက် နဲ့ မြေကို တူးဆွပြီး ဗူး၊ ဖရုံ၊ ငရုတ်၊ သခွါး စတဲ့ သီးနှံပင်တွေကို စိုက်ပျိုး ရောင်းချကာ စားသောက်နေရသူပါ၊ တစ်ဝမ်းဝ တစ်ခါးလှဖို့ အတွက် နဖူးကချွေး ခြေမကျအောင် လုပ်နေရပေမယ့်လည်း ဝမ်းမဝ ခါးမလှခဲ့ပါ။

ဒီလို ဒုက္ခမျိုးစုံ ကြုံတွေ့နေရလို့ လူ့ဘဝကို ငြီးငွေ့လာပါတယ်၊ ပေါက်တူးလေးကို တွယ်တာကပ်ငြိနေတာ မို့ ရုတ်တရက်မလုပ်ဖြစ်ဘူး၊ ဒုက္ခဒဏ်မခံနိုင်တော့တဲ့ အဆုံးကျတော့မှသာ ရသေ့၊ ရဟန်းပြုဖို့ ဆုံးဖြတ် လိုက်တယ်၊ ပေါက်တူးလေးကို လုံခြုံစွာ ဝှက်ထားပြီး ရသေ့ပြုလုပ်ခဲ့တယ်၊

ဒါပေမယ့် ကျွန်တော်မျိုးဟာ ပေါက်တူးလေးကို တွယ်တာတဲ့ လောဘ နှိပ်စက်တာကြောင့် လူပြန်ထွက်ခဲ့ပြန်ပါတယ်၊ ဒီလိုနဲ့(၆)ကြိမ် တိုင်တိုင် လူဝတ်လဲလိုက် ရသေ့လုပ်လိုက်နဲ့၊ ဝင်လိုက် ထွက်လိုက် ဖြစ်နေပါတယ်၊ စိတ်မတည်ငြိမ်ဖြစ်ကာ ယောက်ရက်ခပ်နေရပါတယ် ဘုရား။

ခု(၇)ကြိမ်မြောက်မှာတော့ ပြတ်ပြတ်သားသား လုပ်လိုက်ပါတယ်၊ ပေါက်တူးလေးကို တွယ်တာစိတ်ကို ဖြတ်တောက်နိုင်အောင် ပေါက်တူး ကို အရှင်မင်းကြီး အခုမြင်နေရတဲ့ မြစ်ထဲကို ပစ်ချလိုက်ပါတယ်၊ ပစ်ချရာ မှာလည်း ရေငုပ်ပြီး လိုက်လံဆယ်မိနေမှာစိုးလို့ ကမ်းနဖူး ထိပ်မှာရပ်၊ မျက်စိကို စုံမှိတ်၊ ခေါင်းပေါ်တွင် ဘယ်ညာ ဝှေ့ရမ်းပြီး ပစ်ချလိုက်တာပါ။ ခုတော့ ပေါက်တူးကျတဲ့နေရာကို မမြင်ရ မတွေ့ရ၊ ဒီမြစ်ရေနဲ့အတူ ဘယ်အရပ် ဘယ်ဒေသကို ရောက်သွားပြီဆိုတာ မသိရတော့ပါ၊ ကျွန်တော်မျိုးတွယ်တာရမည့် ပေါက်တူးလေးကို တွယ်တာတဲ့ လောဘ စိတ်ကို ပယ်လိုက်နိုင်ပြီးဖြစ်ပါတယ်၊ အေးအေးဆေးဆေးနဲ့ တရား အားထုတ်နိုင်တော့မှာ ဖြစ်တယ်၊ ဒီလို ကိုယ်တွင်းမှာရှိတဲ့ အတွင်းရန်ကို အောင်နိုင်ခဲ့တာဖြစ်လို့ ကျွန်တော်မျိုးရဲ့အောင်ခြင်းဟာ စစ်မှန်သော အောင်မြင်ခြင်းလို့ ဆိုခြင်း ဖြစ်ပါတယ် ဘုရား။

မှန်လှပါ အရှင်မင်းကြီး တွယ်တာကပ်ငြိတတ်တဲ့ လောဘတရားကို တရားဖြင့် ထိန်းသိမ်းထားဖို့လိုပါတယ်၊ ဒီလို ထိန်းသိမ်းမှုမရှိဘဲ သူ့အလို ဆန္ဒအတိုင်း ဦးစားပေးထားလိုက်မယ်ဆိုပါက ဒီလောဘတရားဟာ မည်သည့်အခါမှ နောက်ဆုတ်လိမ့်မည် မဟုတ်ပါ၊ နွားပေါက်ကလေးရဲ့ ဦးချိုဟာ ကြီးလာလေလေ ရှည်လာလေလေ ဖြစ်သကဲ့သို့ ပဋိသန္ဓေ ကာလကပင် မျိုးစေ့ပါလာခဲ့တဲ့ ဒီလောဘတရားဟာလည်း အရွယ်ကြီး လေလေ လောဘကြီးလေလေ ဖြစ်ပါတယ်၊ ဒီလို ဆိုးဝါးလှတဲ့ လောဘ တရားဆိုးကို မတားဆီးနိုင်တဲ့ ဇရာအိုကြီးတို့အတွက်မူ "ယောင်ကြီးလျှင်

ငိုက်၊ လူကြီးလျှင်မိုက်” လို့ပင် ဆိုရိုးပြုခဲ့ပါတယ်ဘုရား။

အရှင်မင်းကြီး အောင်မြင်တယ်ဆိုတာ ရန်သူက တစ်ဖန်ပြန်ပြီး အောင်မြင်တာမျိုးမရှိမှသာ စစ်မှန်သော အောင်မြင်ခြင်းလို့ ဆိုလိုနိုင်ပါတယ်၊ အရှင်မင်းကြီးရဲ့ အောင်မြင်ခြင်းမျိုးဟာ အင်အားသာသူက အရှင်မင်းကြီးကို ပြန်လည်အောင်မြင်ဦးမှာ မို့ စစ်မှန်သော အောင်မြင်ခြင်းလို့ မဆိုနိုင်ပါဘူး၊ ကျွန်တော်မျိုးရဲ့ အောင်မြင်ခြင်းကသာ ကိုယ်တွင်းမှာရှိတဲ့ တွယ်တာကပ်ငြိမှု ဆိုတဲ့ လောဘစိတ်ကို အပြီးအပိုင် အောင်လိုက်တာမို့ စစ်မှန်သော အောင်မြင်ခြင်း ဖြစ်ပါတယ်ဘုရား” ဟုလျှောက်ထား လေ၏။

လုလင် လျှောက်ထားတဲ့ စကားကိုကြားရတော့ မင်းကြီးလည်း နားလည်သဘောပေါက်သွားပြီး စစ်မှန်သော အောင်မြင်ခြင်းကို ရှာဖွေရန်အတွက်၊ မူးမတ် ဗိုလ်ပါအပေါင်းခြံရံလျက် လုလင်နှင့်အတူ ဟိမဝန္တာသို့ သွားကာ ရသေ့ရဟန်းပြုလျက် အသက်ထက်ဆုံး နေထိုင်သွားကြလေသတည်း။

(ဧကနိပါတ်၊ ဣတ္ထိဝဂ်၊ ကုဒါလပဏ္ဍိတဇာတ်ကို မှီးငြမ်းပါသည်။)

စိန်တိုင်ထွန်း

# အမေလျှော်ကက်ကောင်းရှ်
# အမေထောင်းသက်သာသူ



# အလျှောက်ကောင်း၍ အထောင်းသက်သာသူ

ကျွန်မရဲ့နေရပ်က ဗာရာဏသီမြို့စွန်မြို့ဖျားက ဇနပုဒ်ရွာကလေး တစ်ရွာပါ၊ ကျွန်မတို့ဆီက ဗာရာဏသီမြို့ကို ယောက်ျားခြေဖြင့်မြန်မြန် လျှောက်လျှင် သုံးနာရီခန့်ကြာ သွားရပါတယ်။ လမ်းခရီးမှာ တောအုပ် တွေ ဖြတ်ကျော်သွားရတယ်။ မြို့တော်အုပ်ချုပ်ရေးနဲ့ အလှမ်းဝေးတဲ့ ဒေသမို့ ခိုးသား၊ ဓားပြတွေလဲ ထူပြောလှတယ်၊ မြို့ကိုသွားတဲ့ ခရီးသည် တွေနဲ့ မြို့က ပြန်လာကြတဲ့ခရီးသည်တွေ မကြာခဏလုယက်ခံကြရတဲ့ သတင်းတွေ ကြားကြားနေရတယ်။

ကျွန်မရဲ့မိသားစုမှာ အားလုံး လေးယောက်ရှိပါတယ်၊ တစ်ယောက် က မောင်အရင်း၊ တစ်ယောက်က ခင်ပွန်း၊ တစ်ယောက်က အရွယ် ရောက်နေပြီဖြစ်တဲ့ သားယောက်ျားဖြစ်တယ်၊ သူတို့သုံးဦးဟာ ဗာရာဏသီ မြို့ သွားလမ်းခရီးအနီး တောအုပ်တစ်ခုဘေးမှာ မြေရိုင်းကို ခုတ်ထွင်ပြီး လယ်လုပ်နေကြသူတွေ ဖြစ်တယ်၊ ကျွန်မတို့ မိသားစုဟာ ခုလိုဘဲ ဆင်းရဲ ကျပ်တည်းစွာ အသက်မွေးဝမ်းကျောင်းပြုကြရတယ်။

နေ့စဉ် သူတို့သုံးဦးစလုံး လယ်လုပ်ရန်နံနက်စောစောထကထဲက ထမင်းကျန် ဟင်းကျန်စားပြီး လယ်လုပ်သွားလေ့ ရှိကြတယ်၊ နေမွန်းတည့် လောက်မှ အိမ်ကိုပြန်လေ့ရှိကြတယ်၊ ကျွန်မကတော့ အိမ်ကနေပြီး သူတို့ ပြန်လာရင် စားသောက်ဖို့ ချက်ပြုတ်ရတယ်၊ နေ့စဉ် သူတို့ပြန်လာချိန်ကို မျှော်မျှော်နေရတယ်၊ အချိန်မှန် ပြန်မရောက်ရင်ဘဲ အမြဲတမ်းစိုးရိမ် ပူပန် နေရတယ်၊ ခိုးသားဓားပြတွေ ရန်ကလဲရှိနေတယ် မဟုတ်လား၊ ကျွန်မလဲ သူတို့ကို မှီပြီး အသက်မွေးမြူ နေရတာမို့ သူတို့ကို အမြဲစိုးရိမ်နေရတာပေါ့။

တစ်နေ့မှာ အဲဒီတစ်နေ့ကတော့ ကျွန်မအတွက် ကံဆိုး မိုးမှောင်ကျ တဲ့နေ့ပေါ့၊ ပြန်လာချိန်ထက် တစ်နာရီနှစ်နာရီပင် မကတော့ဘဲ ညနေပိုင်း လောက်ထိ ပြန်မလာကြသေးဘူး၊ ကျွန်မလဲ လာနိုးလာနိုးမျှော်နေ မိတာ ပေါ့ နောက်ဆုံးတော့ တစ်ခုခုတော့ဖြစ်ချေပြီ လိုက်မှဖြစ်တော့မယ်ဆိုပြီး လိုက်ခဲ့ရတယ်၊ လိုက်သာလိုက်ရတယ် သွားရတဲ့ခရီးကလဲဝေး မိန်းမသား

တစ်ဦးကလဲဖြစ်၊ လူသွားလူလာပြတ်တဲ့ ခရီးလဲ ဖြစ်နေပြန်တော့ တထိတ်ထိတ်နဲ့သွားခဲ့ရတယ်။

## ကျွန်မမောင်နဲ့ယောကျ်ား

လယ်ကွင်းသို့ရောက်တော့ ပို၍ စိုးရိမ်ပူပန်မှုဖြစ်ရ ပြန်တယ်။ မောင်၊ ခင်ပွန်းနဲ့သား သုံးဦးထဲက တစ်ယောက်ယောက်ကိုမှ မတွေ့ရလို့ပါဘဲ၊ သူတို့ ကျွန်မကို စွန့်ပစ်သွားတာတော့ မဟုတ်တန်ရာဘူး ဘေးတစ်ခုခုနဲ့ ကြုံလို့သာဖြစ်တယ်လို့ တွေးမိပါတယ်၊ ဘေးဘယ်ညာပတ်ဝန်းကျင်ကို မျက်စိကစားကြည့်တော့ ဗာရာဏသီမြို့ဘက်က ပြန်လာကြတဲ့ခရီးသွားတွေကို မြင်ရလို့ သူတို့ဆီသွားပြီး ကျွန်မမေးကြည့်မိတယ်။

မောင်ကြီးတို့ရယ်၊ ယောကျ်ား(၃)ယောက် ဗာရာဏသီမြို့ ဘက်ကို သွားတာများ လမ်းမှာတွေ့ခဲ့မိပါသလားမေးတော့ ခရီးသည်တွေက ပြန်ပြောကြတယ် လူသုံးယောက်ခရီးသွားတာတော့ မတွေ့ခဲ့ဘူး၊ လူသုံးယောက်ကို သူခိုးဟု စွပ်စွဲပြီး ဖမ်းဆီးခေါ်ဆောင်သွားကြတာတွေ့ရတယ်၊ ဖမ်းဆီးသွားသူတွေကို အကျိုးအကြောင်း မေးကြည့်တော့ ဒီကနေ့ နံနက်စောစောအချိန်မှာ တောအုပ်အနီးက ခရီးသွားဖြစ်တဲ့ ကျွန်တော်တို့ လုယက်ခံရတယ်လေ။ ဒါကြောင့် လုယက်သူတွေကို လိုက်ရှာရာမှာ လယ်ထွန်ချင်ဟန်ဆောင်နေတဲ့ ဒီသုံးယောက်ကို တွေ့ရလို့ ဖမ်းဆီးကြတာလို့ ပြောဆိုသံကြားရတယ်၊ အဖမ်းခံရသူတွေကလဲ သူတို့ဟာ လူရိုးတွေဖြစ်ကြောင်း သူခိုးများမဟုတ်ကြောင်း ပြန်လွှတ်ပေးပါရန် တောင်းပန်ပြောဆိုကြရင်း ကန့်လန့် ကန့်လန့်နဲ့ ပါသွားကြတာတွေ့ခဲ့ရတယ်လို့ ပြောကြတယ်။

ကျွန်မ တထစ်ချတွက်လိုက်မိပါတယ်၊ ကျွန်မမောင် ခင်ပွန်းနဲ့သားတို့ ဖြစ်မှာပဲဆိုပြီး ဗာရာဏသီမြို့ဘက်ကို တအားသုတ်ခြေတင်ခဲ့မိပါတယ်။ မောင်ဆိုတဲ့ သံယောဇဉ်၊ လင်ဆိုတဲ့သံယောဇဉ်၊ သားဆိုတဲ့ သံယောဇဉ်တွေ အမျှင်တန်းနေလေတော့ဘာဆိုဘာမှ ကြောက်ရမှန်းပင်မသိတော့ ဗာရာဏသီမြို့ ဘုရင့်နန်းရင်ပြင်အရောက် ခရီးတထောက်ပင် မနားမိခဲ့

ပါ။

နန်းရင်ပြင်ရောက်တော့ ဘုရင်မင်းကြီး ကြားလောက်အောင် ကျွန်မ ကို အဝတ်ပေးကြပါလို့ အော်ဟစ်တောင်းဆိုပါတယ်၊ ဘုရင်မင်းမြတ်ကြီး ကြားလို့ အဝတ်ပေးလိုက်ကြပါလို့ မင်းချင်းတွေကို ပြောကြတော့ မင်းချင်း တွေက ဝတ်စရာအဝတ်ပေးကြတယ်။ ကျွန်မက ဒီအဝတ်ကို တောင်း ခြင်း မဟုတ်ကြောင်း လင်တည်းဟူသော အဝတ်ကိုသာ တောင်းခြင်း ဖြစ်ပါတယ်၊ လင်သည် မိန်းမ၏အဝတ်ဖြစ်ပါတယ်။ လင်မရှိသောမိန်းမ သည် မတင့်တယ်ပါဟုပြောပြပြီး ဘုရင့်ကြီး ရှေ့တော်မှောက် အရောက်ပို့ ပေးဖို့ပြောလို့ သူတို့က ပို့ပေးကြပါတယ်။ ဘုရင်ကြီးရှေ့တော် မှောက် ရောက် ဤသို့လျှောက်ထားလိုက်ပါတယ်။

"လောကမှာ ဆိုရိုးစကားတစ်ခုရှိပါတယ်ဘုရား၊ ရေမရှိသောမြစ်၊ မင်းမရှိသောတိုင်းပြည်တို့ဟာ မတင့်မတယ် အချည်းအနှီးသာဖြစ်သလို မောင်တစ်ကျိပ်ပင် ရှိသော်လည်း လင်မရှိသောမိန်းမဟာလဲ မတင့်တယ် အချည်းအနှီးသာ ဖြစ်ပါတယ်ဘုရား၊ ဒါကြောင့် တပည့်တော်အား လင် တည်း ဟူသောအဝတ်ကို ပေးသနားဘို့ တောင်းဆိုခြင်းဖြစ်ပါတယ် ဘုရား။

ကျွန်မလျှောက်တဲ့စကားကို ဘုရင်ကြီးက နှစ်သက်တော်မူတဲ့ အတွက် ဒီကနေ့ ချုပ်နှောင်ဖမ်းဆီးထားတဲ့ ခိုးသူသုံးယောက်နဲ့ သင် ဘယ်လိုတော်စပ်သလဲ မေးတော့။

ကျွန်မက တစ်ဦးက မောင်၊ တစ်ဦးက လင်၊ တစ်ဦးက သားဖြစ်ပါ တယ်ဘုရားဟု လျှောက်ထားလိုက်ပါတယ်။

ဒီလိုဆို အဲဒီသုံးယောက်ထဲက တစ်ယောက်ပြန်လွှတ်ပေးမယ်၊ သင်ကဘယ်သူကို အလိုရှိသလဲဟု အမိန့်ရှိပါတယ်၊ ဒီတော့ ကျွန်မက မောင်က ကျွန်မအတွက် အရေးကြီးလှပါတယ်၊ ကျွန်မမိဘတွေ ဆုံးပါး ကုန်ပြီဖြစ်လို့ ကျွန်မ မောင်အစား ရဘို့လမ်းမရှိတော့ပါဘုရား။

ခင်ပွန်းဆိုတာလဲ ကျွန်မရဲ့အားထားမှီခိုရာ အိမ်ဦးနတ် ဖြစ်လို့ ကျွန်မ စွန့်ပစ်နိုင်ခဲယဉ်းလှပါတယ်ဘုရား။

သားကလဲကျွန်မရဲ့ရင်နှစ်သည်းခြားဖြစ်ပါတယ် ဘုရား၊ ကိုးလလွယ် ဆယ်လဖွားပြီး ဖဝါးလက်နှလုံးပခုံး လက်နှစ်သစ်ကထဲက လူဖြစ်အောင် မွေးကျွေးလာခဲ့ရသူမို့ ကျွန်မ အဆုံးအရှုံး မခံနိုင်ပါဘုရား။

ဒါကြောင့် ကျွန်မအားသနားသဖြင့် သုံးဦးစလုံး ပြန်လွှတ် ပေးတော်မူပါဘုရားဟုလျှောက်ထားပါသည်။

ဘုရင်က သုံးဦးစလုံးတော့လွှတ်မပေးနိုင်ပါ၊ သုံးဦးထဲက တစ်ဦး တော့လွှတ်ပေးပါ့မယ်၊ သင်အလိုရှိသူ တစ်ဦးကိုသာ တောင်းလော့ဟု မိန့်တော်မူ၏။

ကျွန်မစဉ်းစားရပါပြီ ကျွန်မအတွက် သုံးဦးစလုံး ဘယ်သူကိုမှ မစွန့် ရက် မပစ်ရက်ပါ တစ်ဦးဆိုတော့လဲ တစ်ဦးပဲ ရွေးပေးရတော့မှာပေါ့ ဟုစဉ်းစားပြီး။ "မောင်" ကိုပေးပါဘုရားဟု လျှောက်တင်ပါတယ်၊ ဒီတော့ မင်းကြီးက သင်တောင်းတုန်းက **"လင်တည်းဟူသော အဝတ်"** ကိုပေးပါတောင်းပြီး ခုတော့ ဘာဖြစ်လို့မောင်ကို ပေးပါလို့တောင်းသလဲ မေးပါတယ်။

မှန်လှပါဘုရား၊ ကျွန်မအခုအရွယ်ရှိသေးတာမို့ ယောကျ်ား တစ်ယောက်နောက်ထပ်ရဘို့ မခဲယဉ်းပါဘူး ဘုရား ယောကျ်ားရရင် သားရဘို့ဆိုတာလဲ မခဲယဉ်းပါဘူးဘုရား၊ လင်နှင့်သားက ခါးပိုက်ထဲရှိ ဟင်းရွက်ပမာ လွယ်ကူပါတယ်ဘုရား။ ကျွန်မ မိဘတွေ ကွယ်လွန် ကုန်ကြပြီးဖြစ်လို့ ကျွန်မအတွက် မောင်အစား ရဘို့ခဲယဉ်း လှပါတယ်၊ ဒါကြောင့်ရဘို့ရန်ခဲယဉ်းတဲ့ မောင်ကို ပြန်တောင်း ရခြင်းဖြစ်ပါတယ်ဘုရား လို့ လျှောက်ထားတော့ ဘုရင်ကြီးက ကျွန်မရဲ့လျှောက်ထားချက်ကို နှစ်သက်မြတ်နိုးတော်မူတဲ့အတွက် သုံးဦးစလုံးကို ပြန်လွှတ်ပေးလိုက် ပါ တယ်။ ကျွန်မရဲ့ဝမ်းသာမှုဟာလဲ အထွက်အထိပ်သို့ ရောက်ခဲ့လို့ ကျွန်မ ဆန္ဒပြည့်သွားခဲ့ ရပါတယ်ရှင်။

စိန်တိုင်ထွန်း

# ဟေဂပါလ



# လောကပါလ

မဟိသာသမင်းသားသည် ရေကန်အဆင်း အတက်နဲ့ ရေပြင်အနေအထားကို အကဲခတ်ကြည့်လိုက်သည်။

ညီငယ်နှစ်ဦးရဲ့ ဆင်းသွားတဲ့ခြေရာများကိုသာ တွေ့ရပြီး ပြန်တက်လာတဲ့ခြေရာများကိုမူ မတွေ့ရ၊ ဤရေကန်ဟာ ဘီလူး စောင့်ရှောက်ထိန်းသိမ်းထားတဲ့ ရေကန်ဖြစ်မှာပဲ။ ငါ့ညီတွေဟာ အန္တ ရာယ်တစ်ခုခုနဲ့ ကြုံနေကြပြီဟု စဉ်းစားပြီး သန်လျက်ကို စွဲမြဲစွာကိုင်လျက် အသင့်အနေအထားနဲ့ သတိရှိရှိစောင့်ကြည့်နေစဉ်-

"အမောင်လုလင်. . . . ဘယ်အတွက်ကြောင့် ကန်ထဲဆင်းပြီး ရေမချိုးတာလဲ . . . သင့်ကိုကြည့်ရတာ ခရီးပန်းနေပုံရတယ်။ ကန်ထဲဆင်းပြီး ရေချိုးလိုက်ပါလား။ ကြာစွယ် ကြာရင်းတွေစားရင်း အနားယူပေါ့။ ပြီးမှ လိုရာ ခရီးဆက်သွားတာပေါ့"

အသံလာရာဘက်သို့ လှည့်ကြည့်လိုက်ရာ နောက်နားတွင် လူတစ်ယောက်ရောက်ရှိနေပြီး မိမိကို ရေကန်ထဲဆင်းပြီး ရေချိုးဖို့ တိုက်တွန်းနေတာ တွေ့လိုက်ရတယ်။

လူသာဆိုတယ်။ တခြားလူတွေနဲ့ မတူပါ။ သူ့ကို အချိန် အတော်ကြာကြာ အကဲခပ်ကြည့်မိသည်။ သူဟာ မျက်တောင်မခတ်ဖူး။ မျက်ထောင့်ကလည်း နီနေတယ်။ အတွေ့အကြုံအရဆိုရင် ဒီလူဟာ လူအစစ်မဟုတ်ဘဲ လူယောင်ဆောင်ထားတဲ့ ဘီလူးဖြစ်ရမယ်"လို့ ဆုံးဖြတ်ပြီး

"အသင်ဟာ ဘယ်သူလဲ။ ဘီလူးမဟုတ်လား။ ငါ့ညီ နှစ်ယောက်ကိုလည်း အသင် ဖမ်းဆီးထားတာပဲဖြစ်ရမယ်။ မှန်မှန်ပြော မပြောရင် ငါ့ရဲ့ သန်လျက်နဲ့ သင့်ဦးခေါင်းကို ဖြတ်ရမယ်"လို့ ခပ်တည်တည်နဲ့ ကျိန်းမောင်းပြောဆိုလိုက်တော့-

ဘီလူးထိတ်လန့်သွားပြီး "သည်းခံပါ အရှင်. . . အကျွန်ုပ် အမှန်

ကို ပြောပါ့မယ်”

“သင့်ညီနှစ်ယောက်ကို ကျွန်ုပ်ဖမ်းဆီးထားတာ မှန်ပါတယ်။ သူတို့ကို အကြောင်းမဲ့ ဖမ်းဆီးထားတာတော့ မဟုတ်ပါဘူး။ အခွင့်အမိန့်အရ ဖမ်းဆီးထားတာ ဖြစ်ပါတယ်”

“ကျွန်ုပ်ဟာ ဒီရေကန်စောင့်ထိန်းခွင့်ကို ဝေဿဝဏ် နတ်မင်းကြီးထံက ရရှိထားတာပါ။ ကန်ထဲဆင်းတဲ့ လူတွေကို ကျွန်တော် စားခွင့်ရှိပါတယ်။ လူတိုင်းတော့ မဟုတ်ပါဘူး။ လောကပါလ တရားကိုသိတဲ့ လူကိုတော့ မစားရပါဘူး။ ပြန်လွှတ်ပေးရပါတယ်။ မသိတဲ့ လူတွေကိုတော့ ကျွန်ုပ်စားခွင့် ရှိပါတယ်”

“ဒါကြောင့် . . . ဒီရေကန်ကို ရောက်လာသူတိုင်းကို လောကပါလ တရားဆိုတာ ဘာလဲလို့မေးပါတယ်။ မှန်မှန်ကန်ကန်ဖြေနိုင်ရင်တော့ ပြန်လွှတ်ပေးပါတယ်။ မဖြေနိုင်သူကိုတော့ ကျွန်ုပ်ရဲ့အစာအဖြစ် ဖမ်းဆီးပြီးစားပါတယ်”

ဒီနေ့နံနက်ပိုင်းက အသင်မရောက်ခင် ရောက်ရှိလာကြတဲ့ ညီနှစ်ဦးအနက် အရင်ဆုံးရောက်ရှိလာတဲ့ ညီငယ်သူရိယ ကုမာရမင်းသားကို လောကပါလတရားဆိုတာ ဘာလဲလို့ မေးတော့-

“သူက လနဲ့နေဖြစ်တယ်လို့ ဖြေတယ်။ ပြီးတော့ ရှင်းပြတယ်။ လဟာလူတွေရဲ့ အလိုဆန္ဒကို ပြည့်ဝစေတယ်။ နေကတော့ လူတွေရဲ့ ရဲရင့်ခြင်းကို ဖြစ်ပေါ်စေတယ်။ နေမင်းကြီး ထွန်းလင်း တောက်ပနေတဲ့ အတွက် လူတွေဟာ မိမိတို့ စားဝတ်နေရေးကို ရုန်းကန်လှုပ်ရှားလို့ရတယ်။ လမင်းကြီး ထိန်ထိန်သာနေလို့လည်း လရောင်အောက်မှာ ဝါကြွတ်ခြင်း၊ ဗိုင်းငင်ခြင်းစတဲ့ လုပ်ငန်းတွေ လုပ်ဆောင်နိုင်ကြတဲ့အပြင် လူငယ်တွေ ဘာသာဘာဝပျော်ရွှင်ကြ၊ သမီးရည်းစားတွေ ချိန်းတွေ့ကြစတဲ့ လူတွေရဲ့ လိုအင်ဆန္ဒတွေကို ဖြည့်ဆည်းပေးပါတယ်။ ဒါကြောင့် လနဲ့နေတို့ကို လောကပါလဟု ခေါ်ပါတယ်”ဟူ၍ ရှင်းပြပါတယ်။

သူ့ရှင်းပြချက်ဟာ အပေါ်ယံကြည့်ရင် မှန်သလို ထင်ရပေမယ့် တကယ်တော့မမှန်ပါဘူး။ ဒါကြောင့် သူ့ကိုဖမ်းဆီးပြီး ကျွန်ုပ်ရဲ့ ဘုံဗိမာန်မှာ ထိန်းသိမ်းထားပါတယ်။

နောက် စန္ဒကုမာရမင်းသား ရောက်လာပြန်တယ်။ သူ့ကိုလည်း ရှေ့နည်းအတိုင်းမေးတော့-

"သူက . . . . လောကပါလတရားဆိုတာ အရပ်လေးမျက်နှာကို ပြောတာ"လို့ ဖြေပါတယ်။ သူ့အဖြေဟာ အတွေး အခေါ်မပါတဲ့အဖြေပဲ။ အရင်ဖြေသွားသူက မမှန်ပေမယ့် သဘာဝယုတ္တိ ရှိသေးတယ်။ ခုအဖြေက ရမ်းသန်းဖြေတဲ့ အဖြေမျိုး၊ အဓိပ္ပါယ်မရှိတဲ့ အဖြေမျိုးဖြစ်လို့ သူ့ကိုလည်းဖမ်းဆီးပြီး အကျွန်ုပ်ထိန်းသိမ်းထားပါတယ်။

"ခုလည်း သင်မင်းသားကို ရေကန်ထဲဆင်းဖို့ ကျွန်ုပ် တိုက်တွန်းနေတာ အကြောင်းမဲ့ မဟုတ်ပါဘူး။ ကန်ထဲကို ဆင်းလာရင် သင့်ကိုလည်း လောကပါလ တရားဆိုတာ ဘာလဲလို့ မေးမှာပါ။ အဖြေမှန်မပေးနိုင်ရင် သင့်ကိုလည်း ထိန်းသိမ်းထားမယ်။ သင်တို့ညီအစ်ကို သုံးယောက်စလုံး အကျွန်ုပ်ရဲ့ အစာဖြစ်လာမှာပဲ"

"အကျွန်ုပ်ကို ခွင့်လွှတ်ပါ။ သင်ကော လောကပါလ တရားဆိုတာ သိပါသလား။ သိရင်ဖြေပါ။ ကျွန်ုပ် နာကြားချင်လှပါပြီ"

"အသင်ဘီလူး . . . ကျွန်ုပ်သိပါတယ်။ ဒါပေမယ့် အခု ပင်ပန်းနွမ်းနေတယ်။ ခေတ္တ အပန်းဖြေချင်သေးတယ်"

"အသင်မင်းသား စိတ်ကြိုက်အပန်းဖြေပါ။ ကန်ထဲဆင်းပြီး ရေချိုးပါ။ ကြာစွယ်ကြာရင်းတွေကိုလည်းစားပါ။ ပြီးမှ လောကပါလတရားကို ဟောကြားပါ။

ဘီလူးက နားနေခွင့်ပေး၍ စိတ်ကြိုက်အပန်းဖြေ နားနေပြီးနောက်-

"အသင်ဘီလူး အသေအချာနာကြားပါ။ ကျွန်ုပ် ဟောကြားပါမယ်"

"လောကပါလဆိုတာ လောကနဲ့ ပါလဆိုတဲ့ ပါဠိ ဝေါဟာရနှစ်ခုကို ပေါင်းစပ်ထားတာပါ။ လောကဆိုတာ လူ့လောက (ကမ္ဘာကြီး) + ပါလ ဆိုတာ စောင့်ရှောက်ခြင်းဆိုသဖြင့် လောကပါလဆိုတာ လောက (ကမ္ဘာကြီး)ကို စောင့်ရှောက်တဲ့တရားလို့ အဓိပ္ပာယ်ရပါတယ်။ ကမ္ဘာစောင့်တရားဟုလည်း ခေါ်လို့ရပါတယ်။ ဒီတရားတွေမရှိရင် ကမ္ဘာ လောကကြီးဟာ ပျက်စီးသွားနိုင်တယ်။ ဒီတရားတွေကိုထိန်းသိမ်း ထားမှသာ လောကကြီး အေးချမ်းသာယာရှိမှာပါ။ ဒါကြောင့် လူသား တိုင်းဟာ လောကပါလ တရားနှင့်အညီ နေထိုင်ကြရ မယ်"

"အဲဒီတရားတွေက အထူးအဆန်း မဟုတ်ပါဘူး။ ဟီရိဆိုတဲ့ အရှက်တရားနဲ့ ဩတ္တပ္ပလို့ဆိုတဲ့ အကြောက်တရား နှစ်ပါးပါပဲ။ ဟီရိ ဆိုတာ မကောင်းမှုဒုစရိုက်တွေကို ပြုရမှာရှက်ပြီး၊ ဩတ္တပ္ပကတော့ မကောင်းမှုဒုစရိုက်တွေကို ပြုရမှာ ကြောက်လန့်ခြင်းသဘော ဖြစ်ပါ တယ်။ မိမိဂုဏ် သိက္ခာကိုစောင့်ထိန်းသူ၌ ဟီရိဖြစ်လေ့ရှိပြီး ဆရာမိဘ၊ ဆွေမျိုးစသည်တို့နဲ့ အခြားသူများကို လေးစားသူ၌ ဩတ္တပ္ပ ဖြစ်လေ့ရှိပါ တယ်"

"ငါသည် အမျိုးအနွယ်မြင့်မြတ်သူဖြစ်၏။ ငါ့လို အမျိုး မြတ်သူက မကောင်းမှု ဒုစရိုက်ကိုပြုလျှင် ရှက်စရာ ဖြစ်မယ်" စသည်ဖြင့် အမျိုးဂုဏ် ကိုထိန်းလျက် မကောင်းမှုပြုရမှာ ရှက်ခြင်း၊ အလားတူ အသက်အရွယ် ကြီးရင့်မှု၊ အသိဉာဏ်ပညာကြီးရင့်မှု စသည်တို့ကို အကြောင်းပြုလျက် မကောင်းမှုပြုရမှာ ရှက်ခြင်းမျိုးဖြစ်သည်။

"ငါက မကောင်းမှုဒုစရိုက်ကို ကျူးလွန်ရင် ငါ့မိ ငါ့ဘ ငါ့ဆွေ ငါ့မျိုး ငါ့ဆရာသမားစသူတို့ကို သူတစ်ပါးတို့က ကဲ့ရဲ့ကြလိမ့်မယ်။ တံတွေးခွက် မှာ ပက်လက်မျောကြလိမ့်မယ်ဟူ၍ မိမိနှင့်သက်ဆိုင်သူတို့ကို ငဲ့ညှာတတ် သူ၌ ဩတ္တပ္ပတရား ဖြစ်လေ့ ရှိပါသည်။"

"ဒီ ဟီရိနှင့်ဩတ္တပ္ပတရားနှစ်ပါးဟာ ကမ္ဘာသူ ကမ္ဘာသားများကို

သားနဲ့ အမိ ၊မောင်နဲ့ နှမ စသည်ဖြင့် ခြားနားအောင်ပြုလျက် စောင့်ရှောက်ထားတတ်သောကြောင့် ကမ္ဘာစောင့်တရား နှစ်ပါးဟု ဆိုရခြင်းဖြစ်ပါတယ်”

“ဟိရိနဲ့ဩတ္တပ္ပတရားနှစ်ပါးနဲ့ပြည့်စုံသူကား လူဖြစ်၍ ဤတရားနှစ်ပါးနှင့် ကင်းကွာသူကား လူမဟုတ် တိရစ္ဆာန်သာ ဖြစ်သည်။ ဤတရားနှစ်ပါးကို လူသားဖြစ်သူသည် ကေန်သိ၍ သိသည့်အတိုင်းလိုက်နာကျင့်သုံးရမည်ဖြစ်သည်။ သိလည်းမသိ။ သိပေမယ့်လည်း လိုက်နာမှုမရှိဘူးဆိုရင် တိရစ္ဆာန်စင်စစ်သာ ဖြစ်တော့သည်လို့” ပြောကြားတဲ့အခါ-

ဘီလူးက “အသင်မင်းသားရဲ့တရားနာရတာ ကျွန်ုပ် အလွန့်အလွန်ဝမ်းမြောက်လှပါတယ်။ အသင် မင်းသားအား ကျေးဇူးလည်းတင်ပါတယ်။ ကျေးဇူးဆပ်တဲ့အနေနဲ့ ကျွန်ုပ် ဖမ်းထားတဲ့ သင့်ရဲ့ညီနှစ်ယောက်ထဲကတစ်ယောက်ကို ပြန်လွှတ်ပေးပါ့မယ်။ ဘယ်သူကို ယူမလဲ”

“အငယ်ဖြစ်တဲ့ သူရိယကုမာရကိုယူပါ့မယ်”

ဘီလူးက “လောကမှာ ငယ်သူနဲ့ကြီးသူဟာ ကြီးသူကို ပိုမို၍တန်ဘိုးထား လေးစားရမှာဖြစ်ပါလျက် ဘာဖြစ်လို့ အကြီးကိုမယူရတာလဲ”

“အသင်ဘီလူး. . . ကျွန်ုပ်က အငယ်ကိုယူမည်ပြောတာ အကြောင်းမဲ့မဟုတ်ပါဘူး။ ကျွန်ုပ် ခုလိုသင့်ရဲ့ ရှေ့ကိုရောက်လာရတာကိုက ဒီညီအငယ်နဲ့ ပတ်သက်နေတယ်”

“ဒီလိုပါ. . . အငယ်ဆုံးဖြစ်တဲ့ သူရိယကုမာရဟာ တို့နဲ့ဖအေတူအမေကွဲ ညီအစ်ကို ဖြစ်ပါတယ်။ သူရိယကုမာရ၏ အမေက သူ့သားကို အိမ်ရှေ့မင်းသားရာထူးပေးဖို့ ပူဆာလွန်းလို့ တို့ဖခင်ကြီးကတို့ကို ခေတ္တရှောင်ခိုင်းတဲ့အတွက် ဒီတောထဲကို ရောက်လာတာပါ။ သူရိယကုမာရလည်း တို့နဲ့တစ်ခါတည်း လိုက်လာခဲ့တာပါ။ ဒါ့ကြောင့် အကြီးဖြစ်သူကိုခေါ်ပြီး တိုင်းပြည်သို့ ပြန်သွားကာ ညီငယ်ကို ဘီလူးစားလို့ ကျန်ခဲ့ပြီလို့ပြောရင် ဘယ်သူကမှယုံမှာမဟုတ်ဖူး။ တို့ညီအစ်ကိုက အကောက်ကြံတာ

ပဲဖြစ်မယ်လို့ သူ့မိခင်ကရော တိုင်းသူပြည်သားတွေကပါ ပြောဆို ကဲ့ရဲ့ ကြမှာအမှန်ပဲ။ တို့ဒီလို အထင်လွဲမခံနိုင်ဘူး။ ဒါကြောင့် အငယ်ကို ပြန်လွှတ်ပေးဖို့ တောင်းရခြင်း ဖြစ်ပါတယ်။

ဘီလူးက "အသင်မင်းသားရဲ့ စိတ်ထားက လေးစားလောက်ပါ တယ်။ တောင်းဆိုမှုကလည်း မျှတပါတယ်"လို့ ပြောပြီး နှစ်ဦးလုံးကို ပြန်လွှတ် ပေးလိုက်ပါတယ်။

ဓမ္မပါလမင်းသားက ဘီလူးကို ဆုံးမဩဝါဒပေး၍ ဘီလူးကလည်း မင်းသားရဲ့ဩဝါဒအတိုင်း လိုက်နာနေထိုင်ပြီး တောထဲမှာနေစဉ် ညီ အစ်ကို သုံးယောက်ကို စောင့်ရှောက်ထားပါတယ်။

တစ်နေ့တွင် ကောင်းကင်ကနက္ခတ်ကို ကြည့်တဲ့အခါ ဖခင် ဗြဟ္မဒတ်မင်းကြီး နတ်ရွာစံကံတော်ကုန်ကြောင်းသိရ၍ တိုင်းပြည်သို့ ပြန်သွားခဲ့ကြတယ်။ အကြီးဆုံးဖြစ်တဲ့ မဟိသာသ မင်းသားက မင်းအဖြစ် ခံယူတယ်။ ညီဖြစ်သူ စန္ဒကုမာရ မင်းသားကို အိမ်ရှေ့အရာ အပ်နှင်း တယ်။ ညီအငယ်ဆုံးဖြစ်တဲ့ သူရိယကုမာရမင်းသားကိုမူ စစ်သူကြီး ရာထူးပေးခဲ့တယ်။

ရေကန်ကိုအုပ်စိုးတဲ့ ဒကရက္ခိုက် ဘီလူးကိုတော့ ဗာရာဏသီပြည် အနီး၌ ရေကန်ကြီး တစ်ကန်ကိုတူးစေပြီး နေစေတယ်။ ပန်းကုံး၊ ပန်း၊ ထမင်းဦး စသည်တို့ကို ပို့ပြီး ပူဇော် ပသစေပါတယ်။

မဟိသာသမင်းသားသည်လည်း တိုင်းပြည်ကို တရားနှင့်အညီ အုပ် ချုပ်ခဲ့ပြီး တိုင်းသူပြည်သားတွေကိုလည်း လောကပါလ တရားနှင့်အညီ ကျင့်သုံးစေတယ်။ ဤသို့ဖြင့် ကွယ်လွန်တဲ့အခါ နတ်ပြည်သို့ လားရောက် ကြပါတယ်။

ပြည်သူပြည်သားများ လောကပါလနဲ့ ပြည့်ဝကြပါစေ။

ဟောတု တေ အာယုဝဍ္ဎနံ
စိန်တိုင်ထွန်း

## အောက်ဖော်ပြပါ သိမှတ်ဖွယ်ရာများကို ဤစာအုပ်တွင် ရှင်းပြထားပါသည်။

- ရိုးမှမ်းခြင်း စုနစ်ရက်၊ ကဲ့ရဲ့ခြင်း စုနစ်ရက်ဆိုတာ သင်သိပြီးပြီလား။
- လောကတွင် ကဲ့ရဲ့ခံရခြင်းမှ လွတ်ကင်းသူမရှိဆိုတာ သင်သိပြီးပြီလား။
- သိ၍ကောင်းမှုပြုသူနှင့် မသိဘဲနှင့် ကောင်းမှုပြုသူ မည်သူက ကုသိုလ်ပိုရသနည်း။
- သိ၍မကောင်းမှုပြုသူနှင့် မသိ၍ မကောင်းမှုပြုသူ မည်သူက ပို၍အပြစ်ကြီးသနည်း။
- မည်ကဲ့သို့သော လူမျိုးကို လူစင်စစ်ဟု ခေါ်ပါသလဲ။
- အကြားအမြင်နည်းသူ နွားလားနှင့်တူသူဆိုတာ သင်သိပြီးပြီလား။
- ယရုဘာဝ ဒုစရိုက်နှင့်အသက်မွေးသော်လည်း ချမ်းသာနေကြသူများ ဘာကြောင့်နည်း။
- မိတ်ဆွေကောင်းနှင့် ပေါင်းသင်းရသဖြင့် မည်မျှအထိ အထောက်အကူရပါသနည်း။
- မည်သည့်အချက်များနှင့် ပြည့်စုံလျှင် မိတ်ကောင်းဆွေကောင်း (ကလျာဏမိတ္တ) နှင့် ပြည့်စုံပါသနည်း။

"ဘာသာ" "လူငယ်" ဤနှစ်သွယ်ကို
ရည်ရွယ်နှောစပ် သဘောမြွက်ဖြင့်
ပြောအပ်ပြောသင့် အထူးချင့်ကာ
ဖူးပွင့်မွေးဖွား တင်စားဖိတ်လျှို
စိတ်အကြံ၏ "သန္တာန်စမ်း"နံဘေး
သဏ္ဌာန်ဆန်းမွေးသည့် "အမှန် = ပန်းကလေးများ"....

တစ်ပွင့်နှစ်ပွင့် ဆင့်ဆင့်ယူငင်
အမွှမ်းတင်၍ ပေါ်လွင်ရသ
မြွက်ဓမ္မ-ဖြင့် လင်းပြသီတံ
သီကုံးပြန်သော်.... "အမှန် = ပန်းကုံး"
ဖြစ်လာထုံးမို့ ယူကျုံးပျော်မွေ့
သွင်မလေ့အရ ဆင်၍လှစေ....ဘဝတွေ။

ခိုဝိုင်ထွန်း